၄။ “ငါ၏ စိတ်သည် သီလအားဖြင့် (မိမိကိုယ်ကို) မစွပ်စွဲဘဲ ရှိ၏လော”ဟု မပြတ်ဆင်ခြင်အပ်၏။

၅။ “ငါ့ကို သိနားလည်သော သီတင်းသုံးဖော်တို့က ဉာဏ်ဖြင့်သက်ဝင်၍ သီလအားဖြင့် မစွပ်စွဲဘဲ ရှိကြ၏လော”ဟု မပြတ်ဆင်ခြင်အပ်၏။

၆။ “ငါ့အား ချစ်ခင်သူ နှစ်သက်သူ အားလုံးတို့နှင့် ရှင်ကွဲ ကွဲမှု သေကွဲကွဲမှု (ဖြစ်ရမည်)”ဟု မပြတ်ဆင်ခြင်အပ်၏။

၇။ “ငါသည် ကံသာလျှင် မိမိဥစ္စာရှိသူ, ကံ၏အမွေခံသူ, ကံသာလျှင် အကြောင်းရှိသူ, ကံသာလျှင် မိတ်ဆွေရှိသူ, ကံသာလျှင် လည်းလျောင်းရာရှိသူ ဖြစ်၏၊ ငါပြုမည့် မကောင်းသောကံ ကောင်းသောကံ၏ အမွေခံဖြစ်ရမည်”ဟု မပြတ်ဆင်ခြင်အပ်၏။

၈။ “ငါသည် အဘယ်သို့ ဖြစ်နေစဉ် ညဥ့်နေ့တို့သည် ငါ့ကို လွန်ကုန်သနည်း”ဟု မပြတ်ဆင်ခြင်အပ်၏။

၉။ "ငါသည် ဆိတ်ငြိမ်ရာကျောင်း၌ မွေ့လျော်၏လော"ဟု မပြတ်ဆင်ခြင် အပ်၏။

၁၀။ "ငါသည် လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ် သော, ကိလေသာကို ဖျက်ဆီးခြင်းငှာ စွမ်းနိုင်သော မြတ်သောဉာဏ် အမြင်အထူးကို ရအပ်လေသလော၊ ငါသည် နောက်ဆုံး (သေခါနီး) ကာလ၌ သီတင်းသုံးဖော်တို့က မေးသည်ရှိသော် မျက်နှာမလှ မဖြစ် ရအံ့"ဟု ရဟန်းသည် မပြတ်ဆင်ခြင်အပ်၏။

ရဟန်းတို့ . . . ဤ (ဆိုခဲ့ပြီး) တရားဆယ်မျိုးတို့ကို ရဟန်းသည် မပြတ် ဆင်ခြင်အပ်ကုန်၏ဟု (မိန့်တော်မူ၏)။ (အံ၊မြန်၊၃၊၃၂၄။)

## လပြည့်လကွယ်ဥပုသ်နေ့ ဝတ်ရွတ်စဉ်

## **မေတ္တာပို့ – ဆုတောင်း – အမျှဝေ**

၁။သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ,
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ, သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ ပုရိသာ,
သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ, သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ,
သဗ္ဗေ ဝိနိပါတိကာ –

အဝေရာ ဟောန္တု, အဗျာပဇ္ဇာ ဟောန္တု,
အနီဃာ ဟောန္တု, သုခီ အတ္တာနံ ပရိဟရန္တု။
ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၂။ပုရတ္ထိမာယ ဒိသာယ, ပစ္ဆိမာယ ဒိသာယ,
ဥတ္တရာယ ဒိသာယ, ဒက္ခိဏာယ ဒိသာယ,
ပုရတ္ထိမာယ အနုဒိသာယ, ပစ္ဆိမာယ အနုဒိသာယ,
ဥတ္တရာယ အနုဒိသာယ, ဒက္ခိဏာယ အနုဒိသာယ,
ဟေဋ္ဌိမာယ ဒိသာယ, ဥပရိမာယ ဒိသာယ။

သဗ္ဗေ သတ္တာ, သဗ္ဗေ ပါဏာ, သဗ္ဗေ ဘူတာ, သဗ္ဗေ ပုဂ္ဂလာ,
သဗ္ဗေ အတ္တဘာဝပရိယာပန္နာ, သဗ္ဗာ ဣတ္ထိယော, သဗ္ဗေ ပုရိသာ,
သဗ္ဗေ အရိယာ, သဗ္ဗေ အနရိယာ, သဗ္ဗေ ဒေဝါ, သဗ္ဗေ မနုဿာ,
သဗ္ဗေ ဝိနိပါတိကာ –

အဝေရာ ဟောန္တု, အဗျာပဇ္ဇာ ဟောန္တု,
အနီဃာ ဟောန္တု, သုခီ အတ္တာနံ ပရိဟရန္တု။
ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓသမ္ပတ္တိတော မာဝိဂစ္ဆန္တု၊ ကမ္မဿကာ။

၃။ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ပထဝီစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာ’နုပဒ္ဒဝါ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ ဥဒကေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာ'နုပဒ္ဒဝါ။

ဥဒ္ဓံ ယာဝ ဘဝဂ္ဂါ စ၊ အဓော ယာဝ အဝီစိတော။
သမန္တာ စက္ကဝါဠေသု၊ ယေ သတ္တာ အာကာသေစရာ။
အဗျာပဇ္ဇာ နိဝေရာ စ၊ နိဒ္ဒုက္ခာ စာ'နုပဒ္ဒဝါ။

၄။ယံ ပတ္တံ ကုသလံ တဿ၊ အာနုဘာဝေန ပါဏိနော။
သဗ္ဗေ သဒ္ဓမ္မရာဇဿ၊ ဉတွာ ဓမ္မံ သုခါဝဟံ။

ပါပုဏန္တု ဝိသုဒ္ဓါယ၊ သုခါယ ပဋိပတ္တိယာ။
အသောက'မနုပါယာသံ၊ နိဗ္ဗာနသုခမုတ္တမံ။

၅။စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။
သဗ္ဗေပိ သတ္တာ ကာလေန၊ သမ္မာ ဒေဝေါ ပဝဿတု။

၆။ယထာရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ ပဇံ။

၇။ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိ-ဇရာ-ဗျာဓိ-မရဏမှာ ပရိမုစ္စိဿာမိ။

၈။ဣဒံ မေ ပုညံ အာသဝက္ခယာ'ဝဟံ ဟောတု။
ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု။

၉။မမ ပုညဘာဂံ သဗ္ဗသတ္တာနံ ဘာဇေမိ။
တေ သဗ္ဗေ မေ သမံ ပုညဘာဂံ လဘန္တု။

**သာဓု သာဓု သာဓုပါဘုရား**



သီဟိုဠ်ခေတ်
အဋ္ဌကထာဆရာတော်
အရှင်မဟာဗုဒ္ဓဃောသ
မထေရ်မြတ်၏

# မဟာနမက္ကာရ
# ဘုရားရှိခိုး
# နိဿယ

နှင့်

# အဓိပ္ပာယ်
# ရှင်းလင်းချက်များ



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါနကထာ – မိတ်ဆက်လွှာ

## ဧကပုဂ္ဂလပါဠိ ဒုလ္လဘ

**ဧကပုဂ္ဂလဿ ဘိက္ခဝေ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ၊ ကတမဿ ဧကပုဂ္ဂလဿ၊ တထာဂတဿ အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ ဣမဿ ခေါ ဘိက္ခဝေ ဧကပုဂ္ဂလဿ ပါတုဘာဝေါ ဒုလ္လဘော လောကသ္မိံ။**

(အံ၊၁၊၂၂။)

= ရဟန်းတို့ . . . သတ္တလောက၌ တစ်ယောက်သော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် အလွန်ရခဲ၏။ အဘယ်မည်သော တစ်ယောက်သော ပုဂ္ဂိုလ်၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် အလွန်ရခဲသနည်းဟူမူကား — မြတ်သောအလှူ ပူဇော်အထူးကို ခံယူတော်မူထိုက်သော, ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် သစ္စာလေးရပ် တရားမြတ်ကို ဟုတ်တိုင်းမှန်စွာ ထွင်းဖောက်သိမြင်တော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ ထင်ရှားဖြစ်ပေါ်လာခြင်းသည် အလွန်ရခဲ၏။ (အံ၊၁၊၂၂။)

ဒီပင်္ကရာ ထွဋ်ချာသေဌ်နင်း တရားမင်း၏ ခြေတော်ရင်း၌ ဘုရားဖြစ်ရန် ဆုထူးပန်ထွာတော်မူခဲ့သည့်, ဘုရားဖြစ်ရန် နိယတဗျာဒိတ်ပန်းကိုလည်း ဆင်မြန်းတော်မူခဲ့ရသည့် သုမေဓာရှင်ရသေ့ဘဝမှသည် ဇာလီ ကဏှာဇိန် တို့ကဲ့သို့သော သမီး သား, မဒ္ဒီဒေဝီတို့ကဲ့သို့သော ဇနီး မိဖုရားတို့ကို လှူဒါန်းသည့် ဝေဿန္တရာဘဝသို့တိုင်အောင်သော ဘဝတို့၏ အကြားဝယ် ဖြစ်တော်မူရသော ဘဝပေါင်းသည်လည်း မဟာသမုဒ္ဒရာ လေးစင်းလုံး၌ တည်ရှိသော ရေပေါက်ပမာဏထက်လည်း သာလွန်၍ များလှသည်သာ ဖြစ်၏။ ထိုနှစ်မျိုးသော ဘဝတို့၏ အကြားဝယ် မခြားမလပ် ဘဝမပြတ်ဘဲ ဖြည့်ကျင့်ဆည်းပူးတော်မူအပ်သော ပါရမီတော်တို့၏ အတိုင်းအရှည် ပမာဏသည်ကား အဘယ်မှာလျှင် ဆိုဖွယ်ရာရှိနိုင်တော့အံ့နည်း။ နှိုင်းခိုင်းဖွယ်ရာ လောကဥပမာသည်လည်း အဘယ်မှာလျှင် ရှိနိုင်ပါအံ့နည်း။

(ဇိနာလင်္ကာရဋီကာ။)

ထိုမျှ များပြားလှသော ပါရမီဆယ်ပါး အပြား သုံးဆယ်, သုံးသွယ်စရိယ, စွန့်ခြင်းကြီးငါးရပ်တို့ကို အဆက်မပြတ် ဘဝများစွာ ကမ္ဘာပေါင်းများစွာ ဖြည့်ကျင့်ဆည်းပူးတော်မူပါမှ ပါရမီတော်တို့ကလည်း ရင့်ညောင်းလာပါမှ ဘုရားအဖြစ်ကို ရရှိနိုင်ပေသည်။

## ဗောဓိသတ္တ ဒုလ္လဘ

သမ္မာသမ္ဗုဒ္ဓ သဗ္ဗညုဘုရားအဖြစ်ကို မဆိုထားဘိ၊ ဘုရားဖြစ်ကြောင်း ဆုတောင်းပြည့်စုံရာ အရှင်သုမေဓာရသေ့ဘဝကဲ့သို့သော **ဗောဓိသတ္တ ဘုရားလောင်းဘဝ**ကိုသော်လည်း အကြောင်းရှစ်ပါးပြည့်စုံမှ ရရှိနိုင်ပေသည်။ ထိုအကြောင်းရှစ်ပါးကား —

၁။ လူဇာတ်စင်စစ် ဖြစ်ရခြင်း၊

၂။ ယောကျ်ားစင်စစ် ဖြစ်ရခြင်း၊

၃။ ထိုဘဝမှာပင် အရဟတ္တဖိုလ် ရနိုင်လောက်သော ကုသိုလ်ပါရမီထူးနှင့် ပြည့်စုံသူဖြစ်ရခြင်း၊

၄။ သက်တော်ထင်ရှား မြတ်စွာဘုရားကို ဖူးတွေ့ရခြင်း၊

၅။ ကမ္မဝါဒီရသေ့ = ကံ-ကံ၏အကျိုးကို လက်ခံယုံကြည်သော ရသေ့ (သို့မဟုတ်) သာသနာတွင်းရဟန်းဖြစ်ခြင်း၊

၆။ ဈာန်သမာပတ်ဂုဏ်ကျေးဇူးနှင့် ပြည့်စုံသူဖြစ်ခြင်း၊

၇။ ကိုယ်အသက်ကို မငဲ့ကွက်ဘဲ အလွန်အကြူး ပါရမီကုသိုလ်တို့ကို ပြုစုပွားများအားထုတ်ခြင်း၊

၈။ ဘုရားအဖြစ်ကို တောင့်တအားကြီးသော ကုသိုလ်ဆန္ဒရှိသူဖြစ်ခြင်း — ဤရှစ်ပါးတို့တည်း။

အထက်ပါ အင်္ဂါရှစ်ပါး အကြောင်းတရားတို့နှင့် ပြည့်စုံသူဖြစ်မှသာ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းနိုင်သည်ဖြစ်၍ ဘုရားအဖြစ်ကို မဆိုထားဘိ, သုမေဓာရှင်ရသေ့ကဲ့သို့ နိယတဗျာဒိတ်ကို ခံယူရသော ဘုရားအလောင်းတော်၏ အဖြစ်သည်ပင် အလွန်ရခဲသော အရာ ဖြစ်ပေသည်။

နိယတဗျာဒိတ်ကို ခံယူရရှိနိုင်သော ဘုရားအလောင်း၏ အဖြစ်သည်ပင် အလွန်ရခဲပါက နိယတဗျာဒိတ်ကို ခံယူရရှိပြီးနောက် အနည်းဆုံး လေး-သင်္ချေနှင့် ကမ္ဘာတစ်သိန်းကြာအောင် ပါရမီတော်တို့ကို —

၁။ ပါရမီတို့ကို တစ်ခုမကျန် အကုန်လုံး ဖြည့်ကျင့်ခြင်း **သဗ္ဗသမ္ဘာရဘာဝနာ,**

၂။ အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး တစ်ဘဝမျှ အကြားအလပ် မရှိဘဲ ပါရမီတို့ကို ဖြည့်ကျင့်ခြင်း **နိရန္တရဘာဝနာ,**

၃။ အနည်းဆုံး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း မယုတ်မလျော့စေဘဲ ကြာမြင့်စွာ ဖြည့်ကျင့်ရခြင်း **စိရကာလဘာဝနာ,**

၄။ ပါရမီတို့ကို ဖြည့်ကျင့်ရာ၌ ရိုသေစွာ ဖြည့်ကျင့်ရခြင်း **သက္ကစ္စဘာဝနာ**

ဟူသော ဘာဝနာ လေးပါးတို့ဖြင့် ဖြည့်ကျင့်ဆည်းပူးတော်မူပါမှ ပါရမီတို့ကလည်း ပြည့်စုံလာပါမှ ရရှိနိုင်သော ဘုရားအဖြစ်ကား အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း၊ ရခဲလှတော့သည်သာတည်း။

## ပဗ္ဗဇိတဘာဝ ဒုလ္လဘ

နိယတဗျာဒိတ်ပန်းကို ဆင်မြန်းပြီးရာ ကာလ၌ ရဟန်းအဖြစ်ဖြင့် ပါရမီဖြည့်ကျင့်ခွင့်ကို ရရှိသော ဘဝကား အလွန်ခဲယဉ်းသော ဒုလ္လဘ တစ်ခုပင် ဖြစ်၏။

ဂေါတမမြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားမှ စ၍ ကဿပမြတ်စွာဘုရားသို့ တိုင်အောင် နှစ်ကျိပ်လေးဆူသော မြတ်စွာ-ဘုရားများထံမှာ ဗျာဒိတ်ခံယူရသည်ဖြစ်ရာ ဗျာဒိတ်ခံယူရသည့် ဘဝအထူးတို့ကို သဘောတူရာ စုရုံး ဖော်ပြအပ်သည်ရှိသော် အောက်ပါအတိုင်း ဖြစ်ကြ၏။

## ရသေ့အဖြစ် (၅) ဘဝ

၁။ **ဒီပင်္ကရာ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **သုမေဓာ** ရှင်ရသေ့အဖြစ်ဖြင့် ရှေးဦးအစ နိယတဗျာဒိတ်ကို ခံယူခဲ့ရ၏။

၂။ **နာရဒ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ဇဋိလ** အမည်ရှိသော ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၃။ **အတ္ထဒဿီ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **သုသီမ** ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၄။ **သိဒ္ဓတ္ထ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **မင်္ဂလ** ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၅။ **တိဿ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **သုဇာတ** ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

ဤသို့လျှင် ရှင်ရသေ့အဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရသော ဘဝပေါင်းမှာ (၅)ဘဝ ဖြစ်လေသည်။

## ရဟန်းဘဝ (၉) ဘဝ

၁။ **ကောဏ္ဍည** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ဝိဇိတာဝီ** စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၂။ **မင်္ဂလ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **သုရုစိ** ပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၃။ **သုမေဓ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ဥတ္တရ** အမည်ရှိသော ပုဏ္ဏားဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၄။ **သုဇာတ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ စကြာမင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၅။ **ဖုဿ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ဝိဇိတာဝီ** အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၆။ **ဝေဿဘူ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **သုဒဿန** အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၇။ **ကကုသန္ဓ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ခေမ** အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၈။ **ကောဏာဂမန (= ကောဏာဂုံ)** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ပဗ္ဗတ** အမည်ရှိသော မင်းဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၉။ **ကဿပ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ဇောတိပါလ** ပုဏ္ဏားလုလင် ဖြစ်၍ ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

ဤသို့လျှင် ရဟန်းအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရသော ဘဝပေါင်းမှာ (၉)ဘဝ ဖြစ်လေသည်။

## လူအဖြစ်ဖြင့် (၅) ဘဝ

၁။ **ရေဝတ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **အတိဒေဝ** အမည်ရှိသော ပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၂။ **သောဘိတ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **အဇိတ** အမည်ရှိသော ပုဏ္ဏားဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၃။ **ပဒုမုတ္တရ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ဇဋိလ** အမည်ရှိသော သူဌေးဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၄။ **ပိယဒဿီ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ကဿပ** အမည်ရှိသော ပုဏ္ဏားလုလင်ဖြစ်၍ လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရ၏။

၅။ **သိခီ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **အရိန္ဒမ** အမည်ရှိသော မင်းဖြစ်၍ လူအဖြစ်ဖြင့်ပင် ဗျာဒိတ်ခံယူခဲ့ရ၏။

ဤသို့လျှင် လူအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရသော ဘဝပေါင်းမှာ (၅)ဘဝ ဖြစ်လေသည်။

## နဂါးဘဝ (၂) ဘဝ

၁။ **သုမန** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **အတုလ** အမည်ရှိသော နဂါးမင်းဖြစ်၍ ဗျာဒိတ်ခံယူခဲ့ရ၏။

၂။ **ဝိပဿီ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **အတုလ** အမည်ရှိသော နဂါးမင်းပင် ဖြစ်၍ ဗျာဒိတ်ခံယူခဲ့ရ၏။

ဤသို့လျှင် နဂါးအဖြစ်ဖြင့် ဗျာဒိတ်ခံယူခဲ့ရသော ဘဝပေါင်းမှာ (၂)ဘဝ ဖြစ်လေသည်။

## အဖြစ်တော် တစ်မျိုးစီ (၃) ဘဝ

၁။ **ဓမ္မဒဿီ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **သက္က (= သိကြားမင်း)** ဖြစ်၍ ဗျာဒိတ်ခံယူခဲ့ရ၏။ (၁) ဘဝ။

၂။ **အနောမဒဿီ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ဘီလူးစစ်ဘုရင်** ဖြစ်၍ ဗျာဒိတ်ခံယူခဲ့ရ၏။ (၁) ဘဝ။

၃။ **ပဒုမ** မြတ်စွာဘုရား၏ ထံတော်မှောက်၌ **ခြင်္သေ့မင်း** ဖြစ်၍ ဗျာဒိတ်ခံယူခဲ့ရ၏။ (၁) ဘဝ။

ဤသို့လျှင် အဖြစ်တော် တစ်မျိုးစီဖြင့် ဗျာဒိတ်ခံယူခဲ့ရသော ဘဝပေါင်းမှာ (၃)ဘဝ ဖြစ်လေသည်။

တစ်ကမ္ဘာ တစ်ကမ္ဘာအတွင်းဝယ် သတ္တဝါတစ်ဦး တစ်ဦး၏ သေကျေပျက်စီးပြီးသည့်အခါ ကျန်ရှိသည့် အရိုးတို့ကို စုပုံလိုက်ပါက ထိုအရိုးတို့ကလည်း မဆွေးမြည့် မပျက်စီးခဲ့လျှင် ဝေပုလ္လတောင်မျှရှိသည့် တောင်ကြီး တစ်တောင်လောက် ရှိနိုင်၏ဟု အဆိုရှိ၏။ တစ်ကမ္ဘာ တစ်ကမ္ဘာအတွင်းဝယ် သတ္တဝါတစ်ဦး တစ်ဦးသည် အရိုးတွေ တောင်လိုပုံကာ သေကျေ ပျက်စီးခဲ့ရ၏။ တစ်ကမ္ဘာ တစ်ကမ္ဘာအတွင်းဝယ် ဘဝပေါင်း မည်ရွေ့မည်မျှ များပြားမည်ကို ခန့်မှန်းကြည့်ပါ။ ဘုရားအလောင်းတော်၏ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူရပြီးနောက် ပါရမီဖြည့်ခဲ့ရသော ကမ္ဘာပေါင်းကား လေး-

သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြစ်သဖြင့် အရိုးတွေ တောင်လိုပုံကာ သေကျေပျက်စီးခဲ့ရသည့် အရိုးတောင်ပေါင်းလည်း လေးသင်္ချေနှင့် တောင်အလုံးပေါင်း တစ်သိန်းပင် ဖြစ်ပေသည်။ ထိုမျှ များပြားလှသော ဘဝတွေအနက် ရဟန်းဘဝကို (၉)ကြိမ်သာ ရခဲ့ဖူးသဖြင့် **ပဗ္ဗဇိတဘာဝ ဒုလ္လဘ** ဖြစ်ပုံကို သဘောပေါက်သင့်ပေပြီ။

## အလောင်းတော်တို့၏ ဓမ္မတာ

ဘုရားအလောင်းတော်များသည် သာသနာ့ဘောင်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုကြသည့်အခါ မည်ကဲ့သို့သော ပါရမီတော်များကို ဖြည့်ကျင့်တော်မူကြသနည်း?

အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။

**ဗောဓိသတ္တာ ဟိ ဗုဒ္ဓါနံ သမ္မုခေ ပဗ္ဗဇန္တိ၊ ပဗ္ဗဇိတွာ စ ပန ဣတ္တရသတ္တာ ဝိယ ပတိတသိင်္ဂါ န ဟောန္တိ၊ စတုပါရိသုဒ္ဓိသီလေ ပန သုပတိဋ္ဌာယ တေ-ပိဋကံ ဗုဒ္ဓဝစနံ ဥဂ္ဂဏှိတွာ တေရသ ဓုတင်္ဂါနိ သမာဒါယ အရညံ ပဝိသိတွာ ဂတပစ္စာဂတဝတ္တံ ပူရယမာနာ သမဏဓမ္မံ ကရောန္တာ ဝိပဿနံ ဝဍ္ဎေတွာ ယာဝ အနုလောမညာဏံ အာဟစ္စ တိဋ္ဌန္တိ၊ မဂ္ဂဖလတ္ထံ ဝါယာမံ န ကရောန္တိ၊ ဇောတိပါလောပိ တထေဝ အကာသိ၊** (မဋ္ဌ၊၃၊၁၉၅။)

= ဘုရားအလောင်းတော်တို့သည်ကား သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်တို့၏ ထံတော်မှောက်၌ ရှင်ရဟန်း ပြုကြကုန်၏။ ရှင်ရဟန်း ပြုပြီးသည့်အခါ အခြားအခြားသော ဘုရားအလောင်းတော် မဟုတ်သည့် သတ္တဝါတို့ကဲ့သို့ ကိလေသာထု အစိုင်အခဲကို ဖြိုခွဲဖျက်ဆီးခြင်းငှာ စွမ်းနိုင်သည့် ဉာဏ်တည်းဟူသော ဦးချိုကို ချမထားကြကုန်။ ထိုဉာဏ်ဦးချိုကို ပဋိပတ်ကျင့်စဉ်ဖြင့် ခိုင်ခံ့အောင် ထောက်ပံ့ကာ ထောင်ထားကြကုန်၏။

၁။ **ပါတိမောက္ခသံဝရသီလ** = ဝိနည်းသီလကို ရိုသေစွာ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၂။ **ဣန္ဒြိယသံဝရသီလ** = ဣန္ဒြေခြောက်ပါး (= တံခါးခြောက်ပေါက်)တို့မှ

ကိလေသာ မဝင်အောင် ကမ္မဋ္ဌာန်းအာရုံ၌ ဘာဝနာစိတ်ကို သွတ်သွင်း-လျက် ဣန္ဒြေတို့ကို လုံခြုံစွာ စောင့်စည်းခြင်း၊

၃။ **ပစ္စယသန္နိဿိတသီလ** = ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဆင်ခြင်ကာ ပစ္စည်းလေးပါးတို့ကို သုံးစွဲခြင်း၊

၄။ **အာဇီဝပါရိသုဒ္ဓိသီလ** = မိစ္ဆာအာဇီဝအမျိုးမျိုးမှ ရှောင်ကြဉ်ကာ အသက်မွေးမှု စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း။

ဤ စတုပါရိသုဒ္ဓိသီလကြီး လေးမျိုး၌ ကောင်းစွာ ရပ်တည်ကာ ပိဋကသုံးပုံတည်းဟူသော ဘုရားစကားတော်ကို သင်ယူ၏၊ ဓုတင် (၁၃)ပါးကို ဆောင်၏၊ တောသို့ ဝင်ရောက်ကာ တောကျောင်း တောင်ကျောင်းတို့၌ သီတင်းသုံး နေထိုင်၏၊ တောကျောင်းမှ ရွာသို့, ရွာမှ တောကျောင်းသို့ တိုင်အောင် ဆွမ်းခံ အသွားအပြန်တို့၌ ကမ္မဋ္ဌာန်းတရားကိုသာ နှလုံးသွင်းလျက် သွားလာခြင်းဟူသော **ဂတပစ္စာဂတဝတ်**ကို ဖြည့်ကျင့်တော်မူ၏။ ဤသို့သော ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ကာ **သမထဓမ္မ** (= ရဟန်းတရား) ကို ကြိုးစားအားထုတ်တော်မူရာ ဝိပဿနာဉာဏ်ကို တိုးပွားစေခဲ့သည်ရှိသော် **သိခါပ္ပတ္တဝိပဿနာ**ဟူသော အထွတ်အထိပ်သို့ ရောက်သော ဝိပဿနာဟူသည့် **အနုလောမဉာဏ် (= သင်္ခါရုပေက္ခာဉာဏ်)**သို့တိုင်အောင် ထိ၍ ရောက်၍ တည်ကြကုန်၏။ မဂ်ဖိုလ် ရရှိရန်ကား ကြိုးစားအားထုတ်မှုကို မပြုကြကုန်။ (သဗ္ဗညုတဉာဏ်တည်းဟူသော ကိုယ်ဝန်၏ မပြည့်စုံသေးခြင်း မရင့်ကျက်သေးခြင်းကြောင့် ဖြစ်၏။) **ဇောတိပါလ လုလင်**သည်လည်း ကဿပဘုရားရှင်၏ သာသနာတော်၌ ထိုနည်းအတိုင်း လိုက်နာပြုကျင့်တော်မူခဲ့ပေသည်။ (မ႒၊၃၊၁၉၅။)

ဤကဲ့သို့သော ဘုရားအလောင်း ဖြစ်ဖို့ရန်ပင် အလွန်ရခဲသောသဘောရှိလျှင် ဘုရားအဖြစ်ကို ရရှိဖို့ရန်ကား ဆိုဖွယ်ရာပင် မရှိ ဖြစ်တော့၏။ ယင်းသို့ ဘုရားအဖြစ်ကို အလွန်လျှင် ရခဲလှသောကြောင့် ထိုမြတ်စွာဘုရား ပွင့်ထွန်းတော်မူရာ **“ဗုဒ္ဓုပ္ပါဒ နဝမခဏ”**အခါအခွင့်ကောင်းသည်လည်း အလွန်လျှင်

ရခဲသော အရာ ဖြစ်ပေသည်။

**ဗုဒ္ဓုပ္ပါဒ နဝမခဏ**

ဤအရာ၌ **"ဗုဒ္ဓုပ္ပါဒ နဝမခဏ"**နှင့် စပ်၍ အဋ္ဌကနိပါတ် အင်္ဂုတ္တရ နိကာယ်၌ လာရှိသော **အက္ခဏ (= ရပ်ပြစ်) ရှစ်ပါး**ကိုလည်း သိမှတ်သင့်ပေသည်။ ယင်း ရပ်ပြစ်ရှစ်ပါးတို့ကို အကျဉ်းချုပ်ကာ တင်ပြပေအံ့။

၁။ **ငရဲဘုံ၌ ဖြစ်ခြင်း** = ကံနှင့်လျော်ညီသည့် အလွန် ပြင်းထန်ဆင်းရဲလှသော ဒုက္ခကို အချိန်ရှိသမျှ အပြုံ အဆင်းရဲခံနေရသဖြင့် ငရဲသားအား ပြဟ္မစရိယဝါသဟူသည့် (ကိလေသာအပူမီး ငြိမ်းကြောင်း အကျင့်ကောင်း ဖြစ်သည့် သီလ သမာဓိ ပညာ သိက္ခာသုံးရပ်) အကျင့်မြတ်တို့ကို ကျင့်သုံးနိုင်ခွင့်ဟူ၍ မရှိနိုင်သောကြောင့် ငရဲဘုံ၌ ဖြစ်ရခြင်းကို **"အက္ခဏ"**ဟူ၍ ခေါ်ဆိုသည်။

၂။ **တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း** = သူတော်ကောင်းတရားကို သညာသိမျှဖြင့်ပင် သိနိုင်ခွင့် မရှိဘဲ အမြဲ ထိတ်လန့်တုန်လှုပ်စွာ အသက်ရှင်ရသော တိရစ္ဆာန်ဘုံသား သတ္တဝါအား **ပြဟ္မစရိယဝါသ**ဟူသည့် အကျင့်မြတ်တို့ကို ကျင့်သုံးနိုင်ခွင့်ဟူ၍ မရှိနိုင်သောကြောင့် တိရစ္ဆာန်ဘုံ၌ ဖြစ်ရခြင်းကိုလည်း **"အက္ခဏ"** ဟူ၍ ခေါ်ဆိုသည်။

၃။ **ပြိတ္တာဘုံ၌ ဖြစ်ခြင်း** = အချိန်မစဲ အမြဲတစေ ပူလောင်ခြောက်ကပ်ကာ အစာငတ်ခြင်း ရေငတ်ခြင်းဒဏ်ချက် အပြင်းအထန် အနှိပ်စက်ခံနေရသော ပြိတ္တာဘုံသား သတ္တဝါအား ပြဟ္မစရိယဝါသဟူသည့် အကျင့်မြတ်တို့ကို ပြုကျင့်နိုင်ခွင့်ဟူ၍ မရှိနိုင်သောကြောင့် ပြိတ္တာဘုံ၌ ဖြစ်ရခြင်းကိုလည်း **"အက္ခဏ"**ဟူ၍ ခေါ်ဆိုသည်။

၄။ **အသညသတ်ဘုံ၌ ဖြစ်ခြင်း** = အသညသတ်ဘုံသားတို့မှာ သူတော်ကောင်းတရားကို ကြားနာနိုင်ကြောင်း သောတပသာဒ (= နားအကြည်ဓာတ်) မရှိရကား ပြဟ္မစရိယဝါသဟူသည့် အကျင့်မြတ်တို့ကို ပြုကျင့်နိုင်ခွင့်ဟူ၍ မရှိနိုင်သောကြောင့် အသညသတ်ဘုံ၌ ဖြစ်ရခြင်းကိုလည်း **"အက္ခဏ"**ဟူ၍

ခေါ်ဆိုသည်။

**[မှတ်ချက်**။ ။ အရူပဘုံသည် တိဟိတ်ပုထုဇန်တို့အတွက် အက္ခဏ ဖြစ်နိုင်သော်လည်း အရိယသူတော်ကောင်းတို့အတွက် အထက်မဂ်ဖိုလ်-ရကြောင်းကျင့်စဉ်ကို ဆက်လက်ကျင့်နိုင်သောကြောင့် အက္ခဏ မဟုတ်ပေ။]

၅။ **ပစ္စန္တရာဇ်အရပ်၌ ဖြစ်ခြင်း** = မြတ်စွာဘုရား၏ သားတော် သမီး-တော်ဖြစ်ကြသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာယောကျ်ား, ဥပါသိကာမိန်းမတို့ မရောက်ပေါက်ရာ ဉာဏ်ပညာ အလွန်ပါးရှားသည့် ပစ္စန္တရာဇ်အရပ်၌ ဖြစ်သော သူတို့အားလည်း သောတပသာဒ (= နား) ဟူ၍ ပင် ရှိစေကာမူ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတရားကို နာကြားခွင့် မရကြသဖြင့် ဗြဟ္မစရိယဝါသဟူသည့် အကျင့်မြတ်တို့ကို ပြုကျင့်နိုင်ခွင့်ဟူ၍ မရှိနိုင်သောကြောင့် ထို ပစ္စန္တရာဇ်အရပ်၌ ဖြစ်ရခြင်းကိုလည်း **"အက္ခဏ"** ဟူ၍ ခေါ်ဆိုသည်။

၆။ **မိစ္ဆာဒိဋ္ဌိအယူရှိခြင်း** = ဘုရားပွင့်တော်မူရာ တရားသံမစဲ ခြိမ့်ခြိမ့် သဲနေသော မဇ္ဈိမတိုက်၌ ဖြစ်နေစေကာမူ —

(က) **နတ္ထိကဒိဋ္ဌိ** = ကုသိုလ် အကုသိုလ်တို့၏ အကျိုးသည် မရှိဟု အကျိုးကို ပယ်သော အယူဝါဒ၊

(ခ) **အဟေတုကဒိဋ္ဌိ** = အကျိုးကို ဖြစ်စေတတ်သော အကြောင်း (ကုသိုလ် အကုသိုလ်)သည် မရှိဟု အကြောင်းကို ပယ်သော အယူဝါဒ၊

(ဂ) **အကိရိယဒိဋ္ဌိ** = ကုသိုလ် အကုသိုလ်ကို ပြုသော်လည်း ပြုသည် မမည်ဟု ပြုလုပ်မှုကြိယာကို ပယ်သော အယူဝါဒ —

ဤကဲ့သို့သော ကံ-ကံ၏အကျိုးကို ပစ်ပယ်သော နိယတမိစ္ဆာဒိဋ္ဌိ အယူရှိနေသူတို့မှာ သူတော်ကောင်းတရားကို နာကြားနိုင်ခြင်း မရှိသဖြင့် ဗြဟ္မစရိယဝါသဟူသည့် အကျင့်မြတ်တို့ကို ပြုကျင့်နိုင်ခွင့် အလျဉ်းပင် မရှိ သောကြောင့် မိစ္ဆာဒိဋ္ဌိ အယူရှိခြင်းကိုလည်း **"အက္ခဏ"**ဟူ၍ ခေါ်ဆိုသည်။

၇။ **ပညာမဲ့၍ မိုက်မဲဆွံ့အသူဖြစ်ခြင်း** — မဇ္ဈိမတိုက်၌ပင် လူဖြစ်စေကာမူ ကံ-ကံ၏အကျိုးတရားကို တတ်သိနားလည်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိ ဉာဏ်ပညာလည်း မရှိ, မိုက်မဲဆွံ့အသူလည်း ဖြစ်နေပါမူ, ကောင်းသောစကား မကောင်းသောစကား၏ အနက်အဓိပ္ပာယ်ကို သိရှိနားလည်ရန် မစွမ်းနိုင်သူ ဖြစ်နေပါမူ သစ္စာလေးပါးနှင့်စပ်သည့် သူတော်ကောင်းတရား နာကြားနိုင်ခြင်း တတ်သိနားလည်နိုင်ခြင်း မရှိသဖြင့် ပြဟ္မစရိယဝါသဟူသည့် အကျင့်မြတ် တို့ကို ပြုကျင့်နိုင်ခွင့် အလျဉ်းပင် မရှိသောကြောင့် ပညာမဲ့၍ မိုက်မဲဆွံ့အသူ ဖြစ်ခြင်းကိုလည်း **"အက္ခဏ"**ဟူ၍ ခေါ်ဆိုသည်။

၈။ **ဘုရားမပွင့်ထွန်းသောအခါ ဖြစ်ခြင်း** = မဇ္ဈိမတိုက်၌ လူဖြစ်ကာ ဣန္ဒြေ ပြည့်စုံ၍ ကံ-ကံ၏အကျိုးတရားကို တတ်သိနားလည်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ပညာရှိသူပင် ဖြစ်စေကာမူ မြတ်စွာဘုရား ပွင့်ထွန်းသောအခါ မဟုတ်ပါမူ ပြဟ္မစရိယဝါသဟူသည့် (ကိလေသာအပူမီး ငြိမ်းကြောင်း အကျင့် ကောင်း ဖြစ်သည့် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ်) အကျင့်မြတ်တို့ကို ကျင့်သုံးနိုင်ခွင့်ဟူ၍ မရှိသောကြောင့် ဘုရား မပွင့်ထွန်းသောအခါကိုလည်း **"အက္ခဏ"**ဟူ၍ ခေါ်ဆိုသည်။

ဤဆိုအပ်ပြီးသော **အက္ခဏ (= ရပ်ပြစ်) ရှစ်ပါး**မှ လွန်မြောက်၍ ဘုရား သာသနာ ပွင့်ထွန်းရာကာလ၌ ဣန္ဒြေ မချို့တဲ့ဘဲ သမ္မာဒိဋ္ဌိအယူကောင်း ရရှိသော အခါအခွင့်ကို **ဗုဒ္ဓုပ္ပါဒ နဝမခဏ = ရပ်ပြစ်ရှစ်ပါးကို လွန်မြောက်၍ ကိုးခုမြောက်ဖြစ်သော ဘုရားပွင့်တော်မူရာ သူတော်ကောင်းတရား ပွားများ နိုင်ရာ အခါအခွင့်ကောင်း**ဟု ခေါ်ဆိုသည်။

ယနေ့ ထင်ရှားရှိကြသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြသူ သူတော်စင်အပေါင်းတို့မှာ ဘုရားသာသနာ ပွင့်ထွန်းရာဖြစ်၍ ဣန္ဒြေ မချို့တဲ့သူ လူ၏အဖြစ်နှင့်တကွ သမ္မာဒိဋ္ဌိအယူကောင်းကို လက်ကိုင်ရရှိသူများ ဖြစ်ကြရကား **ဗုဒ္ဓုပ္ပါဒ ဒုလ္လဘာ** အခွင့်ကောင်းကြီးနှင့် လှလှကြီး ကြုံကြိုက် နေပါလျက် သီလ, သမာဓိ, ပညာတည်းဟူသော သာသနာ့အကျင့်တရားကို

လက်လွှတ်ထားပါမူ ဒုလ္လဘအခွင့်ကောင်းကြီးကို ကျော်လွန်၍ သွားကြသူတို့ မည်ကြကုန်လိမ့်မည်။

မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတည်းဟူသော သံသရာမှ ထွက်မြောက်ကြောင်း နိယျာနိက အကျင့်ကောင်း၏ အကာအကွယ် အန္တရာယ်ဖြစ်ကြသော **အက္ခဏ (= ရပ်ပြစ်) ရှစ်ပါး** တရားတို့ကသာ အရေအတွက်အားဖြင့်လည်းကောင်း, အချိန်အခါအားဖြင့်လည်းကောင်း များလှကုန်၏။ ကမ္ဘာအသင်္ချေ ကုန်လွန်၍ တစ်ရံတစ်ခါမှသာ ဘုရားရှင်တို့ ပွင့်ထွန်းတော်မူကြသောကြောင့် **ဗုဒ္ဓုပ္ပါဒ နဝမခဏ** အခွင့်ကောင်းကို အလွန် ရခဲလှပေသည်။

လောက၌ အလွန်တရာ ရခဲလှစွာသော မြတ်စွာဘုရား၏ တရားဓမ္မဒေသနာ ထွန်းပရာ အခါကာလနှင့် သမ္မာဒိဋ္ဌိအယူရှိသော ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သူ လူ၏အဖြစ် - ဤနှစ်ပါးကို ယနေ့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မျက်မှောက်ရှေးရှု ရယူမိလျက် ရှိကြပြီ။ ဤမျှ အခွင့်ကောင်း အခါကောင်း ကြုံကြိုက်သော "ဗုဒ္ဓုပ္ပါဒ နဝမခဏ"၌ "ဗုဒ္ဓုပ္ပါဒ နဝမခဏကြီး"ကို အရတော်သူ တစ်ယောက် ဆိုစလောက်အောင် အပါယ်ဝဋ်ဆင်းရဲဒုက္ခ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်း နိယျာနိက တရားကောင်း ဖြစ်သည့် သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်အပ်သည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတို့ကို အရဟတ္တဖိုလ်ပေါက် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေသော်. . . ။

ထိုသို့ ကျင့်ရမည့်ကျင့်စဉ်ပိုင်းတွင် ဘုရားဂုဏ်တော်တို့ကို အာရုံပြုကာ ကြည်ညိုသဒ္ဓါ တိုးပွားအောင် ကြိုးစားဆောင်ရွက်ခြင်း, ထိုမှတစ်ဆင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလျက် သမာဓိစခန်းသို့ တက်လှမ်းခြင်း ဟူသော ဗုဒ္ဓါနုဿတိဘာဝနာလုပ်ငန်းရပ်လည်း တစ်ခု အပါအဝင် ဖြစ်ပေသည်။ ထို့ကြောင့် အရှင်မဟာဗုဒ္ဓဃောသ မထေရ်မြတ်က မိမိရေးသားအပ်သော **မဟာနမက္ကာရ ဘုရားရှိခိုး** ဂါထာနံပါတ် (၂၆) တွင် ဤသို့ တိုက်တွန်းထားတော်မူပေသည်။

**ဗုဒ္ဓေါဗုဒ္ဓေါတိဃောသော အတိဒုလ္လဘတရော ကာ ကထာ ဗုဒ္ဓဘာဝေါ၊**
**လောကေ တသ္မာ ဝိဘာဝီ ဝိဝိဓဟိတသုခံ သာဓဝေါ ပတ္ထယန္တာ။**
**ဣဒ္ဓံ အတ္ထံ ဝဟန္တံ သုရနရမဟိတံ နိဗ္ဗုယံ ဒက္ခိဏေယျံ၊**
**လောကာနံ နန္ဒိဝမ္မံ ဒသဗလမသမံ တံ နမဿန္တု နိစ္စံ။**

လောက၌ **"ဗုဒ္ဓ ဗုဒ္ဓ"** ဟူသော အသံမျှကိုသော်လည်း ကြားရဖို့ရန် အလွန်ခဲယဉ်းလှ၏။ ဗုဒ္ဓ၏အဖြစ်သည်ကား အဘယ်မှာလျှင် ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း။ ထို့ကြောင့် လောကီ လောကုတ္တရာဖြစ်သော ဈာန်ချမ်းသာ ဝိပဿနာချမ်းသာ မဂ်ချမ်းသာ ဖိုလ်ချမ်းသာ ဟူသည့် အမျိုးမျိုးသော အကျိုးစီးပွားချမ်းသာကို လိုလားတောင့်တကြကုန်သော ပညာရှိသူတော်-ကောင်းတို့သည် မိမိတို့ အလိုရှိအပ် မြတ်နိုးအပ်သော လောကီ လောကုတ္တရာ အကျိုးစီးပွား ချမ်းသာအဖြာဖြာကို ရရာရကြောင်း ရောက်ရာရောက်ကြောင်း နည်းလမ်းကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမလျက် ချမ်းသာသုခ အဝဝကို ရွက်ဆောင်ပေးတော်မူတတ်သော, နတ်လူတို့သည် ပူဇော်အပ် မြတ်နိုးတော်မူအပ်သော, ဖူးမြင်ရသူတို့၏ သန္တာန်ဝယ် စိတ်ကြည်နူးဝမ်းမြောက်မှု အသိဉာဏ် ရရှိမှု စသည့် ကုသိုလ်တရားကိုသာ တိုးပွားစေတတ်သဖြင့် ကြောက်ရွံ့ဖွယ် ဘေးရန်လည်း မရှိသော, ကံနှင့် အကျိုးကို ရည်ကိုး မျှော်သန်ကာ လှူဒါန်းပူဇော်သည့် အလှူကောင်း အလှူမွန် ဟူသမျှကို စိုးယူပိုင်သ ခံယူတော်မူခြင်းငှာ ထိုက်တန်တော်မူပေသော, ဖူးမြင်ရသူ ပြဟ္မာ နတ် လူတို့၏ နှစ်လိုဝမ်းမြောက်ခြင်းကို တိုးပွားစေတတ်သော, ကိုယ်တော်အား (၁၀)ပါး ဉာဏ်တော်အား (၁၀)ပါးတို့နှင့် ပြည့်စုံတော်မူသော, လောကဓာတ်တစ်ခွင်ဝယ် သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်, ဝိမုတ္တိဂုဏ်, ဝိမုတ္တိဉာဏဒဿနဂုဏ်တို့ဖြင့် တစ်စုံတစ်ယောက်သောသူနှင့်မျှ တူတော်မမူသည့်အတွက် တုဘက်လည်း ကင်းတော်မူသော ထိုဗုဒ္ဓမြတ်စွာကို အမြဲမပြတ် ခပ်သိမ်းသော ကာလ၌ ရှိခိုး ဦးညွှတ်ကြစေကုန်သတည်း . . . ။

■ **ဖားအောက်တောရဆရာတော်**
**၁၃၆၅ - ခု၊ တပို့တွဲလပြည့်နေ့**

## မဟာနမက္ကာရ ဘုရားရှိခိုး – နိဿယ

## နံပါတ် (၁) ဂါထာ

**သုဂတံ** = စကားခြောက်ခွန်း လူ၌ထွန်းလည်း လေးခွန်းကိုပယ် နှစ်ခွန်းတယ်သဖြင့် ကျိုးရှိ ဟုတ်မှန် အဖိုးတန်သည့် ကောင်းမွန် မှန်ကန်သော စကားကိုလည်း ပြောဆိုတော်မူတတ်ထသော။

**သုဂတံ** = ငါးဖြာ အာရုံ ကာမဂုဏ်နှင့် ကံ-ကိလေသာ ငါးခန္ဓာတို့မှ ကင်းဆိတ်ရာဖြစ်ခြင်းကြောင့် ဘေးရန်ကင်းကွာ အေးချမ်းသာသည့် ခေမာ သောင်ကမ်း နိဗ္ဗာန်နန်းသို့လည်း ကြွမြန်းတော်မူတတ်ထသော။

**သေဋ္ဌံ** = ပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့၏ သီလ-သမာဓိ-ပညာ ဂုဏ်-သိက္ခာထက် ကဲသာလွန်မြတ် သီလ-သမာဓိ-ပညာ ဂုဏ်သကတ်ကြောင့် အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူထသော။

**ကုသလံကုသလံ** = သံသရာဝဋ္ဋ ခန္ဓာညွတ်မှ မကျွတ်လွတ်ရန် အဖန်ဖန် အထပ်ထပ် လည်ပတ်စေတတ်သည့် အပြစ်မဲ့ငြား ကုသိုလ်တရားနှင့် အပြစ်ရှိငြား အကုသိုလ်တရားကို။

**ဇဟံ** = အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပျက်ပျက်ကုန်စင် ခုတ်ထွင်ရှင်းလင်း မြစ်မကြွင်းအောင် ပယ်ရှင်းသုတ်သင်ကာ စွန့်ပယ်တော်မူပြီးထသော။

**အမတံ** = လေးပါးသော မဂ်ဉာဏ်, လေးပါးသော ဖိုလ်ဉာဏ်ဖြင့် မသေရာ အမြိုက်နိဗ္ဗာန်သို့ ဆိုက်ရောက်တော်မူပြီးသည့် အဖြစ်ကြောင့် နောက်ထပ် တစ်ဖန် သေကျေပျက်စီးရခြင်းမှလည်း ကင်းတော်မူထသော။

**အမတံ** = အရဟတ္တဖိုလ်သမာပတ်ကို အလိုရှိတိုင်း ဝင်စားတော်မူနိုင်သဖြင့် အမြိုက်အရသာနှင့်လည်း ပြည့်စုံတော်မူပြီးထသော။

**သန္တံ** = ကိလေသာအပူမီးတို့ကို မဂ်အရဟတ် ရေစင်မြတ်ဖြင့် ငြိမ်းသတ်တော်မူပြီးသည့်အဖြစ်ကြောင့် ကိလေသာဟူ အပူမလိမ်း အငြိမ်းကြီး ငြိမ်းအေးတော်မူသော ကိုယ်စိတ်လည်း ရှိတော်မူထသော။

**အသမံ** = သောင်းလောကဓာတ်တစ်ခွင်ဝယ် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ဖြင့် တူညီသူ မရှိခြင်းကြောင့် အတုလည်း မရှိထသော။

**အသမံ** = ကာမဂုဏ်ချမ်းသာ စျာန်ချမ်းသာ ဝိပဿနာချမ်းသာတို့နှင့် မတူညီသဖြင့် အတုမရှိသော မဂ်ချမ်းသာ ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာကို။
**ဒဒံ** = ရရာရကြောင်း ရောက်ရာရောက်ကြောင်း နည်းလမ်းကောင်းဟု ခေါ်ဆိုအပ်သော မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားကို ဟောကြားပြသ ဆိုဆုံးမလျက် ပေးသနားတော်မူတတ်ထသော။
**သရဏံ** = လူသုံးဦးတို့၏ ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူထသော။
**လောကံ** = သတ္တလောက သင်္ခါရလောက ဩကာသလောကတည်းဟူသော လောကသုံးရပ်ကို။
**သရဏံ** = ပြက်ပြက်ကုန်စင် လင်းလင်းထင်လျက် ထွင်းဖောက်သိမြင်တော်မူတတ်ထသော။
**အရဏံ** = အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ခုတ်ထွင်ရှင်းလင်းအပ်ပြီးသည်၏ အဖြစ်ကြောင့် ကိလေသာတည်းဟူသော မြူလည်း ကင်းစင်တော်မူပြီးထသော။
**အရဏံ** = ကျွတ်ထိုက်သသူ ဝေနေယျကြာ သတ္တဝါတို့၏ သန္တာန်၌ ကိလေသာမြူ၏ ကင်းစင်ခြင်းကို။
**ကရံ** = ကင်းရာကင်းကြောင်း နည်းလမ်းကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမလျက် ကင်းအောင် ပြုတော်မူတတ်ထသော။
**အဘယံ** = ဇာတိ-ဇရာ-ဗျာဓိ-မရဏ အစဖြာသည့် ဘေးဒုက္ခ အဝဝလည်း ရှိတော် မမူထသော။
**အဘယံ** = ဇာတိ-ဇရာ-ဗျာဓိ-မရဏ အစဖြာသည့် ဘေးဒုက္ခ အဝဝတို့၏ မရှိရာဖြစ်သော။
**ဌာနံ** = နိဗ္ဗာန်အရပ်သို့။
**နာယကံ** = သတ္တဝါတို့ကိုလည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရာရကြောင်း နည်းလမ်းကောင်းကို ဟောကြားပြသ ဆိုဆုံးမလျက် ရောက်အောင် ပို့ဆောင်တော်မူတတ်ထသော။
**နာယကံ** = လူသုံးဦးတို့၏ အကြီးအမှူး အဦးအခိုင် ဖြစ်တော်မူသော မြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။
**နမေ = နမာမိ** = ကာယ ဝစီ မနောချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၂) ဂါထာ

**နယနသုဘဂကာယင်္ဂံ** = ဖူးမြင်ရသူတို့၏ မျက်စိအား တင့်တယ်သော (၃၂)ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး, (၈၀)သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်အပ်သော ကိုယ်အင်္ဂါအစိတ်အပိုင်းလည်း ရှိတော်မူထသော။
**မဓုရဝရသရောပေတံ** = ပြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ချိုမြိန်ကောင်းမြတ်သော အသံတော်နှင့်လည်း ပြည့်စုံတော်မူထသော။
**အမိတဂုဏဂဏာဓာရံ** = မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်နိုင်သော သီလဂုဏ်ကျေးဇူး သမာဓိဂုဏ်ကျေးဇူး ပညာဂုဏ်ကျေးဇူး အစရှိသည့် ဂုဏ်ကျေးဇူး-တော်အပေါင်း၏ တည်ရာလည်း ဖြစ်တော်မူထသော။
**အတုလံ** = သီလ အစရှိသော ဂုဏ်ကျေးဇူးတို့ကြောင့် တစ်စုံတစ်ယောက်သော သူနှင့်မျှ တူတော်မမူထသော။
**ဒသဗလံ** = ကိုယ်တော်အား (၁၀)ပါး, ဉာဏ်တော်အား (၁၀)ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။
**အဟံ** = တပည့်တော်သည်။
**ဝန္ဒေ = ဝန္ဒာမိ** = သဒ္ဓါရိုကျိုး မာန်စွယ်ချိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၃) ဂါထာ

**ဓီတိမာ** = အရပ်လေးမျက်နှာတို့မှ လာသော လေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်းမရှိ ငြိမ်သက်စွာ တည်ရှိသော မြင်းမိုရ်တောင်မင်းကဲ့သို့ ဆန့်-ကျင်ဘက် မိစ္ဆာဝါဒ လေပြင်းမုန်တိုင်း, လောကဓံ အနိဋ္ဌလောကဓံ လေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်းမရှိ တည်ကြည်သော သမာဓိလည်း ရှိတော်မူထသော။

**အညာစရဏော =** ကိလေသာတို့မှ လွတ်မြောက်မှု (= ဝိမုတ္တိ)ဟု ခေါ်ဆို အပ်သော အရဟတ္တဖိုလ်ထီးဖြူကို ဆောင်တော်မူတတ်ထသော။

**ယော ဗုဒ္ဓေါ =** သစ္စာလေးရပ် တရားမြတ်ကို ကိုယ်တော်တိုင် ထွင်းဖောက် သိမြင်တော်မူပြီးသည်ဖြစ်၍ ကျွတ်ထိုက်သသူ နတ်လူပြဟ္မာ ဝေနေယျကြာ သတ္တဝါအပေါင်းကိုလည်း သစ္စာလေးရပ် တရားမြတ်ကို ထွင်းဖောက်သိမြင် စေတော်မူတတ်သောကြောင့် "ဗုဒ္ဓ"ဟူသော အမည်တော်ကို ရရှိတော်မူသော အကြင် မြတ်စွာဘုရားသည်။

**သံသာရေ =** ခန္ဓာ-အာယတန-ဓာတ်တို့၏ အဆက်မပြတ်ဖြစ်ရာ သံသရာ အတွင်း၌။

[**သံသရန္တော =** ကျင်လည်ခဲ့ရစဉ်။

**သံသာရဝဋ္ဋေ** = သံသရာ ဝဲသြယ ရေယဉ်ကြော၌။

**နိမုဂ္ဂါနံ** = နစ်မြုပ်၍ နေကြရကုန်သော။

**သတ္တာနံ** = ခပင်းများစွာ သတ္တဝါတို့အား။

**အနုဒယာယ** = ရင်ဝယ်သားပမာ အစဉ်ကွယ်ကာ သနားစောင့်ရှောက် လိုသော မဟာကရုဏာတော်ဖြင့်။

**သံသာရဝဋ္ဋဒုက္ခတော** = သံသရာဝဋ်ဆင်းရဲဒုက္ခ အဝဝမှ။

**ပမောစေတုကာမော** = ကျွတ်စေလို လွတ်စေလိုသော သမ္မာဆန္ဒတော်ဓာတ် အလွန်ပြင်းပြသည်ဖြစ်၍။

**ကပ္ပသတသဟဿာဓိကာနိ** = ကမ္ဘာတစ်သိန်းအလွန်ရှိကုန်သော။

**စတ္တာရိ အသင်္ချေယျာနိ** = လေးသင်္ချေတို့ ကာလပတ်လုံး။

**အတိဒုက္ကရာနိ** = အင်္ဂါ ခြေလက် ကိုယ်အသက်တို့ကိုပင် စွန့်လွှတ်ကာ အလွန့်အလွန် ခဲယဉ်းစွာ ဖြည့်ကျင့် ဆည်းပူးတော်မူအပ်ကုန်သော။

**သမတိံသ ပါရမိယော** = ပါရမီ, ဥပပါရမီ, ပရမတ္ထပါရမီဟု ဆိုအပ်ကုန်သော အမျှသုံးဆယ်ကုန်သော ပါရမီတော်မြတ်အပေါင်းတို့ကိုလည်းကောင်း။

**ပဉ္စ မဟာပရိစ္စာဂေ** = ငါးပါးကုန်သော စွန့်ခြင်းကြီးတို့ကိုလည်းကောင်း။

**ကရောန္တော** = ဖြည့်ကျင့် ဆည်းပူးတော်မူလျက်။]

**လောကတော =** ကျွတ်ထိုက်သသူ နတ်လူပြဟ္မာ ဝေနေယျကြာ သတ္တဝါတို့ကို

သံသရာ ဝဲဩဃမှ ထုတ်ဆောင်ကယ်တင်လိုခြင်းတည်းဟူသော အကြောင်းကြောင့်။

**ကာယိကံ ဒုက္ခဉ္စ** = ကိုယ်တော်ကို အမှီပြု၍ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခ အဝဝကိုလည်းကောင်း။

**စေတသိကံ ဒုက္ခဉ္စ** = စိတ်အစဉ်တော်ကို အမှီပြု၍ ဖြစ်ပေါ်လာသော ဆင်းရဲဒုက္ခ အဝဝကိုလည်းကောင်း။

**အနုဘောသိ** = အစဉ် ခံစားတော်မူခဲ့လေပြီ။

**နရဒေဝမင်္ဂလံ** = လူနတ်ပြဟ္မာ သတ္တဝါတို့၏ မွန်မြတ်သော မင်္ဂလာတစ်ဆူ ဖြစ်တော်မူပေသော။

**တံ ဗုဒ္ဓံ** = ထိုမြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**ဝန္ဒေ = ဝန္ဒာမိ** = သဒ္ဓါရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၄) ဂါထာ

**ဗာတ္တိံသတိလက္ခဏစိတြဒေဟံ** = သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်တို့ဖြင့် တန်ဆာဆင်ထားအပ်သော ဆန်းကြယ်သော ကိုယ်တော်လည်း ရှိတော်မူထသော။

**ဒေဟဇ္ဇုတိနိဂ္ဂတပဇ္ဇလန္တံ** = ကိုယ်တော်မှ ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်ပေါ်လာသော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တပြောင်ပြောင် ထွန်းတောက်ပတော်မူထသော။

**ပညာဓိတိသီလဂုဏောဃဝိန္ဒံ** = သူမတူသော ပညာဂုဏ် သမာဓိဂုဏ် သီလဂုဏ်အပေါင်းကိုလည်း ရတော်မူပြီးထသော။

**အန္တိမဇာတိယုတ္တံ** = အဆုံးစွန်သော ဘဝနှင့်လည်း ယှဉ်တော်မူပြီးထသော။

**မုနိံ** = အဂါရိယမုနိ, အနဂါရိယမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိ ဟူသော မုနိငါးမျိုးတို့ထက် ကဲသာလွန်မြတ်သော မုနိမုနိဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်ကို။

**အဟံ** = တပည့်တော်သည်။
**ဝန္ဒေ = ဝန္ဒာမိ** = သဒ္ဓါရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၅) ဂါထာ

**ပါတောဒယံ** = နံနက်အခါ၌ တက်လတ်သော။
**ဗာလဒိဝါကရံဝ** = တက်သစ်စ နေလုလင်ကဲ့သို့။
**ယတီနံ** = သမထ ဝိပဿနာ အစဖြာသည့် ကုသိုလ်တရားတို့ကို အပတ်တကုတ် ကြိုးစားအားထုတ်ကြကုန်သော ရဟန်းတော်တို့၏။
**မဇ္ဈေ** = အလယ်၌။
**သိရီဟိ** = (၃၂)ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး, (၈၀)သော လက္ခဏာတော်ငယ်တို့မှ ထွက်ပေါ်လာသော ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ကိုယ်အင်္ဂါတို့၏ တင့်တယ်စံပယ်ခြင်းသို့ ရောက်ရှိနေကြကုန်သော ကျက်သရေမင်္ဂလာတို့ဖြင့်။
**လလိတံ** = တင့်တယ်စံပယ်တော်မူထသော။
**ပုဏ္ဏိန္ဒုသက်ာသမုခံ** = တစ်ထောင်သော ရောင်ခြည်တို့ဖြင့် အသရေရှိလှသော, လပြည့်ဝန်းနှင့် တူသော, လက္ခဏာတော်ကြီး လက္ခဏာတော်ငယ် အသွယ်သွယ်တို့မှ ထွက်ပေါ်လာသော ရောင်ခြည်တော်တို့ဖြင့် တင့်တယ်သော မျက်နှာတော်လည်း ရှိတော်မူထသော။
**အနေဇံ** = တဏှာတည်းဟူသော မြူအညစ်အကြေးလည်း ကင်းစင်တော်မူပြီးထသော။
**သဗ္ဗညုံ** = သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်းဟူသော ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ဉေယျဓမ်တရား (၅)ပါးတို့ကိုလည်း ပြက်ပြက်ကုန်စင် ထိုးထွင်းသိမြင်တော်မူပြီးထသော။
**မုနိန္ဒံ** = ရဟန်းတို့ကို အစိုးရတော်မူသော မြတ်စွာဘုရားကို။
**အဟံ** = တပည့်တော်သည်။
**ဝန္ဒာမိ** = သဒ္ဓါရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာ မိုး၍ ရှိခိုး ဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၆) ဂါထာ

**ဥပေတပုညော** = ပါရမီ (၁၀)ပါး, အပြား (၃၀)သော ပြည့်စုံသော ဘုန်းတော်လည်း ရှိတော်မူထသော။

**ယော သုဂတော** = ကောင်းမြတ် တင့်တယ်တော်မူသည့် နိဗ္ဗာန်အရပ်သို့ ကြွသွားတော်မူတတ်ခြင်းတည်းဟူသော အကြောင်းကြောင့် "သုဂတ" အမည်ရှိတော်မူသော အကြင် မြတ်စွာဘုရားသည်။

**ဝရဗောဓိမူလေ** = ဗောဓိပင်ခြေ မြတ်သော ပလ္လင်ဗွေထက်၌။

**သသေနမာရံ** = စစ်သည်ဗိုလ်ပါနှင့် တကွသော မိုးနတ်သား မာရ်နတ်မင်းကို။

**ဇိနိတွာ** = ကဆုန်လပြည့် ဗုဒ္ဓနေ့ဝယ် နေမဝင်မီ အချိန်မှာပင်လျှင် ပါရမီ ဘုန်းတော်တို့၏ စွမ်းအားရှိန်စော် အာနုဘော်ကြောင့် အောင်မြင်တော်မူပြီးသည်ဖြစ်၍။

**အရုဏောဒယမှိ** = နေအရုဏ် တက်သော အချိန်အခါကာလ၌။

**ဗောဓိံ** = ကဲသာလွန်ဘိ တုမရှိသည့် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်တည်းဟူသော သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ကို (ဝါ) အရဟတ္တမဂ်ဉာဏ်တည်းဟူသော သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ဖြင့် ထိုးထွင်းသိမြင်-အပ်သည့် သစ္စာလေးရပ် တရားမြတ်ကို။

**အဗောဓိ** = ထွင်းဖောက် သိမြင်တော်မူခဲ့လေပြီ။

**မာရဇိနံ** = ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် တည်းဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူပြီးထသော။

**အဘင်္ဂံ** = ငါးတန်သော မာရ်စစ်သည်တို့သည် မဖျက်ဆီးအပ် မဖျက်ဆီးနိုင်-ထသော။

**တံ သုဂတံ** = "သုဂတ"ခေါ်ဆိုသည့် ထိုမြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**နမာမိ** = ကာယ ဝစီ မနောချိုလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၇) ဂါထာ

**ရာဂါဒိဆေဒမလညာဏခဂ္ဂံ** = ရာဂ စသော ကိလေသာတို့ကို ပယ်ဖြတ်တတ်သော, ကိလေသာအညစ်အကြေး ကင်းသော (သစ္စာလေးရပ် တရားမြတ်ကို ထွင်းဖောက် သိမြင်တတ်သော) အရဟတ္တမဂ် ဉာဏ်သန်လျက်လည်း ရှိတော်မူထသော။

**သတိဿမညာဖလကာဘိဂါဟံ** = သမ္မာသတိ အမည်ရှိသော ကာကိုလည်း မြဲစွာ စွဲကိုင်တော်မူထသော။

**သီလောဃလင်္ကာရဝိဘူသိတံ** = လောကုတ္တရာ သီလအပေါင်းတည်းဟူသော ချပ်ဝတ်တန်ဆာတို့ဖြင့် တင့်တယ်စွာ တန်ဆာဆင်တော်မူပြီးထသော။

**အဘိညာဝရမိဒ္ဓုပေတံ** = အဘိညာဏ်တည်းဟူသော မြတ်သော တန်ခိုးဣဒ္ဓိပါဒ်နှင့်လည်း ပြည့်စုံတော်မူပြီးသော။

**တံ ဗုဒ္ဓံ** = ထိုမြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**နမာမိ** = ကာယ ဝစီ မနောချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၈) ဂါထာ

**ဒယာလယံ** = မဟာကရုဏာတော် မေတ္တာတော်၏ တည်ရာလည်း ဖြစ်တော်မူထသော။

**သဗ္ဗဓိ** = ခပ်သိမ်းသော ကိုယ်တော်၏ အဖြစ်၌။

**ဒုက္ကရံ** = ပါရမီဆယ်ပါး အပြားသုံးဆယ်, သုံးသွယ်စရိယ, ငါးဝသော စွန့်ခြင်းကြီး အစရှိသည့် အလွန်ပြုနိုင်ခဲသည့် ခဲယဉ်းသော အမှုကို။

**ကရံ** = သဗ္ဗညုတဉာဏ် ရဖို့ရန်ဟု စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးရှာမှီး ပြုစုတော်မူပြီးထသော။

**ဘဝဏ္ဏဝါတိက္ကမံ** = ကာမ ရူပ အရူပတည်းဟူသော ဘဝသုံးထပ် ဘုံသုံးရပ်သမုဒ္ဒရာမှ ကျော်လွှားလွန်မြောက်တော်မူပြီးထသော။

**အဂ္ဂတံ** = သူမတူသော သီလ သမာဓိ ပညာဂုဏ်သကတ်ကြောင့် လူ နတ်

ပြဟ္မာ သတ္တဝါတို့ထက် ကဲသာလွန်မြတ်သည်၏ အဖြစ်သို့။
**ဂတံ** = ရောက်တော်မူပြီးထသော။
**တိလောကနာထံ** = လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခကို ရရာရကြောင်း နည်းလမ်းကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမတော်မူတတ်သဖြင့် ပြဟ္မာ နတ် လူ သုံးဘုံသူတို့၏ ကိုးကွယ်အားထားရာ အစစ် အဖြစ်ကြီးဖြစ်တော်မူထသော။
**သုသမာဟိတံ** = အရပ်လေးမျက်နှာတို့မှလာသော လေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်းမရှိ မြဲခိုင်စွာ တည်ရှိသော မြင်းမိုရ်တောင်မင်းကဲ့သို့ မိစ္ဆာဒိဋ္ဌိလေပြင်းမုန်တိုင်း လောကဓံလေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်းအလျဉ်းပင် မရှိသည်ဖြစ်၍ မြဲခိုင်စွာဘိ ကောင်းစွာ တည်ကြည်သော သမာဓိလည်း ရှိတော်မူထသော။
**ဟိတံ** = လူ နတ် ပြဟ္မာ သတ္တဝါတို့၏ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားချမ်းသာကိုလည်း ရွက်ဆောင်တော်မူတတ်ထသော။
**သမန္တစက္ခုံ** = သဗ္ဗညုတ ဉာဏ်တော်မြတ်တည်းဟူသော ထက်ဝန်းကျင်သိမြင်နိုင်စွမ်းရှိသော သမန္တစက္ခုလည်း ရှိတော်မူထသော။
**အမိတံ** = မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်နိုင်သော သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်လည်း ရှိတော်မူထသော။
**တံ ဗုဒ္ဓံ** = ထိုမြတ်စွာဘုရားကို။
**အဟံ** = တပည့်တော်သည်။
**ပဏာမာမိ** = ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၉) ဂါထာ

**တဟိံ တဟိံ** = ထိုထိုသို့သော ဘုံဘဝ ထိုထိုသို့သော ကိုယ်တော်၏ အဖြစ်၌။
**ပါရမိသဥ္စယံ** = ပါရမီ ဥပပါရမီ ပရမတ္ထပါရမီတည်းဟူသော အမျှသုံးဆယ်သော ပါရမီတော်မြတ်အပေါင်းကို။
**စယံ** = သဗ္ဗညုတဉာဏ် ရဖို့ရန်ဟု စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးတော်မူပြီးထသော။

**သန္တိ** = ကိလေသာ အပူမီးတို့ကို ငြိမ်းအေးလိုကြောင်း သမ္မာဆန္ဒကောင်း ရှိကြသည့် သန္တ (= သပ္ပုရိသ) အမည်ရသည့် သူတော်ကောင်းတို့သည်။

**ဂတံ** = ကိလေသာ အပူငြိမ်းကြောင်း တရားကောင်းကို ရလိမ့်ဧကန် စင်စစ်မှန်ဟု အကယ်တိတိ ဉာဏ်ပညာမျက်စိဖြင့် တွေ့မြင်သိရှိသည်ဖြစ်၍ ဆည်းကပ်ကိုးကွယ်အပ်ထသော။

**သုခပ္ပဒံ** = အစ္စန္တသုခ အမည်ရသည့် တကယ့်ချမ်းသာထူး ချမ်းသာမြတ်ကြီး၏ တည်ရာဖြစ်တော်မူသော။

**ပဒံ** = အရိယာသူတော်ကောင်းတို့သည် အာရုံပြုသည်၏ အစွမ်းအားဖြင့် ရောက်တော်မူအပ်သော နိဗ္ဗာန်တရားတော်မြတ်သို့။

**ဂတံ** = ရောက်တော်မူပြီးထသော။

**နရာနရာနံ** = ကျွတ်ထိုက်သသူ နတ်လူပြဟ္မာ သတ္တဝါတို့၏။

**သုခသမ္ဘဝံ** = လောကီ လောကုတ္တရာ ချမ်းသာသုခ အဝဝကို ရခြင်း ရောက်ခြင်း၏ အကြောင်းရင်းစစ် ဧကန်ဖြစ်ပေသော ဒါန သီလ သမထ ဝိပဿနာ အစဖြာသည့် ကုသိုလ်ဆယ်ခု မြတ်ကောင်းမှုကို။

**ဘဝံ** = မဟာကရုဏာတော် ပြဓာန်းသော ဒေသနာဉာဏ်တော်မြတ်ဖြင့် "ဤသို့ ပြုရ မြတ်ပုည"ဟု ညွှန်ကြားပြသ ဆိုဆုံးမလျက် ဖြစ်စေတော်မူတတ်ထသော။

**အနမာနံ** = ရှိသေသမှု ညွှတ်ကိုင်းမှုကို အလျဉ်းပင် မပြုသော။

**ဂဝံ** = နွားနှင့် တူသော သူမိုက်ကို။

**ဇိနပုင်္ဂဝံ** = မေတ္တာရေချမ်း ပက်ကာဖျန်းလျက် အောင်တော်မူတတ်သည့် ယောက်ျားမြတ် ဖြစ်တော်မူသော မြတ်စွာဘုရားကို။

**နမေ** = **နမာမိ** = ကာယ ဝစီ မနောချီလျက် အဉ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၁၀) ဂါထာ

**ဤဟာဖိယံ** = ဝီရိယတည်းဟူသော တက်မကို။

**ဉာဏကရေန** = သဗ္ဗညုတဉာဏ်တော်မြတ်တည်းဟူသော လက်တော်ဖြင့်။

**ဂါဟကော** = မြဲမြံစွာ ကိုင်စွဲထားတော်မူသော။
**ယော မုနိဒက္ခနာဝိကော** = အကြင် မုနိထွတ်ထား မြတ်စွာဘုရားတည်း ဟူသော လိမ္မာလှစွာသော သင်္ဘောလှေမျှူးသည်။
**မဂ္ဂင်္ဂနာဝံ** = မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတည်းဟူသော သင်္ဘောလှေထက်သို့။
**အာရုယှ** = တက်စီးတော်မူပြီး၍။
**တာယ** = ထိုမဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတည်းဟူသော သင်္ဘောလှေဖြင့်။
**ဇဟူ** = ကျွတ်ထိုက်သသူ နတ် လူ ပြဟ္မာ ဝေနေယျများစွာ သတ္တဝါတို့ကို။
**ဘဝဏ္ဏဝါ** = ကူးခတ်လွှန်မြောက်ဖို့ရန် အလွန် ခဲယဉ်းလှစွာသော အပြောကျယ်သည့် ဘဝသုံးပါးတည်းဟူသော မဟာသမုဒ္ဒရာမှ။
**တာရေသိ** = နိဗ္ဗာန်တည်းဟူသော ထိုမှာဘက်ကမ်းသို့ ရောက်အောင် ထုတ်ဆောင် ကယ်တင်တော်မူခဲ့လေပြီ။
**အဃပ္ပဟံ** = ပြောထူများစွာ သတ္တဝါတို့၏ ကိလေသာဝဋ်ဆင်းရဲ သံသရာဝဋ်ဆင်းရဲကို အမြစ် မကြွင်းအောင် ပယ်ရှင်းပေးတော်မူတတ်ထသော။
**ဗုဒ္ဓံ** = သစ္စာလေးရပ် တရားမြတ်ကို ကိုယ်တော်တိုင် ထွင်းဖောက် သိမြင်တော်မူပြီးသည် ဖြစ်၍ ကျွတ်ထိုက်သသူ နတ်လူပြဟ္မာ ဝေနေယျကြာ သတ္တဝါတို့ကိုလည်း ထွင်းဖောက် သိမြင်စေတော်မူတတ်ထသော။
**တံ မုနိဒက္ခံ** = ထို မုနိထွတ်ထား မြတ်စွာဘုရားတည်းဟူသော လိမ္မာလှစွာသော သင်္ဘောလှေမျှူးကို။
**အဟံ** = တပည့်တော်သည်။
**နမေ = နမာမိ** = ကာယ ဝစီ မနောချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၁၁) ဂါထာ

**သမတိံသတိပါရမိသမ္ဘရဏံ** = ဒီပင်္ကရာ ဘုရားရှင်၏ ခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းတော်မူခဲ့သည်မှစ၍ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ဆယ်ပါးသော ပါရမီ, ဆယ်ပါးသော ဥပပါရမီ,

ဆယ်ပါးသော ပရမတ္ထပါရမီတည်းဟူသော အမျှသုံးဆယ်သော ပါရမီ-တော်မြတ် အပေါင်းကို သဗ္ဗညုတဉာဏ် ရဖို့ရန်ဟု စိတ်သန်ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူးရှာမှီး ဖြည့်ကျင့်တော်မူပြီးထသော။

**ဝရဗောဓိဒုမေ** = မြတ်သောဗောဓိပင်၏ အနီးဖြစ်သော အပရာဇိတမည်ရခေါ်တွင် မြတ်သော ပလ္လင်ထက်၌။

**စတုသစ္စဒသံ** = အရိယသစ္စာလေးရပ် တရားမြတ်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တော်မူပြီးထသော။

**ဝရမိဒ္ဓိဂတံ** = ရှေးရှေးဘုရားရှင်တို့ကဲ့သို့ လွန်မြတ်သော တန်ခိုးဣဒ္ဓိပါဒ်သို့ ရောက်တော်မူပြီး ရတော်မူပြီးထသော။

**နရဒေဝဟိတံ** = လူ နတ် ပြဟ္မာ သတ္တဝါတို့၏ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ချမ်းသာသုခကို ရရာရကြောင်း နည်းလမ်းကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမ-တော်မူလျက် လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ရွက်ဆောင်တော်မူတတ်ထသော။

**တိဘဝူပသမံ** = ကာမ ရူပ အရူပတည်းဟူသော ဘဝ သုံးထပ် ဘုံသုံးရပ်၌ ကျင်လည်ရာ ကျင်လည်ကြောင်း ကိလေသာသင်္ခါရ တရားအပေါင်းကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ ပယ်ရှားတော်မူပြီးသည်၏ အဖြစ်ကြောင့် ဘဝသုံးထပ် ဘုံသုံးရပ်မှ အငြိမ်းကြီး ငြိမ်းတော်မူပြီးထသော။

**ဇိနံ** = ဒေဝပုတ္တ, ကိလေသနှင့် ခန္ဓ, မစ္စု, အဘိသင်္ခါ မာရ်ငါးဖြာကို အောင်မြင်တော်မူပြီးသော ငါးမာရ်အောင်မြင် ဘုရားရှင်ကို။

**အဟံ** = တပည့်တော်သည်။

**ပဏာမာမိ** = ကာယ ဝစီ မနောချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၁၂) ဂါထာ

**သတပုညဇလက္ခဏိကံ** = အရာမက များပြားလှစွာသော ပါရမီဘုန်းကံကြောင့် ထင်ရှားဖြစ်ပေါ်လာသော သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာ, ရှစ်ဆယ်သော လက္ခဏာတော်ငယ်, တစ်ရာ့ရှစ်ကွက်

စက်လက္ခဏာတော်လည်း ရှိတော်မူထသော။

**ဝိရဇံ** = ဗောဓိပင်ခြေ မြတ်သော ပလ္လင်ဗွေထက်၌ ကိလေသာမာရ် အပေါင်းကို အောင်မြင်တော်မူပြီးသည်၏ အဖြစ်ကြောင့် ရာဂစသော ကိလေသာမြူ အညစ်အကြေးလည်း ကင်းစင်တော်မူပြီးထသော။

**ဂဂနူပမဓိံ** = ကောင်းကင်နှင့် တူသော ကြီးမားကျယ်ပြန့်သော သဗ္ဗညုတ ဉာဏ်တော်မြတ်လည်း ရှိတော်မူထသော။

**ဓိတိမေရုသမံ** = အရပ်လေးမျက်နှာတို့မှ လာသော လေပြင်းမုန်တိုင်းတို့ ကြောင့် တုန်လှုပ်ခြင်း အလျဉ်းမရှိသည့် မြင်းမိုရ်တောင်မင်းနှင့် ပမာတူသော, လောကဓံလေပြင်းမုန်တိုင်း မိစ္ဆာဒိဋ္ဌိလေပြင်းမုန်တိုင်းတို့ကြောင့် တုန်လှုပ်ခြင်း အလျဉ်းမရှိသော လောကုတ္တရာစျာန်သမာဓိလည်း ရှိတော်မူထသော။

**ဇလဇူပမသီတလသီလယုတံ** = သန့်ရှင်းကြည်လင်သော ရေအပြင်၌ ပွင့်ထွန်းပေါ်ပေါက်၍ လာပေသော ပဒုမ္မာကြာပန်းနှင့် တူစွာ အလွန် ချမ်းမြေ့လှသော သီလသီတင်းနှင့်လည်း မပြတ် ယှဉ်ထသော။

**ပထဝီသဟနံ** = မဟာပထဝီမြေကြီးနှင့် တူစွာ ဣဋ္ဌ အနိဋ္ဌ စသည် ထွေပြား လောကဓမ္မများကို သည်းခံနိုင်သော စိတ်နှလုံးတော်လည်း ရှိတော်မူထသော။

**ဇိနံ** = ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**ပဏမာမိ** = ကာယ ဝစီ မနော ချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၁၃) ဂါထာ

**သုမတိ** = သဗ္ဗညုတဉာဏ်တော်မြတ် ဒေသနာဉာဏ်တော်မြတ်တည်း ဟူသော ကောင်းမြတ်သော ပညာလည်း ရှိတော်မူသော။

**ယော ဗုဒ္ဓေါ** = သစ္စာလေးရပ် တရားမြတ်ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တော်မူပြီးသည်ဖြစ်၍ ကျွတ်ထိုက် သသူ နတ်လူပြဟ္မာ ဝေနေယျကြော သတ္တဝါတို့ကိုလည်း ထွင်းဖောက်သိမြင်

စေတော်မူတတ်သောကြောင့် ဗုဒ္ဓအမည်ရှိတော်မူသော အကြင် မြတ်စွာ-ဘုရားသည်။

**ဒိဝေ ဒိဝါကရောဝ** = နေ့အခါ၌ ထွန်းလင်းတောက်ပလျက်ရှိသော နေမင်းကဲ့သို့။

**သောဘန္တော** = ကိုယ်တော်မှ ကွန့်မြူးစံပယ် တင့်တယ်စွာ ထွက်ပေါ်လာ-သော ရောင်ခြည်တော် ခြောက်သွယ်တည်းဟူသော နေဝန်းဖြင့် ထွန်းလင်းတင့်တယ် နေစံပယ်တော်မူသည်ဖြစ်၍။

**ရတိဇနနေ** = နတ်ပြဟ္မာတို့၏ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ခြင်းကို ဖြစ်စေတတ်သော။

**သိလာသနမှိ** = ပင်လယ်ကသစ်ပင်၏ အရင်း၌ ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာ မြတ်ကျောက်ဖျာထက်၌။

**အာသိန္နော** = အဘိဓမ္မာ ဒေသနာတော်ကို နာယူလိုကြောင်း သမ္မာဆန္ဒကောင်းဖြင့် စကြဝဠာ တိုက်တစ်သောင်းမှ ခညောင်းလာကြသည့် နတ်ပြဟ္မာအပေါင်းတို့ အလယ်၌ သီတင်းသုံး နေထိုင်တော်မူလျက်။

**သိဝသုခဒံ** = သံသရာဝဋ်ဆင်းရဲဒုက္ခ ကိလေသာဝဋ်ဆင်းရဲဒုက္ခ အပူမီးအဝဝတို့မှ အငြိမ်းကြီး ငြိမ်းရာ အအေးကြီးအေးရာ ဖြစ်တော်မူသည့် နိဗ္ဗာန်ချမ်းသာကို ပေးတော်မူတတ်သော။

**ဓမ္မံ** = ထူးကဲလွန်မြတ်သည့် အဘိဓမ္မာဒေသနာတော်မြတ်ကို။

**ဒေဝါနံ** = မယ်တော်မိနတ်သား အမှူးထားသည့် စကြဝဠာပေါင်းတိုက်တစ်သောင်းမှ ခညောင်းလာငြား နတ်ပြဟ္မာအပေါင်းတို့အား။

**အဒေသိ** = ဝါတွင်းသုံးလတို့ ကာလပတ်လုံး ကရုဏာရှေ့သွား မေတ္တာထား၍ဟောကြားပြသ ဆိုဆုံးမတော်မူခဲ့လေပြီ။

**အသဒိသံ** = သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ဖြင့် တူညီသူ မရှိခြင်းကြောင့် တုဘက်လည်းကင်းတော်မူသော။

**တံ ဗုဒ္ဓံ** = ထိုမြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**နိစ္စံ** =အမြဲမပြတ် ခပ်သိမ်းသော အချိန်ကာလ၌။

**နမာမိ =** ကာယ ဝစီ မနောချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၁၄) ဂါထာ

**ယော နာထော =** ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကိုးကွယ်အားထားရာအစစ် အဖြစ်ကြီး ဖြစ်တော်မူပေသော အကြင် မြတ်စွာဘုရားသည်။
**အဝိကလေဟိ =** မချို့တဲ့သဖြင့် ထက်ဝန်းကျင် ပြည့်စုံကုန်သော။
**နိရာကုလေဟိ =** ရောယှက် ရှုပ်ထွေးခြင်း ကင်းသဖြင့် သန့်ရှင်း ပြတ်သား ကုန်သော။
**ပါဒပင်္ကဇမုဒုတ္တလရာဇိကေဟိ =** ခြေတော်အစုံ ကြာပဒုံတို့၏ နူးညံ့သိမ်မွေ့ သည့် နှစ်ဘက်သော ဖဝါးအပြင်တို့၌ တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော် တည်းဟူသော အရေးအသားတို့ဖြင့်။
**တီဟိ လောကေဟိ =** ပြဟ္မာနတ်လူ သုံးဘုံသူတို့နှင့်။
**နိရုပမေယျတံ =** မနှိုင်းယှဉ်အပ် မနှိုင်းယှဉ်နိုင်သည်၏ အဖြစ်သို့။
**သမ္ပာပုဏေ ဧဝ =** ကောင်းစွာ ရောက်ရှိတော်မူသည်သာလျှင်တည်း။
**သဗ္ဗလောကမဟိတံ =** လူ့လောက နတ်လောကဟု ဆိုအပ်သော ခပ်သိမ်း သော လောကသည် ပူဇော်တော်မူအပ်သော။
**အသမံ =** ဥပဓိသမ္ပတ္တိဂုဏ် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ် ပါရမီ-ဘုန်းကံဂုဏ်တို့ဖြင့် အတုမရှိသော။
**တံ နာထံ =** ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကိုးကွယ်အားထားရာ အစစ် အဖြစ်ကြီး ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။
**အဟံ =** တပည့်တော်သည်။
**နမာမိ =** ကာယ ဝစီ မနောချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

# နံပါတ် (၁၅) ဂါထာ

**နရာနရသမောသရဏံ** = လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားချမ်းသာ၏ ပြည့်စုံခြင်းကို လိုလားတောင့်တကြကုန်သော လူနတ်ပြဟ္မာ သတ္တဝါတို့၏ စုဝေးရာလည်း ဖြစ်တော်မူထသော။

**ဓိတတ္တံ** = လောကီ လောကုတ္တရာ နှစ်ဖြာသော သမာဓိနှင့် ယှဉ်သော တည်ကြည်သော စိတ်ဓာတ်လည်း ရှိတော်မူထသော။

**ပညာပဒီပဇုတိယာ** = ခပ်သိမ်းသော အခြင်းအရာအားဖြင့် ဟုတ်မှန်သည့်အတိုင်း သစ္စာလေးရပ် တရားမြတ်ကို ထွင်းဖောက် သိမြင်တတ်သော အရဟတ္တမဂ်ဉာဏ်တည်းဟူသော ပညာတန်ဆောင် ဆီမီးရောင်လည်း ရှိတော်မူထသော။

**ဝိဟတန္ဓကာရံ** = သစ္စာလေးရပ် တရားမြတ်ကို မသိအောင် ဖုံးလွှမ်းထားတတ်သည့် အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက်တော်မူပြီးထသော။

**အတ္ထာဘိကာမံ** = လူ နတ် ပြဟ္မာ သတ္တဝါတို့၏ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို အလွန် လိုလား တောင့်တတော်မူထသော။

**နရဒေဝဟိတာဝဟံ** = လူ နတ် ပြဟ္မာ သတ္တဝါတို့၏ လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွား ချမ်းသာကို ရရာရကြောင်း နည်းလမ်းကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမတော်မူလျက် ရွက်ဆောင်တော်မူတတ်ထသော။

**ကာရုဏိကံ** = သတ္တဝါအားလုံးတို့အပေါ်၌ ဖြန့်ကြက်၍ ထားအပ်သော ကြီးမားကျယ်ပြန့်သော မဟာကရုဏာတော်လည်း ရှိတော်မူထသော။

**အဂ္ဂံ** = ဇာတိဂုဏ် ပါရမီပုညဂုဏ် မနှိုင်းယှဉ်အပ်သော သီလ သမာဓိ ပညာဂုဏ်တို့ကြောင့် မြတ်သည်၏အဖြစ်သို့ ရောက်တော်မူထသော။

**အနန္တဉာဏံ** = သဗ္ဗညုတဉာဏ်တော်မြတ် စသော အဆုံးအပိုင်းအခြားမရှိသော ဉာဏ်တော်လည်း ရှိတော်မူထသော။

**တံ ဗုဒ္ဓံ** = ထိုမြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**ဝန္ဒာမိ** = သဒ္ဒါရိုကျိုး မာန်စွယ်ချိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၁၆) ဂါထာ

**အခီလဂုဏနိဓာနော** = ခပ်သိမ်းသော လောကီ လောကုတ္တရာဂုဏ်တို့၏ သိုမှီးရာလည်း ဖြစ်တော်မူထသော။

**ယော မုနိန္ဒော** = အဂါရိယမုနိ, အနဂါရိယမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိဟူသော မုနိငါးပါးတို့ကို အစိုးရတော်မူသော မုနိမုနိ ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားသည်။

**သညတာနံ** = ကိုယ် နှုတ် နှလုံးကို စောင့်သုံးကြကုန်သော အရှင်ကောင်း အရှင်မြတ်တို့၏။

**နိကေတံ** = ဈာနရတိ ဝိပဿနာရတိတို့ဖြင့် ကိန်းအောင်းမွေ့လျော်ရာ အစစ် ဖြစ်ပေသော။

**ဣသိပတနဝှံ** = ဘုရား ပစ္စေကဗုဒ္ဓါ အရိယာတို့ ဈာန်အဘိညာဏ်ဖြင့် ကောင်းကင်မှသက်ရာ ကောင်းကင်သို့တက်ရာ ဖြစ်ခြင်းကြောင့် ဣသိပတန အမည်ရသော။

**ဝနံ** = သားပေါင်းစုံသည့် မိဂဒါဝုန် တောရဂုံသို့။

**ဥပဂန္တွာ** = ကြွသွားတော်မူ၍။

**တဟိံ** = ထိုမိဂဒါဝုန် တောရဂုံ၌။

**အကုသလဆေဒံ** = အကုသိုလ်ကို ပယ်ဖြတ်တတ်သော။

**ဓမ္မစက္ကံ** = ဒေသနာဉာဏ်တော်မြတ်ဖြင့် လည်ပတ်စေအပ်သော ဓမ္မစကြာ တရားဒေသနာတော်ကို။

**ပဝတ္တော** = ဟောကြားပြသ ဆိုဆုံးမတော်မူအပ်ခဲ့လေပြီ။

**အတုလံ** = သီလ စသော ဂုဏ်တို့ဖြင့် တစ်စုံတစ်ယောက်သောသူနှင့်မျှ တူတော် မမူထသော။

**အဘိကန္တံ** = အလွန်နှစ်လိုဖွယ်သော ဂုဏ်တော်အပေါင်းလည်း ရှိတော်မူထသော။

**ဝန္ဒနေယျံ** = နတ်လူပြဟ္မာ သတ္တဝါတို့၏ ရှိခိုးခြင်းကို ခံယူတော်မူထိုက်သော။

**တံ မုနိန္ဒံ** = မုနိ ငါးပါးတို့ကို အစိုးရတော်မူသည့် မုနိမုနိ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။
**ဝန္ဒာမိ** = သဒ္ဒါရိုကျိုး မာန်စွယ်ချိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၁၇) ဂါထာ

**သုစိပရိဝါရိတံ** = ရာဂ စသော ကိလေသာ အညစ်အကြေးတို့မှ သန့်ရှင်းစင်ကြယ်သော အရိယသာဝက အခြံအရံလည်း ရှိတော်မူထသော။
**သုရုစိရပ္ပဘာဟိ** = ပြိုးပြိုးပြက်ပြက် တလက်လက် ထွက်ပေါ်လာသော ဗျာမပ္ပဘာ လျှံဝါတင့်ရွှန်း နှစ်သက်ဖွယ် ရောင်ခြည်တော်ဝန်းတို့ဖြင့်။
**ရတ္တံ** = အမြဲမပြတ် ဆိုးထားအပ်သော ကိုယ်တော်လည်း ရှိတော်မူထသော။
**သိရိဝိသရာလယံ** = ကြီးမားကျယ်ပြန့်သော ပညာတော် ဘုန်းကံပါရမီတော်တည်းဟူသော ကျက်သရေအပေါင်းတို့၏ တည်ရာလည်းဖြစ်တော်မူထသော။
**ဂုပိတမိန္ဒြိယေဟိ** = လုံခြုံစွာ စောင့်စည်းထားအပ်ပြီးသော ဣန္ဒြေတို့နှင့်။
**ဥပေတံ** = ပြည့်စုံတော်မူထသော။
**ရဝိသသိမဏ္ဍလပ္ပဘုတိလက္ခဏောပစိတ္တံ** = နေဝန်း လဝန်း အစရှိသော စက်လက္ခဏာတော်တို့ဖြင့် အလွန်ဆန်းကြယ်သော ခြေဖဝါးအစုံလည်း ရှိတော်မူထသော။
**သုရနရပူဇိတံ** = နတ်လူတို့သည် မြတ်နိုးကော်ရော် ပူဇော်တော်မူအပ်ထသော။
**သုဂတံ** = ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သော မြတ်စွာ-ဘုရားကို။
**အဟံ** = တပည့်တော်သည်။
**အာဒရံ** = ရိုသေလေးမြတ်စွာ။
**နမာမိ** = ကာယ ဝစီ မနောချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

# နံပါတ် (၁၈) ဂါထာ

**ယော ဓမ္မရာဇာ** = အကြင် တရားမင်းကြီး ဖြစ်တော်မူသော မြတ်စွာဘုရားသည်။
**မုဟာပင်္ကယာသာဒိဥလ္လောလဝီစိံ** = မောဟ ဒေါသ လောဘ အစရှိသော လောက်လက်လျှပ်ပေါ်သော ကြီးစွာသော လှိုင်းတံပိုးတို့ဖြင့် ပြွမ်းထသော။
**သံသာရောဃံ** = သံသရာတည်းဟူသော ပင်လယ်ရေအလျဉ်ကို။
**မဂ္ဂေါဠုမ္ဗေန** = မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတည်းဟူသော သင်္ဘောဖောင်ဖြင့်။
**တရိ** = ကူးခတ်တော်မူခဲ့လေပြီ။
**အဘယံ** = ဇာတိ ဇရာ ဗျာဓိ မရဏ စသည်သောင်းပြောင်း ဘေးအပေါင်းလည်း မရှိထသော။
**ပါရပတ္တံ** = သံသရာ၏ ထိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းထုတ်ချောက်ဆိုက်ရောက်တော်မူပြီးထသော။
**ပဇာနံ** = သတ္တဝါတို့၏။
**တာဏံ** = ဘေးမရောက်အောင် စောင့်ရှောက်တတ်သည့် ကိုးကွယ်အားထားရာလည်း ဖြစ်တော်မူထသော။
**လေဏံ** = ဘေးအပေါင်းမှ လွတ်အောင် ပုန်းအောင်းရာလည်း ဖြစ်တော်မူထသော။
**အသမသရဏံ** = လောကီ လောကုတ္တရာ သမ္ပတ္တိသုခ အဝဝကို ရရာရကြောင်း နည်းလမ်းကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမတတ်သောကြောင့် အတုမရှိ လဲလျောင်းရာလည်း ဖြစ်တော်မူထသော။
**ကေတိတ္ထံ** = သံသရာ၏ ထိုမှာဘက်ကမ်း နိဗ္ဗာန်နန်းသို့ ကူးသန်းဖို့ရန် အမြတ်ဆုံးသော ဆိပ်ကမ်းကောင်းလည်း ဖြစ်တော်မူထသော။
**ပတိဋ္ဌံ** = သတ္တဝါတို့၏ မှီခိုအားထားရာ ကိုင်းကျွန်းသဖွယ်လည်း ဖြစ်တော်မူထသော။
**ပုညခေတ္တံ** = ကောင်းမှုကုသိုလ်တည်းဟူသော မျိုးစေ့၏ ကြဲချ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်လည်း ဖြစ်တော်မူထသော။

**ပရမသုခဒံ** = အမြတ်ဆုံးသော နိဗ္ဗာန်ချမ်းသာကို ပေးသနားတော်မူတတ်သော။

**တံ ဓမ္မရာဇံ** = တရားမင်းကြီး ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**နမာမိ** = ကာယ ဝစီ မနောချီလျက် အဥ္ဇလီရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၁၉) ဂါထာ

**ပရဟိတကရော** = ကျွတ်ထိုက်သသူ နတ် လူ ပြဟ္မာ ဝေနေယျကြာ သတ္တဝါတို့ လောကီ လောကုတ္တရာ စီးပွားချမ်းသာ ဖြစ်စိမ့်ငှာလျှင် ဝါလေးဆယ့်ငါးကာလလျားအောင် ဘုရားတို့ငြမ်း ကိစ္စတော်ငါးခန်းကို ကြိုးပမ်းမယုတ် ပြုလုပ်ပြီးပြေတော်မူစေတတ်ထသော။

**ယော မုနိန္ဒော** = အဂါရိယမုနိ, အနဂါရိယမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိဟူသည့် မုနိငါးပါးတို့၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူ-သော အကြင် မြတ်စွာဘုရားသည်။

**ကဏ္ဍမ္ဗမူလေ** = ကဏ္ဍဟူသည် လူအမည်ဖြင့် ဂုဏ်ရည်လျှံညီး သရက်ဖြူ-ပင်၏အနီး၌။

**နိသိန္နော** = တိတ္ထိတဝေး ရန်အလေးကို ဝေးရပ်ထိုဉ် ပြေးစိမ့်မည်ဟု မျှညီယာပိုက် နှစ်ခြိုက်ရွှင်ပြုံး သီတင်းသုံးနေတော်မူလျက်။

**အစ္ဆေရံ** = မကြုံစဖူး မမြင်ဖူးကို အထူးတွေ့ကြုံ သို့ဖြစ်ပုံကြောင့် လူ့ဘုံနတ်ရွာ ကောင်းတင်းငြာလျက် ပြဟ္မာမဟဂ္ဂုတ် ဘဝဂ်လှုပ်အောင် လက်ခုပ်ငြာဟည်း လက်ဖျစ်တီး၍ အံ့ချီးခြင်းငှာ ထိုက်တန်စွာထသော။

**သီဃံ** = ရေအယဉ်နှင့် မီးအလျှံကို ဖန်ဆင်းသည့်အခါ ကာလခြားကွာ ဖြစ်တုံပါလည်း ပြဟ္မာနတ်လူ ဖူးမြင်သူတို့ စွဲယူမှတ်သား “ပြိုင်တူကာ ဖြစ်သည်”ဟု အထင်မှားရအောင် လျင်မြန်စွာထသော။

**နယနသုဘဂံ** = ဖူးမြင်ရသူ နတ်လူပြဟ္မာ သတ္တဝါတို့၏ မျက်စိဝယ် ပီတိဟုန်ဆင့်လွှမ်းအောင် အဆန်းဆန်း အကြယ်ကြယ် တင့်တယ်စံပယ်တော်

မူထသော။

**ဒုဋ္ဌာလဒ္ဓိသံ** = သံသရာမှ ထွက်မြောက်စေတတ်သည့် နိယျာနိက သာသနာ-မှလျှင် ပြင်ပဗာဟိ ဝိတဏ္ဍီတို့ ထိုဉ်မြေးယှက် မိစ္ဆာအယူတည်းဟူသော ကွန်ရက်ကို ချိုးဖျက်ခြင်းငှာ စွမ်းနိုင်တော်မူပေထသော။

**မုနိဘိ** = ကဿပမြတ်စွာ အစဖြာသည့် ဂင်္ဂါဝါလု သဲစုမက ပွင့်တော်မူကြပြီး-ကုန်သော မဟာပရမေ သုံးလူ့ဆွေတို့သည်။

**အဇဟိတံ** = ဤနေရာ ဤဌာနဝယ် ပြမြဲပြုမြဲ မှန်မလွဲသဖြင့် မစွန့်ဖဲအပ်သော တရားတစ်မျိုးလည်း ဖြစ်ပေထသော။

**အာကုလဏ္ဏဂ္ဂိဇာလံ ပါဠိုဟေရံ** = ရောယှက်ထွေးအုံ ရေမီး အစုံအစုံတည်း ဟူသော တန်ခိုးပြာဋိဟာကို။

**အကာသိ** = တိတ္ထိ တစ်ဝန်း တဏ္ဍတွန်းတို့ ဦးစွန်းဗွေလျှောက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တစ်ဖန် မာန်မတင်းဝံ့အောင် ဖန်ဆင်း ပြသတော် မူခဲ့လေပြီ။

**သေဋ္ဌံ** = ချီးမွမ်းအပ်သူ နတ်လူ ပြဟ္မာ သတ္တဝါဟူသမျှတို့ထက် ဆဆလွန်ကြူး အထူးသဖြင့် ချီးမွမ်းအပ် မြတ်တော်မူထသော။

**ပရမရတိဇံ** = ဂုဏ်တော်အာရုံ စွဲမြဲထုံက ဘုံနန်းသိဝ နိဗ္ဗူကျအောင် ဖလ ကျေးဇူး လွန်ပျံ့ပျူးသဖြင့် အထူး နှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာတစ်ဆူ ဖြစ်တော်မူထသော။

**ဣဒ္ဓိဓမ္မေဟိ** = ဣဒ္ဓိ အစိန္တေယျ ဓမ္မကျေးဇူး ဂုဏ်အထူးတို့နှင့်။

**ဥပေတံ** = လောက်ငကုံလုံ ပြည့်စုံတော်မူထသော။

**တံ မုနိန္ဒံ** = အဂါရိယ စသည်အပြား မုနိငါးပါးတို့၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**ဝန္ဒေ = ဝန္ဒာမိ** = ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာဂုဏ်ကို အာရုံမျှော်ကိုး သဒ္ဓါဖြိုး၍ ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

# နံပါတ် (၂၀) ဂါထာ

**ဒယုဒယရုဏော** = မဟာကရုဏာတော် သမာပတ်တည်းဟူသော တက်သစ်စ နေအရုဏ်လည်း ရှိတော်မူထသော။

**ညာဏဝိတ္ထိဏ္ဏာဗိမ္ဗော** = သဗ္ဗညုတဉာဏ်တော်မြတ်တည်းဟူသော ကျယ်ပြန့်သော စက်ဝန်းတော်လည်း ရှိတော်မူထသော။

**ဓကော** = သောင်းလောကဓာတ် တစ်ခွင်ဝယ် တုဘက်မပြူ တစ်ဆူတည်းသာ ပွင့်ထွန်း ပေါ်ပေါက်၍ လာတော်မူပေသော။

**ယော မုနိန္ဒက္ကော** = အကြင် ဘုရားတည်းဟူသော နေမင်းသည်။

**သုဒ္ဓေ** = သန့်ရှင်း ဖြူစင် အေးမြ ကြည်လင်လှပေသော။

**တိဘဝကုဟရေ** = ကာမ ရူပ အရူပတည်းဟူသော ဘဝသုံးထပ် ဘုံသုံးရပ်ကြာအိုင်၌။

[**နိဗ္ဗတ္တံ** = ပါရမီကံ စီမံလှုံ့ဆော်သဖြင့် အသင့်ဖြစ်ထွန်း ပေါ်ပေါက်၍ နေပေသော။]

**ကမလကထိတံ** = ကြာဟူ၍ ခေါ်ဆိုသမုတ်အပ်သော။

**ဝိနေယျပ္ပါဏောဃံ** = ကျွတ်ထိုက်သသူ နတ်လူပြဟ္မာ ဝေနေယျကြာသတ္တဝါအပေါင်းကို။

**ဓမ္မရံသီဝရေဟိ** = မဂ်ပေါက် ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်သိစေတတ်သည့် သူတော်ကောင်းတရားတည်းဟူသော မြတ်သော ဒေသနာရောင်ခြည်တော်တို့ဖြင့်။

**သုဗောဓေသိ** = သစ္စာလေးရပ် တရားမြတ်ကို ထွင်းဖောက် သိမြင်စေလျက် ကောင်းစွာ ပွင့်စေတော်မူခဲ့လေပြီ။

**ဗျာပိတက္ကိတ္တိနဉ္စ** = သောင်းလောကဓာတ် တစ်ခွင်ဝယ် သူမတူသော သီလ-သမာဓိ-ပညာဂုဏ်သကတ်ကြောင့် ဗြဟ္မာ့ဘုံတိုင် ပြန့်လှိုင် ကျော်ကြားထင်ရှားတော်မူပေထသော။

**တိလောကေကစက္ခုံ** = ဗြဟ္မာနတ်လူ သုံးဘုံသူတို့၏ တစ်လုံးတည်းသော မျက်စိသဖွယ် ဖြစ်တော်မူပေထသော။

**ဒုခမသဟာနံ** = မဟာပထဝီမြေကြီးနှင့် တူစွာ သည်းခံနိုင်ခဲသောအရာကို

သည်းခံတော်မူတတ်ထသော။

**မဟေသိံ** = သီလက္ခန္ဓ သမာဓိက္ခန္ဓ ပညာက္ခန္ဓ ဝိမုတ္တိက္ခန္ဓ ဝိမုတ္တိ-ဉာဏဒဿနက္ခန္ဓတည်းဟူသော ဂုဏ်ကျေးဇူး အထူးတို့ကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးသော။

**တံ မုနိန္ဒုတ္တံ** = ထို ဘုရားတည်းဟူသော နေမင်းကို။

**အဟံ** = တပည့်တော်သည်။

**နမာမိ** = ကာယ ဝစီ မနောချီလျက် သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် သဒ္ဓါရိုကျိုး မာန်စွယ်ချိုးလျက် ရှိခိုးဦးညွှတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၂၁) ဂါထာ

**ယော ဇိနော** = ငါးပါးမာရ်ညွှန့် ရန်အဂုန့်ကို မရွံ့မထိတ် ခြသေ့်စိတ်ဖြင့် နင်းနှိပ်ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ အကြင် အောင်တော်မူ မြတ်စွာဘုရားသည်။

**အနေကဇာတိယံ** = တစ်နှစ်သုံးလေး ဂဏန်းရေး၍ ချင့်တွေးမလွယ် များကြွယ်လှစွာ ဘဝါဘဝ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလအတွင်း၌။

**ဗောဓိပေမတော** = ဗောဓိဉာဏ်ကြီး ရွှယ်တိုင်းပြီးသည့် ထွတ်ထိးပဒါန် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရန်စိတ်ထား လိုလားတောင့်တတော်မူခြင်း-ကြောင့်။

**သပုတ္တဒါရံ** = ကိုယ်တော့်ရင်သွေး အသက်ပေး၍ ချစ်ရေးဖြာစီ သည်းနှလုံးနှင့် ပမာမှီးရသည့် ဇာလီ ကဏှာဇိန်တို့ကဲ့သို့သော သမီး သား, မဒ္ဒီဒေဝီတို့ကဲ့သို့သော ဇနီးမိဖုရားနှင့် တကွဖြစ်သော။

**အင်္ဂဇီဝိတမ္ပိ** = မဟာသွေး မဟာရည် ရာဇာရုပ်ဂုဏ်အင်ညီ၍ ဖြိုးစည်သပ္ပါယ် ကိုယ်အင်္ဂါကြီးငယ်နှင့်တကွ လူဝယ်အမြတ် ခေါ်မှတ်တွင်ညောင်း အသက်တစ်ချောင်းကိုပင်သော်လည်း။

**အလဂ္ဂမာနသော** = ငါ့သား ငါ့သမီး ငါ့ဇနီးက ငါ့ထီးငါ့နန်း ငါ့ကြငှန်းတည်း၊ ငါ့သားရံရွှေ ငါ့ရွှေငွေနှင့် ငါ့မြေ ငါ့ယာ ငါ့ဥစ္စာဟု တဏှာမြေးယှက် မပေးရက်အောင် ရမ္မက်ပိတ်ဖုံး စိတ်နှလုံးမှ ဆိတ်သုဉ်းတော်မူခဲ့သည်ဖြစ်၍။

**အတ္တိကာဿ** = အလိုရှိလတ် ချဉ်းလာကပ်သည့် ယုတ်မြတ် မဟူ အလှူခံ ပုဂ္ဂိုလ် များထိုထိုအား။

**အဒါသိယေ၀** = သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန် ဖြူဖွေး သဒ္ဓါ ရှေး၍ လှူပေးတော်မူခဲ့သည်သာလျှင်တည်း။

**ဒါနပါရမိံ** = အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုလည်းကောင်း။ဝါ။

**ဒါနပါရမိံ** = ဒါနပါရမီ ဒါနဥပပါရမီ ဒါနပရမတ္ထပါရမီတည်းဟူသော အပြားသုံးလီ ဒါနပါရမီတော်မြတ်ကိုလည်းကောင်း။

**တတော ပရံ** = ထိုဒါနပါရမီမှ တစ်မျိုးတခြား တစ်ပါးသာလျှင်ဖြစ်သော။

**သီလပါရမာဒိကမ္ပိ** = သီလပါရမီ နေက္ခမ္မပါရမီ ပညာပါရမီ ဝီရိယပါရမီ ခန္တီပါရမီ သစ္စာပါရမီ မေတ္တာပါရမီ အဓိဋ္ဌာနပါရမီ ဥပေက္ခာပါရမီတည်း ဟူသော ပါရမီတော်မြတ်အပေါင်းကိုလည်းကောင်း။

**အပူရိ** = သဗ္ဗညုဉာဏ် ရဖို့ရန်ဟု စိတ်သန် ရည်စူး သဒ္ဓါထူးဖြင့် ဆည်းပူး ဖြည့်ကျင့်တော်မူခဲ့လေပြီ။

**တာသံ** = ထိုပါရမီဆယ်ပါး အကျယ်ပွားကာ အပြားသုံးဆယ် နှုန်းမလွယ် တို့၏။

**ကူဋ္ဌိယာ** = တစ်စွန်းတစ်စ မကျန်ရအောင် လောက်ငကုံလုံ ပြည့်စုံတော် မူခြင်းကြောင့်။

**အဂ္ဂတံ** = ပြဟ္မာ နတ် လူ သုံးဘုံသူတွင် မည်သူမျှ မယှဉ်အပ် မယှဉ်နိုင် မတုအပ် မတုနိုင်သည့် အမြတ်ခိုင်မှူး ပုဂ္ဂိုလ်ထူး၏ အဖြစ်သို့။

**ဥပယာတံ** = ဆုကြီးပွင့်စည် ခါတန်ပြီဟု ပါရမီတော် နှိုးပင့်ဆော်၍ ရောက်တော်မူကြီး ရောက်တော်မူခဲ့လေပြီ။ဝါ။ ရောက်တော်မူသောကြောင့်။

**ကောဒိပကံ** = အစမထင် ကမ်းမမြင်ဘဲ သံသရာ တစ်ကြော တစ်မျောတည်း မျောခဲ့ကြသည့် လူရောနတ်ပါ ပြဟ္မာ မကြွင်း သတ္တဝါခပင်းတို့၏ ဝပ်စင်း ခိုမှီးရာ တစ်ခုတည်းသော ကိုင်းကျွန်းကြီးသဖွယ်လည်း ဖြစ်တော်မူထသော။

**တံ ဇိနံ** = ငါးပါးမာရ်ညွှန့် ရန်အဝှန့်ကို မရွံ့မထိတ် ခြသေ့်စိတ်ဖြင့် နင်းနှိပ် ကြိမ်ဖန် အောင်ပွဲခံ၍ အောင်လံလွှင့်ထူ ထိုအောင်တော်မူ မြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**နမာမိ** = လက်အုပ်အဥ္ဇလီ ဦးထိပ်ချီလျက် ယုံကြည်မြတ်နိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၂၂) ဂါထာ

**ဒေဝါဒေဝါတိဒေဝံ** = သမုတိနတ် ဥပပတ္တိနတ်တို့ထက် ကဲသာလွန်မြတ် အထူးသဖြင့် ချီးမွမ်းတော်မူအပ်သည့် ဝိသုဒ္ဓိနတ်လည်း ဖြစ်တော်မူထသော။
**နိဓနဝပုဓရံ** = အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်ကိုလည်း ဆောင်တော်မူတတ်ထသော။
**မာရဘင်္ဂံ** = ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးကို ချိုးဖဲ့ဖျက်ဆီးတော်မူပြီးထသော။
**အဘင်္ဂံ** = ပါရမီတော်ဟုန် တန်ခိုးဂုဏ်ကြောင့် မာရ်စစ်သည်တို့သည် ဖျက်ဆီးခြင်းငှာလည်း မစွမ်းနိုင်ထသော။
**ပဇာနံ** = ကံ-ကိလေသာတို့သည် ထင်ရှားဖြစ်စေအပ်ကုန်သော နတ်လူပြဟ္မာ ဝေနေယျကြာ သတ္တဝါတို့၏။
**ဒီပံ** = အဝိဇ္ဇာတည်းဟူသော အမိုက်တိုက်ကို ပယ်ဖျောက်ခြင်းငှာ စွမ်းနိုင်-သော ဝိပဿနာပညာ မဂ်ပညာတည်းဟူသော ဆီမီးတန်ဆောင်ကို။
**ဒီပံ** = ပညာအရောင် ဉာဏ်တန်ဆောင်ကို ရရာရကြောင်း နည်းလမ်း-ကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမတော်မူလျက် ပြောင်ပြောင်တောက်အောင် ထွန်းညှိတော်မူတတ်ထသော။
**ဇယဝရသယနေ** = ဒေဝပုတ္တ စသည်အပြား မာရ်ငါးပါးကို အောင်မြင်တော်မူရာ ဗောဓိပင်ခြေ မြတ်သောပလ္လင်ဗွေထက်၌။
**ဗောဓိပတ္တံ** = အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်မြတ်သို့ ရောက်တော်မူပြီး ရတော်မူပြီးထသော။
**အဓိပတ္တံ** = အဝိဇ္ဇာတည်းဟူသော ဥခွံကို ရှေးဦးစွာ ဖောက်ခွဲလျက် ထွက်ပေါ်တော်မူလာခြင်းကြောင့် ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော နတ်လူတို့ထက် ကြီးမြတ်သည်၏ အဖြစ်သို့လည်း ရောက်တော်မူထသော။

**ဗြဟ္မာဗြဟ္မာဂဏာနံ** = ဆည်းကပ် ရောက်လာကြကုန်သော ဗြဟ္မာလူနတ် ပရိသတ်တို့အား။

**ဝရဂိရကထိကံ** = လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားကို ရရာရကြောင်း နည်းလမ်းကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမအပ်သည့် မြတ်သော တရားစကားကိုလည်း ဟောကြားတော်မူတတ်ထသော။

**ပါပဟီနံ ပဟီနံ** = ညစ်ညမ်း ယုတ်မာ ကိလေသာကို အရဟတ္တမဂ် ဉာဏ်သန်လျက်ဖြင့် ပယ်ဖျက်တော်မူပြီးထသော။

**လောကာလောကာဘိရာမံ** = လူ့လောက နတ်လောက ဗြဟ္မလောကတည်းဟူသော သတ္တလောက၏ မွေ့လျော်ရာလည်း ဖြစ်တော်မူထသော။

**မုနိန္ဒံ** = အဂါရိယမုနိ, အနဂါရိယမုနိ, သေက္ခမုနိ, အသေက္ခမုနိ, ပစ္စေကမုနိဟူသော မုနိငါးပါးတို့ကို အစိုးရတော်မူသော။

**တံ မုနိန္ဒံ** = မုနိငါးပါးတို့၏ ဦးဖျား ပရမေ သုံးလူ့ဆွေဖြစ်တော်မူသော ထို မြတ်စွာဘုရားကို။

**အဟံ** = တပည့်တော်သည်။

**သတတံ** = အမြဲမပြတ် ခပ်သိမ်းသော နေ့ညဥ့်ကာလ၌။

**အဘိနမေ = အဘိနမာမိ** = ခြေ-လက်-နဖူး တံတောင်-ဒူးဟု ငါးဦးတည်မျိုး ရှိခိုးခြင်းဖြင့် အလွန်ရိုသေစွာ ရှိခိုးပါ၏ မြတ်စွာဘုရား။

## နံပါတ် (၂၃) , (၂၄) နှင့် (၂၅) ဂါထာ

**ဗုဒ္ဓေါ** = သစ္စာလေးရပ် တရားမြတ်ကို ဆရာ မကူ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တော်မူပြီးသည်ဖြစ်၍ ကျွတ်ထိုက်သသူ နတ် လူ ဗြဟ္မာ ဝေနေယျကြာ သတ္တဝါတို့ကိုလည်း ထွင်းဖောက်သိမြင်စေတော်မူတတ်သောကြောင့် “ဗုဒ္ဓ”အမည်ရှိတော်မူသော မြတ်စွာဘုရားသည်။ —

၁။ **နိဂြောဓပိမ္ဗော** = အရပ်တော်နှင့် အလံတော် ညီမျှသဖြင့် ပညောင်ပင် အဝန်းကဲ့သို့ ဝန်းဝိုင်း လုံးချောသော ကိုယ်တော်လည်း ရှိတော်မူ၏။

၂။ **မုဒုကရစရဏော** = ကြည်လင်လှစွာသော ထောပတ်၌ ချနှစ်၍ ထားအပ်သော အကြိမ်တစ်ရာ ဖတ်အပ်သည့် ဝါဂွမ်းလွှာကဲ့သို့ နူးညံ့-သိမ်မွေ့လှစွာသော လက်ဖဝါးတော် ခြေဖဝါးတော်အပြင်လည်း ရှိတော်မူ၏။

၃။ **ဗြဟ္မဃောသော** = ဗြဟ္မာမင်း၏ အသံကဲ့သို့ အလွန်သာယာသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံတော်လည်း ရှိတော်မူ၏။

၄။ **ဧဏိဇင်္ဃော** = ဧဏီမည်သော သားကောင်၏ သလုံးမြင်းခေါင်းနှင့် တူသော ပြည့်ဖြိုးသော သလုံးမြင်းခေါင်းတော်လည်း ရှိတော်မူ၏။

၅။ **ကောသစ္ဆာဒဂ်ဇာတော** = ဆဒ္ဒန်ဆင်မင်းပမာ ရွှေပဒုမ္မာကြာချပ်နှင့် တူသော အအိမ်ဖြင့် ဖုံးလွှမ်းထားအပ်သော ကျစ်လျစ်လှစွာသော ယောက်ျားမြတ်တို့၏ နိမိတ်လည်း ရှိတော်မူ၏။

**ပုနရပိ** = တစ်ဖန်လည်း။

**သုဂတော** = ကောင်းသော စကားကို ဆိုတော်မူတတ်သော မြတ်စွာ-ဘုရားသည်။ —

၆။ **သုပ္ပတိဋ္ဌိတပါဒေါ** = ခြေတော်ကို မြေပေါ်၌ နင်းချတော်မူသောအခါ ကောင်းစွာ တည်ထိသော ရွှေခြေနင်းကဲ့သို့ ညီညွတ်သည့် ဖဝါးအပြင် တော်လည်း ရှိတော်မူ၏။

၇။ **မူဒေါဒါတုဏ္ဏလောမော** = မျက်မှောင်တော် နှစ်ဘက်တို့၏ အလယ် ချက်၌ နူးညံ့ဖြူစင်သော ဥဏ္ဏာလုံ (= မွေးရှင်)တော်လည်း ရှိတော်မူ၏။

**အထမပိ** = ထိုမှတစ်ပါးလည်း။

**သုဂတော** = ကောင်းသော နိဗ္ဗာန်သို့ ကြွသွားတော်မူတတ်သော မြတ်စွာ ဘုရားသည်။ —

၈။ **ဗြဟ္မုဇုဂတ္တဘာဝေါ** = ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော်လည်း ရှိတော်မူ၏။

၉။ **နီလက္ခိ** = အလွန် ညိုကြည်သည့် မျက်လုံးတော်လည်း ရှိတော်မူ၏။

၁၀။ **ဒီဃပဏှိ =** ခြေဖဝါးတော်၏ လေးပုံတစ်ပုံခန့် ရှည်လျား ပြည့်ဖြိုးသော ဖနောင့်တော်လည်း ရှိတော်မူ၏။

၁၁။ **သုခုမမလဆဝိ =** မြူအညစ်အကြေးတို့ မလိမ်းကပ်နိုင်သော ချောမွေ့ သိမ်မွေ့သော အရေတော်လည်း ရှိတော်မူ၏။

၁၂။ **ထောမျှရသဂ္ဂသဂ္ဂီ =** နှမ်းလုံးခန့်မျှ နည်းငယ်လှသော အရသာကို သော်လည်း တစ်ကိုယ်တော်လုံးသို့ ပျံ့နှံ့အောင် ဆောင်ယူနိုင်သည့် ခုနစ်ထောင်သော အရသာကြောတို့ အဖျားချင်းအပ် လည်မှာ စွပ်လျက်လည်း ရှိတော်မူ၏။

**သော ဇိနော =** ငါးမာရ်အောင်မြင် ထိုဘုရားရှင်သည်။ —

၁၃။ **စတ္တာလီသဂ္ဂဒန္တော =** လေးဆယ်စေ့ထ မွန်မြတ်လှသော သွားတော် လည်း ရှိတော်မူ၏။

၁၄။ **သမကလပနဒ္ဓော =** လွှသွားနှင့် ဖြတ်ထားသကဲ့သို့ ညီညွတ်သော သွားတော်လည်း ရှိတော်မူ၏။

၁၅။ **အန္တရံသပ္ပပီနော =** ခါးတော်မှသည် အထက်လည်ကုပ်သို့တိုင်အောင် ရေစီးကြောင်းမထင် ပြည့်ဖြိုးစင်သော ရွှေပျဉ်ချပ်နှင့် ပမာဆင်သည့် ကြောပြင်တော်လည်း ရှိတော်မူ၏။

၁၆။ **စက္ကေနင်္ကိတပါဒေါ =** တစ်ထောင်သော အကန့်အကွက် ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော်တို့ဖြင့် မှတ်အပ်သော နှစ်ဖက် သော ခြေဖဝါးအပြင်တော်လည်း ရှိတော်မူ၏။

၁၇။ **အဝိရဠ္ဌဒသနော =** မကျဲမကွာ စေ့စပ်စွာသော သွားတော်လည်း ရှိတော်မူ၏။

**မာရဇိ =** မာရ်ငါးပါးကို အောင်မြင်တော်မူပြီးသော မြတ်စွာဘုရားသည်။ -

၁၈။ **ဥဿင်္ခပါဒေါ =** မြူမလိမ်းတွယ် စဉ်းငယ်မြင့်သော ခြေဖမျက်တော်လည်း ရှိတော်မူ၏။

၁၉။ **တိဌန္တော** = ရပ်တော်မူလျက်ပင်။
**အနောနမန္တော** = ကိုယ်တော်ကို မကိုင်းမညွတ်ဘဲ။
**ဥဘယကရမုဒုနာ** = သိမ်မွေ့နူးညံ့လှသော လက်ဖဝါးတော် နှစ်ဖက်ဖြင့်။
**ဇဏ္ဏုကာနိ** = ပုဆစ်ဒူးဝန်းတော် နှစ်ဖက်တို့ကို။
**အာမသန္တော** = သုံးသပ်တော်မူနိုင်၏။

၂၀။ **ဝဋ္ဋက္ခန္ဓော = ဝဋ္ဋကဏ္ဌော** = ရွှေမုရိုးစည်ငယ်သဏ္ဌာန်ကဲ့သို့ ညီညွတ် လုံးဝိုင်းသော လည်တံတော်လည်း ရှိတော်မူ၏။

၂၁။ **ဂေါတရုဏပခုမကော** = ဖွားသစ်စ နွားသားငယ်၏ မျက်မွေးနှင့်အတူ သိမ်မွေ့နုပျို ညိုသော မျက်မွေးတော်လည်း ရှိတော်မူ၏။

၂၂။ **သီဟပုဗ္ဗဍ္ဍကာယော** = ခြင်္သေ့မင်း၏ ရှေ့ပိုင်း ကိုယ်ထက်ဝက်ကဲ့သို့ အောင်မောင်း ပြည့်ဝသည့် ခန္ဓာကိုယ်တော်လည်း ရှိတော်မူ၏။

**သုဂတော** = ဒီပင်္ကရာ ထွန်းချာ သေဌ်နင်း တရားမင်း၏ ခြေတော်ရင်းမှသည် ဗောဓိမဏ္ဍိုင်သို့ တိုင်အောင် ရှေးဘုရားရှင်တို့ကဲ့သို့ လာခြင်းကောင်းတော် မူသော မြတ်စွာဘုရားသည်။ —

၂၃။ **သတ္တုဿဒေါ စ** = ခြေဖမိုးတော် နှစ်ဖက်, လက်ဖမိုးတော် နှစ်ဖက်, ပခုံးတော် နှစ်ဖက်, လည်ကုပ်တော်ဟု ဆိုအပ်သော ခုနစ်ပါးသော အရပ်ဌာနတို့၌ ပြည့်ဖြိုးသော အသားအရေတော်လည်း ရှိတော်မူ၏။

၂၄။ **ဒီဃင်္ဂုလိ** = ညီညာရှည်သွယ်သော လက်ချောင်း ခြေချောင်းတော်လည်း ရှိတော်မူ၏။

**အထ** = ထိုမှတစ်ပါး။ —

၂၅။ **လောမကူပေကလောမော** = တစ်ခုတစ်ခုသော မွေးညင်းတွင်းတော်၌ တစ်ပင်စီတစ်ပင်စီသာ ပေါက်ရောက်သော မွေးညင်းတော်လည်း ရှိတော်မူ၏။

၂၆။ **သမ္ပန္နောဒါတဒါဌော** = သောက်ရှူးကြယ်ပမာ လွန်စွာ စင်ကြယ် ဖြူဝင်းလျက် အရောင်တလက်လက် ထွက်သော ပြည့်ဖြိုးသော

စွယ်တော် လေးဆူလည်း ရှိတော်မူ၏။

၂၇။ **ကနကသမတစော** = သိဂ်နိုက်ရွှေစင် အဆင်းကဲ့သို့ ဝါဝင်းသော အသားအရေတော်လည်း ရှိတော်မူ၏။

၂၈။ **နီလမုဒ္ဒဂ္ဂလောမော** = မျက်နှာတော်ကို မော်၍ ဖူးသည့်ပမာ အထက်သို့သာ အဖျားကော့သည့် လက်ျာရစ်လည်၍ တည်သော အလွန်ညိုသော မွေးညင်းတော်လည်း ရှိတော်မူ၏။

**သမ္ဗုဒ္ဓေါ** = သင်္ခါရ, ဝိကာရ, လက္ခဏ, နိဗ္ဗာန်, ပညတ်တည်းဟူသော ဉေယျဓမ်တရား ငါးပါးတို့ကို ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ကိုယ်တော်တိုင်သာလျှင် ထိုးထွင်းသိမြင်တော်မူသော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည်။ —

၂၉။ **ထူလဗိဝေါ** = ရှည်လျား+နူးညံ့+ကျယ်ပြန့်သော လျှာတော်လည်း ရှိတော်မူ၏။

၃၀။ **သီဟဟနုကော** = ခြင်္သေ့မင်း၏ မေးကဲ့သို့ ပြိုးတော့မည့်အရိပ် သွေးနေသည့် ပြည့်ဖြိုးသော မေးတော်လည်း ရှိတော်မူ၏။

၃၁။ **ဇာလိကပ္ပါဒဟတ္ထော** = လေသွန်နန်းတံခါး၌ လက်သမားတတ် စိုက်စီထားအပ်သော ရွှေပွတ်လုံး ဇာလီတိုင်ကဲ့သို့ ညီညွတ်စွာ အချောင်း-အချောင်း အကြားစိပ်သော လက်ချောင်းတော် ခြေချောင်းတော်လည်း ရှိတော်မူ၏။

**နာထော** = ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ကိုးကွယ်အားထားရာ အစစ်အဖြစ်ကြီး ဖြစ်တော်မူသော ဘုရားမြတ်စွာသည်။ —

၃၂။ **ဥဏှီသသီသော** = နဖူးတော်ဝယ် ပကတိ ပင်ကိုအားဖြင့်ပင် သင်းကျစ်ရွှေပြား တပ်စီ၍ ထားသကဲ့သို့ သင်းကျစ်တော် အသားလွှာလည်း တည်ရှိတော်မူ၏။ တစ်နည်း —

**ဥဏှီသသီသော** = လိမ္မာလှစွာသော ပညာရှင် စီစဉ်အပ်သော ဦးရစ်-ဝန်းကဲ့သို့ လုံးဝန်းတင့်တယ်သော ဦးခေါင်းတော်လည်း ရှိတော်မူ၏။

**ဣတိဂုဏသဟိတံ** = ဤ ဆိုအပ်ခဲ့ပြီးသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော။
**မဟေသိံ** = သီလက္ခန္ဓ, သမာဓိက္ခန္ဓ, ပညာက္ခန္ဓ, ဝိမုတ္တိက္ခန္ဓ, ဝိမုတ္တိ-ဉာဏဒဿနက္ခန္ဓတည်းဟူသော ဂုဏ်ကျေးဇူး အထူးတို့ကို ဆည်းပူးရှာမှီး လေ့ကျက်တော်မူပြီးသော ထိုမြတ်စွာဘုရားကို။
**အဟံ** = တပည့်တော်သည်။
**နမာမိ** = သဒ္ဓါရိုကျိုး မာန်စွယ်ချိုး၍ ရှိခိုးဦးညွတ်ပါ၏ မြတ်စွာဘုရား။

## နံပါတ် (၂၆) ဂါထာ

**လောကေ** = သတ္တလောက၌။
**ယသ္မာ** = အကြင်ကြောင့်။
**ဗုဒ္ဓေါဗုဒ္ဓေါတိဃောသော** = "ဗုဒ္ဓ ဗုဒ္ဓ"ဟူသော အသံကိုမျှလည်း။
**အတိဒုလ္လဘတရော** = ကမ္ဘာ ကမ္ဘေ, သင်္ချေ သင်္ချာ ကာလကြာသော်လည်း တစ်ခါတစ်ရံမှသာ ပွင့်ထွန်းပေါ်ပေါက်တော်မူလာခြင်းကြောင့် အလွန် ကြားရခဲသောသဘော ရှိ၏။
**ဗုဒ္ဓဘာဝေါ** = ဗုဒ္ဓ၏ အဖြစ်သည်ကား။
**ကာ ကထာ** = အဘယ်မှာလျှင် ဆိုဖွယ်ရာရှိနိုင်ပါအံ့နည်း။
**တသ္မာ** = ထို့ကြောင့်။
**ဝိဘာဝီ** = ပညာရှိကုန်သော။
**ဝိဝိဓေဟိတသုခံ ပတ္ထယန္တာ** = အထူးထူး အပြားပြားသော လောကီ လောကုတ္တရာ ချမ်းသာသုခ အဝဝကို လိုလားတောင့်တကြကုန်သော။
**သာဓဝေါ** = သူတော်ကောင်းဓာတ် တရားမြတ်၌ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်ကြကုန်သော သူတော်ကောင်းအပေါင်းတို့သည်။
**ဣဋ္ဌံ အတ္ထံ** = အလိုရှိအပ် နှစ်သက်မြတ်နိုးအပ်သော ပစ္စုပ္ပန် သံသရာ လောကီ လောကုတ္တရာ အကျိုးစီးပွားချမ်းသာကို။
**ဝဟန္တံ** = ရရာရကြောင်း ရောက်ရာရောက်ကြောင်း အကျင့်ကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမလျက် ရွက်ဆောင်ပေးတော်မူတတ်ထသော။

**သုရနရမဟိတံ** = နတ်နှင့်လူ နှစ်ဦးလုံးသော သတ္တဝါတို့သည် အာမိသပူဇာ ဓမ္မပူဇာနှစ်မျိုးတို့ဖြင့် ပူဇော်အပ်တော်မူထသော။

**နိဗ္ဗုယံ** = ဆည်းကပ်လာကြကုန်သော ပရိသတ်တို့၏ စိတ်နှလုံးဝယ် ကြောက်ရွံ့ဖွယ်ဘေးလည်း မရှိထသော။

**ဒက္ခိဏေယျံ** = ကံနှင့် အကျိုး ရည်ကိုးမြော်သန် အလှူကောင်း အလှူမွန် ဟူသမျှကို စိုးယူပိုင်သ ခံယူတော်မူခြင်းငှာလည်း ထိုက်တန်တော်မူထသော။

**လောကာနံ နန္ဒိဝမုံ** = ပြဟ္မာ နတ် လူ သုံးဘုံသူတို့၏ နှစ်လို ဝမ်းမြောက်ခြင်း ပီတိပန်းကို ပွင့်လန်း တိုးပွားစေတတ်ထသော။

**ဒသဗလံ** = ကိုယ်တော်အား ဆယ်ပါး, ဉာဏ်တော်အား ဆယ်ပါးနှင့်လည်း ပြည့်စုံတော်မူတတ်ထသော။

**အသမံ** = သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်တို့ဖြင့် တုဘက်လည်း ကင်းတော်မူပြီးထသော။

**တံ ဗုဒ္ဓံ** = ထိုကဲ့သို့ ရှုမြင်အပ်သော သဘောရှိသော ထိုမြတ်စွာဘုရားကို။

**နိစ္စံ** = အမြဲမပြတ် ခပ်သိမ်းသော အချိန်ကာလ၌။

**နမဿန္တု** = ကာယ ဝစီ မနော ချီလျက် သုံးလီစေတနာ သုံးဖြာဒွါရ ပဏာမဖြင့် ဂါရဝ ရိုကျိုး လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုးဦးညွှတ်ကြစေ-ကုန်သတည်း။

■ **လောက၌ ..**
**"ဗုဒ္ဓ .. ဗုဒ္ဓ .." ဟူသော**
**အသံမျှကိုသော်လည်း**
**ကြားရဖို့ရန် အလွန် ခဲယဉ်းလှ၏။**
**ဗုဒ္ဓ၏အဖြစ်သည်ကား**
**အဘယ်မှာလျှင် ...**
**ဆိုဖွယ်ရာ ရှိနိုင်ပါအံ့နည်း။**

## မဟာနမက္ကာရ ဘုရားရှိခိုး – အစိပ္ပာယ်ရှင်းလင်းချက်များ

## နံပါတ် (၁) ဂါထာ

**စကားကြီး ခြောက်ခွန်း**

**စကားခြောက်ခွန်း လူ၌ထွန်းလည်း**
**လေးခွန်းကိုပယ် နှစ်ခွန်းတယ်သဖြင့် . . .**

၁။ အကြင်စကားသည် မဟုတ် မမှန်၊ အကျိုးစီးပွားနှင့်လည်း မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက် မနှစ်ခြိုက်၊ ထိုစကားမျိုးကို မြတ်စွာ-ဘုရားသည် ပြောဆိုတော်မမူ။

၂။ အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်ကား မစပ်၊ သူတစ်ပါးတို့လည်း မနှစ်သက် မနှစ်ခြိုက်၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရားသည် ပြောဆိုတော်မမူ။

၃။ အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့်လည်း စပ်၏၊ သူတစ်ပါးတို့ကား မနှစ်သက် မနှစ်ခြိုက်၊ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် ပြောသင့်သောအချိန်ကာလကို သိရှိတော်မူသည်ဖြစ်၍ ပြောဆိုတော်မူ၏။

၄။ အကြင်စကားသည် မဟုတ်မမှန်၊ အကျိုးစီးပွားနှင့် မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏ နှစ်ခြိုက်၏၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရား-သည် ပြောဆိုတော်မမူ။

၅။ အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့် မစပ်၊ သူတစ်ပါးတို့ကား နှစ်သက်၏ နှစ်ခြိုက်၏၊ ထိုစကားမျိုးကိုလည်း မြတ်စွာဘုရား-သည် ပြောဆိုတော်မမူ။

၆။ အကြင်စကားသည် ဟုတ်မှန်၏၊ အကျိုးစီးပွားနှင့် စပ်၏၊ သူတစ်ပါးတို့လည်း နှစ်သက်၏ နှစ်ခြိုက်၏။ ထိုစကားမျိုး၌ မြတ်စွာဘုရားသည် ပြောသင့်သော အချိန်ကာလကို သိရှိတော်မူသည်ဖြစ်၍ ပြောဆိုတော်မူ၏။ (မ၊၂၊၅၇-၅၈။)

ဤ စကားကြီး ခြောက်ခွန်းတို့ကား . . မဇ္ဈိမပဏ္ဏာသ ပါဠိတော် **အဘယရာဇကုမာရသုတ္တန်**၌ လာရှိသော စကားတို့ ဖြစ်ကြ၏။ ထိုစကား ခြောက်ခွန်းတို့တွင် –

၃။ မှန်၍ အကျိုးစီးပွားနှင့် စပ်ယှဉ်သော သူတစ်ပါးတို့ မနှစ်သက်သော စကား တစ်ခွန်း၊

၆။ မှန်လည်းမှန်၍ အကျိုးစီးပွားနှင့်လည်း စပ်ယှဉ်သော သူတစ်ပါးတို့ နှစ်သက်သော စကား တစ်ခွန်း –

ဤနှစ်ခွန်းသော စကားတို့ကိုသာ ပြောသင့်သော အချိန်ကာလကို သိရှိသည်ဖြစ်၍ ဘုရားရှင်သည် ပြောဆိုတော်မူ၏။ ကျန် လေးခွန်းသော စကားတို့ကို ဘုရားရှင်သည် မည်သည့်အခါမှ ပြောဆိုတော် မမူပေ။

ဘုရားရှင် ပြောကြားတော်မူသည့် တတိယစကားနှင့် ဆဋ္ဌစကား နှစ်ခွန်းတို့ကား – **အရိယသစ္စ သန္နိဿိတကထာ** (မ၁၃၁၇၉။) = အရိယသစ္စာ လေးပါးကို မှီသော တရားစကားတည်း။ ယင်းတရားစကားမျိုးကို နှစ်ပေါင်း တစ်ရာ ကာလကြာအောင်သော်လည်း နာကြားရကုန်သည်ရှိသော် ပညာရှိ သူတော်ကောင်းတို့သည် တင်းတိမ်ရောင့်ရဲခြင်းသို့ မည်သည့်နည်းနှင့်မျှ မရောက်ရှိနိုင်ကြကုန်။ သို့သော် လူမိုက်တို့ကား ယင်းကဲ့သို့သော တရားစကား မျိုးကို မနာယူလိုကြပေ။ မည်သို့ပင် မနာယူလိုကြသော်လည်း ပြောသင့်သော အချိန်ကာလကို သိရှိတော်မူသောအခါ ဘုရားရှင်သည် ပြောကြားတော် မူပေသည်။

**အတ္ထသံဟိတ** = အကျိုးစီးပွားနှင့် စပ်ယှဉ်သော စကား (၁၀)မျိုးကို အင်္ဂုတ္တရနိကာယ် ဒသကနိပါတ် **ကထာဝတ္ထု**သုတ္တန်တို့၌ ဘုရားရှင် ဟောကြားထားတော်မူ၏။ ယင်း (၁၀)မျိုးတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

၁။ **အပ္ပိစ္ဆကထာ** = အလိုနည်းပါးမှုနှင့် စပ်သော စကား၊

၂။ **သန္တုဋ္ဌိကထာ** = ရောင့်ရဲလွယ်မှုနှင့် စပ်သော စကား၊

၃။ **ပဝိဝေကကထာ** = ဝိဝေကသုံးဖြာနှင့် စပ်သော စကား၊

[(က) **ကာယဝိဝေက** = တစ်ပါးထီးတည်း ကင်းကင်းရှင်းရှင်း နေထိုင်ခြင်း။

(ခ) **စိတ္တဝိဝေက** = ဈာန်သမာပတ်တို့ကို ဝင်စားလျက် နီဝရဏ ကိလေသာ အညစ်အကြေးတို့မှ ကင်းကင်းရှင်းရှင်း နေထိုင်ခြင်း။

(ဂ) **ဥပဓိဝိဝေက** = ကာမဂုဏ် ငါးပါး၊ ခန္ဓာ ငါးပါး၊ ကိလေသာတရား၊ ကုသိုလ်ကံ အကုသိုလ်ကံဟူသော အဘိသင်္ခါရတရား - ဤ ဥပဓိ လေးဖြာတို့မှ ကင်းကင်းရှင်းရှင်း (ဖလသမာပတ်ကို ဝင်စားကာ နိဗ္ဗာန်ကို အာရုံပြုလျက်) နေထိုင်ခြင်း။]

၄။ **အသံသဂ္ဂကထာ** = ရောရောနှောနှော မနေထိုင်ခြင်းနှင့် စပ်သော စကား၊

၅။ **ဝီရိယာရမ္ဘကထာ** = သမထ ဝိပဿနာဘာဝနာတို့၌ အပြင်းအထန် ကြိုးစားအားထုတ်မှု လုံ့လဝီရိယနှင့် စပ်သော စကား၊

၆။ **သီလကထာ** = သီလနှင့် စပ်သော စကား၊

၇။ **သမာဓိကထာ** = ဥပစာရ အပ္ပနာ နှစ်ဖြာသော သမာဓိနှင့် စပ်သော စကား၊

၈။ **ပညာကထာ** = ဝိပဿနာပညာ မဂ်ပညာနှင့် စပ်သော စကား၊

၉။ **ဝိမုတ္တိကထာ** = ကိလေသာတို့မှ လွတ်မြောက်မှု အရဟတ္တဖိုလ်နှင့် စပ်သော စကား၊

၁၀။ **ဝိမုတ္တိဉာဏဒဿနကထာ** = ယင်းကိလေသာတို့မှ လွတ်မြောက်မှု အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်အမြင်နှင့် စပ်သော စကား၊

ဤစကား (၁၀)မျိုးတို့ကား အကျိုးစီးပွားနှင့် စပ်ယှဉ်သော စကားတို့တည်း။ ယင်းစကား (၁၀)မျိုးတို့ကိုပင် အကျဉ်းချုပ်ကာ တစ်နည်းတစ်ဖုံအားဖြင့် မဇ္ဈိမပဏ္ဏာသအဋ္ဌကထာက (မ၊ဋ္ဌ၊၃၊၇၉။) သစ္စာလေးပါးကို မှီသော စကားဟု ဖွင့်ဆိုထားပေသည်။

**အနတ္ထသံဟိတ** (= အကျိုးစီးပွားနှင့် မစပ်ယှဉ်သော) စကားဟူသည် ယင်း**အတ္ထသံဟိတ**စကားနှင့် ထိပ်တိုက် ဆန့်ကျင်ဘက်ဖြစ်သော စကားတည်း။ နတ်ရွာ မဂ်ဖိုလ် နိဗ္ဗာန်သို့ ရောက်ကြောင်းတရားစကားနှင့် ထိပ်တိုက်ဖီလာ ဆန့်ကျင်ဘက်ဖြစ်ကြသော **(၃၂)မျိုးသော တိရစ္ဆာနကထာ** စကားတို့တည်း။ ယင်းစကားတို့ကား နတ်ရွာခရီး နိဗ္ဗာန်ခရီးကို ပိတ်ဆီး ကွယ်ခြားဟန့်တားသောအားဖြင့် ဖြစ်ပေါ်လာကြသည့် စကားတို့ဖြစ်ကြ၏။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

၁။ **ရာဇကထာ** = မင်းနှင့် စပ်သော စကား၊
၂။ **စောရကထာ** = ခိုးသူနှင့် စပ်သော စကား၊
၃။ **မဟာမတ္တကထာ** = အမတ်ကြီးနှင့် စပ်သော စကား၊
၄။ **သေနာကထာ** = စစ်သည်နှင့် စပ်သော စကား၊
၅။ **ဘယကထာ** = ဘေးဥပဒ်နှင့် စပ်သော စကား၊
၆။ **ယုဒ္ဓကထာ** = စစ်ထိုးခြင်းနှင့် စပ်သော စကား၊
၇။ **အန္နကထာ** = အစားအစာနှင့် စပ်သော စကား၊
၈။ **ပါနကထာ** = အဖျော်ယမကာနှင့် စပ်သော စကား၊
၉။ **ဝတ္ထကထာ** = အဝတ်ပုဆိုးနှင့် စပ်သော စကား၊
၁၀။ **သယနကထာ** = အိပ်ရာ နေရာနှင့် စပ်သော စကား၊
၁၁။ **မာလာကထာ** = ပန်းနှင့် စပ်သော စကား၊
၁၂။ **ဂန္ဓကထာ** = နံ့သာနှင့် စပ်သော စကား၊
၁၃။ **ဉာတိကထာ** = ဆွေမျိုးနှင့် စပ်သော စကား၊
၁၄။ **ယာနကထာ** = ယာဉ်နှင့် စပ်သော စကား၊
၁၅။ **ဂါမကထာ** = ရွာနှင့် စပ်သော စကား၊
၁၆။ **နိဂမကထာ** = နိဂုံးနှင့် စပ်သော စကား၊
၁၇။ **နဂရကထာ** = မြို့နှင့် စပ်သော စကား၊
၁၈။ **ဇနပဒကထာ** = ဇနပုဒ် (တိုင်း၊ ပြည်နယ်)နှင့် စပ်သော စကား၊
၁၉။ **ဣတ္ထိကထာ** = အမျိုးသမီး (+ အမျိုးသား)နှင့် စပ်သော စကား၊
၂၀။ **သူရကထာ** = သူရဲကောင်းနှင့် စပ်သော စကား၊

၂၁။ **ဝိသိခါကထာ** = မြို့တွင်း ရွာတွင်း လမ်းခရီးနှင့် စပ်သော စကား၊
၂၂။ **ကုမ္ဘဋ္ဌာနကထာ** = ရေဆိပ်နှင့် စပ်သော စကား၊
၂၃။ **ပုဗ္ဗပေတကထာ** = သေလွန်သူနှင့် စပ်သော စကား၊
၂၄။ **နာနတ္တကထာ** = အထွေထွေနှင့် စပ်သော စကား၊
၂၅။ **လောကက္ခာယိကကထာ** = လောကအကြောင်းနှင့် စပ်သော စကား၊
၂၆။ **သမုဒ္ဒက္ခာယိကကထာ** = သမုဒ္ဒရာအကြောင်းနှင့် စပ်သော စကား၊
၂၇။ **ဝုဒ္ဓိကထာ** = လောကကြီးပွားမှုနှင့် စပ်သော စကား၊
၂၈။ **ဟာနိကထာ** = လောကကြီးပွားရေး ဆုတ်ယုတ်မှုနှင့် စပ်သော စကား၊
၂၉။ **သဿတကထာ** = သဿတအယူနှင့် စပ်သော စကား၊
၃၀။ **ဥစ္ဆေဒကထာ** = ဥစ္ဆေဒအယူနှင့် စပ်သော စကား၊
၃၁။ **ကာမသုခလ္လိကာနုယောဂကထာ** = ကာမဂုဏ်ချမ်းသာ၌ ငြိကပ်တွယ်တာသောအားဖြင့် အဖန်တလဲလဲ အားထုတ်ခံစားခြင်းနှင့် စပ်သော စကား၊
၃၂။ **အတ္တကိလမထာနုယောဂကထာ** = ကိုယ်စိတ်၏ ပင်ပန်းကြောင်း အကျင့်၌ အဖန်တလဲလဲ အားထုတ်ခြင်းနှင့် စပ်သော စကား၊

**[မှတ်ချက်**။ ။(၂၇) မှ (၃၂) အထိကား ပါဠိတော်၌ တိုက်ရိုက်လာသော **ဣတိဘဝါဘဝကထာ** (= ကြီးပွားမှု တိုးတက်မှုနှင့် စပ်သော စကား) (၆)မျိုး ဖြစ်သည်။ နောက်တစ်နည်း ရေတွက်ပုံမှာ (၂၇)မှ စ၍ အောက်ပါအတိုင်း ဖြစ်၏။**]**

၂၇။ **ဣတိဘဝကထာ** = ကြီးပွားခြင်းနှင့် စပ်သော စကား၊
၂၈။ **ဣတိအဘဝကထာ** = မကြီးပွားခြင်း (= ဆုတ်ယုတ်ခြင်း)နှင့် စပ်သော စကား၊
၂၉။ **အရညကထာ** = တောနှင့် စပ်သော စကား၊
၃၀။ **ပဗ္ဗတကထာ** = တောင်နှင့် စပ်သော စကား၊
၃၁။ **နဒီကထာ** = မြစ်နှင့် စပ်သော စကား၊
၃၂။ **ဒီပကထာ** = ကျွန်းနှင့် စပ်သော စကား။

(ဝိ၊၂၊၂၁၃-၂၁၄။ ဝိ၃၊၂၇၆။ ဒီ၊၁၊၇၊၁၆၇။ . . .)

# နံပါတ် (၂) ဂါထာ

## (၃၂) ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးများ

၁။ ခြေတော်ကို မြေ၌ နင်းတော်မူသောအခါ ကောင်းစွာ တည်ထိသော ရွှေခြေနင်းအပြင်ကဲ့သို့ ညီညွတ်သည့် ဖဝါးတော်အပြင် ရှိတော်မူခြင်း၊

၂။ နှစ်ဖက်သော ခြေဖဝါးတော်အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် ပုံတောင်းအချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော တစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော် ရှိတော်မူခြင်း၊

၃။ ခြေဖဝါးတော်၏ လေးပုံတစ်ပုံခန့် ရှည်လျားပြည့်ဖြိုးသော ဖနောင့်တော် ရှိတော်မူခြင်း၊

၄။ ညီညာရှည်သွယ်သော ခြေချောင်းတော် လက်ချောင်းတော် ရှိတော်မူခြင်း၊

၅။ ကြည်လင်လှစွာသော ထောပတ်၌ ချ၍ နှစ်၍ ထားအပ်သော အကြိမ်တစ်ရာ ဖတ်အပ်သည့် ဝါဂွမ်းလွှာကဲ့သို့ နူးညံ့သိမ်မွေ့လှစွာသော လက်ဖဝါးတော် ခြေဖဝါးတော်အပြင် ရှိတော်မူခြင်း၊

၆။ (လေသွန်နန်းတံခါး၌ စိုက်စီ၍ ထားအပ်သော ရွှေပွတ်လုံး = ဇာလီတိုင်ကဲ့သို့) ညီညွတ်စွာ အချောင်းအချောင်း အကြားစိပ်သော လက်-ချောင်းတော် ခြေချောင်းတော် ရှိတော်မူခြင်း၊

၇။ မြူမလိမ်းတွယ် စဉ်းငယ်မြင့်သော ခြေဖမျက်တော် ရှိတော်မူခြင်း၊

၈။ 'ဧဏီ'မည်သော သားကောင်၏ သလုံးမြင်းခေါင်းနှင့်တူသော ပြည့်ဖြိုးသော သလုံးမြင်းခေါင်းတော် ရှိတော်မူခြင်း၊

၉။ ရပ်တော်မူလျက်ပင် ကိုယ်တော်ကို မကိုင်းညွတ်ဘဲ လက်ဖဝါးတော်နှစ်ဖက်ဖြင့် ပုဆစ်ဒူးဝန်းတော် နှစ်ဖက်ကို သုံးသပ်တွေ့ထိတော်မူနိုင်ခြင်း၊

၁၀။ ဆဒ္ဒန်ဆင်မင်းပမာ ရွှေပဒုမ္မာကြာချပ်နှင့် တူသော အအိမ်ဖြင့် ဖုံးလွှမ်းထားအပ်သော ကျစ်လျစ်လှစွာသော ယောက်ျားနိမိတ် ရှိတော်မူခြင်း၊

၁၁။ သိင်္ဂီနိက်ရွှေစင်အဆင်းကဲ့သို့ ဝါဝင်းသော အရေတော် ရှိတော်မူခြင်း၊

၁၂။ မြူအညစ်အကြေးတို့ မလိမ်းကပ်နိုင်သော ချောမွေ့သော (= သိမ်မွေ့သော) အရေတော် ရှိတော်မူခြင်း၊

၁၃။ မွေးညင်းတွင်း တစ်တွင်း တစ်တွင်းလျှင် မွေးညင်းတော် တစ်ပင်စီ တစ်ပင်စီသာ ပေါက်ရောက်လျက် ရှိတော်မူခြင်း၊

၁၄။ မျက်နှာတော်ကို မော်၍ဖူးသည့်ပမာ အထက်သို့သာ အဖျားကော့သည့် လက်ျာရစ်လည်၍ တည်သော အလွန်ညိုသော မွေးညင်းတော် ရှိတော်မူခြင်း၊

၁၅။ ပြဟ္မာမင်း၏ ကိုယ်ကဲ့သို့ ဖြောင့်မတ်သော ကိုယ်တော် ရှိတော်မူခြင်း၊

၁၆။ ခြေဖမိုးတော် နှစ်ဖက်, လက်ဖမိုးတော် နှစ်ဖက်, ပခုံးတော် နှစ်ဖက်, လည်ကုပ်တော်ဟု ဆိုအပ်သော ဤခုနစ်ဌာနတို့၌ ပြည့်ဖြိုးသော အသားအရေတော် ရှိတော်မူခြင်း၊

၁၇။ ခြင်္သေ့မင်း၏ ရှေ့ပိုင်း ကိုယ်ထက်ဝက်ကဲ့သို့ အောင်မောင်းပြည့်ဝသည့် ကိုယ်တော် ရှိတော်မူခြင်း၊

၁၈။ ခါးတော်မှ စ၍ အထက်လည်ကုပ်တော်တိုင်အောင် ရေစီးကြောင်း (= အခွက်အကြား) မထင် ရွှေပျဉ်ချပ်ပမာ ပြည့်ဖြိုးစင်သော ကျောက်ကုန်းတော် ရှိတော်မူခြင်း၊

၁၉။ အရပ်တော်နှင့် အလံတော်ညီမျှသဖြင့် ပညောင်ပင်အဝန်းကဲ့သို့ ဝန်းဝိုင်းလုံးချောသော ကိုယ်တော် ရှိတော်မူခြင်း၊

၂၀။ ညီလည်းညီညွတ် လုံးလည်းလုံးသော လည်တိုင်တော် ရှိတော်မူခြင်း၊

၂၁။ နှမ်းလုံးခန့်မျှ နည်းလှ ငယ်လှသော အရသာကိုသော်လည်း တစ်ကိုယ်တော်လုံးသို့ ပျံ့နှံ့အောင် ဆောင်ယူနိုင်သည့် ခုနစ်ထောင်သော

အရသာကြောတို့ အဖျားချင်းအပ် လည်မှာစွပ်လျက် ရှိတော်မူခြင်း၊

၂၂။ ခြင်္သေ့မင်း၏ မေးကဲ့သို့ (ပြုံးတော့မည့်အရိပ် သွေးနေသည့်) မေးတော် ရှိတော်မူခြင်း၊

၂၃။ သွားတော်ချောင်းရေ (၄၀) အစေ့အင ရှိတော်မူခြင်း၊

၂၄။ ညီညွတ်သော သွားတော် ရှိတော်မူခြင်း၊

၂၅။ သွားတော် မကျဲမကွာ စေ့စပ်စွာ ရှိတော်မူခြင်း၊

၂၆။ သောက်ရှူးကြယ်ပမာ လွန်စွာ စင်ကြယ်ဖြူဝင်းသော အရောင် တလက်လက် ထွက်သည့် စွယ်တော်လေးဆူ ရှိတော်မူခြင်း၊

၂၇။ ရှည်လျား + နူးညံ့ + ကျယ်ပြန့်သော လျှာတော် ရှိတော်မူခြင်း၊

၂၈။ ဗြဟ္မာမင်း၏ အသံကဲ့သို့ အလွန်သာယာသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသည့် အသံတော် ရှိတော်မူခြင်း၊

၂၉။ အလွန် ညိုကြည်သည့် မျက်လုံးတော် ရှိတော်မူခြင်း၊

၃၀။ ဖွားသစ်စ နွားသူငယ်၏ မျက်တောင်မွေးကဲ့သို့ အလွန်နူးညံ့နူးပျိုသည့် မျက်တောင်မွေးတော် ရှိတော်မူခြင်း၊

၃၁။ မျက်မှောင် (= မျက်ခုံးတော်) နှစ်ဖက်တို့၏ အလယ်ချက်၌ နူးညံ့ ဖြူစင်သော ဥဏ္ဏာလုံ (= မွေးရှင်)တော် ပေါက်ရောက်လျက် ရှိတော်မူခြင်း၊

၃၂။ နဖူးတော်ဝယ် ပကတိ ပင်ကိုအားဖြင့်ပင် သင်းကျစ် ရွှေပြား တပ်စီ၍ ထားသကဲ့သို့သင်းကျစ်တော် အသားလွှာ တည်ရှိတော်မူခြင်း၊ တစ်နည်း လိမ္မာလှစွာသော ပညာရှင် စီစဉ်အပ်သော ဦးရစ်ဝန်းကဲ့သို့ လုံးဝန်း တင့်တယ်သော ဦးခေါင်းတော် ရှိတော်မူခြင်း၊

ဤကား - မဟာပုရိသ ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး (၃၂)ပါးတို့တည်း။ ဒီဃနိကာယ် မဟာပဒါနသုတ် (ဒီ၊၂၊၁၄-၁၆။), လက္ခဏ-သုတ် (ဒီ၊၃၊၁၁၇-၁၄၃။), မဇ္ဈိမနိကာယ် မဇ္ဈိမပဏ္ဏာသ ဗြဟ္မာယုသုတ် (မ၊၂၊ ၃၃၆-၃၃၈။) ပါဠိတော်တို့မှ ထုတ်နုတ်ဖော်ပြအပ်ပါသည်။

## လက္ခဏာတော်ငယ် (၈၀)

### လက်ချောင်းခြေချောင်းတော်၌ လက္ခဏာတော် (၃)ပါး

၁။ **စိတင်္ဂုလိတာ** = အကြားမလပ် စေ့စပ်သော လက်ချောင်းခြေချောင်းတော် ရှိတော်မူခြင်း၊

၂။ **အနုပုဗ္ဗင်္ဂုလိတာ** = အရင်းမှသည် အဖျားသို့တိုင်အောင် အစဉ်သဖြင့် သွယ်ပြောင်းသော လက်ချောင်းခြေချောင်းတော် ရှိတော်မူခြင်း၊

၃။ **ဝဋ္ဋင်္ဂုလိတာ** = လုံးဝန်းသော လက်ချောင်းခြေချောင်းတော် ရှိတော်မူခြင်း၊

### လက်သည်းခြေသည်းတော်၌ လက္ခဏာတော် (၃)ပါး

၄။ **တမ္ဗနခတာ** = နီမြန်းသော လက်သည်းတော် ခြေသည်းတော် ရှိတော်မူခြင်း၊

၅။ **တုင်္ဂနခတာ** = မြင့်သော ချွန်းသော ညွတ်သော လက်သည်း-တော် ခြေသည်းတော် ရှိတော်မူခြင်း၊

၆။ **သိနိဒ္ဓနခတာ** = သိမ်မွေ့ပြေပြစ်သော လက်သည်းတော် ခြေသည်းတော် ရှိတော်မူခြင်း၊

### ဖမျက်တော်၌ လက္ခဏာတော် (၁)ပါး

၇။ **နိဂူဠဂေါပ္ဖကတာ** = မရှိုက်မမိုသော ဖမျက်တော် ရှိတော်မူခြင်း၊

### ခြေချောင်းတော်၌ လက္ခဏာတော် (၁)ပါး

၈။ **သမပါဒတာ** = ခြေချောင်းတော် (၁၀)ချောင်းလုံး အဖျား ညီညွတ်တော်မူခြင်း၊

### သွားတော်မူခြင်း၌ လက္ခဏာတော် (၅)ပါး

၉။ **ဂဇသမာနက္ကမတာ** = ဆင်မင်းအတူ စံပယ်စွာ သွားတော်မူခြင်း၊

၁၀။ **သီဟသမာနက္ကမတာ** = ခြင်္သေ့မင်းအလား စံပယ်စွာ သွားတော်မူခြင်း၊

၁၁။ **ဟံသသမာနက္ကမတာ** = ဟင်္သာမင်းသဖွယ် စံပယ်စွာ သွားတော်မူခြင်း၊

၁၂။ **ဥသဘာသမာနက္ကမတာ** = နွားမင်းဥသဘအလား စံပယ်စွာ သွားတော်မူခြင်း၊

၁၃။ **ဒက္ခိဏာဝဋ္ဋဂတိတာ** = လက်ျာရစ်လည်၍ သွားတော်မူခြင်း၊

**ပုဆစ်ဒူးဝန်းတော်၌ လက္ခဏာတော် (၁)ပါး**

၁၄။ **သမန္တတော စာရုဇဏ္ဏုမဏ္ဍလတာ** = ထက်ဝန်းကျင်မှ ရှုချင်စဖွယ် တင့်တယ်သော ပုဆစ်ဒူးဝန်းတော် ရှိတော်မူခြင်း၊

**နိမိတ်တော်၌ လက္ခဏာတော် (၁)ပါး**

၁၅။ **ပရိပုဏ္ဏပုရိသဗျဉ္ဇနတာ** = ပြည့်စုံအောင်မြောက်သော ယောက်ျားနိမိတ်ဗျည်း ရှိတော်မူခြင်း၊

**ချက်တော်၌ လက္ခဏာတော် (၃)ပါး**

၁၆။ **အစ္ဆိဒ္ဒနာဘိတာ** = လက်ျာရစ်လည်သော အရေးအကြောင်း မပေါက်မပြတ်သော ချက်တော် ရှိတော်မူခြင်း၊

၁၇။ **ဂမ္ဘီရနာဘိတာ** = နက်ရှိုင်းသော ချက်တော် ရှိတော်မူခြင်း၊

၁၈။ **ဒက္ခိဏာဝဋ္ဋနာဘိတာ** = လက်ျာရစ်လည်သော အရေးအကြောင်း ရှိသော ချက်တော် ရှိတော်မူခြင်း၊

**ပေါင်တော် လက်ရုံးတော်၌ လက္ခဏာတော် (၁)ပါး**

၁၉။ **ဒွိရဒကရသဒိသဦရုဘုဇတာ** = ဆင်နှာမောင်းနှင့်တူသော ပေါင်တော် လက်ရုံးတော် ရှိတော်မူခြင်း၊

**ကိုယ်တော်လက္ခဏာများ** (အချို့ နောက်၌လာလတ္တံ့)

၂၀။ **သုဝိဘတ္တဂတ္တတာ** = (ကိုယ်တော် အနေအထား သန့်ရှင်းခြင်းဟူသော) ကောင်းစွာ ဝေဖန်အပ်သော ကိုယ်တော် ရှိတော်မူခြင်း၊

၂၁။ **အနုပုဗ္ဗဂတ္တတာ** = (အထက်ပိုင်း အောက်ပိုင်း အချိုးကျ အဆင်ပြေခြင်းဟူသော) အစဉ်အတိုင်း ရွေ့ရွေ့တက်သော ကိုယ်တော် ရှိတော်မူခြင်း၊

၂၂။ **မဋ္ဌဂတ္တတာ** = ပြေပြစ်သော ကိုယ်တော် ရှိတော်မူခြင်း၊

၂၃။ **အနုသဿန္နာနုသဿန္နသဗ္ဗဂတ္တတာ** = မရှိုက်မမိုသော ကိုယ်တော် ရှိတော်မူခြင်း၊

၂၄။ **အလီနဂတ္တတာ** = မတွန့်မလိပ်သော ကိုယ်တော် ရှိတော်မူခြင်း၊

၂၅။ **တိလကာဒိဝိရဟိတဂတ္တတာ** = မှဲ့ချေစသည်မှ ကင်းသော ကိုယ်တော် ရှိတော်မူခြင်း၊

၂၆။ **အနုပုဗ္ဗရုစိရဂတ္တတာ** = အစဉ်အတိုင်း ပြိုးပြိုးပြက်သော ကိုယ်တော် ရှိတော်မူခြင်း၊

၂၇။ **သုဝိသုဒ္ဓဂတ္တတာ** = အထူးသဖြင့် စင်ကြယ်သော ကိုယ်တော် ရှိတော်မူခြင်း၊

**ကာယဗလအားတော် လက္ခဏာတော် (၁)ပါး**

၂၈။ **ကောဋိသဟဿဟတ္ထိဗလဓာရဏတာ** = ကုဋေ တစ်ထောင်သော ကာဠာဝကဆင်တို့၏ အားကို ဆောင်နိုင်သော အားတော် ရှိတော်မူခြင်း၊

**နှာခေါင်းတော်၌ လက္ခဏာတော် (၁)ပါး**

၂၉။ **တုင်္ဂနာသတာ** = ရွှေချွန်းအတူ မြင့်တက်သော နှာခေါင်းတော် ရှိတော်မူခြင်း၊

**သွားဖုံးသားတော်၌ လက္ခဏာတော် (၁)ပါး**

၃၀။ **သုရတ္တဒွိဇမံသတာ** = အလွန်နီမြန်းသော သွားဖုံးသားတော် ရှိတော်မူခြင်း၊

**သွားတော်၌ လက္ခဏာတော် (၂)ပါး**

၃၁။ **သုဒ္ဓဒန္တတာ** = စင်ကြယ်သော သွားတော် ရှိတော်မူခြင်း၊

၃၂။ **သိနိဒ္ဓဒန္တတာ** = သိမ်မွေ့ပြေပြစ်သော သွားတော် ရှိတော်မူခြင်း၊

**ဣန္ဒြေတို့၌ လက္ခဏာတော် (၁)ပါး**

၃၃။ **ဝိသုဒ္ဓိန္ဒြိယတာ** = စင်ကြယ်သော ကြည်လင်သော မျက်စိ, နား, နှာ,

လျှာ, ကိုယ် ဣန္ဒြေ ရှိတော်မူခြင်း၊

**စွယ်တော်၌ လက္ခဏာတော် (၁)ပါး**

၃၄။ **ဝဋ္ဋဒါဌတာ** = လုံးသော စွယ်တော် ရှိတော်မူခြင်း၊

**နှုတ်ခမ်းတော်၌ လက္ခဏာတော် (၁)ပါး**

၃၅။ **ရတ္တောဋ္ဌတာ** = နီမြန်းသော နှုတ်ခမ်းတော် ရှိတော်မူခြင်း၊

**ခံတွင်းတော်၌ လက္ခဏာတော် (၁)ပါး**

၃၆။ **အာယတဝဒနတာ** = ရှည်သော ခံတွင်းတော် ရှိတော်မူခြင်း၊

**အရေးအသား လက္ခဏာတော် (၄)ပါး**

၃၇။ **ဂမ္ဘီရပါဏိလေခတာ** = နက်သော လက္ခဏာ အရေးအသား ရှိတော်မူခြင်း၊

၃၈။ **အာယတလေခတာ** = ရှည်သော လက္ခဏာ အရေးအသား ရှိတော်မူခြင်း၊

၃၉။ **ဥဇုလေခတာ** = မကွေ့မကောက် ဖြောင့်သော လက္ခဏာ အရေးအသား ရှိတော်မူခြင်း၊

၄၀။ **သုရုစိရသဏ္ဌာနလေခတာ** = နှစ်လိုဖွယ်သော သဏ္ဌာန်ရှိသည့် လက္ခဏာ အရေးအသား ရှိတော်မူခြင်း၊

**ကိုယ်တော်ရောင်၌ လက္ခဏာတော် (၁)ပါး**

၄၁။ **ပရိမဏ္ဍလကာယပ္ပဘာဝန္တတာ** = ထက်ဝန်းကျင် ဝန်းဝိုင်းသော ကိုယ်တော်ရောင် ရှိတော်မူခြင်း၊

**ပါးတော်၌ လက္ခဏာတော် (၁)ပါး**

၄၂။ **ပရိပုဏ္ဏကပေါလတာ** = ပြည့်ဖြိုးသော ပါးစောင် ပါးပြင် ရှိတော်မူခြင်း၊

**မျက်လုံးတော်၌ လက္ခဏာတော် (၂)ပါး**

၄၃။ **အာယတဝိသာလနေတ္တတာ** = ရှည်လျားကျယ်ပြန့်သော မျက်ကွင်းတော် မျက်လုံးတော် ရှိတော်မူခြင်း၊

၄၄။ **ပဉ္စပသာဒဝန္တနေတ္တတာ** = (ဖြူ-နီ-ဝါ-ညို-မောင်း) ငါးမျိုးသော အရောင်အဆင်းဖြင့် အလွန် ကြည်လင်သော မျက်လုံးတော် ရှိတော်မူခြင်း၊

**မျက်တောင်မွေးတော်၌ လက္ခဏာတော် (၁)ပါး**

၄၅။ အဖျား ညွတ်ညွတ်တက်သော (= အဖျား ကော့ရရော့ရှိသော) မျက်တောင်မွေးတော် ရှိတော်မူခြင်း၊

**လျှာတော်၌ လက္ခဏာတော် (၁)ပါး**

၄၆။ **မုဒုတနုကရတ္တဇိဝှတာ** = နူးညံ့-ပါးလွှာ-နီစွာသော လျှာတော် ရှိတော်မူခြင်း၊

**[**အမှတ် (၂၇)လက္ခဏာတော်ကြီးနှင့် ဤအမှတ် (၄၆) လက္ခဏာတော် ငယ်တို့နှင့်အညီ ဘုရားရှင်၏ လျှာတော်ဖြင့် နှာခေါင်းပေါက်တော် နှစ်ခု**,** နားတွင်းတော် နှစ်ခုတို့ကို သွတ်သွင်းကာ သုံးသပ်တော်မူနိုင်၏၊ နဖူး အပြင်ကိုလည်း ဖုံးအုပ်ထားတော်မူနိုင်၏၊ ထိုမျှ ရှည်လျား နူးညံ့ ကျယ်ပြန့်-တော်မူသော လျှာတော် ရှိတော်မူပေသည်။**]**

**နားတော်၌ လက္ခဏာတော် (၁)ပါး**

၄၇။ **အာယတရုစိရကဏ္ဏတာ** = ရှည်လျား တင့်တယ် နှစ်လိုဖွယ်သော နားတော် ရှိတော်မူခြင်း၊

**အကြောတော်၌ လက္ခဏာတော် (၂)ပါး**

၄၈။ **နိဂ္ဂဏ္ဌိသိရတာ** = ထွတ်သမြတ်ခေါ်သည့် အဖုအထစ် အထုံးအဖွဲ့ ကင်းသည့် အကြောတော် ရှိတော်မူခြင်း၊

၄၉။ **နိဂ္ဂူဠ္ဌသိရတာ** = မရှိုက်မမို = မထင်ရှားသော = မပေါ်သော အကြောတော် ရှိတော်မူခြင်း၊

**ဦးခေါင်းတော်၌ လက္ခဏာတော် (၁)ပါး**

၅၀။ **ဝဋ္ဋဆတ္တနိဘစာရုသီသတာ** = လုံးဝန်းသော ထီးဝန်းသဖွယ် တင့်တယ်သော ဦးခေါင်းတော် ရှိတော်မူခြင်း၊

**နဖူးပြင်တော်၌ လက္ခဏာတော် (၁)ပါး**

၅၁။ **အာယတပုထုနလာဋသောဘတာ** = ရှည်လျား ပြန့်ကျယ် တင့်တယ်သော နဖူးတော် ရှိတော်မူခြင်း၊

**မျက်မှောင် = မျက်ခုံးတော်၌ လက္ခဏာတော် (၅)ပါး**

၅၂။ **သုသဏ္ဌာနဘမုကတာ** = ပြုပြင်ရန်မလို ပင်ကိုတည်နေဟန် တင့်စံသပ္ပါယ်သည့် မျက်မှောင်တော် = မျက်ခုံးတော် ရှိတော်မူခြင်း၊

၅၃။ **သဏှဘမုကတာ** = နူးညံ့သိမ်မွေ့သော မျက်မှောင်တော် = မျက်ခုံးတော် ရှိတော်မူခြင်း၊

၅၄။ **အနုလောမဘမုကတာ** = အစဉ်အတိုင်း ညွတ်ညွတ်တက်သော မျက်မှောင်တော် = မျက်ခုံးတော် ရှိတော်မူခြင်း၊ (အရင်းကြီးကာ အဖျားသွယ်မှုကို ဆိုလိုသည်။)

၅၅။ **မဟန္တဘမုကတာ** = ကြီးမားသော ထူထပ်သော မျက်မှောင်တော် = မျက်ခုံးတော် ရှိတော်မူခြင်း၊

၅၆။ **အာယတဘမုကတာ** = ရှည်လျားသော မျက်မှောင်တော် = မျက်ခုံးတော် ရှိတော်မူခြင်း၊

**ကိုယ်တော်၌ လက္ခဏာတော် (၁၅)ပါး**

၅၇။ **သုကုမာလဂတ္တတာ** = သိမ်မွေ့နူးညံ့သော ကိုယ်တော် ရှိတော်မူခြင်း၊

၅၈။ **အတိဝိယသောမ္မဂတ္တတာ** = အလွန်ချမ်းအေးသော ကိုယ်တော် ရှိတော်မူခြင်း၊

၅၉။ **အတိဝိယဥဇ္ဇလိတဂတ္တတာ** = အလွန်ထွန်းပသော ကိုယ်တော် ရှိတော်မူခြင်း၊

၆၀။ **ဝိမလဂတ္တတာ** = အညစ်အကြေး ကင်းသော ကိုယ်တော် ရှိတော်မူခြင်း၊

၆၁။ **ကောမလဂတ္တတာ** = မစေးသော ကိုယ်တော် ရှိတော်မူခြင်း = စီးထန်းထန်း ရှိတော် မမူခြင်း၊

၆၂။ **သိနိဒ္ဓဂတ္တတာ** = သိမ်မွေ့ပြေပြစ်သော ကိုယ်တော် ရှိတော်မူခြင်း၊

၆၃။ **သုဂန္ဓတနုတာ** = မွှေးကြိုင်သော ကိုယ်တော် ရှိတော်မူခြင်း၊

**[မှတ်ချက်။** ။ ရှေး (၂၀)မှ (၂၇)တိုင်အောင် လက္ခဏာတော် (၈)ပါး၊ ယခု (၅၇)မှ (၆၃)တိုင်အောင် လက္ခဏာတော် (၇)ပါး၊ နှစ်ရပ်ပေါင်းသော် ကိုယ်တော်၌ လက္ခဏာတော် (၁၅)ပါးတည်း။**]**

**မွေးညင်းတော်၌ လက္ခဏာတော် (၆)ပါး**

၆၄။ **သမလောမတာ** = ညီညွတ်သော မွေးညင်းတော် ရှိတော်မူခြင်း၊

၆၅။ **ကောမလလောမတာ** = မစေးသော မွေးညင်းတော် ရှိတော်မူခြင်း၊

၆၆။ **ဒက္ခိဏာဝဋ္ဋလောမတာ** = မွေးညင်းတိုင်း မွေးညင်းတိုင်း လက်ျာရစ် လည်၍ တည်ရှိတော်မူခြင်း၊

၆၇။ **ဘိန္နဉ္ဇနသဒိသနီလလောမတာ** = ကွဲပြတ်သည့် မျက်စဉ်းခဲတ်ကျောက် နှင့် တူသည့် ညိုသော မွေးညင်းတော် ရှိခြင်း၊

၆၈။ **ဝဋ္ဋလောမတာ** = လုံးသော မွေးညင်းတော် ရှိခြင်း၊

၆၉။ **သိနိဒ္ဓလောမတာ** = သိမ်မွေ့သော မွေးညင်းတော် ရှိခြင်း၊

**ထွက်လေဝင်လေ၌ လက္ခဏာတော် (၁)ပါး**

၇၀။ **အတိသုခုမ အဿာသပဿာသဓာရဏတာ** = အလွန်သိမ်မွေ့သော ထွက်သက်ဝင်သက်ကို ဆောင်တော်မူခြင်း၊

**ခံတွင်းတော်၌ ဂုဏ်လက္ခဏာတော် (၁)ပါး**

၇၁။ **သုဂန္ဓမုခတာ** = မွှေးကြိုင်သော ခံတွင်းတော်ရှိခြင်း၊

**ဦးထိပ်တော်၌ ဂုဏ်လက္ခဏာတော် (၁)ပါး**

၇၂။ **သုဂန္ဓမုဒ္ဓနတာ** = မွှေးကြိုင်သော ဦးထိပ်တော် ရှိတော်မူခြင်း၊

**ဆံတော်၌ လက္ခဏာတော် (၇)ပါး**

၇၃။ **သုနီလကေသတာ** = အလွန် မည်းနက်သော ဆံတော် ရှိတော်မူခြင်း။

၇၄။ **ဒက္ခိဏာဝဋ္ဋကေသတာ** = လက်ျာရစ်လည်သော ဆံတော် ရှိတော်

မှုခြင်း။

၇၅။ **သုသဏ္ဌာနကေသတာ** = ပင်ကို တင့်စံ တည်နေဟန် ကောင်းသော ဆံတော် ရှိတော်မူခြင်း။

၇၆။ **သိနိဒ္ဓကေသတာ** = **သဏှကေသတာ** = သိမ်မွေ့ နူးညံ့သော ဆံတော် ရှိတော်မူခြင်း။

၇၇။ **အလုဠိတကေသတာ** = မရောယှက်သော ဆံတော် ရှိတော်မူခြင်း။

၇၈။ **သမကေသတာ** = အတိုင်းအရှည် နှစ်မည်မပြား တူမျှသော ဆံတော် ရှိတော်မူခြင်း။

၇၉။ **ကောမလကေသတာ** = မစေးမထိုင်းသော ဆံတော် ရှိတော်မူခြင်း။

**ရောင်လျှံတော်၌ လက္ခဏာတော် (၁)ပါး**

၈၀။ **ကေတုမာလာရတနဝိစိတ္တတာ** = ကေတုမာလာ ရောင်လျှံတော် ရတနာဖြင့် ဆန်းကြယ်တော်မူသော ရောင်လျှံတော် ရှိတော်မူခြင်း။

[ဦးထိပ်တော်၌ တည်ရှိ ထွန်းတောက်နေသော ရောင်လျှံတော်အစုကို ကေတုမာလာရောင်လျှံတော်ဟု ခေါ်ဆိုသည်။]

ဘုရားရှင်၏ သန္တာန်တော်၌ လက္ခဏာတော်ကြီး (၃၂)ပါး, လက္ခဏာ-တော်ငယ် (၈၀)တို့ တည်ရှိတော်မူလေသည်။ လက္ခဏာတော်ငယ် (၈၀)တို့ကို ဇိနာလင်္ကာရဋီကာအတိုင်း ပြဆိုခြင်း ဖြစ်သည်။

ဖူးမြင်ရသူတို့၏ မျက်လုံးဝယ် အလွန်တင့်တယ်သွားအောင် ဘုရားရှင်၏ ရူပကာယတော်ကို ဤ (၃၂)ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး, (၈၀)သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်ထားတော်မူပေသည်။ ထို (၃၂)ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်တို့တွင် - နှစ်ဖက်သော ခြေဖဝါးတော် အပြင်တို့၌ တစ်ထောင်သော အကန့်အကွက် ပုံတောင်း အချက်နှင့်တကွ ခပ်သိမ်းသော အခြင်းအရာတို့နှင့် ပြည့်စုံသော (၁၀၈)ကွက် စက်လက္ခဏာတော်ရှိခြင်းဟူသော လက္ခဏာတော်လည်း ပါဝင်ပေသည်။ ယင်း (၁၀၈)ကွက် စက်လက္ခဏာတော်ကို ဆက်လက် တင်ပြပေအံ့။

## (၁၀၈) ကွက် ခြေလက္ခဏာတော်

(၁) လှံမ၊ (၂) အိမ်မွန် = ကျက်သရေတိုက်၊ (၃) ဇလပ်ပန်း၊ (၄) လည်ရေးသုံးဆင့်၊ (၅) ဦးဆောက်ပန်း = ဦးစိုက်ပန်း၊ (၆) ထမင်းပွဲ၊ (၇) အင်းပျဉ်ဝန်း = ရွှေသလွန်တော်၊ (၈) ချွန်းတောင်း၊ (၉) ပြာသာဒ်၊ (၁၀) တုရိုဏ်တိုင် = တံခါးတိုင်၊

(၁၁) ထီးဖြူတော်၊ (၁၂) သံလျက်၊ (၁၃) ထန်းရွက်ယပ်ဝန်း၊ (၁၄) ဥဒေါင်းမြီးစီးယပ်၊ (၁၅) သင်းကျစ်တော်၊ (၁၆) ပတ္တမြားကျောက်မျက်၊ (၁၇) အရောင်တဖိတ်ဖိတ်လက်သော စားတော်ခွက်၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉) ကြာညို၊ (၂၀) ကြာနီ၊ (၂၁) ကြာဖြူ၊ (၂၂) ကြာပဒုမ္မာ၊ (၂၃) ကြာပုဏ္ဍရိက်၊

(၂၄) မုန်ညင်းစေ့ စသည်ဖြင့် ပြည့်သော အိုး၊ (၂၅) ထို့အတူ ဖလား၊ (၂၆) သမုဒ္ဒရာ၊ (၂၇) စကြဝဠာတောင်၊ (၂၈) ဟိမဝန္တာတောင်၊(၂၉) မြင်းမိုရ်-တောင်၊ (၃၀) နေဝန်း၊ (၃၁) လဝန်း၊

(၃၂) နက္ခတ်များ၊ (၃၃-၃၆) ကျွန်းငယ်အရံ နှစ်ထောင်နှင့် တကွသော ကျွန်းကြီး လေးကျွန်း၊ (၃၇) အခြံအရံပရိသတ် ရတနာ (၇)ပါးနှင့် ပြည့်စုံသော စကြာမင်း၊ (၃၈) လက်ျာရစ် ခရုသင်းဖြူ၊ (၃၉) ရွှေငါးကြင်းအစုံ၊ (၄၀) လက်နက်စက်။

(၄၁-၄၇) ဂင်္ဂါမြစ်ကြီး ခုနစ်မြစ်၊ (၄၈-၅၄) တောင်စဉ် တောင်ရံ ခုနစ်လုံး၊ (၅၅-၆၁) သီတာ ခုနစ်တန်၊ (၆၂) ဂဠုန်ငှက်မင်း၊ (၆၃) မိကျောင်း၊ (၆၄) တံခွန်လျှား၊ (၆၅) တံခွန်ကုက္ကား၊ (၆၆) ရွှေသံလျင်း၊ (၆၇) ရွှေရောင် တောက်သည့် သားမြီးယပ်၊ (၆၈) ကေလာသ ငွေတောင်၊ (၆၉) ခြင်္သေ့မင်း၊ (၇၀) ကျားမင်း။

(၇၁) ဝလာဟကမြင်းမင်း၊ (၇၂) ဥပေါသထဆင်မင်း သို့မဟုတ် ဆဒ္ဒန်ဆင်မင်း၊ (၇၃) ဗာသုကီနဂါးမင်း၊ (၇၄) ရွှေဟင်္သာမင်း၊ (၇၅) ဥသဘနွားမင်း၊ (၇၆) ဧရာဝဏ်ဆင်မင်း၊ (၇၇) ရွှေမကန်း၊ (၇၈) ရွှေလှေ၊ (၇၉) ပြဟ္မာမင်း၊ (၈၀) သားနှင့်တကွသော နို့စားနွားမ။

(၈၁) ကိန္နရာ (ဖို-မ)၊ (၈၂) ကရဝိက်ငှက်မင်း၊ (၈၃) ဥဒေါင်းမင်း၊ (၈၄) ကြိုးကြာငှက်မင်း၊ (၈၅) စက္ကဝါက်ငှက်မင်း၊ (၈၆) ဇီဝဇိုဝ်းငှက်မင်း၊ (၈၇-၉၂) ကာမာဝစရ နတ်ပြည်ခြောက်ထပ်၊ (၉၃-၁၀၈) ရူပါဝစရ ဗြဟ္မာ့ပြည် (၁၆)ထပ်။

## စက်တော်ရာ ဘုရားရှိခိုး

အတိုင်းမသိ၊ ကျေးဇူးရှိသား၊ မုနိသကျ၊ ဂေါတမ၏၊ ပါဒမြတ်ကျော်၊ ဖဝါးတော်၌၊ ထွန်းပေကျစ်လျစ်၊ တစ်ရာ့ရှစ်ကို၊ စိစစ်လျှင်ထွေ၊ လျှင်းလျှင်း ရေပိန့်။ ချီလေအစ၊ (၁-၂) လုံမ, အိမ်မွန်၊ (၃) သုံးတန်ပွင့်ချပ်၊ ဇလပ်ပုံ့မွှေး၊ (၄) လည်ရေးသုံးဆင့်၊ (၅) လှတင့်ထွန်းတောက်၊ ဦးဆောက်ပန်းက၊ (၆) ဖြူဆွရောင်မောင်း၊ ဦးဘောင်းမကွဲ၊ စားပွဲတည်ခင်း၊ (၇) အင်းပျဉ်ဝန်းနှင့်၊ (၈-၉) ချွန်းတောင်း, ပြာသာဒ်၊ (၁၀) အထွတ်မြင့်ခိုင်၊ တံခါးတိုင်က၊ (၁၁-၁၂) ဖြူဆွပြိုးပြက်၊ ထီး, သံလျက်နှင့်၊ (၁၃) ထန်းရွက်ယပ်ဝန်း၊ (၁၄) ရွှန်းရွှန်းရောင်မောင်း၊ ဥဒေါင်းမြီးယပ်၊ (၁၅) သင်းကျစ်ရွှေပြား၊ (၁၆) ပတ္တမြားကျောက်မျက်၊ (၁၇) စားခွက်ရောင်ပြေး၊ (၁၈) မုလေးပန်းဆိုင်း၊ (၁၉-၂၃) တုနိုင်းမရ၊ ပွင့်လှအပြား၊ ငါးပါးကြာမျိုး၊ (၂၄) ပြည့်သည့်အိုးနှင့်၊ (၂၅) ပြည်ဖြိုးဖလား၊ (၂၆) ရေပြားသမုဒ္ဒရာ၊ (၂၇) စကြဝဠာတောင်မွန်၊ (၂၈) ဟိမဝန်တောချောင်၊ (၂၉) မြင်းမိုရ်တောင်နှင့်၊ (၃၀-၃၁) ထွန်းပြောင်နေ,လ၊ (၃၂) နက္ခတ္တက၊ (၃၃-၃၆) ဒီပ လေးသွယ်၊ ကျွန်းငယ် ရံဆောင်၊ (၃၇) ဘုန်းခေါင်စကြာမင်း၊ (၃၈) ခရုသင်း ဖြူနစ်၊ ဗွေရစ်လက်ျာ၊ (၃၉) ရွှေဝါ အဆင်း၊ ငါးမင်း စုံလျက်၊ (၄၀) လက်နက်စက်က၊ (၄၁-၄၇) ရေတွက် သချ်ာ၊ ဂင်္ဂါ ခုနစ်တန်၊ (၄၈-၅၄) တောင်ရံ ခုနစ်လုံး၊ (၅၅-၆၁) အိုင်ထုံး ခုနစ်ကွက်၊ (၆၂) ငှက်ဂဠုန်မင်း၊ (၆၃) မြစ်တွင်းကိန်းအောင်း၊ မိကျောင်းရေသား၊ (၆၄) တံခွန်လျားနှင့်၊ (၆၅) ကုက္ကားတံခွန်၊ (၆၆) မင်းတန် သံလျင်း၊ (၆၇) အဆင်းရွှေလား၊ သားမြီးလေဆောင်၊ (၆၈) ငွေတောင် ကေလာသ၊ (၆၉-၇၀) သီဟ, ဗျဂ္ဃ၊ (၇၁) ဝလာဟမြင်း၊ (၇၂) ဆင်မင်းမြတ်စွာ၊ ဥပေါသထာ ယာဉ်မွန်၊ ဆဒ္ဒန်တူပြီ၊ (၇၃) ဗာသုကီမည်ရင်း၊ နဂါးမင်းနှင့်၊ (၇၄) ဟင်္သာ ရွှေလား၊ (၇၅) နွားဥသဘမွန်၊ (၇၆) ဧရာဝဏ် တစ်ခဏ်း၊ (၇၇) ရွှေမကန်း

တစ်ထွေ၊ (၇၈) ရွှေလှေလျှံဝါ၊ (၇၉) ပြဟ္မာထွတ်ဖျား၊ (၈၀) သားနှင့်တကွ၊ နွားမနို့ညစ်၊ (၈၁) အချစ်မြစ်စွာ၊ ကိန္နရာ ဖို,မ၊ (၈၂) သဒ္ဒမဆိတ်၊ ကရဝိက် တွန်ညောင်း၊ (၈၃-၈၄) ဥဒေါင်း, ကြိုးကြာ၊ (၈၅) သံသာစက္ကဝါက်၊ (၈၆) စုံလျက်ဇီဝဇိုဝ်း၊ (၈၇-၉၂) မိုးဝဘုံသာ၊ ဆကာမာနှင့်၊ (၉၃-၁၀၈) ပြဟ္မာဘုံရပ်၊ ဆယ့်ခြောက်ထပ်လည်း၊ ယှဉ်စပ်မကင်း၊ ခပင်းများစွာ၊ ရံစကာနှင့်၊ စကြာ ချေမွှန်၊ တင့်တယ်ဟန်ကို၊ မိုးစွန်ဘုံဖျား၊ သိကြားပြဟ္မာ၊ တူရေးလှာလည်း၊ ဘယ်မှာတမျှ၊ အတုရချိမ့်၊ အသမသမာ၊ သုံးလူ့ချာ၏၊ ရတနာလျှံဝင်း၊ နီဆင်းစင်သန့်၊ အကန့် တစ်ထောင်၊ ထွန်းပြောင်သိင်္ဂါ၊ သဏ္ဌာအကွပ်၊ ထိန်လျပ် ပုံတောင်း၊ ညိုမောင်းကျောက်မျက်၊ ခြေတော်စက်ကို၊ စုံမက်မြတ်နိုး၊ ရှိလျှင်ခိုးသည်၊ အကျိုးကောင်းမွန်၊ မင်္ဂလာ ဖိုလ်ဇာဏ် နိဗ္ဗာန်ထုတ်ချောက် ရောက်စေသောဝ်. . .။ **(ဂုဋ္ဌတ္ထဒီပနီကျမ်း ပထမတွဲ၊ တောင်ခွင်သာသနာပိုင် ဆရာတော်)**

## မြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါ (၈) ပါးနှင့် ပြည့်စုံတော်မူသော အသံတော် ရှိခြင်း

**မဓုရဝရသရောပေတာ**ဟူသော ဂုဏ်ပုဒ်အရ ဘုရားရှင်၌ ပြဟ္မာမင်း၏ အသံကဲ့သို့ အင်္ဂါ (၈)ပါးနှင့် ပြည့်စုံသော ချိုမြိန်ကောင်းမြတ်သော အသံ-တော်နှင့်လည်း ပြည့်စုံတော်မူသဖြင့် ယင်းအသံတော်၏ အင်္ဂါ (၈)ပါးတို့ကို **မဇ္ဈိမပဏ္ဏာသ ပြဟ္မာယုသုတ္တန်** (မ၊၂၊၃၄၀-၃၄၁။) ၌ လာရှိသည့်အတိုင်း တင်ပြပေအံ့။

၁။ **ဝိဿဋ္ဌော** = သန့်ရှင်း၏၊

၂။ **ဝိညေယျော** = သိသာလွယ်၏၊

၃။ **မဉ္ဇု** = သာယာ၏၊

၄။ **သဝနီယော** = နာပျော်ဖွယ်ရှိ၏ = နားထောင်ကောင်း၏၊

၅။ **ဗိန္ဒု** = လုံးစည်း၏ = လုံလုံလဲလဲ ရှိ၏၊

၆။ **အဝိသာရီ** = ဖရိုဖရဲ မရှိ = တရားနာပရိသတ်၏ အပြင်ဘက်သို့ မသွား၊

၇။ **ဂမ္ဘီရော** = နက်နဲ၏ = အသံတော် မတိမ် အရှိန်အားကောင်း၏၊

၈။ **နိန္နာဒီ** = ပဲ့တင်ထပ်၏၊ (မ၊၂၊၃၄၀-၃၄၁။)

ဤကား ဘုရားရှင်၏ အသံတော်၌ တည်ရှိသော အင်္ဂါ (၈)ပါးတို့တည်း။

## ကာယဗလ = ကိုယ်တော်အား (၁၀) ပါး

ဘုရားရှင်၏ သန္တာန်တော်၌ ကိုယ်တော်အား (၁၀)ပါး, ဉာဏ်တော်အား (၁၀)ပါး ရှိတော်မူရာ ကိုယ်တော်အား (၁၀)ပါးကို ရှေးဦးစွာ တင်ပြပေအံ့။ ကိုယ်တော်အား (၁၀)ပါးကား ပါဠိတော်များ၌ တိုက်ရိုက်မလာ၊ အဋ္ဌကထာများ၌သာ လာရှိပေသည်။

**ကာလာဝကဉ္စ ဂင်္ဂေယျံ၊ ပဏ္ဍရံ တမ္ဗပိင်္ဂလံ၊**
**ဂန္ဓမင်္ဂလဟေမဉ္စ၊ ဥပေါသထဆဒ္ဒန္တိမေ ဒသ။** (မဋ္ဌ၊၁၊၃၃၁။ . . . )

ဤဂါထာ၌ ကာလာဝကဆင်, ဂင်္ဂေယျဆင်, ပဏ္ဍရဆင်, တမ္ဗဆင်, ပိင်္ဂလဆင်, ဂန္ဓဆင်, မင်္ဂလဆင်, ဟေမဝတဆင်, ဥပေါသထဆင်, ဆဒ္ဒန္တဆင်ဟု ဆင် (၁၀)မျိုးတို့ကို ဖော်ပြထား၏။

၁။ ထိုဆင် (၁၀)မျိုးတို့တွင် ပကတိ ဆင်မည်းမျိုးကို ကာလာဝကဆင်ဟု ခေါ်ဆို၏။ ကာလာဝကဆင် တစ်စီး၏ ကာယဗလစွမ်းအားသည် ယောကျ်ား (၁၀)ယောက်တို့၏ ကာယဗလစွမ်းအား ရှိ၏။

၂။ ကာလာဝကဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် ဂင်္ဂေယျဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

၃။ ဂင်္ဂေယျဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် ပဏ္ဍရဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

၄။ ပဏ္ဍရဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် တမ္ဗဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

၅။ တမ္ဗဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် ပိင်္ဂလဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

၆။ ပိင်္ဂလဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် ဂန္ဓဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

၇။ ဂန္ဓဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် မင်္ဂလဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

၈။ မင်္ဂလဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် ဟေမဝတဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

၉။ ဟေမဝတဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် ဥပေါသထဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

၁၀။ ဥပေါသထဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် ဆဒ္ဒန္တဆင် တစ်စီး၏ ကာယဗလစွမ်းအား ဖြစ်၏။

ဆဒ္ဒန္တဆင် (၁၀)စီးတို့၏ ကာယဗလစွမ်းအားသည် တထာဂတ အမည်ရတော်မူသော ဘုရားတစ်ဆူ၏ ကာယဗလစွမ်းအား ဖြစ်၏။ ထိုဘုရားရှင်၏ ကာယဗလစွမ်းအားသည် ပကတိ ကာလာဝကဆင် အရေအတွက်အားဖြင့် ကုဋေ တစ်ထောင်ကုန်သော ဆင်တို့၏ ကာယဗလစွမ်းအား ဖြစ်၏။ ယောကျ်ားအရေအတွက်အားဖြင့် ကုဋေတစ်သောင်းကုန်သော ယောကျ်ားတို့၏ ကာယဗလစွမ်းအား ဖြစ်၏။ ဤကား တထာဂတ အမည်ရတော်မူသော ဘုရားရှင်၏ **ကာယဗလစွမ်းအား**တည်း။ (မ႒၊၁၊၃၃၁-၃၃၂။)

## ဉာဏ်တော်အား (၁၀) ပါး

၁။ **ဌာနာဌာနကောသလ္လဉာဏ်တော်** = အကြောင်း ဟုတ်သည် မဟုတ်သည်ကို ဟုတ်တိုင်းမှန်စွာ သိသော ဉာဏ်တော်။ [ဥပမာ - ဒိဋ္ဌိသမ္ပန္န (= အရိယမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံသော) ပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသော သင်္ခါရတရားကို နိစ္စအားဖြင့် (သုခအားဖြင့်, အတ္တအားဖြင့်) ကပ်ရောက်နိုင်ရာသော ဤအကြောင်းအရာသည် မရှိဟု သိတော်မူ၏။ ပုထုဇန်သည်ကား တစ်စုံတစ်ခုသော သင်္ခါရတရားကို နိစ္စအားဖြင့် (သုခအားဖြင့်, အတ္တအားဖြင့်) ကပ်ရောက်ရာသော အကြောင်းအရာသည် ရှိ၏ဟု သိတော်မူ၏ - ဤသို့

စသည့် အကြောင်းအရာ ဟုတ်သည် မဟုတ်သည်ကို သိတော်မူသော ဉာဏ်တော်တည်း။ ဝိဘင်းပါဠိတော် (၃၄၈-၃၅၁)တို့၌ အကျယ်ကို ကြည့်ပါ။]

၂။ **အတီတာနာဂတပစ္စုပ္ပန္နာန-ကမ္မသမာဒါနာန-ဝိပါကဉာဏ်တော်** = အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်ကုန်သော ဆောက်တည်ကျင့်သုံးထားအပ်ကုန်သော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးတရားကို (က) အားပေးထောက်ပံ့တတ်သော ဥပတ္ထမ္ဘက အကြောင်းတရားအားဖြင့်, (ခ) တိုက်ရိုက်ဖြစ်စေတတ်သော ဟေတုအကြောင်း (= ဇနကအကြောင်း) တရားအားဖြင့် ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိတော်မူသော ဉာဏ်တော်။ [ဥပမာ - ဆောက်တည် ကျင့်သုံးထားအပ်ကုန်သော အချို့ကုန်သော အကုသိုလ်ကံတို့သည် **ဂတိသမ္ပတ္တိ** (= ကောင်းရာ သုဂတိသို့ ရောက်ရှိနေသဖြင့် ဂတိနှင့် ပြည့်စုံခြင်း), **ဥပဓိသမ္ပတ္တိ** (= ရုပ်ဥပဓိနှင့် ပြည့်စုံနေခြင်း), **ကာလသမ္ပတ္တိ** (= ဘုရားရှင်တို့ ပွင့်ထွန်းတော်မူရာကာလ စသည့် အခါကာလကောင်းနှင့် ပြည့်စုံနေခြင်း), **ပယောဂသမ္ပတ္တိ** (= သမထကုသိုလ် ဝိပဿနာကုသိုလ် မဂ်ကုသိုလ်တို့ကဲ့သို့သော ကုသိုလ်တရားတို့ကို အရှင်အင်္ဂုလိမာလတို့ကဲ့သို့ အောင်အောင်မြင်မြင် ကြိုးစားအားထုတ်ခြင်း လုံ့လပယောဂနှင့် ပြည့်စုံခြင်း) တည်းဟူသော သမ္ပတ္တိ လေးမျိုးတို့က တားမြစ်ထားအပ်ကုန်သည် ဖြစ်၍ အကျိုးမပေးနိုင်ကြကုန်။ အချို့ကုန်သော ဆောက်တည် ကျင့်သုံးထားအပ်ကုန်သော အကုသိုလ်ကံတို့ သည် **ဂတိဝိပတ္တိ** (= မကောင်းသည့် ဒုဂ္ဂတိဘဝသို့ ရောက်ရှိနေခြင်း), **ဥပဓိဝိပတ္တိ** (= ရုပ်ဥပဓိ ပျက်စီး ချို့ယွင်းနေခြင်း), **ကာလဝိပတ္တိ** (= ခေတ်ကောင်း အခါကောင်း မဟုတ်ခြင်း), **ပယောဂဝိပတ္တိ** (= လုံ့လပယောဂ၏ ချို့တဲ့ပျက်စီးနေခြင်း)ဟူသော ဝိပတ္တိတရားတို့ကို အစွဲပြုကာ အကျိုးပေးတတ်ကြကုန်၏ - ဤသို့ စသည်ဖြင့် သိတော်မူသော ဉာဏ်တော်တည်း။ အကျယ်ကို ဝိဘင်းပါဠိတော် (၃၅၁-၃၅၂)၌ ကြည့်ပါ။]

၃။ **သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်တော်** = အလုံးစုံသော အဂတိ ဂတိသို့ (=ထိုထို ဘုံဘဝသို့) ရောက်ကြောင်းဖြစ်သော အကျင့်လမ်းစဉ်ကို ဟုတ်တိုင်းမှန်စွာ သိတော်မူသော ဉာဏ်တော်။ [ဥပမာ - လူအများတို့ ပေါင်းစုကာ

ပါဏာတိပါတအမှုကို လွန်ကျူးရာ၌ အကုသိုလ်စေတနာများစွာတို့တွင် ဤစေတနာကား ငရဲသို့, ဤစေတနာကား တိရစ္ဆာန်ဘုံသို့, ဤစေတနာကား ပြိတ္တာဘုံသို့ ရောက်ကြောင်း ကျင့်စဉ်လမ်းတည်းဟု ဤသို့ သိတော်မူသော ဉာဏ်တော်သည်လည်းကောင်း၊ ကုသိုလ်တရားတို့ကို ပြုစုပျိုးထောင်ရာ၌ ဤကျင့်စဉ်လမ်းကား လူ့ပြည်သို့, ဤကျင့်စဉ်လမ်းကား နတ်ပြည်သို့ ရောက်ကြောင်း ကျင့်စဉ်လမ်းတည်း၊ ဤကျင့်စဉ်လမ်းကား နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ်လမ်းတည်း - ဤသို့ သိတော်မူသော ဉာဏ်တော်သည်လည်းကောင်း သဗ္ဗတ္ထဂါမိနိပဋိပဒါဉာဏ်တော် မည်၏။]

၄။ **အနေကဓာတုနာနာဓာတုလောကဉာဏ်တော်** = များပြားသော ကွဲပြားသော ဓာတ်သဘာဝ အမျိုးမျိုးရှိသော လောကကို သိတော်မူသော ဉာဏ်တော်။ [ဥပမာ - ရုပ်ခန္ဓာ တစ်ပါးသာရှိသော လောက, နာမ်ခန္ဓာ လေးပါးသာရှိသော လောက, ခန္ဓာငါးပါးရှိသော လောက - ဤသို့ စသည်ဖြင့် ခန္ဓာ,အာယတန, ဓာတ်တို့၏ ထူးထွေ ကွဲပြားမှုရှိသော လောကကို သိတော်မူသော ဉာဏ်တော်တည်း။]

၅။ **သတ္တာနံ နာနာဓိမုတ္တိကတာဉာဏ်တော်** = သတ္တဝါတို့၏ အမျိုးမျိုးသော နှလုံးသွင်းဓာတ်ခံ ရှိမှုကို သိသော ဉာဏ်တော်။ [**ဟီနာဓိမုတ္တိကာ** = ယုတ်ညံ့သော နှလုံးသွင်းဓာတ်ခံရှိသော သတ္တဝါ၊ **ပဏီတာဓိမုတ္တိကာ** = မွန်မြတ်သော နှလုံးသွင်းဓာတ်ခံရှိသော သတ္တဝါဟု သတ္တဝါအမျိုးမျိုး ရှိကြ၏။ နှလုံးသွင်းဓာတ်ခံ ယုတ်ညံ့သည့် သတ္တဝါတွေက နှလုံးသွင်းဓာတ်ခံ ယုတ်ညံ့သည့် သတ္တဝါတွေကို, နှလုံးသွင်းဓာတ်ခံ မွန်မြတ်သည့် သတ္တဝါတွေက နှလုံးသွင်းဓာတ်ခံ မွန်မြတ်သည့် သတ္တဝါတွေကို မှီဝဲဆည်းကပ်ကြ၏ - ဤသို့စသည်ဖြင့် သိတော်မူသော ဉာဏ်တော်တည်း။ (အဘိ၊၂၊၃၅၂။)]

၆။ **ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်** = မွန်မြတ်သော သတ္တဝါ, ယုတ်ညံ့သော သတ္တဝါတို့၏ ဣန္ဒြေ အနိမ့်အထက် အနုအရင့်ကို သိတော်မူသော ဉာဏ်တော်။ [ဘုရားရှင်သည် သတ္တဝါတို့၏ အတွင်းအဇ္ဈာသယဓာတ်ခံကို လည်း သိတော်မူ၏။ (အတွင်းအဇ္ဈာသယဓာတ်ဟူသည် လောကသည်

မြေ၏၊ လောကသည် မမြဲ - ဤသို့ စသော အတ္တဝါဒနှင့် စပ်သော အတွင်း အဇ္ဈာသယဓာတ်များတည်း။) ယင်းတို့၌ ကိန်းဝပ်တည်နေသော အနုသယ ဓာတ်ကိုလည်း သိတော်မူ၏။ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာ-ဘိသင်္ခါရ စသည့် စရိုက်အမျိုးမျိုးကိုလည်း သိတော်မူ၏။ ယုတ်ညံ့သော နှလုံးသွင်းဓာတ်ခံ, မွန်မြတ်သော နှလုံးသွင်းဓာတ်ခံဟူသည့် အဓိမုတ္တိကို-လည်း သိတော်မူ၏။ ပညာမျက်စိ၌ ကိလေသာမြူမှုန် နည်းပါးသော သတ္တဝါ, ကိလေသာမြူမှုန် များပြားသော သတ္တဝါ, သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ ဟူသည့် ထက်မြက်သော ဣန္ဒြေရှိသော သတ္တဝါ, နုံ့သော ဣန္ဒြေရှိသော သတ္တဝါ, ကောင်းသော အခြင်းအရာ ရှိသော သတ္တဝါ, မကောင်းသော အခြင်းအရာ ရှိသော သတ္တဝါ, သစ္စာလေးပါးတရားတော်ကို သိလွယ်သော သတ္တဝါ, သိနိုင်ခဲသော သတ္တဝါ, ကျွတ်ထိုက်သော သတ္တဝါ, မကျွတ်ထိုက် သော သတ္တဝါတို့ကို ဟုတ်တိုင်းမှန်စွာ သိတော်မူ၏။] (အဘိ၊၂၊၃၅၃-၃၅၄။)

**သွာကာရာ** = ကောင်းသော အခြင်းအရာရှိသော သတ္တဝါဟူသည် - ကောင်းသောအဇ္ဈာသယ ကောင်းသောစရိုက် ကောင်းသောအဓိမုတ္တိရှိသော, ကိလေသာမြူ နည်းပါးသော, ထက်မြက်သောဣန္ဒြေ ရှိသော သတ္တဝါတည်း။

**ဒွါကာရာ** = မကောင်းသော အခြင်းအရာရှိသော သတ္တဝါဟူသည် - ယုတ်ညံ့သောအာသယ ယုတ်ညံ့သောစရိုက် ယုတ်ညံ့သောအဓိမုတ္တိရှိသော, ကိလေသာမြူမှုန် များပြားသော, နုံ့သောဣန္ဒြေ ရှိသော သတ္တဝါတည်း။
(အဘိ၊၂၊၃၅၅။)

၇။ **ဈာန-ဝိမောက္ခ-သမာဓိ-သမာပတ္တီနံ သံကိလေသ-ဝေါဒါန-ဝုဋ္ဌာန ဉာဏ်တော်** = ဈာန်-ဝိမောက္ခ-သမာဓိ-သမာပတ်တို့၏ ညစ်နွမ်းကြောင်း ဖြူစင်ကြောင်း ထမြောက်ကြောင်းကို သိသော ဉာဏ်တော်။ [ဈာန်လေးပါး၊ ဝိမောက္ခ ရှစ်ပါး၊ သဝိတက္ကသဝိစာရ သမာဓိ + အဝိတက္ကဝိစာရမတ္တ သမာဓိ + အဝိတက္ကအဝိစာရ သမာဓိ ဟူသော သမာဓိသုံးမျိုး၊ ပထမဈာန်သမာပတ် မှသည် နိရောဓသမာပတ်သို့တိုင်အောင်သော အစဉ်အတိုင်း ဝင်စားအပ် သော အနုပုဗ္ဗသမာပတ် ကိုးမျိုးတို့၏ ဆုတ်ယုတ်သော အဖို့ဘာဂရှိသော

တရား, ထူးခြားသော အဖို့ဘာဂရှိသော တရား, ထမြောက်ကြောင်းတရားတို့၌ လိမ္မာကျွမ်းကျင်တော်မူသော ဉာဏ်တော်။]

၈။ **ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တော်** = ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို ဉာဏ်ဖြင့် အစဉ်လျှောက်၍ အောက်မေ့တတ်သော အဘိညာဏ်ဉာဏ်တော်။

၉။ **စုတူပပါတဉာဏ်တော်** = သတ္တဝါတို့၏ စုတိနှင့် ပဋိသန္ဓေကို ထိုးထွင်း သိသော ဉာဏ်တော် = ဒိဗ္ဗစက္ခုဉာဏ်တော် = နတ်မျက်စိကဲ့သို့ အဝေးအနီး ရှိသမျှ အလုံးစုံကို အကုန်အစင် သိမြင်တော်မူသော ဉာဏ်တော်။ [စုတိဆဲ သတ္တဝါ, ပဋိသန္ဓေတည်နေဆဲ သတ္တဝါ, ယုတ်ညံ့သော သတ္တဝါ, မွန်မြတ် သော သတ္တဝါ, အဆင်းလှသော သတ္တဝါ, အဆင်းမလှသော သတ္တဝါ, ကောင်းရာ သုဂတိသို့ လားရောက်သော သတ္တဝါ, မကောင်းသော ဒုဂ္ဂတိ-သို့ လားရောက်သော သတ္တဝါ, ထိုထို ကံအားလျော်စွာ ထိုထို ဘုံဘဝသို့ ကပ်ရောက်သော သတ္တဝါတို့ကို သိတော်မူ မြင်တော်မူသော ဉာဏ်တော်။]

၁၀။ **(အာသဝါနံ ခယာ) အနာသဝ-စေတောဝိမုတ္တိ-ပညာဝိမုတ္တိဉာဏ်တော်** = အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါတရားတို့မှ ကင်းသော အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော, ရာဂမှ လွတ်မြောက်သော အရဟတ္တဖိုလ်-သမာဓိ အရဟတ္တဖိုလ်စိတ်နှင့် ယှဉ်သော, အဝိဇ္ဇာမှ လွတ်မြောက်သော အရဟတ္တဖိုလ်ပညာ(= ဉာဏ်)တော်။

## ဒသဗလဉာဏ်တော်နှင့် သဗ္ဗညုတဉာဏ်တော်

ဒသဗလဉာဏ်တော် (၁၀)ပါးတို့တွင် –

၁။ ပထမဉာဏ်တော်ကား အကြောင်း ဟုတ်သည်, အကြောင်း မဟုတ်-သည်ကိုသာ သိတော်မူ၏။

၂။ ဒုတိယဉာဏ်တော်ကား ကံတို့၏ ထူးထွေကွဲပြားမှု, အကျိုးဝိပါက်တို့၏ ထူးထွေကွဲပြားမှုကိုသာလျှင်,

၃။ တတိယဉာဏ်တော်ကား ကံအပိုင်းအခြားမျှကိုသာလျှင်,

၄။ စတုတ္ထဉာဏ်တော်ကား ဓာတ်သဘာဝတို့၏ ထူးထွေကွဲပြားမှု၏ အကြောင်းတရားမျှကိုသာလျှင်,

၅။ ပဉ္စမဉာဏ်တော်ကား သတ္တဝါတို့၏ အတွင်းအဇ္ဈာသယဓာတ်နှင့် နှလုံးသွင်းမှု (= အဓိမုတ္တိ) မျှကိုသာလျှင်,

၆။ ဆဋ္ဌဉာဏ်တော်ကား ဣန္ဒြေတို့၏ ထက်သည်၏ အဖြစ်, နုံ့သည်၏ အဖြစ်ကိုသာလျှင်,

၇။ သတ္တမဉာဏ်တော်ကား ဈာန်စသည်တို့နှင့်တကွ ယင်းတို့၏ ညစ်နွမ်းမှု စင်ကြယ်မှု ထမြောက်မှုကိုသာလျှင်,

၈။ အဋ္ဌမဉာဏ်တော်ကား ရှေး၌နေခဲ့ဖူးသော ခန္ဓာအစဉ်မျှကိုသာလျှင်,

၉။ နဝမဉာဏ်တော်ကား သတ္တဝါတို့၏ စုတိ ပဋိသန္ဓေမျှကိုသာလျှင်,

၁၀။ ဒသမဉာဏ်တော်ကား သစ္စပရိစ္ဆေဒ (= သစ္စာလေးပါးကို ပိုင်းခြားခြင်း) မျှကိုသာလျှင် –

အသီးအသီး သိတော်မူ၏။

သို့သော် သဗ္ဗညုတဉာဏ်တော်မြတ်သည်ကား ထို (၁၀)ပါးသော ဉာဏ်တို့ဖြင့် သိအပ်သော အကြောင်းအရာကိုလည်း သိတော်မူ၏၊ ထို့ထက် အလွန်လည်း သိတော်မူ၏။ သို့သော် ထိုဉာဏ်တို့၏ ကိစ္စအားလုံးကို မပြုလုပ်နိုင်။ မှန်ပေသည် ထိုသဗ္ဗညုတဉာဏ်တော်သည် ဈာန်ဖြစ်ကာ ဈာန်ဝင်စားဖို့ရန် မစွမ်းနိုင်၊ တန်ခိုးဣဒ္ဓိဖြစ်ကာ တန်ခိုးဖန်ဆင်းဖို့ရန် မစွမ်းနိုင်၊ အရိယမဂ်ဖြစ်ကာ ကိလေသာတို့ကို ကုန်စေဖို့ရန် မစွမ်းနိုင်။ (အဘိ႒၊ ၂၊၄၄၅။)

ဤဒသဗလဉာဏ်တော်များသည် မူလပဏ္ဏာသပါဠိတော် မဟာသီဟနာဒသုတ် (မ၁၊၉၉-၁၀၂။), အဘိဓမ္မာဝိဘင်းပါဠိတော် (အဘိ၊ ၂၊၃၂၉-၃၃၀။ ၃၄၈-၃၅၈။) စသည်တို့၌ လာရှိပေသည်။

❖ ❖ ❖

## နံပါတ် (၃) ဂါထာ

### ပဉ္စ မဟာပရိစ္စာဂ = စွန့်ခြင်းကြီး ငါးပါး

၁။ ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကို စွန့်လွှတ်ခြင်း၊
၂။ အင်္ဂပရိစ္စာဂ = အင်္ဂါကြီးငယ် အသွယ်သွယ်ကို စွန့်လွှတ်ခြင်း၊
၃။ နယနပရိစ္စာဂ = မျက်လုံးတော်ကို စွန့်လွှတ်ခြင်း၊
၄။ ပုတ္တဒါရပရိစ္စာဂ = သားမယားတို့ကို စွန့်လွှတ်ခြင်း၊
၅။ အတ္တပရိစ္စာဂ = ကိုယ်အသက်ကို စွန့်လွှတ်ခြင်း

ဤသို့လျှင် စရိယာပိဋကအဋ္ဌကထာ၌ (စရိယာ၊ဋ္ဌ၊၂၆၃။) စွန့်ခြင်းကြီး ငါးမျိုးတို့ကို ရေတွက်ပြထား၏။

သီလက္ခန္ဓအဋ္ဌကထာ (ဒီ၊ဋ္ဌ၊၁၆၀။) , မူလပဏ္ဏာသအဋ္ဌကထာ (မ၊ဋ္ဌ၊၁၊ ၄၇။) , အင်္ဂုတ္တရအဋ္ဌကထာ (အံ၊ဋ္ဌ၊၁၊၈၀။) **တထာဂတပုဒ်** အဖွင့်တို့၌ –

၁။ အင်္ဂပရိစ္စာဂ = ကိုယ်အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
၂။ နယနပရိစ္စာဂ = မျက်လုံးကို စွန့်ခြင်း၊
၃။ ဓနပရိစ္စာဂ = ဥစ္စာစည်းစိမ်ကို စွန့်ခြင်း၊
၄။ ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကို စွန့်ခြင်း၊
၅။ ပုတ္တဒါရပရိစ္စာဂ = သားမယားတို့ကို စွန့်ခြင်း

ဟူ၍ စွန့်ခြင်းကြီး ငါးပါးကို ဖွင့်ပြတော်မူကြ၏။

မူလပဏ္ဏာသအဋ္ဌကထာ စူဠသီဟနာဒသုတ် (မ၊ဋ္ဌ၊၁၊၃၀၈။) အဖွင့်၌ –

၁။ အင်္ဂပရိစ္စာဂ = ကိုယ်အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
၂။ ပုတ္တဒါရပရိစ္စာဂ = သားမယားတို့ကို စွန့်ခြင်း၊
၃။ ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကို စွန့်ခြင်း၊
၄။ အတ္တပရိစ္စာဂ = မိမိကိုယ်ကို(အသက်ကို) စွန့်ခြင်း၊
၅။ နယနပရိစ္စာဂ = မျက်လုံးကို စွန့်ခြင်း

ဟူ၍ ငါးမျိုး ပြဆိုထားတော်မူ၏။

ဗုဒ္ဓဝင်အဋ္ဌကထာ (ဗုဒ္ဓဝံသ၊ဋ္ဌ၊၁၈။) ၌ —

၁။ အင်္ဂပရိစ္စာဂ = အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
၂။ ဇီဝိတပရိစ္စာဂ = အသက်ကို စွန့်ခြင်း၊
၃။ ဓနပရိစ္စာဂ = ပစ္စည်းဥစ္စာကို စွန့်ခြင်း၊
၄။ ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကို စွန့်ခြင်း၊
၅။ ပုတ္တဒါရပရိစ္စာဂ = သားမယားတို့ကို စွန့်ခြင်း
ဟူ၍ ငါးမျိုး ပြဆိုထားတော်မူ၏။

ကတိုဝုတ်အဋ္ဌကထာ (ကတိုဝုတ္တက၊ဋ္ဌ၊၁၁၁။) ၌ —

၁။ အင်္ဂပရိစ္စာဂ = အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
၂။ အတ္တပရိစ္စာဂ = မိမိကိုယ်ကို စွန့်ခြင်း၊
၃။ ဓနပရိစ္စာဂ = ပစ္စည်းဥစ္စာကို စွန့်ခြင်း၊
၄။ (ပုတ္တ)ဒါရပရိစ္စာဂ = (သား)မယားတို့ကို စွန့်ခြင်း၊
၅။ ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကို စွန့်ခြင်း
ဟူ၍ ငါးမျိုး ပြဆိုထားတော်မူ၏။

ဝေဿန္တရဇာတ်အဋ္ဌကထာ (ဇာတက၊ဋ္ဌ၊၇၊၃၃၃။) ၌ —

၁။ ဓနပရိစ္စာဂ = ပစ္စည်းဥစ္စာကို စွန့်ခြင်း၊
၂။ အင်္ဂပရိစ္စာဂ = အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
၃။ ပုတ္တပရိစ္စာဂ = သားသမီးကို စွန့်ခြင်း၊
၄။ ဘရိယပရိစ္စာဂ = မယားကို စွန့်ခြင်း၊
၅။ ဇီဝိတပရိစ္စာဂ = အသက်ကို စွန့်ခြင်း
ဟူ၍ငါးမျိုး ပြဆိုထားတော်မူ၏။

သုတ်မဟာဝဂ္ဂဋီကာ (ဒီ၊ဋီ၊၂၊၁၉။) မဟာပဒါနသုတ် အဖွင့်၌ –

၁။ အင်္ဂပရိစ္စာဂ = အင်္ဂါကြီးငယ်ကို စွန့်ခြင်း၊
၂။ နယနပရိစ္စာဂ = မျက်လုံးကို စွန့်ခြင်း၊
၃။ အတ္တပရိစ္စာဂ = မိမိကိုယ်ကို (အသက်ကိုပါ) စွန့်ခြင်း၊

၄။ ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကို စွန့်ခြင်း၊
၅။ ပုတ္တဒါရပရိစ္စာဂ = သားမယားတို့ကို စွန့်ခြင်း
ဟူ၍ ငါးမျိုး ပြဆိုထားတော်မူ၏။

ပရမတ္ထမဉ္ဇူသာ အမည်ရှိသော ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ (မဟာဋီ၊၁၊၂၅၉။) ကျမ်း၌ကား –

၁။ အတ္တပရိစ္စာဂ = မိမိကိုယ်ကို (အသက်ကိုပါ) စွန့်ခြင်း၊
၂။ နယနပရိစ္စာဂ = မျက်လုံးကို စွန့်ခြင်း၊
၃။ ဓနပရိစ္စာဂ = ဥစ္စာကို စွန့်ခြင်း၊
၄။ ရဇ္ဇပရိစ္စာဂ = မင်းအဖြစ်ကို စွန့်ခြင်း၊
၅။ ပုတ္တပရိစ္စာဂ = သားသမီးကို စွန့်ခြင်း
ဟူ၍ ငါးမျိုး ပြဆိုထားတော်မူ၏။

ဤကဲ့သို့ အသီးအသီး အမည်တစ်မျိုးစီ အနည်းငယ်မျှ ကွဲပြားကြသော်လည်း သဘောသွားမှာမူ မကွဲပြားပေ။ မှန်၏-ကိုယ်မှ ပြင်ပ ဗာဟိရက ဝတ္ထုများအနက်မှ အပြင်အပအကျဆုံး ပစ္စည်းဥစ္စာကို စွန့်လှူခြင်း **ဓနပရိစ္စာဂ**၊ အသက်တမျှ ချစ်ခင်ကြင်နာအပ်သော သားမယားတို့ကို စွန့်လှူခြင်း **ပုတ္တဒါရပရိစ္စာဂ**၊ ကိုယ်ရေးအတွက် အရေးကြီးလှသော မင်းအဖြစ် (= မင်းစည်းစိမ်)ကို စွန့်လှူခြင်း **ရဇ္ဇပရိစ္စာဂ**ဟူ၍ ပြင်ပဝတ္ထုများအတွက် ပရိစ္စာဂ သုံးပါးထား၍ ဖွင့်ဆိုတော်မူကြသည်။ မိမိခန္ဓာကိုယ်အတွက် အသက်မသေနိုင်သည့် အင်္ဂါကြီးငယ်ကို စွန့်လှူခြင်း **အင်္ဂပရိစ္စာဂ၊** အသက်ကိုပင် အသေခံ၍ စွန့်လှူခြင်းကို အချို့ကျမ်းက **နယနပရိစ္စာဂ**၊ အချို့ကျမ်းက **ဇီဝိတပရိစ္စာဂ**၊ အချို့-ကျမ်းက **အတ္တပရိစ္စာဂ**ဟုပြဆိုခြင်းဖြစ်သည်။ မျက်လုံးကို စွန့်ခြင်း, ကိုယ်ကို စွန့်ခြင်းတို့မှာ အသက်ပင် သေနိုင်သည်ဖြစ်၍ **ဇီဝိတပရိစ္စာဂ** (= အသက်ကို စွန့်ခြင်း)နှင့် သဘောသွား တူလှပေသည်။ ဤသို့ မိမိခန္ဓာကိုယ်အတွက် စွန့်လှူခြင်းကို နှစ်မျိုးထား၍ ဖွင့်ပြတော်မူကြခြင်း ဖြစ်သည်။ အချုပ်အားဖြင့် ပြင်ပဝတ္ထုများအတွက် စွန့်ခြင်းကြီး သုံးမျိုး၊ မိမိခန္ဓာကိုယ်အတွက် အသက် သေနိုင်သည့် စွန့်ခြင်းကြီး, အသက် မသေနိုင်သည့် စွန့်ခြင်းကြီးဟူ၍ နှစ်မျိုး

ဖွင့်ပြတော်မူကြခြင်းသာ ဖြစ်သဖြင့် ကျမ်းဂန်ချင်း ကွဲပြားကုန်ပြီဟု မမှတ်ယူရာ။ (မဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ ပထမပိုင်း၊ အနုဒီပနီ၊ စာမျက်နှာ-ဆော်။)

❖ ❖ ❖

# နံပါတ် (၄) ဂါထာ

## မုနိအမျိုးမျိုး

၁။ အဂါရိယမုနိ = လူဝတ်ကြောင် အရိယသာဝက၊
၂။ အနဂါရိယမုနိ = ရဟန်း အရိယသာဝက၊
၃။ သေက္ခမုနိ = သေက္ခပုဂ္ဂိုလ် (၇)ယောက်၊
၄။ အသေက္ခမုနိ = ရဟန္တာပုဂ္ဂိုလ်၊
၅။ ပစ္စေကမုနိ = ပစ္စေကဗုဒ္ဓဘုရားရှင်၊
၆။ မုနိမုနိ = သမ္မာသမ္ဗုဒ္ဓဘုရားရှင်။ (ဇာ၊ဋ္ဌ၊၁၊၁၂၅။)

အဂါရမုနိ, အနဂါရမုနိ, သေခမုနိ, အသေခမုနိ, ပစ္စေကမုနိ, မုနိမုနိ-ဟု မဟာနိဒ္ဒေသပါဠိတော် (၄၄)၌ မုနိ (၆)မျိုး လာရှိ၏၊ အတူတူပင်တည်း။

## ကိုယ်တော်မှ ထွက်ပေါ်လာသော ရောင်ခြည်တော် (၆) သွယ်

၁။ ဘုရားရှင်၏ ရှေ့ပိုင်း ရူပကာယတော်မှ ရောင်ခြည်တော် (၆)သွယ်တို့သည် ထွက်ပေါ်တော်မူလာကာ အတောင် (၈၀)ခန့် အရပ်သို့ တိုင်အောင် ပျံ့နှံ့ကာ နေရာယူထားကြ၏။

၂။ ဘုရားရှင်၏ အနောက်ပိုင်း ရူပကာယတော်မှ။ပ။

၃။ လက်ျာဘက် ရူပကာယတော်မှ ။ ပ ။

၄။ လက်ဝဲဘက် ရူပကာယတော်မှ ရောင်ခြည်တော် ခြောက်သွယ်တို့သည် ထွက်ပေါ်တော်မူလာကာ အတောင် (၈၀)ခန့် အရပ်သို့ တိုင်အောင် ပျံ့နှံ့ကာ နေရာယူထားကြ၏။

၅။ အထက်ပိုင်း ဆံဖျားတော်မှ စ၍ ဆံလုံးတော်အားလုံးတို့မှ ဥဒေါင်းလည်ဆံရောင် ရှိကြကုန်သော ရောင်ခြည်တော်တို့သည် ထွက်ပေါ်တော်

မူလာကာ ကောင်းကင်ပြင်၌ အတောင်(၈၀)ခန့်အရပ်သို့ တိုင်အောင် ပျံ့နှံ့ကာ နေရာယူထားကြသည်။

၆။ အောက်ခြေဖဝါးတော်အပြင်တို့မှ သန္တာရောင် အဆင်း ရှိကြကုန်သော ရောင်ခြည်တော်တို့သည် ထွက်ပေါ်တော်မူလာကာ တခဲနက် ထူထပ်သော မဟာပထဝီမြေပြင်၌ အတောင် (၈၀)ခန့် အရပ်သို့တိုင်အောင် နေရာယူထား-ကြ၏။ ဤသို့လျှင် ဘုရားရှင်၏ ရူပကာယတော်မှ ဝန်းကျင်ပတ်ချာ အရပ် (၁၀) မျက်နှာ၌ အတောင် (၈၀)ခန့် အရပ်သို့တိုင်အောင် ရောင်ခြည်တော် ခြောက်သွယ်တို့သည် ပြိုးပြိုးပြက် ရိုးရိုးရက် တလက်လက် တောက်ပကာ ပြေးသွားနေကြလေသည်။

ယင်းရောင်ခြည်တော် (၆)သွယ်တို့မှာ –

၁။ **နီလ** = ညိုသော ရောင်ခြည်တော်၊
၂။ **ပီတ** = ရွှေသော ရောင်ခြည်တော်၊
၃။ **လောဟိတ** = နီသော ရောင်ခြည်တော်၊
၄။ **ဩဒါတ** = ဖြူသော ရောင်ခြည်တော်၊
၅။ **မဉ္ဇိဋ္ဌ** = မောင်းသော ရောင်ခြည်တော်၊
၆။ **ပဘဿရ** = ပြိုးပြိုးပြက် တစ်ခဲနက်တောက်ပသော ရောင်ခြည်တော်

ဤသို့လျှင် ရောင်ခြည်တော် (၆)သွယ် ရှိပေသည်။ (ဒီ၊ဋ္ဌ၊၁၊၅၁။ . . )

❖ ❖ ❖

## နံပါတ် (၅) ဂါထာ

### ဥဿယျဓမ္မ = ဥဿယျဓမ်တရား (၅) ပါး

၁။ သင်္ခါရ = စိတ်+စေတသိက်(၅၂)+ရုပ်အစစ် (၁၈)ပါး၊
၂။ ဝိကာရ = ဝိကာရရုပ် (၅)ပါး (= ကာယဝိညတ်+ဝစီဝိညတ်+ လဟုတာ+မုဒုတာ+ကမ္မညတာ)၊

၃။ လက္ခဏာ = လက္ခဏာရုပ် (၄)ပါး (= ဥပစယ+သန္တတိ+ဇရတာ+ အနိစ္စတာ)၊

၄။ နိဗ္ဗာန် = အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်၊

၅။ ပညတ် = ပထဝီကသိုဏ်းပညတ် စသည့် ပညတ်အမျိုးမျိုး –

ဤ (၅)မျိုးကုန်သော တရားတို့ကား သိသင့် သိထိုက်သည့် ဉေယျဓမ္မ (= ဉေယျဓမ်)တရားတို့ ဖြစ်ကြ၏။ ဘုရားရှင်သည် ထိုဉေယျဓမ်တရား (၅)ပါးတို့ကို အကုန်အစင် ထွင်းဖောက် သိမြင်တော်မူပေသည်။ အတိတ် အနာဂတ် ပစ္စုပ္ပန် စသောအားဖြင့် ကွဲပြားကုန်သော ယင်း (၅)မျိုးကုန်သော အလုံးစုံသော တရားတို့ကို အကုန်အစင် သိမြင်တော်မူသောကြောင့် ဘုရားရှင်သည် **သဗ္ဗညု** မည်တော်မူ၏။

## သဗ္ဗညု (၅) မျိုး

တစ်နည်းအားဖြင့် ကမသဗ္ဗညု, သကိံသဗ္ဗညု, သတတသဗ္ဗညု, သတ္တိသဗ္ဗညု, ဉာတသဗ္ဗညုဟု သဗ္ဗညု (၅)မျိုး ရှိ၏။

၁။ **ကမသဗ္ဗညု** = အစဉ်အတိုင်း သိအပ်သော တရားအလုံးစုံကို အစဉ်အတိုင်း သိတတ်သော ဉာဏ်တော်မြတ်သည် **ကမသဗ္ဗညု** မည်၏။

၂။ **သကိံသဗ္ဗညု** = တစ်ခုတည်းသော အာဝဇ္ဇန်းဖြင့် တစ်ခုတည်းသော ဇောဝါရဖြင့် သိသင့်သိထိုက်သော သစ္စာလေးရပ် တရားမြတ်ကို သိတတ်သော အရိယမဂ်ဉာဏ်သည် **သကိံသဗ္ဗညု** မည်၏။

၃။ **သတတသဗ္ဗညု** = စက္ခုဝိညာဏ် စသည်တို့၏ ရူပါရုံစသည့် မြဲသော အာရုံရှိသည်၏ အဖြစ်ကို သိတတ်သော ဉာဏ်တော်မြတ်သည် **သတတ သဗ္ဗညု** မည်၏။

၄။ **သတ္တိသဗ္ဗညု** = တစ်ပြိုက်နက်တည်း အလုံးစုံသော (သစ္စာလေးပါး) တရားကို သိခြင်းငှာ စွမ်းနိုင်သော ဉာဏ်တော်မြတ်သည် ( = အရိယမဂ်-ဉာဏ်သည်) **သတ္တိသဗ္ဗညု** မည်၏။

၅။ **ဉာတသဗ္ဗညု** = အာဝဇ္ဇန်း အကွဲအပြား မရှိဘဲ (= တစ်ခုတည်းသော အာဝဇ္ဇန်းဖြင့်) သိသင့်သိထိုက်သော အလုံးစုံသောတရားကို သိတတ်သော ဉာဏ်တော်မြတ်သည် **ဉာတသဗ္ဗညု** မည်၏။

ထိုငါးမျိုးတို့တွင် သက်ိသဗ္ဗညု, သတ္တိသဗ္ဗညု နှစ်မျိုးတို့ကား အရိယမဂ်ဉာဏ်တို့သာတည်း။ ကြွင်းဉာဏ် (၃)မျိုးတို့ကား သဗ္ဗညုတဉာဏ်တော်မြတ်တို့ ဖြစ်ကြကုန်၏။ (နမက္ကာရဋီကာ၊၄၅-၄၆။)

❖ ❖ ❖

# နံပါတ် (၆) ဂါထာ

## မာရ် (၅) ပါး

၁။ ဒေဝပုတ္တမာရ် = မိုးနတ်သားမာရ် = မာရ်နတ်၊

၂။ ကိလေသမာရ် = ကိလေသာ (၁၀)ပါး၊

၃။ ခန္ဓမာရ် = ခန္ဓာငါးပါး၊

၄။ မစ္စုမာရ် = သေခြင်းတရား၊

၅။ အဘိသင်္ခါရမာရ် = ဘဝသစ်ကို ထူထောင်နိုင်သည့် ကုသိုလ်ကံ အကုသိုလ်ကံ။ (သီ-ဋီ-သစ်၊၁၊၂၂။ ၃၁၄-၃၁၅။)

ထိုမာရ်ငါးမျိုးတို့အနက် ဒေဝပုတ္တမာရ်ဟု ခေါ်ဆိုအပ်သော မာရ်နတ်သားသည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်နှင့် ဘုရားရှင်၏ တပည့်သာဝကများကို အနှောင့်အယှက်ပေးသူဖြစ်၍ သာသနာ့လောက ဗုဒ္ဓစာပေ၌ ထင်ရှားသည်။ သို့သော် - မာရ်နတ်သည် ဝသဝတ္တီနတ်ပြည်တစ်ထပ်ကိုပင် အုပ်ချုပ်ရသော နတ်ဘုရင်ကြီးကား မဟုတ်၊ ဝသဝတ္တီနတ်ပြည်၌ ထောင့်တစ်ထောင့်ဝယ် သူပုန်ဗိုလ် နတ်ဆိုးကြီးတစ်ယောက်အဖြစ်ဖြင့်သာ နေထိုင်နေရသူ ဖြစ်သည်။ (ဝိ၊ဋ္ဌ၊၁၊၉၈။)

## မာရ်နတ်၏ လှည့်စားကွက်တစ်ခု

တစ်ချိန်က မာရ်နတ်သည် ဘုရားအယောင် ဖန်ဆင်းကာ သူရမ္ဗဋ္ဌကို လှည့်စားခဲ့ဖူးသည်။ ထိုအချိန်က သူရမ္ဗဋ္ဌသည် ဘုရားကျောင်းတော်သို့ သွားကာ တရားနာယူရသဖြင့် သောတာပန်တည်ပြီးနောက် အိမ်သို့ ပြန်ရောက်လာခါစ ဖြစ်၏။ မာရ်နတ်သည် လက္ခဏာတော်ကြီး (၃၂)ပါးနှင့် ပြည့်စုံသော ဘုရားရှင်အယောင် ဖန်ဆင်းကာ သူရမ္ဗဋ္ဌ၏ အိမ်ပေါက်သို့ လာရပ်ပြီးလျှင် သူရမ္ဗဋ္ဌထံသို့ သတင်းပို့လိုက်၏။ သူရမ္ဗဋ္ဌက ဘုရားရှင်အစစ် မှတ်ပြီး အရိုအသေပြုကာ ရှိခိုးဦးချလေသည်။ မာရ်နတ်က သူရမ္ဗဋ္ဌအား တရားမှား ပြင်လို၍ လာခဲ့ကြောင်းကို စကားပလ္လင်ခံပြီးလျှင် – "ခုနက တရားပွဲမှာ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် (= ခန္ဓာငါးပါး)သည် အနိစ္စဟု မဆင်မခြင် မှားယွင်းဟောမိခဲ့ကြောင်း, အမှန်မှာ ခန္ဓာငါးပါးသည် နိစ္စသာ ဖြစ်ကြောင်း" ပြင်ဆင် ဟောကြားလေသည်။

သူရမ္ဗဋ္ဌသည် ချက်ချင်း အမှန်ကို သိရှိခွင့် ရရှိသွား၏။ ဘုရားရှင်တို့အဖို့ မဆင်မခြင် တရားဟောခြင်းမည်သည် မဖြစ်နိုင်၊ ဤသူကား ဘုရားရှင်အစစ် မဟုတ်၊ ဘုရားရှင်အယောင်ဆောင်ထားသည့် မာရ်နတ်သာ ဖြစ်သည်ဟု ချက်ချင်း အမှန်ကို သိသွားလေသည်။ (ခန္ဓာငါးပါးတို့သည် အနိစ္စ ဒုက္ခ အနတ္တသာ ဖြစ်ကြောင်းကို သူကိုယ်တိုင် ဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ထိုးထွင်းသိပြီးဖြစ်သောကြောင့် ထိုသို့ အမှန်ကို သိရှိခြင်း ဖြစ်၏။) ထို့နောက် "သင် မာရ်နတ် မဟုတ်လော"ဟု သူရမ္ဗဋ္ဌက မေးမြန်း၏။ မာရ်နတ်လည်း ဆက်လက် မလိမ်ညာရဲတော့ပေ။ ယုံကြည်မှု သဒ္ဓါတရား လှုပ်ရှားအောင် လာရောက်နှောင့်ယှက်ခြင်းဖြစ်ကြောင်းကို မာရ်နတ်က ဝန်ခံလေသည်။ သူရမ္ဗဋ္ဌက " သင်ကဲ့သို့သော မာရ်နတ်မျိုး ရာထောင်သောင်းသိန်း လာရောက် နှောင့်ယှက်သော်လည်း ငါ၏ သဒ္ဓါတရားကို လှုပ်ရှားစေနိုင်မည် မဟုတ်ကြောင်း" ပြောကြားလိုက်လေသည်။ (ဒီ၊ဋ္ဌ၊၁၊၄၈။)

မာရ်နတ်နှင့်တကွ မာရ်နတ်၏ အသင်းအပင်းတို့က ပုံစံအမျိုးမျိုးဖြင့် ထိုကဲ့သို့ လာရောက် နှောင့်ယှက်တတ်သည်ကို သတိပြုလေရာသည်။

# နံပါတ် (၇) ဂါထာ

## သီလ – ချပ်ဝတ်တန်ဆာ

ဘုရားရှင်၏သီလတော်ကား လောကုတ္တရာသီလသာတည်း။ ယင်းသီလသည် စေတနာသီလ, စေတသိကသီလ, သံဝရသီလ, အဝီတိက္ကမသီလဟု (၄)မျိုး ပြား၏။ (ပဋိသံ၊၄၁။)

၁။ **စေတနာသီလ** = ပါဏာတိပါတစသည်မှ ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း, ကျင့်ဝတ် ပဋိပတ်အမျိုးမျိုးကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်၏ သန္တာန်၌လည်းကောင်း ဖြစ်ပေါ်လာသော စေတနာသည် **စေတနာသီလ** မည်၏။

၂။ **စေတသိကသီလ** = ပါဏာတိပါတစသည့် ဒုစရိုက်တို့မှ ရှောင်ကြဉ်သော, မိစ္ဆာအာဇီဝ (= မှားယွင်းသည့် အသက်မွေးမှု)မှလည်း ရှောင်ကြဉ်-သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝဟူသော ဝိရတီစေတသိက်သုံးမျိုး (= ရှောင်ကြဉ်မှုသုံးမျိုး)သည် **စေတသိကသီလ** မည်၏။

**တစ်နည်း** - ပါဏာတိပါတ စသည့် ကာယဒုစရိုက် သုံးပါး, မုသာဝါဒ စသည့် ဝစီဒုစရိုက် လေးပါးတို့ကို ပယ်စွန့်သော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်ပေါ်လာသော (၇)မျိုးသော ကမ္မပထစေတနာသည် **စေတနာသီလ** မည်၏။ "လောက၌ အဘိဇ္ဈာတရားကို ပယ်စွန့်ကာ အဘိဇ္ဈာကင်းသော စိတ်ဓာတ်ဖြင့် နေထိုင်၏။" (ဒီ၊၁၆၇။) – ဤသို့ စသော နည်းဖြင့် ဟောကြားထားတော်မူအပ်ကုန်သော အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိ (= အလောဘ, အဒေါသ, အမောဟ) တရားတို့သည် **စေတသိကသီလ** မည်၏။

၃။ **သံဝရသီလ** = ပါတိမောက္ခသံဝရ, သတိသံဝရ, ဉာဏသံဝရ, ခန္တိသံဝရ, ဝီရိယသံဝရဟူသော သံဝရ ငါးမျိုးသည် **သံဝရသီလ** မည်၏။

ပါတိမောက်၌ လာရှိသော သိက္ခာပုဒ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် **ပါတိမောက္ခသံဝရ** မည်၏။

စက္ခုန္ဒြေ သောတိန္ဒြေ ဃာနိန္ဒြေ ဇိဝှိန္ဒြေ ကာယိန္ဒြေ မနိန္ဒြေ ဟူသော ဣန္ဒြေ (၆)မျိုး၌ စောင့်စည်းခြင်း (= ဣန္ဒြိယသံဝရ) သီလသည် **သတိသံဝရ** မည်၏။

**ယာနိ သောတာနိ လောကသ္မိံ၊**
**သတိ တေသံ နိဝါရဏံ။**
**သောတာနံ သံဝရံ ဗြူမိ၊**
**ပညာယေတေ ပိဓီယရေ။** (ခု၊၁၊၄၃၄။)

"အဇိတ . . . လောက၌ စီးသွားကုန်သော တဏှာအယဉ်တို့ကို ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော အောက်မေ့မှု "သတိ"သည် တားမြစ်ပိတ်ပင်နိုင်၏။ တဏှာအယဉ်ကို စောင့်စည်းပိတ်ဆို့နိုင်သော တရားတို့ကို ငါဘုရား ဟောကြားတော်မူပေအံ့။ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့၌ အနိစ္စ ဒုက္ခ အနတ္တ သဘာဝကို ထိုးထွင်းသိမြင်ခြင်းကို ပြီးစီးစေတတ်သော မဂ်ပညာက ထိုတဏှာအယဉ်တို့ကို စောင့်စည်း ပိတ်ဆို့နိုင်၏" (ခု၊၁၊၄၃၄။)- ဤသို့ ဟောကြားထားတော်မူအပ်သော ဝိပဿနာပညာ မဂ်ပညာသည် **ဉာဏသံဝရ** မည်၏။

အအေးဒဏ်ကို သည်းခံနိုင်ခြင်း, အပူဒဏ်ကို သည်းခံနိုင်ခြင်း စသည့် သည်းခံနိုင်မှုသည် **ခန္တိသံဝရ** မည်၏။

ဖြစ်ပေါ်လာတိုင်းသော ကာမဝိတက်ကို ဗျာပါဒဝိတက်ကို ဝိဟိံသာဝိတက်ကို လက်မခံ ပယ်စွန့်၏ - ဤသို့ စသည်ဖြင့် ဟောကြားထားတော်မူအပ်သော အကုသလဝိတက်တို့ကို လက်မခံဘဲ တွန်းလှန်ပယ်ရှားဖို့ရန် လုံ့လကြိုးကုတ်အားထုတ်မှုသည် **ဝီရိယသံဝရ** မည်၏။ အာဇီဝပါရိသုဒ္ဓိသီလသည်လည်း ဤဝီရိယသံဝရ၌ပင် အကျုံးဝင်၏။

ဤငါးမျိုးကုန်သော သံဝရသည်လည်းကောင်း, မကောင်းမှု အကုသိုလ်ကို ကြောက်ရွံ့ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့၏ သန္တာန်၌ လွန်ကျူးဖွယ်ဝတ္ထု ဆိုက်ရောက်လာသောအခါ မလွန်ကျူးဘဲ ထိုလွန်ကျူးဖွယ်ဝတ္ထုမှ ရှောင်ကြဉ်မှု ဝိရတီသည်လည်းကောင်း - ဤအလုံးစုံသည် **သံဝရသီလ** မည်၏။

၄။ **အဝီတိက္ကမသီလ =** ဆောက်တည်ကျင့်သုံးထားအပ်သော သီလရှိသော ပုဂ္ဂိုလ်၏ ကိုယ်နှုတ်ကို မှီ၍ ဖြစ်သော သီလကို မလွန်ကျူးမှုသဘောသည် **အဝီတိက္ကမသီလ** မည်၏။ (ပဋိသံ၊၄၁၊၂၀၁-၂၀၂။ သုတ္တနိပါတ၊၄၂၊၃၀၁။)

ဤဂါထာ၌ကား သီလအရ ဘုရားရှင်၏ သန္တာန်တော်၌ တည်ရှိတော်မူသော လောကုတ္တရာသီလကိုသာ ရည်ညွှန်းထားသဖြင့် အဝီတိက္ကမသီလ (= သိက္ခာပုဒ်ကို မလွန်ကျူးကြောင်း အဝီတိက္ကမသီလ)ကို အလိုမရှိအပ်ပေ။ အဘယ့်ကြောင့်နည်း? ဘုရားရှင်၏ သန္တာန်တော်၌ ကောင်းစွာ ဆောက်တည်ကျင့်သုံးထားအပ်သော သိက္ခာပုဒ်တော်၏ မရှိခြင်းကြောင့်ပင်တည်း။ ဘုရားရှင်တို့အား လိုက်နာဖွယ် ဆောက်တည်ကျင့်သုံးဖွယ် သိက္ခာပုဒ်မည်သည် မရှိပေ။ သီလကို ပျက်ပြားစေတတ်သည့် အကုသိုလ်တရားတို့ကို ဝါသနာအငွေ့ခိုးတက္ကတကွ အကြွင်းမဲ့ ပယ်ရှားထားပြီး ဖြစ်သောကြောင့်တည်း။

## အဘိညာဉ် (၆) ပါး

ထူးထူးခြားခြား သိတတ်သော ဉာဏ်တော်ကို အဘိညာဉ်ဟု ခေါ်ဆို၏။ ထိုအဘိညာဉ်သည် (၆)မျိုး ရှိ၏။

၁။ **ဣဒ္ဓိဝိဓအဘိညာဉ် =** တစ်ယောက်တည်းဖြစ်လျက် အများဖြစ်ခြင်း စသည်ဖြင့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းတတ်သော အဘိညာဉ်သည် ဣဒ္ဓိဝိဓ အဘိညာဉ် မည်၏။ မြေလျှိုးမိုးပျံခြင်း စသည့် တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းခြင်း စသည်ကား ဤအဘိညာဉ်၏ သတ္တိများပင်တည်း။

၂။ **ဒိဗ္ဗသောတအဘိညာဉ် =** နတ်နားကဲ့သို့ အဝေး အနီး စသည့် ရှိရှိသမျှ အသံအားလုံးကို အလိုရှိက ကြားသိနိုင်သော အဘိညာဉ်သည် ဒိဗ္ဗသောတ အဘိညာဉ် မည်၏။

၃။ **ပရစိတ္တဝိဇာနနအဘိညာဉ် =** သူတစ်ပါး၏စိတ်ကို မိမိ၏စိတ်ဖြင့် ထိုးထွင်းသိမြင်နိုင်သော အဘိညာဉ်သည် ပရစိတ္တဝိဇာနနအဘိညာဉ် မည်၏။

၄။ **ပုဗ္ဗေနိဝါသာနုဿတိအဘိညာဏ် =** ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို (= လောကုတ္တရာတရားများ ပါဝင်သည့် ခန္ဓာ, လောကုတ္တရာတရားများ မပါဝင်သည့် ဥပါဒါနက္ခန္ဓာအစဉ်တို့ကို) ဉာဏ်ဖြင့် အစဉ်လျှောက်ကာ အောက်မေ့နိုင် အမှတ်ရနိုင် သိနိုင်သော အဘိညာဏ်သည် **ပုဗ္ဗေနိဝါသာ-နုဿတိအဘိညာဏ်** မည်၏။ ဘုရားရှင်၏ ယင်း ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဏ်ဉာဏ်တော်မြတ်သည် —

(က) လောကုတ္တရာတရားများ ပါဝင်သည့် ခန္ဓာတို့ကိုလည်း အောက်မေ့နိုင် အမှတ်ရနိုင် ထိုးထွင်းသိနိုင်၏။ ဥပမာ - ဒီပင်္ကရာဘုရားရှင်၏ သန္တာန်၌ တည်ရှိခဲ့သော လောကုတ္တရာတရားများ ပါဝင်သည့် ခန္ဓာ-တို့ကို ထိုးထွင်းသိမြင်သော အဘိညာဏ်ဉာဏ်တည်း။

(ခ) လောကုတ္တရာတရားများ မပါဝင်သည့် ဥပါဒါနက္ခန္ဓာတို့ကိုလည်း အောက်မေ့နိုင် အမှတ်ရနိုင် ထိုးထွင်းသိနိုင်၏။ ဥပမာ - ဒီပင်္ကရာ ဘုရားရှင်၏ ခြေတော်ရင်း၌ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းနေတော်မူသော သုမေဓာရှင်ရသေ့၏ သန္တာန်၌ တည်ရှိခဲ့သော ဥပါဒါနက္ခန္ဓာ (၅)ပါးတို့ကို ထိုးထွင်းသိသော အဘိညာဏ်တည်း။

(ဂ) ခန္ဓပဋိဗဒ္ဓ = ခန္ဓာနှင့် ဆက်စပ်နေသည့် ရုပ်အဆင်း, စားသုံးခဲ့ရသည့် အာဟာရ, ခံစားခဲ့ရသည့် သုခဒုက္ခ အဝဝစသည့် အာရုံတို့ကိုလည်း ထိုးထွင်းသိပေသည်။

(ဃ) ပဏ္ဏတ္တိ = ယင်းအတိတ်ခန္ဓာတို့နှင့် ဆက်စပ်နေသည့် အမည် အမျိုး အနွယ် ပညတ်အမျိုးမျိုးကိုလည်း ထိုးထွင်းသိပေသည်။

(သံ၊၄၊၂၊၂၆၆။)

၅။ **စုတူပပါတဉာဏ် =** သတ္တဝါတို့၏ စုတိနှင့် ပဋိသန္ဓေကို ထိုးထွင်း သိတော်မူသော ဉာဏ်တော်တည်း။ ယင်း စုတူပပါတဉာဏ်သည် ဒိဗ္ဗစက္ခု အဘိညာဏ် (=နတ်မျက်စိကဲ့သို့ အဝေးအနီး ရှိသမျှ အလုံးစုံ အာရုံအမျိုးမျိုး ကို သိသော အဘိညာဏ်)၏ ဂိုဏ်းခွဲတစ်ခု အစိတ်အပိုင်းတစ်ခုဖြစ်သော ဉာဏ်တည်း။ ယင်း ဒိဗ္ဗစက္ခုအဘိညာဏ်သည် စုတိဆဲ သတ္တဝါ, ပဋိသန္ဓေ

တည်နေဆဲ သတ္တဝါ, အဆင်းလှသော သတ္တဝါ, အဆင်းမလှသော သတ္တဝါ, ကောင်းရာသုဂတိသို့ ရောက်ရှိသွားသော သတ္တဝါ, မကောင်းသည့် ဒုဂ္ဂတိဘုံဘဝသို့ ရောက်ရှိသွားသော သတ္တဝါ, မိမိတို့ ပြုစုပျိုးထောင်ခဲ့သော ကံအားလျော်စွာ ထိုထိုဘုံဘဝသို့ လားရောက်ကြရသော သတ္တဝါတို့ကို မြင်တော်မူ သိတော်မူပေသည်။ သတ္တဝါတို့၏ အနာဂတ်ကို လှမ်းမျှော်သိသော အနာဂတံသဉာဏ်တော်သည်လည်း ယင်းဒိဗ္ဗစက္ခုအဘိညာဏ်၏ ဂိုဏ်းခွဲ အစိတ်အပိုင်းတစ်ခုပင် ဖြစ်ပေသည်။

၆။ **အာသဝက္ခယဉာဏ်** = အာသဝေါတရားတို့ကို ကုန်စေတတ်သော သစ္စာလေးပါးကို ထိုးထွင်းသိတတ်သော အထူးသဖြင့် လောကုတ္တရာ နိရောဓသစ္စာဖြစ်သော မဟာအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို တိုက်ရိုက်အာရုံပြုကာ ထွင်းဖောက်သိမြင်နေသော အရဟတ္တမဂ်ဉာဏ်သည် အာသဝက္ခယဉာဏ် မည်၏။ အရဟတ္တမဂ်ဉာဏ်သည် အသင်္ခတဓာတ် (= နိရောဓသစ္စာ) နိဗ္ဗာန်တရားတော်မြတ်ကို အာရမ္မဏပဋိဝေဓသဘောအားဖြင့် အာရုံမျက်မှောက်ပြုကာ ထွင်းဖောက်သိမြင်သောအခါ ယင်း သန္တိသုခလက္ခဏာရှိသော အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်၏ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကြီးကို ဆက်ခံရရှိသော အရဟတ္တမဂ်ဉာဏ်သည် ရှေးရှေးမဂ်ဉာဏ်တို့ မပယ်သတ်ရသေးသည့် ကြွင်းကျန်နေသည့် ကိလေသာ အာသဝေါတရား ဟူသမျှတို့ကို **ဝါသနာအငွေ့ဓာတ်နှင့်တကွ** အကုန်အစင် ပယ်သတ်တော်မူလေသည်။ ယင်းသို့ ကိလေသာ အာသဝေါတို့ကို ကုန်ခန်းစေတတ်သောကြောင့် ယင်း အရဟတ္တမဂ်ဉာဏ်ကို အာသဝက္ခယဉာဏ်ဟုလည်း ခေါ်ဆိုပေသည်။ တစ်ဖန် ယင်းအရဟတ္တမဂ်ဉာဏ်သည် သစ္စာလေးပါးကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟ (= အဝိဇ္ဇာ)ကိုလည်း တစ်ပါတည်း ပယ်သတ်တော်မူသဖြင့် မသိမှု အဝိဇ္ဇာပျောက်ကာ သိမှု ဝိဇ္ဇာဉာဏ် ပေါ်ပေါက်လာပေသည်။ ယင်းသို့ မောဟကို ပယ်သတ်သောအားဖြင့် သိမှုကို အသမ္မောဟပဋိဝေဓဟု ခေါ်ဆိုပေသည်။ ထိုကြောင့် ယင်း အရဟတ္တမဂ်ဉာဏ်သည် အသင်္ခတဓာတ် နိရောဓသစ္စာတရားတော်မြတ်ကို အာရမ္မဏပဋိဝေဓသဘောအားဖြင့်, ဒုက္ခသစ္စာ

သမုဒယသစ္စာ မဂ္ဂသစ္စာတို့ကို အသမ္မောဟပဋိဝေဓသဘောအားဖြင့် ထိုးထွင်းသိ၏ဟု ဆိုပေသည်။ ယင်း အသမ္မောဟပဋိဝေဓအားဖြင့် သစ္စာကို သိမှုကိုပင် ကိစ္စသိဒ္ဓိအားဖြင့် သိ၏ဟုလည်း ဆိုပေသည်။ ဤသို့လျှင် အရဟတ္တမဂ်ဉာဏ်သည် သစ္စာလေးပါးကို သိသော ဉာဏ် ဖြစ်ပေသည်။

**အပရဘာဂေ တီသု ကိစ္စတော ပဋိဝေဓော ဟောတိ၊ နိရောဓေ အာရမ္မဏပဋိဝေဓော။** (အဘိ၊ဋ္ဌ၊၂၊၁၀၉။)

ဘုရားရှင်သည် ဤအဘိညာဏ် (၆)မျိုးဟူသော ထူးကဲမြင့်မြတ်သော အဘိညာဏ်တန်ခိုးကြဒ္ဓိပါဒ်နှင့် ပြည့်စုံတော်မူပေသည်။

❖ ❖ ❖

## နံပါတ် (၈) ဂါထာ

### ပါရမီ (၁၀) ပါး, အပြား (၃၀)

**ဒါနံ သီလဉ္စ နေက္ခမ္မံ၊ ပညာ ဝီရိယေန ပဉ္စမံ။**
**ခန္တီ သစ္စမဓိဋ္ဌာနံ၊ မေတ္တုပေက္ခာတိ တေ ဒသ။**

(ဗုဒ္ဓဝံသ၊စာပိုဒ်-၇၆။ စရိယာပိဋကဋ္ဌ၊၂၇၀။)

ဒါနပါရမီ၊ သီလပါရမီ၊ နေက္ခမ္မပါရမီ၊ ပညာပါရမီ၊ ဝီရိယပါရမီ၊ ခန္တီပါရမီ၊ သစ္စာပါရမီ၊ အဓိဋ္ဌာနပါရမီ၊ မေတ္တာပါရမီ၊ ဥပေက္ခာပါရမီဟု ပါရမီ (၁၀)ပါး ရှိပေသည်။

၁။ **ဒါနပါရမီ** = မဟာကရုဏာနှင့် (အကြောင်းဥပါယ်တံမျဉ်၌ လိမ္မာကျွမ်းကျင်သော) ဥပါယကောသလ္လဉာဏ် အခြေခံပါရှိသည့် မိမိကိုယ်ပိုင် ပစ္စည်းများကို သူတစ်ပါးအား စွန့်ကြဲပေးကမ်းလှူဒါန်းကြောင်း ဖြစ်သော စေတနာသည် ဒါနပါရမီ မည်၏။

၂။ **သီလပါရမီ** = မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံ ပါရှိသည့် ကာယသုစရိုက် ဝစီသုစရိုက်တရားများသည် (= ပရမတ္ထတရားကိုယ်

အနက်သဘောအားဖြင့်ဆိုရမူ မပြုသင့်သော ဒုစရိုက်မှုတို့မှ ရှောင်ကြဉ်-သည့် ဝိရတီစေတသိက်များနှင့် ပြုသင့်ပြုထိုက်သည့် ဝတ်ကြီးဝတ်ငယ် စသည်ကို ပြုလုပ်ကြောင်းဖြစ်သည့် စေတနာ အစရှိသော တရားများသည်) သီလပါရမီ မည်၏။

၃။ **နေက္ခမ္မပါရမီ** = မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိ၍ ဝတ္ထုကာမ ကိလေသာကာမ ထိုထိုဘဝတို့၌ အပြစ်ကို မြင်သောဉာဏ် ရှေ့သွားရှိလျက် ထိုကာမနှင့် ဘဝတို့မှ လွတ်မြောက်လိုသည့် စိတ်စေတသိက် တရားစု, ယင်းကဲ့သို့သော ဦးတည်ချက်ဖြင့် ရသေ့ရဟန်း ပြုလိုသော ပြုနေသော စိတ်စေတသိက် တရားစုသည် နေက္ခမ္မပါရမီ မည်၏။

၄။ **ပညာပါရမီ** = မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိလျက် ထိုထိုတရားတို့၏ (= ထိုထို ဒုက္ခသစ္စာတရား သမုဒယသစ္စာ တရားတို့၏) သာမညလက္ခဏာ ဝိသေသလက္ခဏာတို့ကို ထိုးထိုးထွင်းထွင်း သိတတ်သော ပညာစေတသိက်သည် ပညာပါရမီ မည်၏။

၅။ **ဝီရိယပါရမီ** = မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိလျက် ကိုယ်ရောစိတ်ပါ သူတစ်ပါးတို့ အကျိုးဖြစ်ကြောင်း စီးပွားကောင်း တို့ကို အားထုတ်ခြင်း ဝီရိယသည် ဝီရိယပါရမီ မည်၏။

၆။ **ခန္တီပါရမီ** = မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိလျက် သတ္တဝါသင်္ခါရတို့၏ အပြစ်များကို သည်းခံခြင်းသည် (= ပရမတ္ထ တရားကိုယ်အားဖြင့် သည်းခံသော အခြင်းအရာအားဖြင့် ဖြစ်သည့် အဒေါသ ရှေ့ဆောင်သည့် စိတ်စေတသိက် တရားအစုသည်) ခန္တီပါရမီ မည်၏။

၇။ **သစ္စာပါရမီ** = မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိသည့် မိမိ၏ ဝန်ခံကြံစည်ချက်ကို မချွတ်မယွင်းစေခြင်းသဘောသည် သစ္စာပါရမီ မည်၏။ (ဤသစ္စာပါရမီအရ - ဝီရိယစေတသိက်, စေတနာ-စေတသိက်, ပညာစေတသိက်တို့ကို အရာအားလျော်စွာ တရားကိုယ် ကောက်ယူရသည်။)

၈။ **အဓိဋ္ဌာနပါရမီ =** မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိသည့် မတုန်မလှုပ် ကုသိုလ်မှုတို့ကို ဆောက်တည်ခြင်းသည် (= ထိုသို့ဆောက်တည်သော အခြင်းအရာအားဖြင့် ဖြစ်သော စိတ်စေတသိက်တရားစုသည်) အဓိဋ္ဌာနပါရမီ မည်၏။

၉။ **မေတ္တာပါရမီ =** မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိလျက် သတ္တလောက၏ စီးပွားချမ်းသာကို ရွက်ဆောင်တတ်သောတရားကိုယ်အားဖြင့် အဗျာပါဒ အမည်ရသည့် အဒေါသစေတသိက်သည် မေတ္တာပါရမီ မည်၏။ အထူးသဖြင့် - မေတ္တာစျာန်ကို ဝင်စားနိုင်သဖြင့် ထိုမေတ္တာစျာန်နာမ်တရားတို့တွင် ပါဝင်တည်ရှိသော အဒေါသစေတသိက်ကို ရည်ညွှန်းထားပေသည်။

၁၀။ **ဥပေက္ခာပါရမီ =** မဟာကရုဏာနှင့် ဥပါယကောသလ္လဉာဏ် အခြေခံပါရှိ၍ အလိုရှိအပ်သည့် သတ္တဝါသင်္ခါရ, အလိုမရှိအပ်သည့် သတ္တဝါသင်္ခါရတို့၌ ချစ်ခြင်း မုန်းခြင်းကို ပယ်ဖျောက်လျက် အညီအမျှ ဖြစ်ခြင်းသည် (= ထိုအခြင်းအရာအားဖြင့် ဖြစ်သော တတြမဇ္ဈတ္တတာ စေတသိက်သည်) ဥပေက္ခာပါရမီ မည်၏။

အထူးအားဖြင့် အလိုရှိအပ် မရှိအပ်သည့် သတ္တဝါတို့၌ ချစ်ခြင်း မုန်းခြင်းကို ပယ်ဖျောက်လျက် စိတ်ကို အညီအမျှ လျစ်လျူသဘော၌ ထားနိုင်သော ဗြဟ္မစိုရ်တရားလေးပါးတို့တွင်ပါဝင်သော ဥပေက္ခာဗြဟ္မဝိဟာရစျာန်နှင့်ယှဉ်သော တတြမဇ္ဈတ္တတာ စေတသိက်ကိုလည်းကောင်း, ဝိပဿနာပိုင်းတွင်လည်း ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာ၌ ကောင်းစွာတည်သော, ယင်းသင်္ခါရတရားတို့ အပေါ်၌ ကြောင့်ကြမှု တောင့်တမှုမရှိဘဲ ကြောင့်ကြပြေ၍ တောင့်တပြေ၍ နေသာထိုင်သာ ရှိသော သင်္ခါရုပေက္ခာဉာဏ်နှင့် ယှဉ်သော တတြမဇ္ဈတ္တတာ စေတသိက်ကိုလည်းကောင်း ရည်ညွှန်းထားပေသည်။

## မဟာကရုဏာတော်

မဟာကရုဏာဟူသည်မှာ ဘုရားအလောင်းဖြစ်လိုသော အမျိုးကောင်းသားသည် မျက်မှောက်မျက်ကွယ် ရင်းရင်းဖျားဖျား ရှိရှိသမျှ သတ္တဝါများ အပေါ်၌ ရင်မှ ပေါက်ဖွားသည့် သားသမီးများကဲ့သို့ ကြင်နာသနားခြင်း ပြင်းထန်စွာ ဖြစ်ပွားနိုင်ရသည်။ မိတ်ဆွေ ရန်သူဟူ၍ မခွဲခြားဘဲ ရှိရှိသမျှ သတ္တဝါအများကို ရာဂမီး ဒေါသမီး မောဟမီး ဇာတိမီး ဇရာမီး မရဏမီး သောကမီး ပရိဒေဝမီး ဒုက္ခမီး ဒေါမနဿမီး ဥပါယာသမီးတို့ တညီးညီး တပြောင်ပြောင် အတောက်လောင်ခံနေရသည့် သံသရာ့ဒုက္ခိတသတ္တဝါတွေ အဖြစ် ဆင်ခြင်စဉ်းစား၍ သနားခြင်း ပြင်းစွာ ဖြစ်ရာ၏၊ ယင်းဒုက္ခမှ ကယ်တင်လိုသော ဆန္ဒဓာတ်ကို အရင်းခံကာ ပါရမီဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူလေသည်။

## ဥပါယကောသလ္လဉာဏ်

ဥပါယကောသလ္လဉာဏ်ဟူသည်ကား မိမိ ပြုကျင့်ဆည်းပူးအပ်သော ဒါနမှု သီလမှု စသည့် ပါရမီကျင့်စဉ်တို့အတွက် သဗ္ဗညုတဉာဏ်၏ ဥပနိဿယအဆောက်အဦ အထောက်အပံ့ပစ္စည်းအကြောင်းတရားဖြစ်ဖို့ရန် လိမ္မာကျွမ်းကျင်သော အသိဉာဏ်ပညာတည်း။ ဘုရားအလောင်းဖြစ်လိုသော အမျိုးကောင်းသားသည် မိမိ ပြုအပ်သမျှသော ဒါနမှု သီလမှု စသည်တို့အတွက် သဗ္ဗညုတဉာဏ်တည်းဟူသော အကျိုးတစ်ခုကိုသာ ရဖို့ရန် ရည်သန်တောင့်တမှု ပြုရသည်။ ဝဋ္ဋဆင်းရဲ၌ အကျုံးဝင်သည့် ချမ်းသာသုခ အဝဝကို မမျှော်လင့် မတောင့်တလေရာ။ ထိုသို့ မိမိ ပြုအပ်သမျှသော ကောင်းမှုတို့အတွက် သဗ္ဗညုတဉာဏ် အကျိုးတစ်ခုကို ရဖို့ရန်သာ ရည်သန်တောင့်တမှု ဆုတောင်းပြုခြင်း၌ လိမ္မာသိမြင်သော ပညာကို ဥပါယ-ကောသလ္လဉာဏ် (= သဗ္ဗညုတဉာဏ် ရရာရကြောင်း နည်းလမ်းကောင်း၌ လိမ္မာကျွမ်းကျင်သောဉာဏ်) ဟူ၍ ခေါ်ဆိုသည်။ ဤ မဟာကရုဏာတော်နှင့် ဥပါယကောသလ္လဉာဏ် နှစ်မျိုးတို့ကား ပါရမီ (၁၀)ပါး ပြီးစီးပြည့်စုံလာဖို့ရန် အခြေခံ အကြောင်းရင်းများ ဖြစ်ကြ၏။

## ပါရမီဟူသည်

ပါရမီဟူသော စကားလုံးကို နည်းအမျိုးမျိုးတို့ဖြင့် အဓိပ္ပါယ်ရှင်းလင်းကာ ဖွင့်ဆိုထားတော်မူ၏။ ဤ၌ တစ်နည်းကိုသာ ဖော်ပြပေအံ့။

**ပရမာနံ ကမ္မံ ပါရမီ**။ ။ မြတ်သော နိဗ္ဗာန်သို့ အထူးသဖြင့် အရောက်သွားတတ်သောကြောင့် အလောင်းတော်ကြီးများကို "ပရမ"ဟု ခေါ်သည်။ "ပရမ" မည်သော အလောင်းတော်ကြီးတို့၏ ဒါန သီလစသော (၁၀)ပါးသော လုပ်ငန်းရပ်တို့ကို "ပါရမီ"ဟု ခေါ်ဆိုသည်။

ပါရမီတစ်ခုတစ်ခု၌ သုံးမျိုးစီ ပြား၏။ ဥပမာ - ဒါနပါရမီ၌ ဒါနပါရမီ, ဒါနဥပပါရမီ, ဒါနပရမတ္ထပါရမီဟု ပါရမီသုံးမျိုး ပြား၏။

သဗ္ဗညုတဉာဏ် ရရှိဖို့ရန်ဟူသော ဦးတည်ချက်ဖြင့် အပြင်အပ သက်ရှိသက်မဲ့ ပစ္စည်းဘဏ္ဍာတို့ကို စွန့်လွှတ်လှူဒါန်းခြင်းသည် **ဒါနပါရမီ** မည်၏။

မိမိ၏ အင်္ဂါခြေလက်တို့ကို စွန့်လွှတ်လှူဒါန်းခြင်းသည် **ဒါနဥပပါရမီ** မည်၏။

ကိုယ်အသက်ကို စွန့်လွှတ် လှူဒါန်း ပူဇော်ခြင်းသည် **ဒါနပရမတ္ထပါရမီ** မည်၏။ ကြွင်းပါရမီတို့၌လည်း နည်းတူပင်တည်း။ (ဗုဒ္ဓဝံသ၊ဋ္ဌ၊၈၀။)

အားလုံးကို ခြုံ၍ဆိုရသော် သဗ္ဗညုတဉာဏ် ရဖို့ရန်ဟူသော ဦးတည်ချက် ရည်ရွယ်တောင့်တချက်ဖြင့် အပြင်အပ သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထု အစုစုတို့ကို စွန့်လွှတ်ကာ ဖြည့်ကျင့်ဆည်းပူးတော်မူအပ်သော ပါရမီ (၁၀)ပါးသည် **ပါရမီ** မည်၏။ အင်္ဂါခြေလက်တို့ကို စွန့်လွှတ်ကာ ဖြည့်ကျင့်ဆည်းပူးတော် မူအပ်သော ပါရမီ (၁၀)ပါးသည် **ဥပပါရမီ** မည်၏။ ကိုယ်အသက်ကို စွန့်လွှတ်ကာ ဖြည့်ကျင့်ဆည်းပူးတော်မူအပ်သော ပါရမီ (၁၀)ပါးသည် **ပရမတ္ထပါရမီ** မည်၏။

ဤသို့လျှင် ပါရမီ (၁၀)ပါး + ဥပပါရမီ (၁၀)ပါး + ပရမတ္ထပါရမီ (၁၀)ပါး ပြားသဖြင့် ပါရမီအပြား သုံးဆယ် ဖြစ်လေသည်။ (ဗုဒ္ဓဝံသ၊ဋ္ဌ၊၈၀-၈၂။)

## သုံးသွယ်စရိယ

ပါရမီ (၁၀)ပါး အပြားသုံးဆယ်တို့ကို ဖြည့်ကျင့်တော်မူရာ၌ —

၁။ **လောကတ္ထစရိယ** = သတ္တဝါအများအတွက်လည်း ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူ၏။

၂။ **ဉာတတ္ထစရိယ** = ဆွေမျိုးတို့အတွက်လည်း ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူ၏။

၃။ **ဗုဒ္ဓတ္ထစရိယ** = ဘုရားဖြစ်ရန်အတွက်လည်း ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူ၏။

ယင်းစရိယကျင့်စဉ်တို့၏ နောက်ဆွယ်တွင် သဗ္ဗညုတဉာဏ် ရရှိဖို့ရန်ဟူသော ဦးတည်ချက်ကား အမြဲတမ်း ကပ်ပါလျက်ပင် ရှိပေသည်။ ထိုသဗ္ဗညုတဉာဏ်ကို ရရှိပါမှသာလျှင် စရိယကျင့်စဉ် သုံးမျိုးတို့ကို အထွတ်အထိပ်သို့ ရောက်အောင် ဖြည့်ကျင့်နိုင်မည် ဖြစ်သောကြောင့်တည်း။

**ဗုဒ္ဓတ္ထစရိယ** (= ဘုရားဖြစ်ရန်အတွက် ကျင့်သည်) ဟူရာ၌ မည်သို့ကျင့်သနည်းဟု မေးရန်ရှိ၏။ ပါရမီ (၁၀)ပါးတို့တွင် ပညာပါရမီကိုပင် ဦးစားပေးကာ ဖြည့်ကျင့်တော်မူခြင်း ဖြစ်၏။ ဉာဏ်အဆောက်အဦ (= ဉာဏ-သမ္ဘာရ)၏ ထူးခြားမှုရှိသည်၏အဖြစ်ကို ညွှန်ပြတော်မူခြင်းငှာ ဤဗုဒ္ဓတ္ထစရိယကျင့်စဉ်ကို သီးသန့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်၏။ ရှေးဦးစွာ အတိတ်, အနာ-ဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက (=အကြမ်း), သုခုမ (= အနု), ဟီန (= အယုတ်), ပဏီတ (= အမြတ်), ဒူရ (= အဝေး), သန္တိက (= အနီး) ဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာ (၅)ပါး ဒုက္ခသစ္စာတရားတို့ကို သိအောင် ကြိုးစားအားထုတ်တော်မူ၏။ ဉာဏ်စဉ်နည်းအရ နာမရူပပရိစ္ဆေဒဉာဏ်ပင်တည်း။

ထိုနောင် ယင်းဒုက္ခသစ္စာတရားတို့၏ အကြောင်းတရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် သိမြင်တော်မူရန် ကြိုးစားအားထုတ်တော်မူ၏။ ကံ-ကံ၏အကျိုးကို တတ်သိနားလည်သည့် ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်ကို ရရှိအောင် ကြိုးပမ်းခြင်း ဖြစ်၏။ ဉာဏ်စဉ်

နည်းအရ အကြောင်းတရားတို့ကို ပိုင်းခြားယူတတ်သော ပစ္စယပရိဂ္ဂဟ-ဉာဏ်ပင်တည်း။

ထိုနောင် ယင်းဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရသည့် သင်္ခါရတရားတို့ကို လက္ခဏာရေးသုံးတန်သို့ တင်ကာ ဝိပဿနာဉာဏ်စဉ်အတိုင်း ဝိပဿနာရှုပွား သုံးသပ်တော်မူ၏။ ယေဘုယျအားဖြင့် သင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင် ပွားများအားထုတ်တော်မူ၏။

ထို့ပြင် ခန္ဓာ (၅)ပါးနည်း, အာယတန (၁၂)ပါးနည်း, ဓာတ် (၁၈)ပါးနည်း, ပဋိစ္စသမုပ္ပါဒ်နည်း စသည်တို့၏ အစွမ်းဖြင့်လည်း ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူ၏။

ထို့ပြင် အပြစ် မရှိသော ကမ္မာယတန, သိပ္ပါယတန, ဝိဇ္ဇာဋ္ဌာနတို့၏ အစွမ်းဖြင့်လည်း ဉာဏ်ကို ကျက်စားတော်မူလေသည်။

(မ၊ဋ္ဌ၊၃၊၁၉၅။ မ၊ဋီ၊၃၊၁၃၇။)

**စွန့်ခြင်းကြီးငါးပါး**ကို ရှေ့ပိုင်းတွင် ဆွေးနွေး တင်ပြခဲ့ပြီးလေပြီ။

## စက္ခု (၅) တန် = ဉာဏစက္ခု

သမန္တစက္ခုနှင့် ဆက်စပ်လျက် ဘုရားရှင်၏ သန္တာန်၌ တည်ရှိတော်မူသော စက္ခုငါးတန်အကြောင်းကို ဆက်လက် တင်ပြအပ်ပါသည်။

ဗုဒ္ဓစက္ခု, ဓမ္မစက္ခု, သမန္တစက္ခု, ဒိဗ္ဗစက္ခု, ပညာစက္ခုဟု ဉာဏစက္ခု (၅)မျိုး ရှိလေသည်။

၁။ **ဗုဒ္ဓစက္ခု** = သတ္တဝါတို့၏ အတွင်းအဇ္ဈာသယဓာတ်ခံနှင့် ကိန်းဝပ်တည်ရှိနေသော အနုသယဓာတ်ကို သိတော်မူသော **အာသယာနုသယ-ဉာဏ်တော်**, သတ္တဝါတို့၏ ဣန္ဒြေအနုံ့အထက် အနုအရင့်ကို ထိုးထွင်းသိမြင်နိုင်စွမ်းရှိသော **ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်** - ဤဉာဏ်တော်မြတ်နှစ်ပါးသည် **ဗုဒ္ဓစက္ခု** မည်၏။

၂။ **ဓမ္မစက္ခု** = အောက်မဂ်ဉာဏ် သုံးပါး, အောက်ဖိုလ်ဉာဏ် သုံးပါးတို့သည် **ဓမ္မစက္ခု** မည်၏။

၃။ **သမန္တစက္ခု** = ခပ်သိမ်းဉသုံ အလုံးစုံသောတရားတို့ကို အကုန်အစင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်တော်မြတ်သည် **သမန္တစက္ခု** မည်၏။

၄။ **ဒိဗ္ဗစက္ခု** = အလိုရှိသမျှ အရပ်သို့တိုင်အောင် ဉာဏ်လင်းရောင်ခြည်ကို ပျံ့နှံ့စေလျက် ဖြစ်ပေါ်လာသော, နတ်မျက်စိကဲ့သို့ အဝေး အနီး ရှိသမျှ အလုံးစုံကို အကုန်အစင် သိမြင်တော်မူနိုင်သော ဉာဏ်တော်မြတ်သည် **ဒိဗ္ဗစက္ခု** မည်၏။

၅။ **ပညာစက္ခု** = အရိယသစ္စာလေးပါးကို ပိုင်းပိုင်းခြားခြား သိမြင်တော်မူတတ်သော လေးပါးသော အရိယမဂ်ဉာဏ်သည် **ပညာစက္ခု** မည်၏။

(သံ၊ဋ္ဌ၊၃၊၁။)

❖ ❖ ❖

## နံပါတ် (၉) ဂါထာ

### ပုညကိရိယဝတ္ထု (၁၀) ပါး

ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မဟု ပုညကိရိယ (= ပုညကြိယ) ဝတ္ထု (၁၀)မျိုး ရှိ၏။

၁။ **ဒါန** = ဒါနသည် စေတနာဒါန, ဝတ္ထုဒါနဟု နှစ်မျိုး ရှိ၏။ ပေးလှူကြောင်း ဖြစ်သော စေတနာသည် စေတနာဒါန မည်၏။ လှူဖွယ်ဝတ္ထုသည် ဝတ္ထုဒါနမည်၏။ ဒါနနှင့် ဆက်သွယ်ကာ မလှူမီရှေးအဖို့၌ ဖြစ်ပေါ်နေသော စေတနာသည် ပုဗ္ဗစေတနာ မည်၏။ ပေးလှူနေဆဲအချိန်၌ ဖြစ်ပေါ်နေသော စေတနာသည် မုဉ္စစေတနာ မည်၏။ ပေးလှူပြီးနောက် ထိုဒါနကို အာရုံယူကာ ထပ်ကာထပ်ကာ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသော ကုသိုလ်စေတနာသည် အပရစေတနာ မည်၏။

၂။ **သီလ** = အကုသိုလ်မဖြစ်ရအောင် ကိုယ်မှု နှုတ်မှုတို့ကို ကောင်းစွာ ထားတတ်သော ကုသိုလ်စေတနာ (ကြိယာစေတနာ) သည် သီလ မည်၏။

ထိုသီလသည် ဘိက္ခုသီလ, ဘိက္ခုနီသီလ, သာမဏေရသီလ, ဂဟဋ္ဌသီလဟု (၄)မျိုး ပြား၏။

ထိုတွင် ဘိက္ခုပါတိမောက် စသည့် ဝိနည်းဒေသနာတော်၌ လာရှိသော ဘိက္ခုဆိုင်ရာသီလသည် ဘိက္ခုသီလ မည်၏။ ဘိက္ခုနီပါတိမောက် စသည့် ဝိနည်းဒေသနာတော်၌ လာရှိသော ဘိက္ခုနီဆိုင်ရာ သီလသည် ဘိက္ခုနီသီလ မည်၏။ ထိုသီလများကို သီးခြားဆောက်တည်ဖွယ် မလိုပေ။ သိမ်အတွင်းဝယ် သံဃာက ကမ္မဝါစာကို ပီပြင်စွာ ရွတ်ဖတ်ပြီးသည့်အဆုံး၌ ထိုသီလများ သည် တည်ပြီး ဖြစ်တော့၏။ ရှင်သာမဏေများ ဆောက်တည် ကျင့်သုံးရမည့် သီလသည် သာမဏေရသီလ မည်၏၊ ဆယ်ပါးသီလစသည့် သီလများ တည်း။ ရှင်သာမဏေများကို ခွင်းချက်ထားသည့် အချို့သိက္ခာပုဒ်များက လွဲလျှင်, ဥပမာ - အကပ်ခံ၍ စားသုံးရခြင်း စသော သိက္ခာပုဒ်များကလွဲလျှင် ရဟန်းယောက်ျား ရဟန်းမိန်းမတို့ကဲ့သို့ပင် ရှင်သာမဏေများလည်း ဝိနည်း သိက္ခာပုဒ်တော်များကို လိုက်နာပြုကျင့်ရ၏။ ငါးပါးသီလ ရှစ်ပါးသီလ ဆယ်ပါးသီလ စသည့် လူတို့ ကျင့်သုံး ဆောက်တည်ရသော သီလသည် ဂဟဋ္ဌသီလ မည်၏။

၃။ **ဘာဝနာ** = လွန်ကဲမြင့်မြတ်သော ဈာန်ကုသိုလ် ဝိပဿနာကုသိုလ် မဂ်ကုသိုလ်တို့ကို ဖြစ်စေတတ်သော လုပ်ငန်းရပ်ကို ဘာဝနာဟု ခေါ်ဆို၏။ သမထဘာဝနာ, ဝိပဿနာဘာဝနာဟု နှစ်မျိုး ရှိ၏။ အပ္ပနာဈာန်သို့ မဆိုက် ရောက်မီ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာတို့ကား ကာမာဝစရကုသိုလ် တရားတို့တည်း။ အပ္ပနာဈာန်ကား မဟဂ္ဂုတ်ကုသိုလ်တရားတည်း။ ဝိပဿနာ ဘာဝနာသည်လည်း အရိယမဂ်သို့ မဆိုက်မီ ကာမာဝစရကုသိုလ်တရား ပင်တည်း။ အရိယမဂ်ဘာဝနာကား လောကုတ္တရာကုသိုလ်တရားတည်း။

၄။ **အပစာယန** = မိဘ, ဆရာသမား, တရားစောင့်သော ရဟန်းသံဃာ, ဂုဏ် အသက် သိက္ခာအားဖြင့် မိမိထက်ကြီးသူ မြင့်မြတ်သူကို ခရီးဦးကြိုဆိုမှု လက်အုပ်ချီမှု ရှိခိုးဝပ်ချမှုစသော အမျိုးမျိုးသော ရိုသေမှုများကို တစ်စုံ တစ်ခုသော လာဘ်လာဘ အကျော်အစောကို မလိုလားဘဲ ရိုးရိုးသားသား ပြုခြင်းသည် အပစာယန မည်၏။

၅။ **ဝေယျာဝစ္စ** = ရတနာသုံးပါး မိဘဆရာသမား ဂိလာနပုဂ္ဂိုလ် သီတင်းသုံးဖော်တို့၏ အပြစ်ကင်းသော ကိစ္စလုပ်ငန်း၌ တစ်စုံတစ်ခုသော အကျိုး-ကို မတောင့်တဘဲ ရိုးသားသော စိတ်ဓာတ်ဖြင့် ကူညီရွက်ဆောင်ကြောင်း စေတနာသည် ဝေယျာဝစ္စ မည်၏။

၆။ **ပတ္တိဒါန** = ရှေးဦးစွာ တစ်စုံတစ်ခုသော ပစ္စည်းကို အလှူခံပုဂ္ဂိုလ်အား လှူဒါန်း ပူဇော်၏။ ထိုသို့ ပေးလှူကြောင်း ဒါနစေတနာသည် အလှူရှင်၌ ရောက်အပ်ရအပ်သောကြောင့် ပတ္တိမည်၏။ ထိုအလှူရှင်က မိမိရအပ်သော ကုသိုလ်အဖို့ကို တစ်ယောက်အား ဖြစ်စေ, သတ္တဝါအားလုံးအား ဖြစ်စေ "မိမိနှင့် ညီတူ ညီမျှ ကုသိုလ်ရပါစေ" - ဟု သဘောထား၍ ဝေငှကြောင်း စေတနာကို ပတ္တိဒါနဟု ခေါ်ဆိုသည်။ ယခုကာလ၌ **အမျှဝေခြင်း**ပင်တည်း။

၇။ **ပတ္တာနုမောဒန** = အလှူရှင်တို့က အမျှပေးဝေအပ်သော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို ဝမ်းမြောက်မှုကို (= ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုမှုကို) ပတ္တာနုမောဒနဟု ခေါ်ဆိုသည်။ အမျှဝေသည့်အတွက် ဝမ်းမြောက်မှုသည် ပတ္တာနုမောဒန မည်၏။ အမျှမဝေဘဲလျက် ဝမ်းမြောက်မှုကား အနုမောဒနသာ ဖြစ်သည်။

၈။ **ဓမ္မဿဝန** = သူတစ်ပါးတို့၏ အထင်ကြီးမှု ချီးမွမ်းမှုကို မတောင့်တဘဲ အသိအလိမ္မာ တိုးပွားလိုခြင်း, တကယ်လက်တွေ့ကျင့်လိုခြင်း, တစ်ဆင့်ပြောဟောလိုခြင်းဟူသော ဦးတည်ချက်ဖြင့် တရားနာခြင်းသည် ဓမ္မဿဝန မည်၏။

၉။ **ဓမ္မဒေသနာ** = လာဘ်ပူဇော်သက္ကာရ အခြံအရံ အကျော်အစောတို့ကို မတောင့်တဘဲ သတ္တဝါအများ၏ စီးပွားချမ်းသာအလို့ငှာ တကယ်ဖြူစင်သော စေတနာဖြင့် တရားတော်ကို ဟောကြားပြသမှုသည် ဓမ္မဒေသနာကုသိုလ် မည်၏။

၁၀။ **ဒိဋ္ဌိဇုကမ္မ** = ဒိဋ္ဌုဇုကမ္မ = မှန်မှန်ကန်ကန် သိမြင်တတ်သော ဉာဏ်သည် ဒိဋ္ဌိ = သမ္မာဒိဋ္ဌိမည်၏။ ထိုအသိဉာဏ်သည်ပင် ဆိုင်ရာ အကြောင်းတရားတို့က ဖြောင့်မှန်အောင် ပြုအပ်သည့်အတွက် ဥဇုကမ္မလည်း မည်၏။ အတိတ်

အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ကို ထိုးထွင်းသိသော သမ္မာဒိဋ္ဌိ(= နာမရူပပရိစ္ဆေဒဉာဏ်)နှင့် ယင်းဒုက္ခသစ္စာတရားတို့၏ အကြောင်းရင်း သမုဒယသစ္စာကို သိသော သမ္မာဒိဋ္ဌိ(= ပစ္စယပရိဂ္ဂဟဉာဏ်)သည် ကံ-ကံ၏အကျိုးတရားကို ဟုတ်တိုင်းမှန်စွာ သိတတ်သော ကမ္မဿကတာ သမ္မာဒိဋ္ဌိဉာဏ်အစစ် ဖြစ်၏။ ယင်းသမ္မာဒိဋ္ဌိဉာဏ်သည် အယူကို ဖြောင့်မှန်-အောင် ပြုလုပ်ပေးတတ်သော အခြေခံ သမ္မာဒိဋ္ဌိဖြစ်သဖြင့် ဒိဋ္ဌိဇုကမ္မပင် ဖြစ်၏။ ဝိပဿနာသမ္မာဒိဋ္ဌိ မဂ္ဂသမ္မာဒိဋ္ဌိတို့၏ ဒိဋ္ဌိဇုကမ္မ ဖြစ်မှုမှာ ဆိုဖွယ်ရာပင် မရှိတော့ပြီ ဖြစ်၏။ သို့သော် ယင်းကဲ့သို့သော ကမ္မဿကတာဉာဏ်မျိုးကို မရရှိသေးစေကာမူ မိဘဆရာသမား စသူတို့၏ အဆုံးအမ, ဘုရားဟော စာပေကျမ်းဂန်တို့၏ အဆုံးအမကို ယုံကြည်သက်ဝင်ကာ ကံ-ကံ၏အကျိုးကို လက်ခံယုံကြည်နိုင်လျှင်လည်း ပစ္စယပရိဂ္ဂဟဉာဏ် ဝိပဿနာဉာဏ်တို့ကဲ့သို့ အဆင့်မမြင့်စေကာမူ သင်သိအနေဖြင့် ရရှိလာသော ကမ္မဿကတာ သမ္မာဒိဋ္ဌိ တစ်မျိုးပင် ဖြစ်ပေသည်၊ အယူဝါဒကို ဖြောင့်မှန်အောင် ပြုလုပ်ပေးနိုင်သည့် ဒိဋ္ဌိဇုကမ္မပင် ဖြစ်ပေ၏။

အချို့အရာ၌ ပုညကြိယဝတ္ထု (၁၀)ပါး မပြဘဲ ဒါနမယ, သီလမယ, ဘာဝနာမယဟု သုံးပါးသာ ပြ၏။ ထိုသို့ သုံးပါးသာ ပြရာ၌ ပတ္တိဒါန, ပတ္တာနုမောဒန နှစ်ပါးကို ဒါနမယ၌ သွင်းယူရာ၏၊ အပစာယန, ဝေယျာဝစ္စ နှစ်ပါးကို သီလမယ၌ သွင်းယူရာ၏၊ ဓမ္မဿဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မ သုံးပါးကို ဘာဝနာမယ၌ သွင်းယူရာ၏။

ဤသို့လျှင် ကောင်းမှုကုသိုလ်ပြုခြင်း၏ တည်ရာ ဝတ္ထု (= ပုညကြိယာဝတ္ထု) ဆယ်ပါး လာရှိ၏။ အကျဉ်းအားဖြင့် ဒါနမယကုသိုလ်, သီလမယကုသိုလ်, ဘာဝနာမယကုသိုလ်ဟု သုံးမျိုး လာရှိပေသည်။ ထိုကုသိုလ်တရားတို့ကို ပြုပုံနည်းစနစ်နှင့် တကွ မဟာကရုဏာတော်ပြခန်းသော ဒေသနာဉာဏ်တော်မြတ်ဖြင့် ဟောကြားပြသ ဆိုဆုံးမထားတော်မူခဲ့ပေသည်။ ယင်းကုသိုလ်တရားတို့ကို အောင်အောင်မြင်မြင် လိုက်နာ ပြုကျင့်သူတို့သည် လောကီ လောကုတ္တရာ နှစ်ဖြာသော ချမ်းသာသုခတို့ကို ခံစားကြရလေသည်။

## နံပါတ် (၁၀) ဂါထာ

### မဂ္ဂင် (၈) ပါး

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိဟု မဂ္ဂင် (၈)ပါး ရှိ၏။ ဤမဂ္ဂင် (၈)ပါး ကျင့်စဉ်တရား၌ လောကီမဂ္ဂင် (၈)ပါး, လောကုတ္တရာမဂ္ဂင် (၈)ပါးဟု နှစ်မျိုးနှစ်စား ရှိပေသည်။ ထိုတွင် လောကီမဂ္ဂင် (၈)ပါးသည်လည်း သမထပိုင်းမဂ္ဂင် (၈)ပါး, ဝိပဿနာပိုင်းမဂ္ဂင် (၈)ပါးဟု နှစ်မျိုးနှစ်စားပင် ရှိပေသည်။

**န ဝီထိံ ဇာနာတီတိ သော ဂေါပါလကော မဂ္ဂါမဂ္ဂံ ဝိယ "အယံ လောကိယော အယံ လောကုတ္တရော"တိ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ယထာဘူတံ န ပဇာနာတိ၊ အဇာနန္တော လောကိယမဂ္ဂေ အဘိနိဝိသိတွာ လောကုတ္တရံ နိဗ္ဗတ္တေတုံ န သက္ကောတိ။** (မ႒၊၂၊၁၆၅။)

နွားအပေါင်းကို ထိန်းကျောင်းနေသော နွားကျောင်းသားသည် မိမိ ထိန်းကျောင်းနေသော နွားတို့၏ သွားသင့်သောလမ်း, မသွားသင့်သော လမ်းကို ကွဲကွဲပြားပြား မသိခဲ့သော် နွားအပေါင်း၏ ကြီးပွားတိုးတက်မှုသည် မဖြစ်နိုင်သကဲ့သို့ အလားတူပင် ယောဂါဝစရ ရဟန်းတော်တစ်ပါးသည်လည်း "ဤကား လောကီမဂ္ဂင် (၈)ပါး ကျင့်စဉ်တရားတည်း၊ ဤကား လောကုတ္တရာ မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားတည်း"ဟု ဖြူစင်မြင့်မြတ်သော မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားကို ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား မသိ၊ ထိုသို့ မသိခဲ့သော် လောကီမဂ္ဂင် (၈)ပါး ကျင့်စဉ်တရား၌ နှလုံးသွင်း ရှုပွား၍ လောကုတ္တရာမဂ္ဂင် (၈)ပါး ကျင့်စဉ်တရားကို ဖြစ်ပေါ်စေဖို့ရန် မစွမ်းနိုင်လေရာ။ (မ႒၊၂၊၁၆၅။)

ဤ လောကီမဂ္ဂင် (၈)ပါး ကျင့်စဉ်တရားကိုပင် မဟာသတိပဋ္ဌာနသုတ္တန် အဋ္ဌကထာ၌ (မ႒၊၁၊၂၃၅။) **ပုဗ္ဗဘာဂသတိပဋ္ဌာနမဂ် = အရိယမဂ်၏ ရှေးအဖို့၌ ဖြည့်ကျင့်အပ်သော သတိပဋ္ဌာနမဂ်**ဟု ခေါ်ဝေါ် သုံးစွဲထားပေသည်။ လောကုတ္တရာမဂ္ဂင် (၈)ပါး ဖြစ်ပေါ်လာရေးအတွက် ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းပုဗ္ဗဘာဂသတိပဋ္ဌာနမဂ်ဟု ဆိုအပ်သော လောကီမဂ္ဂင် (၈)ပါး ကျင့်စဉ်

တရားကို ရှေးဦးစွာ ပွားများအားထုတ်ရမည် ဖြစ်ပေသည်။ ယင်းလောကီ-မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားပိုင်းတွင် သမထပိုင်း ဝိပဿနာပိုင်းဟု နှစ်မျိုး ရှိရာ သမထပိုင်း မဂ္ဂင် (၈)ပါးကို အကျဉ်းချုပ်ကာ ရှေးဦးစွာ တင်ပြအပ်ပါသည်။

## သမထပိုင်း မဂ္ဂင် (၈) ပါး

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်သည်ဖြစ်အံ့၊ စတုတ္ထစျာန်သမာဓိသို့ ဆိုက်အောင်လည်း အားထုတ်နိုင်ခဲ့သည် ဖြစ်အံ့၊ ပဌမစျာန်သမာဓိအခိုက်၌ မဂ္ဂင် (၈)ပါး၊ ဒုတိယစျာန် တတိယစျာန် စတုတ္ထစျာန်အခိုက်တို့၌ သမ္မာသင်္ကပ္ပမဂ္ဂင်တစ်ခု လျော့နေသဖြင့် မဂ္ဂင် (၇)ပါးစီ ရှိနေမည် ဖြစ်ပေသည်၊ အကယ်၍ ကသိုဏ်းစျာန်တို့ကို အားထုတ်လျှင်လည်း ထို့အတူ မဂ္ဂင် (၈)ပါး, မဂ္ဂင် (၇)ပါး ရှိကြမည် ဖြစ်ပေသည်။ ဤတွင် အဖြူရောင် (= ဩဒါတ)ကသိုဏ်း ပဌမစျာန်အခိုက် မဂ္ဂင် (၈)ပါးကို တင်ပြပေအံ့။

အဖြူရောင်(= ဩဒါတ)ကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံယူကာ ပဌမစျာန်သမာဓိကို ထူထောင်ခဲ့သော် ယင်းပဌမစျာန်အခိုက်၌ ပဌမစျာန် နာမ်တရား (၃၄)လုံး ရှိနေ၏။ ယင်းတို့မှာ —

| | |
|---|---|
| ၁။ အသိစိတ် = ပဌမစျာန်စိတ် | ၁ |
| ၂။ အညသမာန်းစေတသိက် | ၁၃ |
| ၃။ သောဘဏသာဓာရဏစေတသိက် | ၁၉ |
| ၄။ ပညိန္ဒြေစေတသိက် | ၁ |
| အားလုံး ပေါင်းသော် | ၃၄ |

ယင်း ပဌမစျာန်နာမ်တရား (၃၄)လုံးတို့တွင် မဂ္ဂင်တရားကိုယ် (၈)ပါး လည်း ပါဝင်ပေသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြသည်။

၁။ သမ္မာဒိဋ္ဌိ = အဖြူရောင်ကသိုဏ်း ပဋိဘာဂနိမိတ်အာရုံကို ထွင်းဖောက်သိမြင်ခြင်းသဘော (= စျာနသမ္မာဒိဋ္ဌိတည်း။)

၂။ သမ္မာသင်္ကပ္ပ = ယင်း ကသိုဏ်းပဋိဘာဂနိမိတ်အာရုံပေါ်သို့ စိတ်ကို ရှေ့ရှုတင်ပေးခြင်းသဘော။

၃။ သမ္မာဝါယာမ = ယင်း ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို ထိုးထွင်း သိအောင်, ယင်းအာရုံ၌ စိတ်ငြိမ်ဝပ်စွာ ကပ်တည်နေအောင် ကြိုးစား အားထုတ်ခြင်းသဘော။

၄။ သမ္မာသတိ = ယင်း ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကို အမှတ်ရနေခြင်း သဘော။

၅။ သမ္မာသမာဓိ = ယင်း ကသိုဏ်းပဋိဘာဂနိမိတ်အာရုံ၌ စိတ်ငြိမ်ဝပ်စွာ ကပ်တည်နေခြင်းသဘော။

၆။ ၇။ ၈။ ကြိုတင်ကာ ဆောက်တည် ကျင့်သုံးထားအပ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ မဂ္ဂင် (၃)ပါး။

အားလုံးပေါင်းသော် - မဂ္ဂင် (၈)ပါး ဖြစ်၏၊ သမထပိုင်းတည်း။

## ဝိပဿနာပိုင်း မဂ္ဂင် (၈) ပါး

၁။ အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ ဩဠာရိက သုခုမ ဟီန ပဏီတ ဒူရ သန္တိက ဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသည့် ဒုက္ခသစ္စာတရားတို့ကို ထိုးထွင်း သိမြင်ခိုက်၌လည်း မဂ္ဂင် (၈)ပါးပင် ရှိ၏၊

၂။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ ဟူသော ဒုက္ခသစ္စာ၏ အကြောင်းရင်း သမုဒယသစ္စာတရား (အဘိ၊၂၊၁၁၅။ အံ၊၁၊၁၇၈။ အဘိ၊ဋ္ဌ၊၂၊၁၈၅။ ဝိသုဒ္ဓိ၊၂၊၂၁၆။) တို့ကို ထွင်းဖောက် သိမြင်ရာအခါ၌လည်း မဂ္ဂင် (၈)ပါးပင် ရှိ၏။

၃။ ယင်း ဒုက္ခသစ္စာ+သမုဒယသစ္စာဟူသည့် သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေး သုံးတန်တို့သို့ တင်ကာ ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းရာအခါ၌လည်း မဂ္ဂင် (၈)ပါးပင် ရှိ၏။ ဤတွင် ဝိပဿနာ အခိုက် မဂ္ဂင် (၈)ပါးကို တင်ပြပေအံ့။

၁။ သမ္မာဒိဋ္ဌိ = ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားဟူသော သင်္ခါရတရားတို့၏ အနိစ္စ (ဒုက္ခ, အနတ္တ) အခြင်းအရာကို ထိုးထွင်းသိမြင်ခြင်း-သဘော။

၂။ သမ္မာသင်္ကပ္ပ = ယင်းသင်္ခါရတရားတို့၏ အနိစ္စ (ဒုက္ခ, အနတ္တ) အခြင်းအရာ အာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော။

၃။ သမ္မာဝါယာမ = ယင်း သင်္ခါရတရားတို့၏ အနိစ္စ (ဒုက္ခ, အနတ္တ) အခြင်းအရာကို ထိုးထွင်းသိအောင် ကြိုးစားအားထုတ်ခြင်းသဘော။

၄။ သမ္မာသတိ = ယင်း သင်္ခါရတရားတို့၏ အနိစ္စ (ဒုက္ခ, အနတ္တ) အခြင်းအရာကို အမှတ်ရနေခြင်းသဘော။

၅။ သမ္မာသမာဓိ = ယင်း သင်္ခါရတရားတို့၏ အနိစ္စ (ဒုက္ခ, အနတ္တ) အခြင်းအရာအာရုံ၌ စိတ် ငြိမ်ဝပ်စွာ ကပ်တည်နေခြင်းသဘော။

၆။ ၇။ ၈။ ကြိုတင်ကာ ဆောက်တည်ကျင့်သုံးထားအပ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာ အာဇီဝဟူသော သီလမဂ္ဂင် (၃)ပါး။

အားလုံးပေါင်းသော် ဝိပဿနာပိုင်း မဂ္ဂင် (၈)ပါး ဖြစ်၏။

**တတ္ထ လောကိယမဂ္ဂေ သဗ္ဗာနေဝ မဂ္ဂင်္ဂါနိ ယထာနုရူပံ ဆသု အာရမ္မဏေသု အညတရာရမ္မဏာနိ ဟောန္တိ။** (အဘိ႒၊ ၂၊၁၁၃။)

ထို လောကီမဂ္ဂင် (၈)ပါး, လောကုတ္တရာမဂ္ဂင် (၈)ပါးတို့တွင် လောကိယမဂ္ဂင်ပိုင်း၌ မဂ္ဂင်အားလုံးတို့သည်ပင် ထိုက်သည့်အားလျော်စွာ အာရုံ (၆)မျိုးတို့တွင် အမှတ်မထား တစ်မျိုးမျိုးသော အာရုံကို အာရုံပြုကြကုန်၏။

(အဘိ႒၊ ၂၊၁၁၃။)

**အာရုံ (၆) ပါး –** ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ, ဓမ္မာရုံဟု အာရုံ (၆)မျိုး ရှိ၏။ ယင်းတို့တွင် ဓမ္မာရုံမှာလည်း (၆)မျိုး ရှိ၏။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်ကြ၏။

## ဓမ္မာရုံ (၆) မျိုး

၁။ ပသာဒရုပ် = အကြည်ရုပ် (၅)မျိုး၊
၂။ သုခုမရုပ် = သိမ်မွေ့နူးညံ့သောရုပ် (၁၆)မျိုး၊
၃။ စိတ်အားလုံး၊
၄။ စေတသိက်အားလုံး၊
၅။ နိဗ္ဗာန်၊
၆။ ပညတ် (ကသိုဏ်းပညတ်စသည့် ပညတ်အမျိုးမျိုး)
ပေါင်းသော် ဓမ္မာရုံ (၆)မျိုးတည်း။

သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ ဟူသည့် သီလမဂ္ဂင်တို့ကို ဖြူစင်အောင် ဖြည့်ကျင့်ရာ၌ သူ့အသက် သူ့ပစ္စည်း သူ့သားမယား စသည့် ထိုထို သတ္တဝါပညတ်အာရုံကို ယေဘုယျအားဖြင့် အာရုံပြုကာ ယင်းမဂ္ဂင်တို့ကို ပြုစုပျိုးထောင်ရ၏။ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဟူသော ဗြဟ္မဝိဟာရစျာန်တို့ကို ပွားများအားထုတ်ရာ၌လည်း ထိုထို သတ္တဝါပညတ်-အာရုံကို အာရုံပြုကာ ပြုစုပျိုးထောင်ရ၏။ ကသိုဏ်းစျာန်တို့ကို ပွားများအားထုတ်ရာ၌လည်း ထိုထို ပထဝီကသိုဏ်းပညတ်စသည့် ကသိုဏ်းပညတ် နိမိတ်တို့ကို အာရုံယူကာ ပြုစုပျိုးထောင်ရ၏။ ဝိပဿနာပိုင်းသို့ ရောက်သော အခါ၌ကား ထိုထို စိတ်+စေတသိက်+ရုပ်ဟူသည့် အာရုံ (၆)ပါးတို့ကို ထိုက်သလို အာရုံယူကာ ဝိပဿနာအခိုက် မဂ္ဂင် (၈)ပါးတို့ကို ပွားများအားထုတ်ရပေသည်။ ထို့ကြောင့် လောကီမဂ္ဂင်ပိုင်း၌ သီလမဂ္ဂင်နှင့် သမာဓိမဂ္ဂင် ပညာမဂ္ဂင်တို့သည် အာရုံမတူ ကွဲပြားကြသဖြင့် စိတ္တက္ခဏတစ်ခု အတွင်း ပြိုင်တူ မဖြစ်နိုင်ကြပေ။ သို့သော် လောကုတ္တရာမဂ္ဂင် (၈)ပါးတို့ကား အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်ဟူသည့် တစ်ခုတည်းသော အာရုံကိုပင် အာရုံပြုကြပေသည်။ မဂ္ဂင် (၈)ပါးလုံး ပြိုင်တူ ဖြစ်နိုင်ကြသည်။

## လောကုတ္တရာမဂ္ဂင် (၈) ပါး

လောကုတ္တရာ အရိယမဂ်ဉာဏ်အခိုက်၌လည်း မဂ္ဂင် (၈)ပါး, အရိယ-ဖိုလ်ဉာဏ်အခိုက်၌လည်း မဂ္ဂင် (၈)ပါး - ဤသို့လျှင် မဂ္ဂင် (၈)ပါးစီ

အသီးအသီး ရှိ၏။ ဤတွင် အရိယမဂ်ဉာဏ်အခိုက် မဂ္ဂင် (၈)ပါးကို **သမ္မောဟဝိနောဒနီအဋ္ဌကထာ** (အဘိ၊ဋ္ဌ၊၂၊၁၁၃-၁၁၄။)၌ လာရှိသည့်အတိုင်း တင်ပြပေအံ့။

၁။ **သမ္မာဒိဋ္ဌိ** = လောကုတ္တရာ မဂ္ဂသစ္စာပိုင်း၌ အရိယသစ္စာ လေးပါးတို့ကို ထိုးထွင်းသိခြင်းငှာ ဖြစ်ပေါ်လာသော အရိယာပုဂ္ဂိုလ်၏ သန္တာန်ဝယ် အသခ်တဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်လျှင် အာရုံရှိသော, အဝိဇ္ဇာနုသယဓာတ်ကို အကြွင်းမဲ့ ပယ်သတ်တတ်သော (= အရိယသစ္စာ လေးပါးကို မသိအောင် ဖုံးလွှမ်းထားသည့် မောဟအနုသယဓာတ်ကို အကြွင်းမဲ့ ပယ်သတ်တတ်-သော) အရိယမဂ်ပညာစေတသိက်သည် **သမ္မာဒိဋ္ဌိ** မည်၏။

၂။ **သမ္မာသင်္ကပ္ပ =** ထိုအခြင်းအရာအားဖြင့် ပြည့်စုံသော သမ္မာဒိဋ္ဌိဉာဏ် အမြင်ရှိသော အရိယာသူတော်ကောင်း၏ သန္တာန်ဝယ် ထိုသမ္မာဒိဋ္ဌိနှင့် အတူယှဉ်တွဲဖြစ်သော ကာမဝိတက် = ကာမတဏှာနှင့် ယှဉ်သော ကြံစည် စိတ်ကူးမှု, ဗျာပါဒဝိတက် = သတ္တဝါတို့ကို ဖျက်ဆီးလိုသည့် ဗျာပါဒ (= ဒေါသ) နှင့် ယှဉ်သော ကြံစည်စိတ်ကူးမှု, ဝိဟိံသဝိတက် = သတ္တဝါတို့ကို ညှဉ်းပန်း နှိပ်စက်လိုသည့် ဝိဟိံသ (= ဒေါသ)နှင့် ယှဉ်သော ကြံစည်စိတ်ကူးမှုဟူသော သုံးမျိုးသော မိစ္ဆာသင်္ကပ္ပကို အကြွင်းမဲ့ ပယ်သတ်တတ်သော, စိတ်ကို ရောက်သင့်ရောက်ထိုက်သော နိဗ္ဗာန်အာရုံပေါ်သို့ ရောက်အောင် ရှေးရှု တင်ပေးတတ်သော ဝိတက်သည် **သမ္မာသင်္ကပ္ပ** မည်၏။

၃။ **သမ္မာဝါစာ** = ထိုအခြင်းအရာအားဖြင့် နိဗ္ဗာန်ကို မြင်သည်လည်း ဖြစ်သော, နိဗ္ဗာန်အာရုံသို့ စိတ်ကို ရှေးရှုတင်ပေးသည်လည်းဖြစ်သော အရိယာသူတော်ကောင်း၏ သန္တာန်ဝယ် ထိုသမ္မာသင်္ကပ္ပမဂ္ဂင်နှင့် ယှဉ်ဖက် သမ္ပယုတ်တရားလည်းဖြစ်သော, မုသားစကား ပြောကြားခြင်း, ကုန်းစကား ပြောကြားခြင်း, ကြမ်းတမ်းသည့်စကားကို ပြောကြားခြင်း, ပြိန်ဖျင်းသည့် စကားကို ပြောကြားခြင်းဟူသော လေးမျိုးသော ဝစီဒုစရိုက်ကို အကြွင်းမဲ့ ပယ်သတ်တတ်သော, မိစ္ဆာဝါစာမှ (= လေးမျိုးသော ဝစီဒုစရိုက်မှ) ရှောင်ကြဉ် ခြင်းသည် **သမ္မာဝါစာ** မည်၏။

၄။ **သမ္မာကမ္မန္တ =** ထိုအခြင်းအရာအားဖြင့် ဝစီဒုစရိုက်မှ ရှောင်ကြဉ်သော အရိယာသူတော်ကောင်း၏ သန္တာန်ဝယ် ထိုသမ္မာဝါစာဝိရတီနှင့် အတူ ယှဉ်ဖက် သမ္ပယုတ်ပင်ဖြစ်သော, သူ့အသက်ကို သတ်ခြင်း, သူ့ပစ္စည်းကို မတရားယူခြင်း, သူ့သားမယားကို ဖျက်ဆီးခြင်း ဟူသော မိစ္ဆာကမ္မန္တ (=မှားယွင်းသော ကာယကံမှု) ကို အကြွင်းမဲ့ ပယ်ဖြတ်တတ်သော, ယင်း သုံးမျိုးသော ကာယဒုစရိုက်မှ ရှောင်ကြဉ်ခြင်းသည် **သမ္မာကမ္မန္တ** မည်၏။

၅။ **သမ္မာအာဇီဝ** = ထိုသမ္မာဝါစာ သမ္မာကမ္မန္တတို့၏ပင် ဖြူစင်ကြောင်း ဖြစ်၍ဖြစ်သော, ထိုသမ္မာဝါစာ သမ္မာကမ္မန္တတို့နှင့် အတူယှဉ်ဖက် သမ္ပယုတ် တရားပင် ဖြစ်သော, လူဒါယကာ ဒါယိကာမတို့ အထင်ကြီးအောင် အံ့ဖွယ် သရဲ ပြုလုပ်ပြခြင်း (= ကုဟန) စသည်ကို အကြွင်းမဲ့ ပယ်ဖြတ်တတ်သော, မှားယွင်းသော အသက်မွေးမှု (= မိစ္ဆာအာဇီဝ)မှ ရှောင်ကြဉ်ခြင်းသည် **သမ္မာ-အာဇီဝ** မည်၏။

**[မှတ်ချက်** - သမ္မာဝါစာ မဖြစ်အောင်, သမ္မာကမ္မန္တ မဖြစ်အောင်, သမ္မာအာဇီဝ မဖြစ်အောင် တားမြစ်နှောင့်ယှက်တတ်သော ကိလေသာ တရားဆိုးတို့ကို အရိယမဂ်တရားက ပယ်ရှားလိုက်သဖြင့် ထို အရိယာ သူတော်ကောင်း၏ သန္တာန်ဝယ် သမ္မာဝါစာသဘော, သမ္မာကမ္မန္တသဘော, သမ္မာအာဇီဝသဘောတို့သည် ရှေးရှုတည်နေကုန်၏ဟု ဆိုလိုသည်။**]**

၆။ **သမ္မာဝါယာမ =** သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝတည်းဟူသော ဤသီလဘုံ၌ ရပ်တည်နေသော အရိယာသူတော်ကောင်း၏ သန္တာန်ဝယ် ထိုသီလအား လျော်သော ထိုဝိရတီ သုံးမျိုးနှင့် အတူယှဉ်ဖက် သမ္ပယုတ် တရားပင်ဖြစ်သော, ဘာဝနာမှု၌ ပျင်းရိခြင်း ကောသဇ္ဇတရားကို အကြွင်းမဲ့ ပယ်ဖြတ်တတ်သည်လည်းဖြစ်သော, မဖြစ်ပေါ်သေးသော အကုသိုလ်တရား တို့၏ မဖြစ်ခြင်း, ဖြစ်ပေါ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်း, မဖြစ် ပေါ်သေးသော ကုသိုလ်တရားတို့၏ ဖြစ်ပေါ်လာခြင်း, ဖြစ်ပေါ်ပြီးသော ကုသိုလ်တရားတို့၏ တည်တံ့ခြင်းကို ပြီးစေတတ်သည်လည်းဖြစ်သော, အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်အာရုံကို ထိုးထွင်းသိရန် ကြိုးစား

အားထုတ်ကြောင်း ဝီရိယသည် **သမ္မာဝါယာမ** မည်၏။

၇။ **သမ္မာသတိ =** ဤသို့ သမ္မာဝါယာမမဂ္ဂင်နှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်လျက်ရှိသော အရိယာသူတော်ကောင်း၏သန္တာန်၌ ထိုသမ္မာ-ဝါယာမ(= ဝီရိယ) နှင့် အတူယှဉ်ဖက်သမ္ပယုတ်တရားပင် ဖြစ်သော, မိစ္ဆာ-သတိကို လှုပ်ခါတတ်သည်လည်းဖြစ်သော, ကာယ ဝေဒနာ စိတ္တ ဓမ္မတည်းဟူသော အာရုံတို့၌ ကာယာနုပဿနာ ဝေဒနာနုပဿနာ စိတ္တာနုပဿနာ ဓမ္မာနုပဿနာတို့ကို ပြီးစေတတ်သည်လည်းဖြစ်သော စိတ်၏ ကာယ ဝေဒနာ စိတ္တ ဓမ္မ အာရုံကို မပျောက်ပျက်ကြောင်း ဖြစ်သည့် နိဗ္ဗာန်အာရုံကို ကောင်းစွာအမှတ်ရမှု သတိသည် **သမ္မာသတိ** မည်၏။

၈။ **သမ္မာသမာဓိ =** ဤသို့ ကဲသာလွန်ဘိ တုမရှိသော လွန်မြတ်သောသတိဖြင့် ကောင်းစွာ စီမံအပ်သော စိတ်၏ အစောင့်အရှောက်ရှိသော အရိယာသူတော်ကောင်း၏သန္တာန်ဝယ် ထိုသမ္မာသတိနှင့် အတူယှဉ်ဖက်သမ္ပယုတ်တရားပင်ဖြစ်သော, မိစ္ဆာသမာဓိကို အကြွင်းမဲ့ ပယ်သတ်တတ်သော, နိဗ္ဗာန်ဟူသော တစ်ခုတည်းသော အာရုံပေါ်သို့ စိတ်ကျရောက်တည်ငြိမ်နေခြင်း (= စိတ္တေကဂ္ဂတာ)သည် **သမ္မာသမာဓိ** မည်၏။

အကြင်မဂ်တရားသည် လောကီဖြစ်သောမဂ် (= မဂ္ဂင်)နှင့် တကွ ဒုက္ခနိရောဓဂါမိနီပဋိပဒါ = ဒုက္ခချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ကျင့်စဉ်ပဋိပဒါဟူ၍ ခေါ်ဝေါ်အပ်သည်၏ အဖြစ်သို့ ရောက်၏။ ဤမဂ်သည်ကား လောကုတ္တရာဖြစ်သော, ကိလေသာတို့မှ ဝေးကွာသော (= ဖြူစင်မြင့်မြတ်သော), အင်္ဂါ (၈)ပါး ရှိသော အရိယမဂ်တည်း။ (အဘိ၊ဋ္ဌ၊၂၊၁၁၃-၁၁၄။)

## လိုရင်းမှတ်သားရန်

အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်အာရုံကို ထွင်းဖောက်သိမြင်ခြင်းသဘောကား **သမ္မာဒိဋ္ဌိ,** ယင်းနိဗ္ဗာန်အာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘောကား **သမ္မာသင်္ကပ္ပ,** ယင်းနိဗ္ဗာန်အာရုံကို ထွင်းဖောက်သိမြင်အောင်

ကြိုးစားအားထုတ်ခြင်းသဘောကား **သမ္မာဝါယာမ,** ယင်းနိဗ္ဗာန်အာရုံကို အမှတ်ရနေခြင်းသဘောကား **သမ္မာသတိ,** ယင်းနိဗ္ဗာန်အာရုံ တစ်ခုတည်း ပေါ်၌ စိတ်ကျရောက် တည်ငြိမ်နေခြင်းသဘောကား **သမ္မာသမာဓိ**တို့ ဖြစ်ကြ၏။

တစ်ဖန် ယင်းအရိယမဂ်တရားက သမ္မာဝါစာ မဖြစ်အောင်, သမ္မာကမ္မန္တ မဖြစ်အောင်, သမ္မာအာဇီဝ မဖြစ်အောင် တားမြစ်နှောင့်ယှက်တတ်သည့် မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တ မိစ္ဆာအာဇီဝဖြစ်ကြောင်း ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်လိုက်သဖြင့် မိစ္ဆာဝါစာမှ ရှောင်ကြဉ်မှု သမ္မာဝါစာသဘော, မိစ္ဆာကမ္မန္တမှ ရှောင်ကြဉ်မှု သမ္မာကမ္မန္တသဘော, မိစ္ဆာအာဇီဝမှ ရှောင်ကြဉ်မှု သမ္မာအာဇီဝသဘောတို့သည် ရှေးရှုတည်နေကြ၏။ သို့အတွက် အသင်္ခတ-ဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်ကို အာရုံယူနေသည့် အရိယမဂ်အခိုက်၌ လော-ကုတ္တရာ အရိယမဂ္ဂင် (၈)ပါး စုံစုံညီညီပင် ဖြစ်လျက် ရှိပေသည်။ သို့သော် ဒုတိယဈာန်နာမ်တရားစသည့် အထက်ပိုင်း ဈာန်နာမ်တရားတို့ကို ဝိပဿနာ ရှုခိုက် အရိယမဂ်သို့ ဆိုက်ခဲ့ပါမူ သမ္မာသင်္ကပ္ပမဂ္ဂင် တစ်ခု လျော့သဖြင့် မဂ္ဂင် (၇)ပါး စုံညီလျက် ရှိပေသည်။

လောကီမဂ္ဂင်တရားကိုယ် (၈)ပါးကား လောကီမဂ္ဂသစ္စာတရား, လောကုတ္တရာမဂ္ဂင်တရားကိုယ် (၈)ပါးကား လောကုတ္တရာမဂ္ဂသစ္စာတရားတို့ ဖြစ်ကြသည်။

လောကုတ္တရာမဂ္ဂင်တရားကိုယ် (၈)ပါးတို့တွင် သမ္မာဒိဋ္ဌိက အဝိဇ္ဇာကို, သမ္မာသင်္ကပ္ပက မိစ္ဆာသင်္ကပ္ပကို, သမ္မာဝါစာက မိစ္ဆာဝါစာကို, သမ္မာကမ္မန္တက မိစ္ဆာကမ္မန္တကို, သမ္မာအာဇီဝက မိစ္ဆာအာဇီဝကို, သမ္မာဝါယာမက ဥပ္ပန္န အကုသိုလ်အချို့ကို, သမ္မာသတိက မိစ္ဆာသတိကို, သမ္မာသမာဓိက မိစ္ဆာ-သမာဓိကို အကြွင်းမဲ့ ပယ်ရှားနိုင်ပေသည်။ (အဘိ၊ဌ၊၂၊၁၁၃-၁၁၄။)

❖ ❖ ❖

# နံပါတ် (၁၁) ဂါထာ

## သစ္စာ လေးပါး

ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာဟူ၍ သစ္စာလေးပါး ရှိပေသည်။ ဘုရားအစရှိသော အရိယာသူတော်ကောင်းတို့သည် ထွင်းဖောက် သိမြင်အပ်သော အမှန်တရားများ ဖြစ်ခြင်းကြောင့် အရိယသစ္စာဟူ၍လည်း ခေါ်ဆိုပေသည်။

## ဒုက္ခသစ္စာ

**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။** (သံ၊၃၊၃၆၉။ မ၊၁၊၈၂။)

**ကတမေ စ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ၊ သေယျထိဒံ- ရူပုပါဒါနက္ခန္ဓော၊ ဝေဒနုပါဒါနက္ခန္ဓော၊ သညုပါဒါနက္ခန္ဓော၊ သင်္ခါရု- ပါဒါနက္ခန္ဓော၊ ဝိညာဏုပါဒါနက္ခန္ဓော။ ဣမေ ဝုစ္စန္တိ ဘိက္ခဝေ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ။** (မ၊၁၈၄။)

ဤအထက်ပါ ဒေသနာတော်များ၌ ဘုရားရှင် ဟောကြားထားတော် မူသည်နှင့် အညီ အကျဉ်းချုပ်အားဖြင့် တဏှာ-ဒိဋ္ဌိတို့သည် ကပ်ရောက် အပ်သော ကံသည် “ငါ၏ အကျိုး”ဟု စွဲယူအပ်သော ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးသည် **ဒုက္ခသစ္စာ** မည်၏။

ရူပုပါဒါနက္ခန္ဓာဟူသည် အဘယ်နည်းဟု မေးရန် ရှိ၏။ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် ခန္ဓသုတ္တန် (သံ၊၂၊၃၉။) တွင် ဤသို့ ဟောကြားထားတော်မူ၏။

**ယံ ကိဉ္စိ ဘိက္ခဝေ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သာသဝံ ဥပါဒါနိယံ၊ အယံ ဝုစ္စတိ ရူပုပါဒါနက္ခန္ဓော။** (သံ၊၂၊၃၉။)

ဤသို့ စသည်ဖြင့် ဟောကြားထားတော်မူအပ်သော ခန္ဓသုတ္တန် ဒေသနာတော်နှင့် အညီ တဏှာ-ဒိဋ္ဌိတို့သည် ကပ်ရောက်အပ်သော ကံသည် (= တဏှာ-ဒိဋ္ဌိတို့ကို အခြေခံကာ ပြုစုပျိုးထောင်အပ်သော ကံသည်)

ငါ၏အကျိုးဟု စွဲယူအပ်သော, အာသဝေါတရားတို့၏ အာရုံဖြစ်သော အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက (= အကြမ်း), သုခုမ (= အနု), ဟီန (= အယုတ်), ပဏီတ (= အမြတ်), ဒူရ (= အဝေး), သန္တိက (= အနီး) ဟူသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသော ဥပါဒါနက္ခန္ဓာ ငါးပါးသည် ဒုက္ခအရိယသစ္စာတရား မည်၏။

## ဒုက္ခသမုဒယသစ္စာ

ဘုရားရှင်သည် သစ္စဝိဘင်းပါဠိတော်ဝယ် —

၁။ တဏှာကိုလည်း သမုဒယသစ္စာဟု ဟောကြားထားတော်မူ၏။ (အဘိ၊ ၂၊၁၁၂။)

၂။ တဏှာနှင့် ကြွင်းကိလေသာအားလုံးကိုလည်း သမုဒယသစ္စာဟု ဟောကြားထားတော်မူ၏။ (အဘိ၊ ၂၊၁၁၃။)

၃။ တဏှာ, ကြွင်းကိလေသာ, ကြွင်းအကုသိုလ်တရားအားလုံးကိုလည်း သမုဒယသစ္စာဟု ဟောကြားထားတော်မူ၏။ (အဘိ၊ ၂၊၁၁၄။)

၄။ တဏှာ, ကြွင်းကိလေသာ, ကြွင်းအကုသိုလ်တရားအားလုံးနှင့် အာသဝေါတရားတို့၏ အာရုံဖြစ်သော အလောဘ အဒေါသ အမောဟ ကုသလမူလတရား သုံးပါးတို့ကိုလည်း သမုဒယသစ္စာဟု ဟောကြားထားတော်မူ၏။ (အဘိ၊ ၂၊၁၁၄။)

၅။ တဏှာ, ကြွင်းကိလေသာ, ကြွင်းအကုသိုလ်တရားအားလုံး, အာသဝေါတရားတို့၏ အာရုံဖြစ်သော ကုသလမူလတရား သုံးပါး, အာသဝေါတရားတို့၏ အာရုံဖြစ်သော ကြွင်းကုသိုလ်တရားအားလုံးကိုလည်း သမုဒယသစ္စာဟု ဟောကြားထားတော်မူ၏။ (အဘိ၊ ၂၊၁၁၅။)

ဤ အမှတ်(၅) သမုဒယသစ္စာတရား၌ အကုသိုလ်တရားအားလုံးနှင့် အာသဝေါတရားတို့၏ အာရုံဖြစ်သော သံသရာဝဋ်ကို လည်ပတ်စေတတ်သော ကုသိုလ်တရားအားလုံး ပါဝင်၏။ ဤဒေသနာတော်ကိုပင် ရည်ညွှန်း၍ အဋ္ဌကထာကြီးများက အောက်ပါအတိုင်း ဖွင့်ဆိုထားတော်မူကြ၏။

**တတ္ထ ယသ္မာ ကုသလာကုသလံ ကမ္မံ အဝိသေသေန သမုဒယသစ္စန္တိ သစ္စဝိဘင်္ဂေ ဝုတ္တံ၊** (အဘိ၊ဋ္ဌ၊၂၊၁၈၅။ ဝိသုဒ္ဓိ၊၂၊၂၁၆။)

စေတနာ, စေတနာနှင့်ယှဉ်ဖက်သမ္ပယုတ်တရားဟု အထူးမပြောတော့ဘဲ သာမညအားဖြင့် ကုသိုလ်ကံ အကုသိုလ်ကံမှန်သမျှကို သမုဒယသစ္စာဟု သစ္စဝိဘင်းပါဠိတော်၌ ဘုရားရှင်သည် ဟောကြားထားတော်မူ၏ဟု ဖွင့်ဆိုထားကြပေသည်။

အင်္ဂုတ္တိုရ် တိကနိပါတ် **တိတ္ထာယတနသုတ္တန်**၌ သမုဒယသစ္စာကို ဘုရားရှင်သည် ဤသို့လည်း ဟောကြားထားတော်မူခဲ့၏။

**ကတမဉ္စ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊ အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စံ၊** (အံ၊၁၊၁၇၈။)

= ရဟန်းတို့ . . . ဒုက္ခဖြစ်ကြောင်း ဒုက္ခသမုဒယ အရိယသစ္စာတရားဟူသည် အဘယ်နည်း?

အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏၊ သင်္ခါရ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏၊ ဝိညာဏ် ဖြစ်ခြင်းကြောင့် နာမ်+ရုပ် ဖြစ်၏၊ နာမ်+ရုပ် ဖြစ်ခြင်းကြောင့် သဠာယတန ဖြစ်၏၊ သဠာယတန ဖြစ်ခြင်းကြောင့် ဖဿ ဖြစ်၏၊ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏၊ ဝေဒနာ ဖြစ်ခြင်းကြောင့် တဏှာ ဖြစ်၏၊ တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်၏၊ ဥပါဒါန် ဖြစ်ခြင်းကြောင့် ဘဝ (= ကမ္မဘဝ+ဥပပတ္တိဘဝ) ဖြစ်၏၊ ဘဝ (= ကမ္မဘဝ) ဖြစ်ခြင်းကြောင့် ဇာတိ ဖြစ်၏၊ ဇာတိ ဖြစ်ခြင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့ ဖြစ်ကုန်၏။ ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဒုက္ခတုံး ဒုက္ခအစုအပုံ၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်း

သဘောသည် ဖြစ်ပေ၏။ ရဟန်းတို့ . . . ဤ ကြောင်း-ကျိုး-ဆက်နွယ်မှု (=ပဋိစ္စသမုပ္ပါဒ်)သဘောတရားကို ဒုက္ခဖြစ်ကြောင်း ဒုက္ခသမုဒယ အရိယ-သစ္စာတရားဟူ၍ ဆိုအပ်၏။ (အံ၊၁၊၁၇၈။)

**တတ္ထ ပုရိမာနိ ဒွေ သစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ။ တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ။ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။**

(အဘိ၊ဋ္ဌ၊၂၊၁၀၉။)

ဤအဋ္ဌကထာများ၏ ဖွင့်ဆိုချက်နှင့် အညီ ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းဒုက္ခအရိယသစ္စာတရား ဒုက္ခသမုဒယအရိယသစ္စာတရား နှစ်ပါးတို့၌ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းရမည် ဖြစ်ပေသည်။ ဝိပဿနာဉာဏ်၏ အာရုံခံအာရုံ သစ္စာတရား နှစ်ပါးတို့တည်း။ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ယင်းဝဋ္ဋသစ္စာတရား နှစ်ပါးတို့ကို ဝိပဿနာမကျင့်သုံးမီ ရှေးဦးစွာ သိအောင် ကြိုးစားအားထုတ်ရမည် ဖြစ်ပေသည်။ ဉာဏ်စဉ်နည်းအရ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ-ပရိဂ္ဂဟဉာဏ်တို့ပင်တည်း။

## နိရောဓသစ္စာ

နိရောဓသစ္စာပိုင်း၌ ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း သိမြင်အပ်သော နိရောဓသစ္စာ, အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ထိုးထွင်းသိအပ်သော နိရောဓသစ္စာဟု နှစ်မျိုးရှိပေသည်။ ထိုတွင် ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်း သိရသော နိရောဓသစ္စာပိုင်းကို ဘုရားရှင်သည် ဤသို့ ဟောကြားထားတော်မူခဲ့၏။

**ကတမဉ္စ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ၊ အဝိဇ္ဇာယ တွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရနိရောဓော၊ သင်္ခါရနိရောဓာ ဝိညာဏ-နိရောဓော၊ ဝိညာဏနိရောဓာ နာမရူပနိရောဓော၊ နာမရူပနိရောဓာ သဠာယတနနိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊ ဖဿ-နိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ တဏှာ-နိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော၊ ဘဝနိရောဓာ**

**ဇာတိနိရောဓာ၊ ဇာတိနိရောဓာ ဇရာမရဏံ သောကပရိဒေဝဒုက္ခ-ဒေါမနဿုပါယာသာ နိရုဇ္ဈန္တိ။ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ ဒုက္ခနိရောဓံ အရိယသစ္စံ။**

(အံ၊၁၊၁၇၈။ တိတ္ထာယတနသုတ္တန်)

ရဟန်းတို့ . . . ဒုက္ခနိရောဓအရိယသစ္စာဟူသည် အဘယ်နည်း?

အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရ၏ ချုပ်ခြင်းသည် ဖြစ်၏၊ သင်္ခါရချုပ်ခြင်းကြောင့် ဝိညာဏ်၏ ချုပ်ခြင်း-သည် ဖြစ်၏၊ ဝိညာဏ်ချုပ်ခြင်းကြောင့် နာမ်ရုပ်၏ ချုပ်ခြင်းသည် ဖြစ်၏၊ နာမ်ရုပ်ချုပ်ခြင်းကြောင့် သဠာယတန၏ ချုပ်ခြင်းသည် ဖြစ်၏၊ သဠာယတန ချုပ်ခြင်းကြောင့် ဖဿ၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဖဿချုပ်ခြင်းကြောင့် ဝေဒနာ၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဝေဒနာချုပ်ခြင်းကြောင့် တဏှာ၏ ချုပ်ခြင်း သည် ဖြစ်၏၊ တဏှာချုပ်ခြင်းကြောင့် ဥပါဒါန်၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဥပါဒါန်ချုပ်ခြင်းကြောင့် ဘဝ၏ (= ကမ္မဘဝ+ဥပပတ္တိဘဝ၏) ချုပ်ခြင်းသည် ဖြစ်၏၊ ဘဝ (= ကမ္မဘဝ)ချုပ်ခြင်းကြောင့် ဇာတိ၏ ချုပ်ခြင်းသည် ဖြစ်၏၊ ဇာတိချုပ်ခြင်းကြောင့် ဇရာ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသတို့သည် ချုပ်ကုန်၏။ ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဒုက္ခတုံး ဒုက္ခအစုအပုံ၏ ချုပ်ခြင်းသည် ဖြစ်၏။ ရဟန်းတို့ . . . ဤ ကြောင်းကျိုးဆက်နွယ်မှု ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့၏ ချုပ်ငြိမ်းမှုသဘော တရားကို (= ပဋိလောမပဋိစ္စသမုပ္ပါဒ် သဘောတရားကို) ဒုက္ခနိရောဓ အရိယသစ္စာဟူ၍ ဆိုအပ်၏။ (အံ၊၁၊၁၇၈။)

ဤရှုကွက်နှင့် ပတ်သက်၍ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် ဥဒယဗ္ဗယာ-နုပဿနာဉာဏ်ပိုင်း စာမျက်နှာ (၅၃)တွင် ဤသို့ လာရှိ၏။

**ဝယံ ပဿန္တော ကတမာနိ ပဉ္စ လက္ခဏာနိ ပဿတိ၊**

၁။ **အဝိဇ္ဇာနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။**

၂။ **တဏှာနိရောဓာ။ ပ ။**

၃။ **ကမ္မနိရောဓာ၊ ပ ။**

၄။ **အာဟာရနိရောဓာ၊ ပ ။**

၅။ **ဝိပရိဏာမလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဝယံ ပဿတိ၊**
**ရူပက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ၊**

(ပဋိသံ၊၅၃။)

## ဆိုလိုရင်းသဘောတရား

ပဋိသမ္ဘိဒါမဂ္ဂ ပါဠိတော်ကြီး၌ ဥဒယဗ္ဗယဉာဏ်ခန်းတွင် . . . **အဝိဇ္ဇာသမုဒယာ ရူပသမုဒယော** = အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏ - ဤသို့ စသည်ဖြင့် ခန္ဓာ တစ်ပါးတစ်ပါး၌ ဥဒယဉာဏ် (၅)ပါးစီ ရှုကွက်ကို ဟောကြားထားတော်မူ၏။ ခန္ဓာငါးပါးလုံး၌ ဥဒယဉာဏ် (၂၅)ပါး ဖြစ်၏။

အလားတူပင် - **အဝိဇ္ဇာနိရောဓာ ရူပနိရောဓော** = အဝိဇ္ဇာချုပ်ခြင်းကြောင့် ရုပ်ချုပ်၏ - ဤသို့ စသည်ဖြင့် ခန္ဓာတစ်ပါးတစ်ပါး၌ ဝယဉာဏ် (၅)ပါးစီ ရှုကွက်ကိုလည်း ဟောကြားထားတော်မူ၏။ ခန္ဓာငါးပါးလုံး၌ ဝယဉာဏ် (၂၅)ပါး ဖြစ်၏။

ဥဒယဉာဏ် (၂၅) + ဝယဉာဏ် (၂၅) = နှစ်ရပ်ကို ပေါင်းသော် ဥဒယဗ္ဗယဉာဏ် အကျယ်ရှုပွားနည်း (၅၀) ဖြစ်၏။ ယင်းရှုကွက်များကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက အောက်ပါအတိုင်း ခွဲခြားဖော်ပြထား၏။

၁။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ စသော အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ခန္ဓာငါးပါးတို့၏ ထင်ရှားဖြစ်ခြင်းကို ရှုမြင်တတ်သော ဉာဏ်သည် **ပစ္စယတော ဥဒယဒဿနဉာဏ်** = အကြောင်း-တရားအားဖြင့် ဖြစ်မှုကို ရှုမြင်တတ်သော ဉာဏ် မည်၏။

၂။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ စသော အကြောင်းတရားတို့၏ (အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့) ချုပ်ခြင်းကြောင့် အကျိုးခန္ဓာငါးပါးတို့၏ အကြွင်းမဲ့ ချုပ်ခြင်းကို ရှုမြင်တတ်သော ဉာဏ်သည် **ပစ္စယတော ဝယဒဿန ဉာဏ်** = အကြောင်းတရားအားဖြင့် အချုပ်ကို (= အပျက်ကို) ရှုမြင်တတ်သော

ဉာဏ် မည်၏။

ဤ ပစ္စယတော ဥဒယဒဿနဉာဏ်နှင့် ပစ္စယတော ဝယဒဿနဉာဏ် နှစ်ခုကို ပေါင်းလိုက်သော် **ပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ် =** အကြောင်း-တရားအားဖြင့် ဥဒယနှင့် ဝယကို ရှုသော ဉာဏ် မည်၏။ (ဝိသုဒ္ဓိ၊၂၊၂၆၇။)

၃။ ခန္ဓာတို့၏ဖြစ်မှု ( = နိဗ္ဗတ္တိလက္ခဏာ)ကို ရှုမြင်တတ်သော ဉာဏ်သည် **ခဏတော ဥဒယဒဿနဉာဏ်** = ခဏအားဖြင့် အဖြစ်ကို ရှုမြင်တတ်သော ဉာဏ် မည်၏။

၄။ ခန္ဓာတို့၏ အပျက် (= ဝိပရိဏာမလက္ခဏာ)ကို ရှုမြင်တတ်သော ဉာဏ်သည် **ခဏတော ဝယဒဿနဉာဏ် =** ခဏအားဖြင့် အပျက်ကို ရှုမြင်တတ်သော ဉာဏ် မည်၏။

ယင်း ခဏတော ဥဒယဒဿနဉာဏ်နှင့် ခဏတော ဝယဒဿနဉာဏ် နှစ်ခုကို ပေါင်းလိုက်သော် **ခဏတော ဥဒယဗ္ဗယဒဿနဉာဏ်** = ခဏအားဖြင့် ဖြစ်ပျက်ကို ရှုမြင်တတ်သော ဉာဏ် မည်၏။ (ဝိသုဒ္ဓိ၊၂၊၂၆၇။)

## အနုပ္ပါဒနိရောဓနှင့် ဥပ္ပါဒနိရောဓ

အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် မည်သည့်အခါ၌ ချုပ်ငြိမ်းသွားကြမည်နည်း၊ ခန္ဓာတို့သည်လည်း မည်သည့်အခါ၌ ချုပ်ငြိမ်းသွားကြမည်နည်းဟု မေးရန် ရှိ၏။

**အဝိဇ္ဇာနိရောဓာ ရူပနိရောဓောတိ အဂ္ဂမဂ္ဂဉာဏေန အဝိဇ္ဇာယ အနုပ္ပါဒနိရောဓတော အနာဂတဿ ရူပဿ အနုပ္ပါဒနိရောဓော ဟောတိ ပစ္စယာဘာဝေ အဘာဝတော။** (မဟာဋီ၊၂၊၄၂၁။)

အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့သည် အရဟတ္တမဂ် ဆိုက်ရောက်သည့် အချိန်၌ အရဟတ္တမဂ်ဉာဏ်နှင့် အသခ်တဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်တို့ ပေါင်းဆုံမိသောအခါ အသခ်တဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်တရားတော်မြတ်၏ အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါသတ္တိထူးကြီးကို ဆက်ခံရသော အရဟတ္တမဂ်ဉာဏ်က ပယ်သတ်လိုက်သည့်အတွက် နောက်ထပ်

တစ်ဖန် မည်သည့်အခါမှ ပြန်မဖြစ်နိုင်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားကြ၏။ ယင်းသို့ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းမှုကို **အနုပ္ပါဒနိရောဓ** ဟု ခေါ်ဆို၏။

အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားသည့်အခါ ဘဝသစ်ကို တွယ်တာမက်မောနေသည့် တဏှာအဖော်သဟာယ်ကို ရရှိပါမှသာလျှင် ဘဝသစ်ဟူသော အကျိုးခန္ဓာကို ဖြစ်စေနိုင်သော သင်္ခါရ ကံတို့သည်လည်း အဝိဇ္ဇာနှင့် တဏှာ အဖော်သဟာယ်ကို မရရှိသဖြင့် ဘဝသစ်ဟူသော အကျိုးခန္ဓာကို ဖြစ်စေနိုင်သည့် စွမ်းအင်များလည်း ကုန်ခန်းသွားပြီ ဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံတို့သည် အရဟတ္တမဂ်ကြောင့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားကြ၏ဟု ဆိုရ၏။

အကြောင်းတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် အကြောင်းတရား မရှိတော့သည့်အတွက် အကျိုးခန္ဓာတို့လည်း မရှိနိုင်တော့ရကား အကျိုးခန္ဓာတို့လည်း ပရိနိဗ္ဗာနစုတိကို နောက်ဆုံးထားပြီး ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်၌ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဟု ခေါ်ဆိုအပ်သည့် **အနုပ္ပါဒနိရောဓ** သဘောအားဖြင့် ချုပ်ငြိမ်းသွားကြ၏။

အကြောင်းတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို **သဉပါဒိသေသနိဗ္ဗာန်**ဟုလည်းကောင်း, အကျိုးခန္ဓာတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို **အနုပါဒိသေသနိဗ္ဗာန်**ဟုလည်းကောင်း ခေါ်ဆိုပေသည်။

ယင်းသို့ ပရိနိဗ္ဗာနစုတိသို့ မဆိုက်မီ အတွင်းဝယ် အကြောင်းတရားနှင့် တကွသော ခန္ဓာတို့၏ ခဏမစဲ တသဲသဲ ဖြစ်မှု ပျက်မှုသည်ကား အကြောင်းတရားများ လုံးဝ မချုပ်ငြိမ်းကြသေးသဖြင့် အကြောင်းတရားတို့က ဖြစ်ပေါ်အောင် ကျေးဇူးပြုပေးနေသည့်အတွက် အကျိုးတရားတို့လည်း ချုပ်ပျက်ပြီး နောက် ထပ်ဖြစ်ကြသေး၏။ ပရိနိဗ္ဗာန် မစံမချင်း ထိုနည်းနှင်နှင် သွားကြ၏။

ယင်းကဲ့သို့ ပျက်ပြီးနောက် နောင်တစ်ဖန် ဖြစ်ခွင့်ရှိသော ပျက်မှု (= ချုပ်မှု)ကို **ဥပ္ပါဒနိရောဓ** (= နောင်တစ်ဖန် ဖြစ်ခွင့်ရှိသော ချုပ်ပျက်နည်း)ဟု ခေါ်ဆို၏။

ယောဂါဝစရပုဂ္ဂိုလ်သည် ဥဒယဗ္ဗယဉာဏ်ပိုင်းသို့ ရောက်ရှိသောအခါ

**၁။ ပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ်**

**၂။ ခဏတော ဥဒယဗ္ဗယဒဿနဉာဏ်** - တစ်နည်း

**၁။ အနုပ္ပါဒနိရောဓ**

**၂။ ဥပ္ပါဒနိရောဓ**

ဤ ဉာဏ်အမြင် နှစ်မျိုးလုံးကို ရရှိအောင် ကြိုးပမ်းရမည် ဖြစ်ပေသည်။ ထိုသို့ ကြိုးပမ်းလိုက်သောအခါ ဝိပဿနာအခိုက် သစ္စာလေးပါး ထင်ရှား လာပုံကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဤသို့ ဖွင့်ဆိုထား၏။

**ဣစ္စဿေဝံ ပစ္စယတော စေဝ ခဏတော စ ဒွေဓာ ဥဒယဗ္ဗယံ ပဿတော ပစ္စယတော ဥဒယဒဿနေန သမုဒယသစ္စံ ပါကဋံ ဟောတိ ဇနကာဝဗောဓတော။ ခဏတော ဥဒယဒဿနေန ဒုက္ခသစ္စံ ပါကဋံ ဟောတိ ဇာတိဒုက္ခာဝဗောဓတော။ ပစ္စယတော ဝယဒဿနေန နိရောဓသစ္စံ ပါကဋံ ဟောတိ ပစ္စယာနုပ္ပါဒေန ပစ္စယဝတံ အနုပ္ပါဒါဝဗောဓတော။ ခဏတော ဝယဒဿနေန ဒုက္ခသစ္စမေဝ ပါကဋံ ဟောတိ မရဏဒုက္ခာဝဗောဓတော။ ယဉ္စဿ ဥဒယဗ္ဗယဒဿနံ၊ မဂ္ဂေါ ဝါယံ လောကိကောတိ မဂ္ဂသစ္စံ ပါကဋံ ဟောတိ တတြ သမ္မောဟဝိဃာတတော။** (ဝိသုဒ္ဓိ၊၂၊၂၆၇-၂၆၈။)

၁။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ စသော အကြောင်းတရားတို့၏ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုး ခန္ဓာတို့၏ ထင်ရှားဖြစ်မှုကို ရှုမြင်တတ်သော **ပစ္စယတော ဥဒယဒဿနဉာဏ်**အမြင်ကို ရရှိသဖြင့် – ခန္ဓာတို့ကို တိုက်ရိုက်ဖြစ်စေတတ်သော ဇနကအကြောင်းတရားကို ထိုးထွင်းသိမြင်ခြင်းကြောင့် - ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်ဝယ် **သမုဒယသစ္စာ** တရားသည် ထင်ရှားလာ၏။

၂။ ခန္ဓာတို့၏ ခဏမစဲ တသဲသဲ ဖြစ်မှု ဥဒယကို ရှုမြင်တတ်သော

**ခဏတော ဥဒယဒဿနဉာဏ်**အမြင်ကို ရရှိသဖြင့် – ခန္ဓာတို့၏ ဖြစ်မှု (=ဇာတိ) ဒုက္ခကို ထိုးထွင်းသိမြင်ခြင်းကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်ဝယ် **ဒုက္ခသစ္စာ**တရားသည် ထင်ရှားလာ၏။

၃။ အဝိဇ္ဇာ တဏှာ ဥပါဒါန် သင်္ခါရ ကံ စသော အကြောင်းတရားတို့၏ အရဟတ္တမဂ်ကြောင့် အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် အကျိုးခန္ဓာတို့၏ ပရိနိဗ္ဗာနစုတိကို နောက်ဆုံးထားကာ အနုပ္ပါဒ-နိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို ရှုမြင်တတ်သော **ပစ္စယတော ဝယဒဿနဉာဏ်**အမြင်ကို ရရှိသဖြင့် - (အကြောင်းတရားတို့၏ အနုပ္ပါဒ-နိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားခြင်းကြောင့် အကြောင်းတရားရှိသော အကျိုးတရားတို့၏ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကို ထိုးထွင်း သိမြင်သောကြောင့်) – ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ **နိရောဓသစ္စာ** တရားသည် ထင်ရှားလာ၏။

၄။ ခန္ဓာတို့၏ ခဏမစဲ တသဲသဲအားဖြင့် ချုပ်ပျက်မှု (= ဝိပရိဏာမ လက္ခဏာ)ကို ရှုမြင်တတ်သော **ခဏတော ဝယဒဿနဉာဏ်**အမြင်ကို ရရှိသဖြင့် - ခန္ဓာတို့၏ ခဏမစဲ တသဲသဲ သေကျေ ပျက်စီးနေခြင်း မရဏ-ဒုက္ခကို ထိုးထွင်းသိမြင်ခြင်းကြောင့် - ထိုယောဂါဝစရပုဂ္ဂိုလ်၏ အသိဉာဏ်၌ **ဒုက္ခသစ္စာ**တရားသည်ပင် ထင်ရှားလာ၏။

၅။ ထိုယောဂါဝစရပုဂ္ဂိုလ်၏ သန္တာန်ဝယ် ပစ္စယတော ဥဒယဗ္ဗယဒဿန + ခဏတော ဥဒယဗ္ဗယဒဿနဟူသော နှစ်မျိုးသော ဥဒယဗ္ဗယဒဿနဉာဏ် အမြင်သည် ရှိ၏၊ ယင်းနှစ်မျိုးသော ဥဒယဗ္ဗယဒဿနဉာဏ်အမြင်သည် ထိုအကြောင်းတရားနှင့်တကွသော ခန္ဓာတို့၏ အပေါ်၌ မသိအောင် ဖုံးလွှမ်း-ထားတတ်သည့် သမ္မောဟတရားကို တဒင်္ဂအားဖြင့် ပယ်သတ်နိုင်ခြင်းကြောင့် လောကီ**မဂ္ဂသစ္စာ**တရားသည် ထင်ရှားလာ၏။ (ဝိသုဒ္ဓိ၊၂၊၂၆၇-၂၆၈။)

ယခုတင်ပြခဲ့သော နိရောဓသစ္စာ အဝင်အပါ သစ္စာလေးပါးတို့ကား ပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ် + ခဏတော ဥဒယဗ္ဗယဒဿနဉာဏ် ဟူသော နှစ်မျိုးသော ဥဒယဗ္ဗယဒဿနဉာဏ်ဖြင့် ထိုးထွင်းသိအောင်

ကျင့်ရမည့်, ယင်းဥဒယဗ္ဗယဉာဏ်ဖြင့် ထိုးထွင်းသိသည့် ဝိပဿနာအခိုက် သစ္စာလေးပါး ဖြစ်သည်။

အရိယာအဖြစ်သို့ တက်လှမ်းလိုသော ပုထုဇန် သူတော်ကောင်းသည် ဥဒယဗ္ဗယဉာဏ်ပိုင်းသို့ ရောက်ရှိလာသောအခါ ယင်းသစ္စာလေးပါးကို ဥဒယဗ္ဗယာနုပဿနာဉာဏ်ဖြင့် ထိုးထွင်းသိအောင် ကျင့်ရမည် ဖြစ်သည်။ အထက်အထက်သော မဂ်ဖိုလ်ကို အလိုရှိသော သေက္ခ (= ကျင့်ဆဲ) အရိယာသူတော်ကောင်းသည်လည်း အထက်မဂ်ဖိုလ်အတွက် ဝိပဿနာ ကျင့်သုံးသောအခါ ယင်းသစ္စာလေးပါးကို သိအောင် ကျင့်ရမည်သာ ဖြစ်ပေသည်။

**မဂ္ဂသစ္စာ**

မဂ္ဂသစ္စာပိုင်းကို ရှေ့ပိုင်း ဂါထာနံပါတ် (၁၀)တွင် ရှင်းလင်းတင်ပြပြီးခဲ့လေပြီ။ (စာမျက်နှာ ၁၈၀-၁၈၈ - ကြည့်ပါ။)

❖ ❖ ❖

# နံပါတ် (၁၄) ဂါထာ

## အသမ = အတုမရှိသော မြတ်စွာဘုရား

၁။ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး, ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်ဆာဆင်ထားတော်မူသော-ကြောင့် ဘုရားရှင်၏ ရူပကာယတော်သည် အလွန်ဆန်းကြယ်တော်မူ၏။ တူညီနိုင်သော တစ်စုံတစ်ယောက်သော လူ နတ် ဗြဟ္မာ သတ္တဝါကား မရှိသည်သာ ဖြစ်ခဲ့၏။

၂။ အလုံးစုံသော အခြင်းအရာအားဖြင့် ထက်ဝန်းကျင် ဖြူစင်တော်မူသော သီလဂုဏ်ကျေးဇူး အစုအပုံ, သမာဓိဂုဏ်ကျေးဇူး အစုအပုံ, ပညာဂုဏ်ကျေးဇူး အစုအပုံ, ဝိမုတ္တိ (ကိလေသာတို့မှ လွတ်မြောက်မှု = အရဟတ္တဖိုလ်) ဂုဏ်ကျေးဇူး အစုအပုံ, ဝိမုတ္တိဉာဏဒဿန (ကိလေသာတို့မှ လွတ်မြောက်မှု =

အရဟတ္တဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်) ဂုဏ်ကျေးဇူး အစုအပုံ ဤသို့စသော ဂုဏ်ရည်ရတနာတို့ဖြင့် ပြည့်စုံသော ဓမ္မကာယတော်အားဖြင့်လည်း တူညီနိုင်သည့် တစ်စုံတစ်ယောက်သော လူ နတ် ဗြဟ္မာ သတ္တဝါကား မရှိသည်သာ ဖြစ်ခဲ့၏။

၃။ ပါရမီကောင်းမှု အဆောက်အဦတို့၏ ကြီးမားသည့် စွမ်းအား, ကိုယ်တော်အား ဉာဏ်တော်အားတို့၏ ကြီးမားတော်မူသည့် စွမ်းအား, တန်ခိုးဣဒ္ဓိပါဒ်တို့၏ ကြီးမားတော်မူသည့် စွမ်းအား, အခြံအရံ အကျော် အစော၏ ကြီးမားတော်မူသည့် စွမ်းအား, ပညာဉာဏ်၏ ကြီးမားတော်မူသည့် စွမ်းအား - ဤစွမ်းအားတို့ကလည်း လွန်လွန်ကဲကဲ အထွတ်အထိပ်သို့ ရောက်တော်မူလျက်ရှိ၏။

ထို့ကြောင့် ဘုရားရှင်နှင့် တူညီသော တစ်စုံတစ်ယောက်သော နတ် လူ ဗြဟ္မာ သတ္တဝါကား မရှိဖြစ်ခဲ့၏။ ထို့ကြောင့် ဘုရားရှင်သည် **အသမ** = အတုမရှိသော ပုဂ္ဂိုလ် ဖြစ်တော်မူ၏။

❖ ❖ ❖

## နံပါတ် (၁၇) ဂါထာ

စက္ခုန္ဒြေ, သောတိန္ဒြေ, ဃာနိန္ဒြေ, ဇိဝှိန္ဒြေ, ကာယိန္ဒြေ, မနိန္ဒြေဟု ရဟန်းတို့ စောင့်စည်းရမည့် ဣန္ဒြေ (၆)ပါး ရှိ၏။ ထိုဣန္ဒြေ (၆)ပါး, တံခါးကြီး (၆)ပေါက်တို့မှ ကိလေသာများ မဝင်အောင် ပိတ်ဆို့ရမည် ဖြစ်၏။ မည်သို့ ပိတ်ဆို့ရမည်နည်း? **သဠာယတနဝဂ္ဂသံယုတ်ပါဠိတော် ကုမ္မောပမသုတ္တန်** (သံ၊၂၃၈၆။) တွင် ဤသို့ ဘုရားရှင်က နည်းပေးထားတော်မူ၏။

**ကုမ္မောဝ အင်္ဂါနိ သကေ ကပါလေ၊**
**သမောဒဟံ ဘိက္ခု မနောဝိတက္ကေ။**
**အနိဿိတော အညမဟေဌယာနော၊**
**ပရိနိဗ္ဗုတော နူပဝဒေယျ ကဉ္စိ။** (သံ၊၂၃၈၆။)

= လိပ်သည် လက်-ခြေ-ဦးခေါင်းတည်းဟူသော မိမိအင်္ဂါတို့ကို မိမိပိုင် လိပ်ခွံအတွင်း၌ သွတ်သွင်းထားသကဲ့သို့ ရဟန်းသည် စိတ်အကြံအစည်တို့ကို (= မိမိ၏ စိတ်ကို) မိမိ၏ ကိုယ်ပိုင်ဥစ္စာ ဖြစ်သော ကမ္မဋ္ဌာန်းအာရုံတည်း ဟူသော လိပ်ခွံအတွင်း၌ ကောင်းစွာ သွတ်သွင်းထားနိုင်ပါလျှင် တဏှာဒိဋ္ဌိ အမှီ မခံရဘဲ တစ်ပါးပုဂ္ဂိုလ်ကို မထိခိုက် မညှဉ်းဆဲမူ၍ ကိလေသာ အပူမီး တို့ ချုပ်ငြိမ်းရာ၏။ တစ်စုံတစ်ယောက်သော သူကိုမျှ မစွပ်စွဲ မပြောဆိုရာ။

**ဆိုလိုရင်းသဘောတရား** – လိပ်ကလည်း မြစ်ကမ်းပါး တစ်နေရာတွင် အစာရှာထွက်လာ၏။ မြေခွေးကလည်း အလားတူပင် ယင်းမြစ်ကမ်းပါး၌ အစာရှာထွက်လာ၏။ ရင်ဆိုင်တွေ့သောအခါ လိပ်က မိမိ၏ လိပ်ခွံအတွင်းသို့ မိမိခြေလက်ဦးခေါင်း အင်္ဂါရပ်တို့ကို သွတ်သွင်းထားလိုက်၏။ မြေခွေး၏ ခဲစားဖို့ရန် အခွင့်ကို မပေးပေ။ မြေခွေးကလည်း ယင်းလိပ်ကို မညှဉ်းဆဲ မနှိပ်စက်နိုင်။ အလားတူပင် ယောဂါဝစရ ရဟန်းတော်သည် မိမိ၏ မနောဝိတက် (= စိတ်အကြံ)တို့ကို မိမိ၏ ကိုယ်ပိုင်ဥစ္စာဖြစ်သည့် သမထ ကမ္မဋ္ဌာန်း သို့မဟုတ် ဝိပဿနာကမ္မဋ္ဌာန်းအာရုံဟူသည့် အခွံအတွင်း၌ ကောင်းစွာ ထားနိုင်ခဲ့ပါမူ မြေခွေးနှင့်တူသည့် ကိလေသမာရ်၏ ကိုက်ခဲဖို့ရန် အခွင့်ကို မပေးသည် မည်၏၊ ကိလေသာမြေခွေးကလည်း မညှဉ်းပန်း မနှိပ်စက်နိုင်လေရာ။ (သံ၊၄၊၁၊၇၃။)

ထို့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်သည် မိမိက သမထကမ္မဋ္ဌာန်းကို ပွားများ နေဆဲဖြစ်လျှင် မိမိ၏ သမထကမ္မဋ္ဌာန်းအာရုံ၌, မိမိက ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို ပွားများနေဆဲဖြစ်လျှင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းအာရုံ၌ မိမိ၏ မနောဝိတက္က အမည်ရသည့် ဘာဝနာစိတ်ကို အမြဲတမ်း သွတ်သွင်း ထားပါ။ ကိလေသာမြေခွေးတို့ ဝင်ရောက်ကိုက်ခဲဖို့ရန် မစွမ်းနိုင်လေရာ။ ထိုအခါ ဣန္ဒြိယသံဝရသီလကို စောင့်ထိန်းပြီးပင် ဖြစ်လေရာ၏။

ဘုရားရှင်သည်ကား အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော်တို့ကို ရတော်မူသည့် ထိုညဉ့်ကပင် ဗောဓိပင်ခြေ မြတ်သော ပလ္လင်ဗွေထက်၌ ဝါသနာအငွေ့ဓာတ်နှင့်တကွသော ကိလေသမာရ်စစ်သည်အပေါင်းကို

အရဟတ္တမဂ်ဉာဏ်သန်လျက်ဖြင့် အကြွင်းမဲ့ ပယ်သတ်တော်မူပြီးသည့် အဖြစ်ကြောင့် ဣန္ဒြေ (၆)ပါးတို့မှ ကိလေသာမြေခွေးတို့ မဝင်ရောက်နိုင်အောင် လုံခြုံစွာ စောင့်စည်းပြီး ဖြစ်တော်မူပေသည်။

## နူပဝဒေယျ ကဉ္စိ = မည်သူ့ကိုမျှ မစွပ်စွဲရာ

အခြားမည်သည့်ပုဂ္ဂိုလ်ကိုမဆို သီလဝိပတ္တိ = သီလပျက်စီးခြင်းဖြင့်လည်းကောင်း, အာစာရဝိပတ္တိ = ကျင့်ဝတ် အာစာရ၏ ပျက်စီးခြင်းဖြင့်လည်းကောင်း, မိမိကိုယ်ကို ချီးမြှောက်လိုခြင်းဖြင့်လည်းကောင်း, သူတစ်ပါးကို ကဲ့ရဲ့ရှုတ်ချလိုခြင်းဖြင့်လည်းကောင်း မစွပ်စွဲရာ။ အကယ်စင်စစ်အားဖြင့် မိမိ၏ သန္တာန်၌ ငါးမျိုးသော တရားတို့ကို ရှေးရှုတည်စေပြီးမှ –

၁။ **ကာလေန ဝက္ခာမိ** = ပြောသင့်သော အချိန်အခါ၌သာ ပြောဆိုအံ့၊
**နော အကာလေန** = မပြောသင့်သော အချိန်အခါ၌ မပြောဆိုအံ့၊

၂။ **ဘူတေန ဝက္ခာမိ** = အမှန်စကားဖြင့်သာ ပြောဆိုအံ့၊
**နော အဘူတေန** = မမှန်စကားဖြင့် မပြောဆိုအံ့၊

၃။ **သဏှေန ဝက္ခာမိ** = သိမ်မွေ့သော စကားဖြင့် ပြောဆိုအံ့၊
**နော ဖရုသေန** = ကြမ်းတမ်းသော စကားဖြင့် မပြောဆိုအံ့၊

၄။ **အတ္ထသံဟိတေန ဝက္ခာမိ** = အကျိုးစီးပွားနှင့် ယှဉ်သည့် စကားဖြင့်သာ ပြောဆိုအံ့၊
**နော အနတ္ထသံဟိတေန** = အကျိုးစီးပွားနှင့် မယှဉ်သည့် စကားဖြင့် မပြောဆိုအံ့၊

၅။ **မေတ္တစိတ္တော ဝက္ခာမိ** = မေတ္တာစိတ်ရှိလျက် ပြောဆိုအံ့၊
**နော ဒေါသန္တရော** = ဒေါသစိတ်ဖြင့် မပြောဆိုအံ့ –

ဤသို့လျှင် ထိုမှာဘက်ကမ်းသို့ ရောက်အောင် ပို့ဆောင်တတ်သော ဖောင်နှင့် သဘာဝချင်း တူညီသော သဘောတရား၌ ရပ်တည်နေသော စိတ်ဓာတ်ဖြင့်သာလျှင် သာသနာတော်၌ နေထိုင်ပါ။ (သံ၊၌၊၁၊၇၃-၇၄။)

# နံပါတ် (၁၉) ဂါထာ

## ယမကပါဋိဟာရိယ = ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာ

**ကဏ္ဍမ္ဗ = ကဏ္ဍ + အမ္ဗ =** ကဏ္ဍ အမည်ရှိသော ဥယျာဉ်မှူး + ကြဲချ စိုက်ပျိုးအပ်သော သရက်ပင်။

ကောသလမင်းကြီး၏ ဥယျာဉ်မှူးကား ကဏ္ဍ အမည် ရှိလေသည်။ ထိုဥယျာဉ်မှူး မောင်ကဏ္ဍက အနံ့ အရသာနှင့် ပြည့်စုံသော ရွက်ပုံးသီး သရက်သီး တစ်လုံးကို ရရှိသောအခါ ထိုသရက်သီးကို ဘုရားရှင်အား ဆက်ကပ် လှူဒါန်းပူဇော်လေသည်။ အရှင်အာနန္ဒာ မထေရ်မြတ်က ယင်း သရက်သီးကို အဖျော်ပြုလုပ်ကာ ဘုရားရှင်အား ဆက်ကပ်တော်မူလေသည်။ ထို ဥယျာဉ်မှူး မောင်ကဏ္ဍအား ထိုသရက်စေ့ကို ဘုရားရှင်က အဖျော် ယမကာကို ဘုဉ်းပေးတော်မူရာ လမ်းခုလတ် တစ်နေရာမှာပင် ကြဲချ စိုက်ပျိုး စေလေသည်။ တစ်ခဏချင်းအတွင်းမှာပင် အတောင် (၅၀)ခန့် မြင့်၍ သရက် ကိုင်း တစ်ကိုင်းတစ်ကိုင်းတွင် အတောင် (၅၀)ခန့် ရှည်သော အကိုင်းအခက် အရွက် အသီးတို့ဖြင့် ပြည့်နှက်နေသော သရက်ဖြူပင်ကြီး ဖြစ်လာလေသည်။ ထိုကဏ္ဍမ္ဗ သရက်ဖြူပင်ရင်းကို အခြေခံကာ ဘုရားရှင်သည် ယမကပါဋိ- ဟာရိယ (= ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာ)ကို ပြတော်မူလေသည်။ ရှေးဦးစွာ အလွန်ကြီးမားသော ရတနာစင်္ကြံတော်ကြီးကို ကောင်းကင်တွင် ဖန်ဆင်း တော်မူလိုက်၏။ အဘိညာဏ်စတုတ္ထစျာန်ဖြင့် ကောင်းကင်သို့ ပျံတက်တော် မူ၏။ မီးအလျှံ ထွက်ဖို့ရန် တေဇောကသိုဏ်းလျှင် အာရုံရှိသော တေဇော- ကသိဏစျာန်သမာပတ်ကို ဝင်စားတော်မူရ၍ ရေအယဉ် တသွင်သွင် စီးထွက်ဖို့ရန် အာပေါကသိုဏ်းလျှင် အာရုံရှိသော အာပေါကသိဏစျာန်- သမာပတ်ကို ဝင်စားတော်မူကာ ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော် မူလေသည်။ အဘိညာဏ်ဝင်စားမှုစွမ်းအားက အလွန်လျင်မြန်သောကြောင့် ရေနှင့် မီးတို့သည် အစုံလိုက် အစုံလိုက် ပြိုင်တူ ထွက်နေသည်ဟု ဖူးမြင် ရသူတို့၏ စိတ်တွင် တွေ့မြင်နေရပေသည်။

(၁) အထက်ပိုင်း ကိုယ်တော်မှ မီးအလျှံများ တဖွားဖွား ထွက်၍

အောက်ပိုင်း ကိုယ်တော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။ တစ်ဖန် အောက်ပိုင်း ကိုယ်တော်မှ မီးအလျှံများ တဖွားဖွား ထွက်၍ အထက်ပိုင်း ကိုယ်တော်မှ ရေအယဉ် တသွင်သွင် စီးလျက်ရှိ၏။

(၂) ရှေ့ဖြစ်သော ရူပကာယတော်မှ မီးအလျှံ၊ နောက်ဖြစ်သော ရူပကာယ တော်မှ ရေအယဉ်။ တစ်ဖန် နောက်ဖြစ်သော ရူပကာယတော်မှ မီးအလျှံ၊ ရှေ့ဖြစ်သော ရူပကာယတော်မှ ရေအယဉ်။

(၃) လက်ျာမျက်လုံးတော်မှ မီးအလျှံ၊ လက်ဝဲမျက်လုံးတော်မှ ရေအယဉ်။ တစ်ဖန် လက်ဝဲမျက်လုံးတော်မှ မီးအလျှံ၊ လက်ျာမျက်လုံးတော်မှ ရေအယဉ်။

(၄) လက်ျာနားတွင်းတော်မှ မီးအလျှံ၊ လက်ဝဲနားတွင်းတော်မှ ရေအယဉ်၊ တစ်ဖန် လက်ဝဲနားတွင်းတော်မှ မီးအလျှံ၊ လက်ျာနားတွင်းတော်မှ ရေအယဉ်။

(၅) လက်ျာနှာခေါင်းပေါက်တော်မှ မီးအလျှံ၊ လက်ဝဲနှာခေါင်းပေါက် တော်မှ ရေအယဉ်။ တစ်ဖန် လက်ဝဲနှာခေါင်းပေါက်တော်မှ မီးအလျှံ၊ လက်ျာ နှာခေါင်းပေါက်တော်မှ ရေအယဉ်။

(၆) လက်ျာပခုံးတော်မှ မီးအလျှံ၊ လက်ဝဲပခုံးတော်မှ ရေအယဉ်။ တစ်ဖန် လက်ဝဲပခုံးတော်မှ မီးအလျှံ၊ လက်ျာပခုံးတော်မှ ရေအယဉ်။

(၇) လက်ျာလက်တော်မှ မီးအလျှံ၊ လက်ဝဲလက်တော်မှ ရေအယဉ်။ တစ်ဖန် လက်ဝဲလက်တော်မှ မီးအလျှံ၊ လက်ျာလက်တော်မှ ရေအယဉ်။

(၈) လက်ျာနံပါးတော်မှ မီးအလျှံ၊ လက်ဝဲနံပါးတော်မှ ရေအယဉ်။ တစ်ဖန် လက်ဝဲနံပါးတော်မှ မီးအလျှံ၊ လက်ျာနံပါးတော်မှ ရေအယဉ်။

(၉) လက်ျာခြေတော်မှ မီးအလျှံ၊ လက်ဝဲခြေတော်မှ ရေအယဉ်။ တစ်ဖန် လက်ဝဲခြေတော်မှ မီးအလျှံ၊ လက်ျာခြေတော်မှ ရေအယဉ်။

(၁၀) လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြား အကြားမှ မီးအလျှံ၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူ တို့မှ ရေအယဉ်။ တစ်ဖန် လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ

ဆယ်ဆူတို့မှ မီးအလျှံ၊ လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ ရေအယဉ်။

(၁၁) တစ်ခုတစ်ခုသော မွေးညင်းတွင်းတော်မှ မီးအလျှံ၊ အခြား တစ်ခုတစ်ခု သော မွေးညင်းတွင်းတော်မှ ရေအယဉ်။

(၁၂) တစ်ဆူတစ်ဆူသော မွေးညင်းတော်မှ မီးအလျှံ၊ အခြား တစ်ဆူတစ်ဆူ သော မွေးညင်းတော်မှ ရေအယဉ် —

တသွင်သွင် ပြောင်းလဲကာ ဖူးလိုက်တိုင်း အဆင်ကွဲသဖြင့် အံ့အဲ၍မဝ ချီးပ၍မကုန် ရောင်ခြည်တော် ခြောက်ပုံတို့နှင့်တကွ အစုံအစုံသော ရေမီး အစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။

## ဣဒ္ဓိ (၁၀) မျိုး

အဓိဋ္ဌာနာ ဣဒ္ဓိ, ဝိကုဗ္ဗနာ ဣဒ္ဓိ, မနောမယာ ဣဒ္ဓိ, ဉာဏဝိပ္ဖာရာ ဣဒ္ဓိ, သမာဓိဝိပ္ဖာရာ ဣဒ္ဓိ, အရိယာ ဣဒ္ဓိ, ကမ္မဝိပါကဇာ ဣဒ္ဓိ, ပုညဝတော ဣဒ္ဓိ, ဝိဇ္ဇာမယာ ဣဒ္ဓိ, တတ္ထ တတ္ထ သမ္မာပယောဂပစ္စယာ ဣဇ္ဈနဋ္ဌေန ဣဒ္ဓိ ဟု ဣဒ္ဓိ (၁၀)မျိုး ရှိ၏။ (ဝိသုဒ္ဓိ၊၂၇။)

၁။ **အဓိဋ္ဌာနာ ဣဒ္ဓိ** = တစ်ယောက်တည်းဖြစ်လျက် အများဖြစ်အောင် အရာ အထောင် အသိန်းဖြစ်အောင် အဘိညာဏ်ရပုဂ္ဂိုလ်၏ အဓိဋ္ဌာန်ပြုကာ ဖန်ဆင်းနိုင်သော တန်ခိုးဣဒ္ဓိသည် **အဓိဋ္ဌာနာ ဣဒ္ဓိ** မည်၏။

၂။ **ဝိကုဗ္ဗနာ ဣဒ္ဓိ** = အဘိညာဏ်ရပုဂ္ဂိုလ်၏ မိမိ၏ ပင်ကိုပကတိ ရုပ်အဆင်းကို စွန့်ကာ နဂါးရုပ် ဆင်ရုပ် စသည့် ရုပ်အဆင်းသဏ္ဌာန် ပြောင်းလဲသည်၏ အစွမ်းဖြင့် ဖြစ်ပေါ်လာသော အထူးထူး အထွေထွေ ရုပ်ပုံသဏ္ဌာန် ဖန်ဆင်းတတ်သော တန်ခိုးဣဒ္ဓိသည် **ဝိကုဗ္ဗနာ ဣဒ္ဓိ** မည်၏။

၃။ **မနောမယာ ဣဒ္ဓိ** = အဘိညာဏ်ရပုဂ္ဂိုလ်၏ ဤ မိမိ၏ ကရဇကာယမှ အခြားတစ်ပါးသော အဘိညာဏ်စိတ်ဖြင့် ဖန်ဆင်းလိုက်သည့် မိမိနှင့် ပုံတူ အခြားတစ်ပါးသော တန်ခိုးဖြင့် ပြီးသော ဣဒ္ဓိမယကာယကို ဖန်ဆင်းနိုင် သော တန်ခိုးဣဒ္ဓိသည် **မနောမယာ ဣဒ္ဓိ** မည်၏။

၄။ **ဉာဏဝိပ္ဖါရာ ဣဒ္ဓိ =** အရဟတ္တမဂ်ဉာဏ်သို့ မဆိုက်ရောက်မီ အရဟတ္တမဂ်၏ ရှေး ဝိပဿနာခဏ၌လည်းကောင်း သို့မဟုတ် နောက်ဆုံးဘဝ ပဋိသန္ဓေခဏမှ ရှေး၌လည်းကောင်း, ခန္ဓပရိနိဗ္ဗာန်တိုင်အောင်သော နောက်-ကာလ၌လည်းကောင်း, ထိုအရဟတ္တမဂ်ဖြစ်သော ခဏ၌လည်းကောင်း - နေ၏ထွက်ရာ အရပ်၌ ထက်ဝန်းကျင်မှလျှင် အလင်းရောင်ကို ပြုခြင်းငှာ စွမ်းနိုင်သည်၏ အဖြစ်ကဲ့သို့ - အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ကြောင့် ပြီးသော အချင်းခပ်သိမ်း ပယ်အပ်သည်ကို ပယ်ခြင်း, ပွားစေအပ်သည်ကို ပွားစေခြင်း၏ ထက်ဝန်းကျင် ပြည့်စုံခြင်းဟု ဆိုအပ်သော အထူးသည် **ဉာဏဝိပ္ဖါရာ ဣဒ္ဓိ** (= အရဟတ္တမဂ်ဉာဏ်၏ အရှိန်အဟုန်ရှိသော တန်ခိုးဣဒ္ဓိ) မည်၏။ သင်္ခါရတရားတို့ကို အနိစ္စဟု (ဒုက္ခဟု, အနတ္တဟု) အဖန်တလဲလဲ ရှုသော အလွန်အားကောင်းသော အနိစ္စာနုပဿနာ (ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ)ဖြင့် နိစ္စသညာ (သုခသညာ, အတ္တသညာ)ကို ပယ်ခြင်း ကိစ္စသည် ပြီးစီးပြည့်စုံ၏။ ဤကား ဉာဏဝိပ္ဖါရာ ဣဒ္ဓိတည်း။ ပ ။ အရဟတ္တ-မဂ်ကြောင့် ကိလေသာအားလုံးတို့ကို ပယ်ခြင်းသည် ပြီးစီး ပြည့်စုံ၏။ ဤကား ဉာဏဝိပ္ဖါရာ ဣဒ္ဓိတည်း။

၅။ **သမာဓိဝိပ္ဖါရာ ဣဒ္ဓိ =** ပဌမစျာန်အစရှိသော သမာဓိမှ ရှေးဥပစာရ ခဏ၌လည်းကောင်း, ယင်းသမာပတ်မှ အထ နောက်ကာလ၌လည်းကောင်း, ထိုသမာပတ်ကို ဝင်စားဆဲခဏ၌လည်းကောင်း ထိုထိုစျာန်၌ သမာဓိ တန်ခိုးကြောင့် ဖြစ်သော နီဝရဏကို ပယ်ခွာခြင်း စသော အထူးသည် **သမာဓိဝိပ္ဖါရာ ဣဒ္ဓိ** = သမာဓိ၏ပျံ့ခြင်း အရှိန်အဟုန်၏ ဖြစ်ခြင်းရှိသော တန်ခိုးဣဒ္ဓိ မည်၏။

ပဌမစျာန်ဖြင့် နီဝရဏကို ပယ်ခြင်းကိစ္စ, ဒုတိယစျာန်ဖြင့် ဝိတက် ဝိစာရကို, တတိယစျာန်ဖြင့် ပီတိကို, စတုတ္ထစျာန်ဖြင့် သုခကို, အာကာ-သာနဉ္စာယတနစျာန်သမာပတ်ဖြင့် ရူပသညာကို, ဝိညာဏဉ္စာယတနစျာန် သမာပတ်ဖြင့် အာကာသာနဉ္စာယတနသညာကို, အာကိဉ္စညာယတန စျာန်သမာပတ်ဖြင့် ဝိညာဏဉ္စာယတနသညာကို, နေဝသညာနာသညာ-ယတနစျာန်သမာပတ်ဖြင့် အာကိဉ္စညာယတနသညာကို ပယ်ခြင်း ကိစ္စသည်

ပြီးစီးပြည့်စုံ၏။ ဤကား **သမာဓိဝိပ္ဖါရာ ဣဒ္ဓိ** = သမာဓိ၏ပျံ့ခြင်း အရှိန်-အဟုန်၏ ဖြစ်ခြင်းရှိသော တန်ခိုးဣဒ္ဓိ မည်၏။

၆။ **အရိယာ ဣဒ္ဓိ** = ရွံရှာစက်ဆုပ်ဖွယ် (= ပဋိကူလ) သဘောရှိသော အာရုံစသည်တို့၌ အပ္ပဋိကူလသညီ (= မစက်ဆုပ်ဖွယ် အမှတ်သညာရှိသည်) ဖြစ်၍နေခြင်း အစရှိသည်ကား **အရိယာ ဣဒ္ဓိ** = အရိယာတို့၏ ဥစ္စာဖြစ်သော တန်ခိုးဣဒ္ဓိ မည်၏။

၇။ **ကမ္မဝိပါကဇာ ဣဒ္ဓိ** = အမှတ်မဲ့သော ကံ၏ အကျိုးကြောင့်ဖြစ်သော တန်ခိုးဣဒ္ဓိ။

၈။ **ပုညဝတော ဣဒ္ဓိ** = လွန်ကဲသော ဘုန်းကံရှိသောသူ၏ တန်ခိုးဣဒ္ဓိ။

၉။ **ဝိဇ္ဇာမယာ ဣဒ္ဓိ** = ဝိဇ္ဇာဓိုရ်တို့၏ ကောင်းကင်၌ သွားလာနိုင်ခြင်း စသော တန်ခိုးဣဒ္ဓိ။

၁၀။ **တတ္ထ တတ္ထ သမ္မာပယောဂပစ္စယာ ဣဇ္ဈနဋ္ဌေန ဣဒ္ဓိ** = ထိုထိုကိစ္စ၌ အသင့်, ဥပါယ, ဉာယအားဖြင့် အားထုတ်ခြင်းဟူသော အကြောင်းကြောင့် ပြီးစီး ပြည့်စုံသော သဘောကြောင့် ဖြစ်ပေါ်လာသော တန်ခိုးဣဒ္ဓိ။ အရဟတ္တမဂ်ဉာဏ်ကြောင့် ဝါသနာအငွေ့ခာတ်နှင့် တကွ ကိလေသာ အားလုံးတို့ကို ပယ်ရှားခြင်းသဘောတရား၏ ပြီးပြည့်စုံလာ၏။ – ဤသို့ စသည့် တန်ခိုးဣဒ္ဓိတို့တည်း။

ဤ ဣဒ္ဓိ (၁၀)ပါးတို့တွင် အမှတ် (၉) ဖြစ်သည့် “ဝိဇ္ဇာမယာ ဣဒ္ဓိ”က လွဲလျှင် ကျန်ဣဒ္ဓိတို့ကား ဘုရားရှင်၏ သန္တာန်တော်၌ ပြည့်စုံလျက်ပင် ရှိပေသည်။ အမှတ် (၉) ဣဒ္ဓိကိုကား ဘုရားရှင် အသုံးမပြုသောကြောင့်တည်း။

ဤ ဣဒ္ဓိ (၁၀)ပါး အကျယ်ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊၆-၁၂)၌ ကြည့်ပါ။

# ရတနသုတ်ပရိတ်တရားတော်မြတ် – နိဿယ

## (၁)

**ပဏိဓာနတော** = ဒီပင်္ကရာ ထွန်ချာသေဌ်နင်း တရားမင်း၏ ခြေတော်ရင်း၌ ဘုရားဖြစ်ရန် ဆုထူးပန်ထွာတော်မူခဲ့သည်မှ။

**ပဋ္ဌာယ** = စ၍။

**တထာဂတဿ** = တထာဂတ အမည်ရတော်မူသော သုံးလောကထွန်းထား ရှင်တော်မြတ်ဘုရား၏။

**ဒသ ပါရမိယော** = အပြင်အပ သက်ရှိသက်မဲ့ ပစ္စည်းဝတ္ထု အစုစုတို့ကို စွန့်လွှတ်၍ ဖြည့်ကျင့် ဆည်းပူးတော်မူအပ်ကုန်သော ဆယ်ပါးကုန်သော ပါရမီတော်တို့လည်းကောင်း။

**ဒသ ဥပပါရမိယော** = ကိုယ်အင်္ဂါကြီးငယ်တို့ကို စွန့်လွှတ်၍ ဖြည့်ကျင့် ဆည်းပူးတော်မူရသော ဆယ်ပါးကုန်သော ဥပပါရမီတော်တို့လည်းကောင်း။

**ဒသ ပရမတ္ထပါရမိယော** = ကိုယ်အသက်ကို စွန့်လွှတ်၍ ဖြည့်ကျင့် ဆည်းပူးတော်မူရသော ဆယ်ပါးကုန်သော ပရမတ္ထပါရမီတော်တို့လည်းကောင်း။

**ဣတိ** = ဤသို့လျှင်။

**သမတ္တိံသ ပါရမိယော စ** = အမျှသုံးဆယ်ကုန်သော ပါရမီတော်မြတ်အပေါင်း တို့ကိုလည်းကောင်း။

**ပဉ္စ မဟာပရိစ္စာဂေ** = ငါးပါးကုန်သော စွန့်ခြင်းကြီးတို့ကိုလည်းကောင်း။

**လောကတ္ထစရိယံ** = သတ္တဝါအများအတွက် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်တော်မူခြင်းလည်းကောင်း။

**ဉာတတ္ထစရိယံ** = ဆွေမျိုးတို့အတွက် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ် တော်မူခြင်းလည်းကောင်း။

**ဗုဒ္ဓတ္ထစရိယံ** = ဘုရားဖြစ်ရန်အတွက် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ် တော်မူခြင်းလည်းကောင်း။

**ဣတိ** = ဤသို့လျှင်။

**တိဿော စရိယာယော စ** = သုံးပါးကုန်သော စရိယကျင့်စဉ်တို့ကို လည်းကောင်း။

**ပစ္ဆိမဘဝေ** = နောက်ဆုံးဘုရားဖြစ်မည့်ဘဝ၌။
**ဂဗ္ဘာဝေါက္ကန္တိံ** = မယ်တော်ဝမ်းတိုက် သက်ဆိုက်စံနေ သန္ဓေစွဲယူ တည်နေတော်မူခြင်းကိုလည်းကောင်း။
**ဇာတိံ** = မယ်တော်ဝမ်းတိုက်မှ မီးရှူးသန့်စင် ဖွားမြင်တော်မူခြင်းကိုလည်းကောင်း။
**(မဟာ)အဘိနိက္ခမနံ** = မြတ်သော တောထွက်တော်မူခြင်းကိုလည်းကောင်း။
**ပဓာနစရိယံ** = ဒုက္ကရစရိယာ ခြောက်နှစ်ကြာအောင် ကျင့်ကြံကျိုးကုတ်ပွားများအားထုတ်တော်မူခြင်းကိုလည်းကောင်း။
**ဗောဓိပလ္လင်္ကေ** = ဗောဓိပင်ခြေ မြတ်သော ပလ္လင်ဗွေထက်၌။
**မာရဝိဇယံ** = မာရ်ငါးပါးကို အောင်မြင်တော်မူခြင်းကိုလည်းကောင်း။
**သဗ္ဗညုတဉာဏပ္ပဋိဝေဓံ** = သဗ္ဗညုတဉာဏ်တော်မြတ်ကို ထွင်းဖောက်သိမြင်တော်မူခြင်းကိုလည်းကောင်း။
**ဓမ္မစက္ကပ္ပဝတ္တနံ** = ဓမ္မစကြာတရား ဟောကြားပြသ ဆိုဆုံးမတော်မူခြင်းကိုလည်းကောင်း။
**နဝ လောကုတ္တရဓမ္မေ** = ရှင်တော်မြတ်ဘုရား၏ သန္တာန်၌ တည်ရှိတော်မူကြကုန်သော ကိုးပါးကုန်သော လောကုတ္တရာတရားတို့ကိုလည်းကောင်း။
**ဣတိ** = ဤသို့လျှင်။
**သဗ္ဗေပိ’မေ ဗုဒ္ဓဂုဏေ** = ဤအလုံးစုံကုန်သော ဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို။
**အာဝဇ္ဇေတွာ** = ဆင်ခြင်အောက်မေ့ကြကုန်၍။
**ဝေသာလိယံ** = ဝေသာလီပြည်၌။
**တီသု ပါကာရန္တရေသု** = တံတိုင်းသုံးထပ် ကြားအရပ်တို့၌။
**တိယာမရတ္တိံ** = ညဉ့်သုံးယာမ်တို့ကာလပတ်လုံး။
**ပရိတ္တံ** = ရတနသုတ်ပရိတ်အရံအတားကို။
**ကရောန္တော** = ရွတ်ဖတ်ပူဇော်တော်မူသော။
**အာယသ္မာ အာနန္ဒတ္ထေရော ဝိယ** = အရှင်အာနန္ဒာ ကိုယ်တော်မြတ်ကဲ့သို့။
**သတ္တေသု** = သတ္တဝါတို့အပေါ်၌။

**ကာရုညစိတ္တံ** = ကြင်နာဆပွား ကရုဏာနှင့်ယှဉ်သော စိတ်ထားကို။
**ဥပဋ္ဌပေတွာ** = ရှေ့ရှုဖြစ်စေကြ တည်စေကြကုန်၍။ ။

(၂)

**ကောဋိသတသဟဿေသု စက္ကဝါဠေသု** = ကုဋေ တစ်သိန်းကုန်သော စကြဝဠာတို့၌။
**ဒေဝတာ** = နတ်ပြဟ္မာအပေါင်းတို့သည်။
**ယဿ** = အကြင်ရတနသုတ်ပရိတ်တရားတော်မြတ်၏။
**အာဏံ** = တန်ခိုးရှိန်စော် အာနုဘော်ကို။
**သိရသာ** = ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။
**ပဋိဂ္ဂဏှန္တိ** = ရိုသေစွာ ဦးညွတ်ခံယူကြလေကုန်၏။
**ယဉ္စ** = ယင်းရတနသုတ် ပရိတ်တော်မြတ်သည်လည်း။
**ဝေသာလိယာ ပုရေ** = ဝေသာလီပြည်၌။ ။

(၃)

**ရောဂါမနုဿဒုဗ္ဘိက္ခသမ္ဘူတံ** = ရောဂါထူးခြား ဘီလူးများနှင့် အစာငတ်မွတ်ခေါင်းပါးခြင်းကြောင့် ထင်ရှားဖြစ်ပေါ်၍လာရသော။
**တိဝိဓံ ဘယံ** = သုံးမျိုးသော ဘေးဒုက္ခကို။
**ခိပ္ပံ** = လျင်မြန်စွာ။
**အန္တရဓာပေသိ** = ကွယ်ပျောက်ရုပ်သိမ်း ချုပ်ငြိမ်းစေခဲ့လေပြီ။
**တံ ရတနပရိတ္တံ** = ထိုရတနသုတ်ပရိတ်အရံအတားကို။
**ဟေ** = အို သူတော်ကောင်းတို့ . . . ။
**မယံ** = ငါတို့သည်။
**ဘဏာမ** = ရွတ်ဖတ်ပူဇော်ကြပါကုန်စို့။ ။

(၄)

**ယံကိဉ္စိ** = ဤပရိတ်တရားတော်မြတ် ရွတ်ဖတ်ရာဌာန ဤအရပ်သို့။
**ဘုမ္မာနိ** = မြေ၌တည်ကြကုန်သော။
**ယာနိ ဘူတာနိ ဝါ** = အကြင်နတ်တို့သည်လည်းကောင်း။

**အန္တလိက္ခေ** = အဇဋာကာသ ထက်ကောင်းကင်၌။
**ယာနိ ဘူတာနိ ဝါ** = အကြင်နတ်တို့သည်လည်းကောင်း။
**သမာဂတာနိ** = ညီညာဖြဖြ စည်းဝေးရောက်လာကြပေကုန်၏။
**သဗ္ဗေဝ** = ခပ်သိမ်းဥဿုံ အလုံးစုံသာလျှင် ဖြစ်ကြကုန်သော။
**တေ ဘူတာ** = ထိုနတ်များစွာတို့သည်။
**သုမနာ** = နှစ်သက်ရွှင်လန်း ဝမ်းမြောက်သောစိတ်ထား ရှိကြကုန်သည်။
**ဘဝန္တု** = ဖြစ်ကြပါကုန်လော့။
**အထောပိ** = ထိုမှတစ်ပါးလည်း။
**ဘာသိတံ** = ငါဘုရားသည် ဟောကြားပြသ ဆိုဆုံးမတော်မူအပ်သော ရတနသုတ်ပရိတ်အရံအတားကို။
**သက္ကစ္စ** = ရိုသေသမှု အလေးဂရုပြု၍။
**သုဏန္တု** = နာယူကြပါကုန်လော့။

(၂)

**ဘူတာ** = အို နတ်များစွာတို့ . . . ။
**တသ္မာ ဟိ** = ထိုကဲ့သို့ တရားနာယူရန် ငါဘုရား တိုက်တွန်းတော်မူသော ကြောင့်ပင်လျှင်။
**တုမှေ** = သင်နတ်များစွာတို့သည်။
**နိသာမေထ** = နားစိုက်ကြပါကုန်လော့။
**မာနုသိယာ ပဇာယ** = လူသားဖြစ်သော သတ္တဝါအပေါ်၌။
**မေတ္တံ** = ချစ်မြတ်နိုးခြင်း မေတ္တာတရားကို။
**ကရောထ** = ပြုကြပါကုန်လော့။
**ယေ** = ယင်းလူသားအပေါင်းတို့သည်။
**တုမှာကံ** = သင်နတ်များစွာတို့အား။
**ဒိဝါ စ** = နေ့အခါ၌လည်းကောင်း။
**ရတ္တော စ** = ညဉ့်အခါ၌လည်းကောင်း။
**ဗလိံ** = ဒေဝတာဗလိဟုခေါ်ဆိုအပ်သော ပူဇော်ပသဖွယ်ရာ အဖြာဖြာကို။
**ဟရန္တိ** = ဆောင်ယူပသ ပူဇော်ကြပေကုန်၏။

**တသ္မာ ဟိ** = ထို့ကြောင့်ပင်လျှင်။
**တုမှေ** = သင်နတ်များစွာတို့သည်။
**နေ** = ထိုလူသားအပေါင်းတို့ကို။
**အပ္ပမတ္တာ** = မမေ့မလျော့ကြကုန်ဘဲ။
**ရက္ခထ** = သနားစောင့်ရှောက်ကြပါကုန်လော့။ ။

(၄)

**ဣဓ ဝါ** = ဤလူ့ပြည်၌လည်းကောင်း။
**ဟုရံ ဝါ** = နဂါးဂဠုန်စသော တစ်ပါးသောပြည်တို့၌လည်းကောင်း။
**ယံ ကိဉ္စိ** = အလုံးစုံသော။
**ဝိတ္တံ** = နှစ်သက်မြတ်နိုးခြင်းကို ဖြစ်စေတတ်သော လောကီဥစ္စာရတနာသည်။
**အတ္ထိ** = ရှိချေ၏။
**သဂ္ဂေသု ဝါ** = နတ်ပြည် ဗြဟ္မာ့ပြည်တို့၌မူလည်း။
**ပဏီတံ** = မရောင့်ရဲစေတတ် မွန်မြတ်လှစွာသော။
**ယံ ရတနံ** = အကြင် နှစ်သက်မြတ်နိုးဖွယ်ရာသော လောကီဥစ္စာရတနာသည်။
**အတ္ထိ** = ရှိချေ၏။
**ဧတ္ထ** = ဤရတနာအပေါင်းတို့တွင်။
**တထာဂတေန** = သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားတည်းဟူသော ရတနာနှင့်။
**သမံ** = တူမျှသော။
**နံ** = ထိုလောကီဥစ္စာ ရတနာမျိုးသည်။
**န နော အတ္ထိ** = မရှိသည်သာလျှင်တည်း။
**ဗုဒ္ဓေ** = သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရား၌။
**ဣဒမ္ပိ ရတနံ** = ဤမြတ်နိုးဖွယ်ရာ ရတနာအဖြစ် သိသာဖွယ်အကြောင်း နှစ်သက်ဖွယ် ဂုဏ်တော်အပေါင်းသည်လည်း။
**ပဏီတံ** = ထူးမြတ်တော်မူလှပါပေ၏။
**ဧတေန သစ္စေန** = ဝစီမဂ်လာ ဤသစ္စာစကားကြောင့်။

**တုမှာကံ** = အိမ်သူအိမ်သား လူအများနှင့် ပရိတ်တရားကို စိတ်ထားကြည်သာရှိသေစွာဖြင့် နာယူလျက်ရှိကြကုန်သော သင် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့အား။

**(ပါဏီနံ** = အပေါင်းများစွာ သတ္တဝါတို့အား။)

**သုဝတ္ထိ** = ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်။

**ဟောတု** = မုချမသွေဖြစ်ပါစေသတည်း။ ။

(၇)

**ခယံ** = တစ်ထောင့်ငါးရာ ကိလေသာတို့၏ ကုန်ဆုံး ပျက်စီးရာလည်း ဖြစ်ထသော။

**ဝိရာဂံ** = အာရုံခမ္မ ဟူသမျှတို့၌ တွယ်တာပေတတ် ရာဂတော်တို့၏ ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းရာလည်း ဖြစ်ထသော။

**အမတံ** = စုတိပြတ်ကွေ့ ဘယ်အခါမှ သေကျေပျက်စီးရခြင်းလည်း မရှိထသော။

**ယံ နိဗ္ဗာနံ** = အကြင် အငြိမ်းဓာတ်မှန် နိဗ္ဗာန်တရားတော်မြတ်ကို။

**သမာဟိတော** = မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ မြဲခိုင်စွာဘိ တည်ကြည်သော သမာဓိ ရှိတော်မူသော။

**သကျမုနိ** = သာကီဝင်ထွဋ်ထား ဂေါတမရှင်တော်မြတ်ဘုရားသည်။

**အဇ္ဈဂါ** = လက်ဝယ်တင်ထား ပတ္တမြားကဲ့သို့ ကောင်းစွာပိုင်ပိုင် ဉာဏ်ဖြင့်ဆိုက်ရောက် သိမြင်တော်မူခဲ့လေပြီ။

**တေန ဓမ္မေန** = ထိုအငြိမ်းဓာတ်မှန် နိဗ္ဗာန်တရားတော်မြတ်နှင့်။

**သမံ** = တူမျှသော။

**ကိဉ္စိ** = တစ်စုံတစ်ခုသော တရားမျိုးသည်။

**န နော အတ္ထိ** = မရှိသည်သာလျှင်တည်း။

**ဓမ္မေ** = အငြိမ်းဓာတ်မှန် နိဗ္ဗာန်တရားတော်မြတ်၌။

**ဣဒမ္ပိ ရတနံ** = ဤမြတ်နိုးဖွယ်ရာ ရတနာအဖြစ် သိသာဖွယ်အကြောင်းနှစ်သက်ဖွယ် ဂုဏ်တော်အပေါင်းသည်လည်း။

**ပဏီတံ** = ထူးမြတ်တော်မူလှပါပေ၏။

**ဧတေန သစ္စေန** = ဝစီမင်္ဂလာ ဤသစ္စာစကားကြောင့်။
**တုမှာကံ** = အိမ်သူအိမ်သား လူအများနှင့် ပရိတ်တရားကို စိတ်ထားကြည်သာ ရှိသေစွာဖြင့် နာယူလျက်ရှိကြကုန်သော သင် သပ္ပုရိသအပေါင်း သူတော်ကောင်းတို့အား။
(**ပါဏီနံ** = အပေါင်းများစွာ သတ္တဝါတို့အား။)
**သုဝတ္ထိ** = ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်။
**ဟောတု** = မုချမသွေဖြစ်ပါစေသတည်း။ ။

(၈)

**ဗုဒ္ဓသေဋ္ဌော** = သုတဗုဒ္ဓ သာဝကဗုဒ္ဓ ပစ္စေကဗုဒ္ဓဟု ခေါ်ဆိုအပ်သော ဗုဒ္ဓသုံးဆူ ချီးမွမ်းအပ်သောသူတို့ထက် ကဲသာလွန်မြတ် အထူးသဖြင့် ချီးမွမ်းတော်မူအပ်သော သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည်။
**သုစိံ** = ကိလေသာမြူအလေး အညစ်အကြေးတို့မှ ကင်းဝေးစင်ပ ဖြူစင်တော်မူလှသော။
**ယံ သမာဓိံ** = အကြင် အရိယာမဂ်နှင့် တွဲဖက်ယှဉ်ဘိ သမာဓိတရားတော်မြတ်ကို။
**ပရိဝဏ္ဏယီ** = ချီးမွမ်းမြှောက်စားတော်မူခဲ့လေပြီ။
**ယံ သမာဓိံ** = အကြင် အရိယာမဂ်နှင့် တွဲဖက်ယှဉ်ဘိ သမာဓိတရားတော်မြတ်ကို။
**အနန္တရိကံ** = မိမိကွယ်ပ အခြားမဲ့ကာလ၌ မုချဆတ်ဆတ် အရိယာဖိုလ်ဟူသော အကျိုးတရားကို ပေးတတ်၏ဟူ၍။
**ဗုဒ္ဓါ** = သုံးဘုံကျော်ဟီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်။
**အာဟု** = သံသာကျူးသီ ဟောပြတော်မူကြလေကုန်ပြီ။
**တေန သမာဓိနာ** = ထိုအရိယာမဂ်နှင့် တွဲဖက်ယှဉ်ဘိ သမာဓိတရားတော်မြတ်နှင့်။
**သမော** = တူမျှသော တစ်စုံတစ်ခုသော လောကီသမာဓိတရားမျိုးသည်။
**န ဝိဇ္ဇတိ** = မရှိသည်သာလျှင်တည်း။

**ဓမ္မေ** = အရိယာမဂ်နှင့် တွဲဖက်ယှဉ်ဘိ သမာဓိတရားတော်မြတ်၌။

**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

## (၉)

**သတံ** = ပါရမီရင့်ကြူး သမ္ဘာထူးသည့် ကျေးဇူးဂုဏ်ကြီးမား ဘုရားအစရှိသော သူတော်စင်ပုဂ္ဂိုလ်အများတို့သည်။

**ပသတ္ထာ** = လွန်စွာထပ်ထပ် ချီးမွမ်းတော်မူအပ်ကုန်သော။

**ယေ ပုဂ္ဂလာ** = အကြင် ပုထုဇဉ်အနွယ် ကင်းကွယ်ကုန်ပြတ် အရိယာပုဂ္ဂိုလ်မြတ်တို့သည်။

**အဋ္ဌ** = ရှစ်ယောက်တို့သည်။

**ဟောန္တိ** = ဖြစ်ကြလေကုန်၏။

**ဧတာနိ** = ထို ပုထုဇဉ်အနွယ် ကင်းကွယ်ကုန်ပြတ် အရိယာပုဂ္ဂိုလ်မြတ်တို့သည်။

**စတ္တာရိ ယုဂါနိ** = မဂ်ဖိုလ်နှစ်ရပ် စပ်သောအားဖြင့် အစုံလေးပါးတို့သည်။

**ဟောန္တိ** = ဖြစ်ကြလေကုန်၏။

**သုဂတဿ** = သုံးဘုံကျော်ဟီး ဘုရားရှင် ကိုယ်တော်မြတ်ကြီး၏။

**သာဝကာ** = တပည့်ရင်းသာဝကအစစ် ဖြစ်တော်မူကြကုန်သော။

**တေ ပုဂ္ဂလာ** = ထိုပုထုဇဉ်အနွယ်ကင်းကွယ်ကုန်ပြတ် အရိယာပုဂ္ဂိုလ်မြတ်တို့သည်။

**ဒက္ခိဏေယျာ** = ကံနှင့်အကျိုး ရည်ကိုးမျှော်သန် အလှူကောင်း အလှူမှန်ဟူသမျှကို စိုးယူပိုင်သ ခံယူတော်မူထိုက်ကြပေကုန်၏။

**ဧတေသု** = ထိုအရိယာပုဂ္ဂိုလ်တို့၌။

**ဒိန္နာနိ** = သဒ္ဓါကြည်ဖြူ ပေးလှူသမျှ အလှူဒါန ကောင်းမှုကုသိုလ် မှန်သမျှတို့သည်။

**မဟပ္ဖလာနိ** = ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုး ရှိကြပေကုန်၏။

**သံဃေ** = အရိယာသံဃာတော်မြတ်၌။

**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

## (၁၀)

**ယေ ခီဏာသဝါ** = အကြင် ကိလေသာ အာသဝေါ လျှောကျကင်းကွာ ရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတို့သည်။
**ဂေါတမသာသနမှိ** = ဂေါတမမြတ်စွာ ရောင်ဝါထိန်လင်း သာသနာတော်မြတ်အတွင်း၌။
**ဒဠှေန** = ကျောက်တောင်ကြီးပမာ မြဲခိုင်လှစွာသော။
**မနသာ** = သမာဓိနှင့်ယှဉ်သော စိတ်ဓာတ်ဖြင့်။
**သုပ္ပယုတ္တာ** = လွန်စွာကြိုးကုတ် အားထုတ်တော်မူကြကုန်သည်ဖြစ်၍။
**နိက္ကာမိနော** = ကိလေသာဟူ အပူခပ်သိမ်းမှ အလျှင်းကျွတ်၍ ကင်းလွတ်ထွက်မြောက်တော်မူကြလေကုန်ပြီ။
**တေ ခီဏာသဝါ** = ထိုရဟန္တာပုဂ္ဂိုလ်မြတ်ကြီးတို့သည်။
**အမတံ** = စုတိပြတ်ကြွေ ဘယ်အခါမှ သေကျေပျက်စီးရခြင်း မရှိသော အမတဓာတ် နိဗ္ဗာန်တရားတော်မြတ်သို့။
**ဝိဂယှ** = အာရုံပြုသောအားဖြင့် သက်ရောက်တော်မူကြကုန်သည်ဖြစ်၍။
**မုဓာ** = ပစ္စည်းဥစ္စာ အနည်းငယ်မျှ မကုန်ကြရဘဲ။
**လဒ္ဓါ** = လိုရာခဏ အလွယ်ပင် ရတော်မူကြကုန်သည်ဖြစ်၍။
**နိဗ္ဗုတိံ** = ဖလသမာပတ် အငြိမ်းဓာတ်အရသာကို။
**ဘုဥ္ဇမာနာ** = သုံးဆောင်ခံစားတော်မူကြကုန်လျက်။
**ပတ္တိပတ္တာ** = မိမိတို့သည် ရောက်ရှိအပ်ပြီး ရရှိအပ်ပြီး ဖြစ်သည့် အရဟတ္တဖိုလ်သို့ အသစ်တစ်ဖန် ဝင်စားသောအားဖြင့် ဆိုက်ရောက်တော်မူကြလေကုန်ပြီ။
**သံဃေ** = ရဟန္တာသံဃာတော်မြတ်၌။
**က္ကဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

## (၁၁)

**ပထဝိဿိတော** = မြေ၌စွဲမှီ ကောင်းစွာတည်သော။
**က္ကန္ဒခီလော** = မြို့တံခါးတိုင်ကြီးသည်။

**စတုဗ္ဘိ ဝါတေဟိ** = အရပ်လေးမျက်နှာတို့မှ တိုက်ခတ်လာသော လေပြင်းမုန်တိုင်းတို့သည်။
**အသမ္ပကမ္ပိယော** = မလှုပ်ရှားစေနိုင်သည်။
**သိယာ ယထာ** = ဖြစ်ဘိသကဲ့သို့။
**ယော သပ္ပုရိသော** = အကြင် သူတော်မျိုးမှန် အဖိုးတန်သည့် သောတာပန်ပုဂ္ဂိုလ်သူမြတ်သည်။
**အရိယသစ္စာနိ** = အရိယာသစ္စာလေးရပ် တရားမြတ်တို့ကို။
**အဝေစ္စ** = သောတာပတ္တိမဂ်ဉာဏ်ဖြင့် သက်ဝင်၍။
**ပဿတိ** = သိတော်မူ မြင်တော်မူ၏။
**တံ သပ္ပုရိသံ** = ထို သူတော်မျိုးမှန် အဖိုးတန်သည့် သောတာပန်ပုဂ္ဂိုလ်သူမြတ်ကို။
**တထူပမံ** = အရိယာသစ္စာလေးပါးတည်းဟူသော တရားမြေ၌ မြဲစွာစိုက်၍ တည်နေခြင်းကြောင့် ထိုတံခါးတိုင်ကြီးလျှင် ပုံပမာရှိ၏ဟူ၍။
**အဟံ** = ငါဘုရားသည်။
**ဝဒါမိ** = ဟောတော်မူ၏။
**သံဃေ** = သောတာပန်သံဃာတော်မြတ်၌။
**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

(၁၂)

**ယေ** = အကြင် သတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်သူမြတ်တို့သည်။
**ဂမ္ဘီရပညေန** = နက်နဲလှစွာသော သဗ္ဗညုတဉာဏ်သခင် သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်သည်။
**သုဒေသိတာနိ** = ကောင်းစွာပိုင်းဖြတ် ဟောကြားတော်မူအပ်ကုန်သော။
**အရိယသစ္စာနိ** = အရိယသစ္စာလေးရပ် တရားမြတ်တို့ကို။
**ဝိဘာဝယန္တိ** = ကိုယ့်သန္တာန်တွင် မဂ်ဉာဏ်ဖြစ်ပွား ထင်ရှားအောင် ပြုတော်မူကြလေကုန်ပြီ။
**တေ** = ထိုသတ္တက္ခတ္တုပရမ သောတာပန်ပုဂ္ဂိုလ်သူမြတ်တို့သည်။

**ဘုသံ** = အလွန်အကဲ။
**ပမတ္တာ** = စည်းစိမ်ယစ်၍ မေ့လျော့ကြကုန်သည်။
**ကိဉ္စာပိ ဟောန္တိ** = အကယ်၍ကား ဖြစ်ကြကုန်သေး၏။
**ပန တထာပိ** = ထိုသို့ပင် စည်းစိမ်ယစ်၍ မေ့လျော့ကြကုန်ငြားသော်လည်း။
**အဋ္ဌမံ ဘဝံ** = ရှစ်ကြိမ်မြောက်ဖြစ်သော ဘဝကို။
**န အာဒိယန္တိ** = ယူတော်မူရိုး မရှိကြလေကုန်။
**သံဃေ** = သတ္တက္ခတ္တုပရမ သောတာပန်သံဃာတော်မြတ်၌။
**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

## (၁၃)

**အသ** = ထိုသောတာပန်ပုဂ္ဂိုလ်သူမြတ်သည်။
**ဒဿနသမ္ပဒါယ** = သောတာပတ္တိမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံခြင်းနှင့်။
**သဟာဝ** = အတူမကွာ တစ်ပြိုင်နက်သာလျှင်။
**သက္ကာယဒိဋ္ဌိ စ** = ရုပ်နာမ်ဓမ္မ သင်္ခါရတရားတို့အပေါ်၌ ငါ သူတစ်ပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ပြဟ္မာ အသက်ကောင် လိပ်ပြာကောင် ဝိညာဉ်ကောင် အတ္တကောင်စသည်ဖြင့် စွဲလမ်းယုံကြည်ခြင်း သက္ကာယဒိဋ္ဌိ သံယောဇဉ်တရားလည်းကောင်း။
**ဝိစိကိစ္ဆိတဉ္စ** = ရတနာသုံးတန် ကံ-ကံ၏အကျိုးတရား စသည်တို့အပေါ်၌ သို့လော သို့လော တွေးတော ယုံမှားခြင်း ဝိစိကိစ္ဆာ သံယောဇဉ်တရား လည်းကောင်း။
**သီလဗ္ဗတံ ဝါပိ** = နွားအကျင့် ခွေးအကျင့် စသည်ဖြင့် ကိလေသာတို့မှ စင်ကြယ်နိုင်၏ သံသရာဝဋ်ဆင်းရဲ ဒုက္ခမှ လွတ်မြောက်နိုင်၏ဟု မှားသော အားဖြင့် သုံးသပ်တတ်သော သီလဗ္ဗတပရာမာသ သံယောဇဉ်တရား လည်းကောင်း။
**ဣတိ** = ဤသို့လျှင်။
**တယော ဓမ္မာ** = သုံးပါးကုန်သော သံယောဇဉ်တရားတို့ကို။
**ဇဟိတာ** = အရှင်းပယ်သတ် စွန့်လွှတ်အပ်ခဲ့လေပြီ။

**ကိဉ္စိ** = စိုးစဉ်းအနည်းငယ်သော။
**ယံ ကိလေသဇာတမ္ပိ** = အကြင် အပါယ်သို့ ရောက်ခြင်း၏အကြောင်း ဖြစ်သော ကိလေသာတရားအပေါင်းသည်လည်း။
**အတ္ထိ** = ကြွင်းကျန်သေး၏။
**တမ္ပိ** = ထိုအပါယ်သို့ ရောက်ခြင်း၏အကြောင်းဖြစ်သော ကိလေသာတရား အပေါင်းကိုလည်း။
**ဇဟိတံ** = အရှင်းပယ်သတ် စွန့်လွှတ်အပ်ခဲ့လေပြီ။ ။

## (၁၄)

**သော** = ထိုသောတာပန် ပုဂ္ဂိုလ်သူမြတ်သည်။
**စတူဟပါယေဟိ စ** = အပါယ်လေးဘုံတို့မှလည်း။
**ဝိပ္ပမုတ္တော** = အရှင်းကျွတ်၍ ကင်းလွတ်ထွက်မြောက်တော်မူခဲ့လေပြီ။
**ဆစ္စာဘိဌာနာနိ** = အမိကို သတ်ခြင်း၊ အဘကို သတ်ခြင်း၊ ရဟန္တာပုဂ္ဂိုလ်ကို သတ်ခြင်း၊ ဘုရားရှင်အား သွေးစိမ်းတည်စေခြင်း၊ သံဃာသင်းခွဲခြင်း၊ ဘုရား ရှင်မှ တစ်ပါးသော အခြားအခြားသော ဂိုဏ်းဆရာတို့အား ဆရာအဖြစ် ရည်ညွှန်းခြင်းတည်းဟူသော ရုန့်ရင်း ကြမ်းတမ်းကုန်သော ခြောက်ပါး ကုန်သော အကြောင်းအစု မကောင်းမှုတို့ကိုလည်း။
**ကာတုံ** = ပြုခြင်းငှာ။
**အဘဗ္ဗော** = မထိုက်တန်ပေ။
**သံဃေ** = သောတာပန် သံဃာတော်မြတ်၌။
**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

## (၁၅)

**သော** = ထိုသောတာပန်ပုဂ္ဂိုလ်သူမြတ်သည်။
**ကာယေန ဝါ** = ကိုယ်ဖြင့်လည်းကောင်း။
**ဝါစာ = ဝါစာယ ဝါ** = နှုတ်ဖြင့်လည်းကောင်း။
**ဉဒ** = ထို့အပြင်။
**စေတသာ ဝါ** = စိတ်ဖြင့်လည်းကောင်း။

**ပါပကံ ကမ္မံ** = ရုန့်ရင်းကြမ်းတမ်းကုန်သော အကြောင်းအစု မကောင်းမှုကို။
**ကိဉ္စာပိ ကရောတိ** = မသိခဲ့၍ မေ့လျော့သမှု အကယ်၍ ပြုခဲ့မိစေကာမူ။
**တဿ** = ထို မိမိပြုခဲ့မိသည့် မကောင်းမှု အကုသိုလ်ကံကို။
**ပဋိစ္ဆဒါယ** = ဖုံးကွယ်၍ ထားခြင်းငှာ။
**အဘဗ္ဗော** = မထိုက်တန်ပေ။
**ဒိဋ္ဌပဒဿ** = သောတာပတ္တိမဂ်ဉာဏ်ဖြင့် သိမြင်အပ်ပြီးသော နိဗ္ဗာန်တရားတော်မြတ်ရှိတော်မူသော သောတာပန်ပုဂ္ဂိုလ်သူမြတ်၏။
**အဘဗ္ဗတာ** = မိမိပြုခဲ့မိသည့် မကောင်းမှု အကုသိုလ်ကံကို ဖုံးကွယ်၍ ထားခြင်းငှာ မထိုက်တန်သည်၏အဖြစ်ကို။
**ဘဂဝတာ** = ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။
**ဝုတ္တာ** = ဟောကြားပြသ ဆိုဆုံးမတော်မူအပ်ခဲ့လေပြီ။
**သံဃေ** = သောတာပန် သံဃာတော်မြတ်၌။
**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

(၁၆)

**ဂိမှာနံ** = နွေလတို့၏။
**ပဌမသ္မိံ ဂိမှေ** = ရှေ့ဦးအစ နွေလဖြစ်သော။
**မာသေ** = စိတြမာသ တန်ခူးလ၌။
**ဖုဿိတဂ္ဂေ** = ပင်လုံးကျွတ်ပွင့်သော ခက်ဖျားစုံရှိသော။
**ဝနပ္ပဂုမ္ဗေ** = တောအုပ်သည်။
**သသိရီကော ယထာ** = အသရေရှိလှဘိသကဲ့သို့။
**တထူပမံ** = အနက်သဒ္ဒါ ပန်းစုံစွာဖြင့် ဝေဆာပြန့်ပြော ထိုတောအုပ်လျှင်ပုံပမာရှိသော။
**နိဗ္ဗာနဂါမိံ** = အငြိမ်းဓာတ်မှန် မြတ်နိဗ္ဗာန်သို့ ဧကန်ထုတ်ချောက် ရောက်ခြင်း၏ အကြောင်းဖြစ်သော။
**ဓမ္မဝရံ** = သုံးပုံပိဋကတ် တရားမြတ်ဒေသနာတော်ကို။
**ပရမံဟိတာယ** = လူ နတ် ပြဟ္မာ သတ္တဝါတို့၏ နိဗ္ဗာနဓာတ်တည်းဟူသော

အမြတ်ဆုံး အကျိုးစီးပွားချမ်းသာ အလို့ငှာ။

**အဒေသယိ** = ကရုဏာရှေ့သွား မေတ္တာထား၍ ဟောကြားတော်မူအပ်ခဲ့လေပြီ။

**ဗုဒ္ဓေ** = သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရား၌။

**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

## (၁၇)

**ဝရော** = စိတ်ထားမြတ်သူ နတ်လူအများ လိုလားတောင့်တအပ် မြတ်တော်မူထသော။

**ဝရညူ** = အမြတ်ဆုံးမှန် နိဗ္ဗာန်တရားတော်မြတ်ကို သိတော်မူတတ်ထသော။

**ဝရဒေါ** = အမြတ်ဆုံးမှန် နိဗ္ဗာန်တရားတော်မြတ်ကို ပေးသနားတော်မူတတ်ထသော။

**ဝရာဟရော** = အမြတ်ဆုံးမှန် နိဗ္ဗာန်တရားတော်မြတ်သို့ ဧကန်ထုတ်ချောက်ရောက်ခြင်း၏ အကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတည်းဟူသော ရှေးဟောင်းလမ်းမြတ်ကို သယ်ဆောင်တော်မူတတ်ထသော။

**အနုတ္တရော** = သာလွန်သူမထင် အမြတ်ဆုံး ဘုရားရှင်သည်။

**ဓမ္မဝရံ** = သုံးပုံပိဋကတ်တည်းဟူသော အမြတ်ဆုံး တရားဒေသနာတော်ကို။

**ပရမံဟိတာယ** = လူ နတ် ပြဟ္မာ သတ္တဝါတို့၏ နိဗ္ဗာနဓာတ်တည်းဟူသော အမြတ်ဆုံး အကျိုးစီးပွားချမ်းသာအလို့ငှာ။

**အဒေသယိ** = ကရုဏာရှေ့သွား မေတ္တာထား၍ ဟောကြားတော်မူအပ်ခဲ့လေပြီ။

**ဗုဒ္ဓေ** = သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရား၌။

**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

## (၁၈)

**ယေသံ ခီဏာသဝါနံ** = အကြင် ကိလေသာ အာသဝေါ လျှော့ကျကင်းကွာရဟန္တာ အရှင်သူမြတ်ကြီးတို့အား။

**ပုရာဏံ** = အဟောင်းဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံ မှန်သမျှသည်။
**ခီဏံ** = အမြစ်အရင်းနှင့်တကွ ကုန်ဆုံးပျက်ပြုန်းခဲ့လေပြီ။
**နဝံ** = အသစ်ဖြစ်သော ကုသိုလ်ကံ အကုသိုလ်ကံ မှန်သမျှသည်။
**နတ္ထိ သမ္ဘဝံ** = နောက်ထပ်တစ်ဖန် ဖြစ်ပေါ်ခြင်း အလျှင်း မရှိတော့ချေ။
**တေ ခီဏာသဝါ** = ထို ရဟန္တာအရှင်မြတ်ကြီးတို့သည်။
**အာယတိကေ ဘဝသ္မိံ** = နောင်လာလတ္တံ့သော အနာဂတ်ဘဝသစ်၌။
**ဝိရတ္တစိတ္တာ** = တွယ်တာမက်မောခြင်း ကင်းသော စိတ်ထား ရှိတော်မူကြလေကုန်၏။
**ခီဏဗီဇာ** = ကုန်အပ်ပြီးသော ပဋိသန္ဓေမျိုးစေ့ ရှိတော်မူကြကုန်၏။
**အဝိရူဠှိဆန္ဒာ** = သံသရာဝဋ်ဆင်းရဲဒုက္ခ၌ မစည်ပင် မပြန့်ပွားသော ဆန္ဒဓာတ် ရှိတော်မူကြကုန်၏။
**အယံ ပဒီပေါ** = ဤတောက်လောင်နေသော ဆီမီးသည်။
**နိဗ္ဗာတိ ယထာ** = ငြိမ်းလေဘိသကဲ့သို့။
**ဓီရာ** = မြဲမြံခိုင်ခံ့ တည်တံ့သော ပညာရှိအစစ် ဖြစ်တော်မူကြကုန်သော ရဟန္တာအရှင်မြတ်ကြီးတို့သည်။
**နိဗ္ဗန္တိ** = သံသရာစက်ရဟတ် အဆက်ပြတ်၍ ဇာတ်စုံရုတ်သိမ်း ချုပ်ငြိမ်းတော်မူကြလေကုန်ပြီ။
**သံဃေ** = ရဟန္တာ သံဃာတော်မြတ်၌။
**ဣဒမ္ပိ ရတနံ၊ ပဏီတံ၊ ဧတေန သစ္စေန၊ တုမှာကံ/ ပါဏီနံ၊ သုဝတ္ထိ၊ ဟောတု။**

(၁၉၊၂၀၊၂၁)

**ဣဓ** = ဤပရိတ်တရားတော်မြတ် ရွတ်ဖတ်ရာဌာန ဤအရပ်သို့။
**ဘုမ္မာနိ** = မြေ၌ တည်ကြကုန်သော။
**ယာနိ ဘူတာနိ ဝါ** = အကြင်နတ်တို့သည်လည်းကောင်း။
**အန္တလိက္ခေ** = အဇဋာပြင် ထက်ကောင်းကင်၌။
**ယာနိ ဘူတာနိ ဝါ** = အကြင်နတ်တို့သည်လည်းကောင်း။
**သမာဂတာနိ** = ညီညာဖြဖြ စည်းဝေးရောက်လာကြကုန်၏။

**သဗ္ဗေဝ** = ခပ်သိမ်းဥဿုံ အလုံးစုံသာလျှင် ဖြစ်ကြကုန်သော။
**တေ မယံ** = ထိုငါတို့ နတ်များစွာတို့သည်။
**ဒေဝမနုဿပူဇိတံ** = နတ်လူအများ လေးစားကော်ရော် ပူဇော်တော်မူအပ်သော။
**တထာဂတံ** = ရှေးဘုရားရှင်တို့ကဲ့သို့ ဗောဓိမဏ္ဍိုင်သို့တိုင်အောင် ကောင်းသော လားခြင်း ရှိတော်မူသောကြောင့်, နိဗ္ဗာန်သို့တိုင်အောင် ကောင်းစွာ ကြွသွားတော်မူသောကြောင့် တထာဂတ အမည်ရတော်မူသော။
**ဗုဒ္ဓံ** = မြတ်စွာဘုရားကို။
(**ဒေဝမနုဿပူဇိတံ** = နတ်လူအများ လေးစားကော်ရော် ပူဇော်တော်မူအပ်သော။
**တထာဂတံ** = သမထ ဝိပဿနာ စုံတွဲကာဖြင့် ကိလေသာအသင်းအပင်းကို ရှင်းလင်းဖြတ်တောက်လျက် ရောက်အပ်ရအပ်သောကြောင့် တထာဂတ အမည်ရတော်မူသော။
**ဓမ္မံ** = တရားတော်မြတ်ကို။)
(**ဒေဝမနုဿပူဇိတံ** = နတ်လူအများ လေးစားကော်ရော် ပူဇော်တော်မူအပ်သော။
**တထာဂတံ** = ကိုယ့်ကျိုးစီးပွားအတွက် ကျင့်ကြံကြသော ပုဂ္ဂိုလ်တို့သည် ထိုထို အရိယမဂ်ဖြင့် ရောက်အပ်သကဲ့သို့ ထို့အတူ ထိုထိုအရိယမဂ်ဖြင့် အရိယ သံဃာအဖြစ်သို့ ရောက်အပ်သောကြောင့် တထာဂတ အမည်ရတော်မူသော။
**သံဃံ** = သံဃာတော်မြတ်ကို။)
**နမဿာမ** = ရှိခိုးဦးညွှတ်ကြပါကုန်၏။
**ပါဏီနံ** = အပေါင်းများစွာ သတ္တဝါတို့အား။
**သုဝတ္ထိ** = ဘေးရန်ကုန်ကင်း ချမ်းသာအေးမြခြင်းသည်။
**ဟောတု** = မုချမသွေ ဖြစ်ပါစေသတည်း။ ။

**ရတနသုတ္တံ** = ရတနသုတ်ပရိတ်တရားတော်မြတ်သည်။
**နိဋ္ဌိတံ** = ပြီးဆုံးတော်မူပြီ။

# ဘုရားအနေကဇာတင်ပါဠိတော် – နိဿယ

## (၁)

**ပုနပ္ပုနံ** = အဖန်ဖန် အထပ်ထပ်။
**ဇာတိ** = ပဋိသန္ဓေနေရခြင်းသည်။
**ဒုက္ခာ** = အို-နာ-သေရေး ဒုက္ခဘေးတို့နှင့် ရောထွေး၍ နေရသောကြောင့် ဆင်းရဲလှပေ၏။
**တသ္မာ** = ထို့ကြောင့်။
**ဂဟကာရံ** = ခန္ဓာအိမ်ကို ကြိမ်ကြိမ်ကြိုးကုတ် တည်ဆောက်လုပ်သည့် တဏှာယောက်ျား လက်သမားကို။
**ဂဝေသန္တော** = မတွေ့လျှင်မနေဟူသော ဇွဲမာန်ဖြင့် အဖန်ဖန် စူးစမ်းရှာဖွေနေသော ငါဘုရားသည်။
**အနိဗ္ဗိသံ = အနိဗ္ဗိသန္တော** = တဏှာယောက်ျား လက်သမားကို ပိုင်းခြားထင်ထင် သိမြင်နိုင်သည့် သဗ္ဗညုတဉာဏ်မဟာကို မရသေးသောကြောင့်။
**အနေကဇာတိသံသာရံ** = ဘဝများစွာ သံသရာကာလပတ်လုံး။
**သန္ဓာဝိဿံ** = ဆုံလည်တပ်နွား ရဟတ်ခြားသို့ မရပ်မနား တဖားဖားလျှင် ပြေးသွားကျင်လည်ခဲ့ရလေပြီ။

**ဂဟကာရက** = တဏှာယောက်ျား ဟယ် ၊ လက်သမား . . . ။
**ဣဒါနိ** = ဘုရားဖြစ်လာ ယခုအခါ၌။
**တွံ** = တဏှာယောက်ျား သင်လက်သမားကို။
**ဒိဋ္ဌော** = သဗ္ဗညုတဉာဏ်ကို ရသဖြင့် ဒိဋ္ဌထင်ထင် တွေ့မြင်အပ်သည်။
**အသိ** = ဖြစ်၏။
**တွံ** = တဏှာယောက်ျား သင်လက်သမားသည်။
**ဂေဟံ** = ခန္ဓာအိမ်ကို။
**ပုန န ကာဟသိ** = တစ်ဖန်ထပ်လျှောက် ဆောက်လုပ်နိုင်တော့မည် မဟုတ်ချေ။

**တေ** = တဏှာယောက်ျား သင်လက်သမား၏။

**သဗ္ဗာ** = အလုံးစုံကုန်သော။

**ဖာသုကာ** = ခန္ဓာအိမ်၏ ထုပ်လျှောက်ဒိုင်းမြား ကိလေသာတရားတို့ကို။

**ဘဂ္ဂါ** = ဝါသနာအငွေ့အသက်နှင့်တကွ စိစိကြေညက် ငါ ချိုးဖျက်အပ်ကုန်ပြီ။

**ဂဟကူဋံ** = အဝိဇ္ဇာတည်းဟူသော အိမ်၏အထွဋ်ကို။

**ဝိသင်္ခတံ** = မှုန့်မှုန့်ကြေမွ ငါ ဖျက်ချအပ်လေပြီ။

**စိတ္တံ** = ကိလေသာဟူ မြူအညစ်အကြေး ကင်းဝေးဖြူစင် ငါဘုရား၏ စိတ်အစဉ်သည်။

**ဝိသင်္ခါရဂတံ =** သင်္ခါရစက်ကွင်း ဒုက္ခပင်းမှ လွတ်ကင်းရာမှန် နန်းနိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် ရောက်ခဲ့လေပြီ။

**တဏှာနံ** = တဏှာယောက်ျား လက်သမားတို့၏။

**ခယံ** = ပျက်ပြားကုန်ခန်းရာ အရဟတ္တမဂ် အရဟတ္တဖိုလ်ဉာဏ်ကို။

**အဇ္ဈဂါ** = ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်၌ ကိုယ်တိုင်ရရှိတော်မူခဲ့လေပြီ။

(၂)

**ဣတိ** = ဤသို့လျှင်။ **ဣမသ္မိံ** = ဤအကြောင်းတရားသည်။ **သတိ** = ထင်ရှားရှိလတ်သော်။ **ဣဒံ** = ဤအကျိုးတရားသည်။ **ဟောတိ** = ထင်ရှားဖြစ်ပေါ်လာ၏။ **ဣမဿ** = ဤအကြောင်းတရား၏။ **ဥပ္ပါဒါ** = ထင်ရှားဖြစ်ခြင်းကြောင့်။ **ဣဒံ** = ဤအကျိုးတရားသည်။ **ဥပ္ပဇ္ဇတိ** = ထင်ရှားဖြစ်ပေါ်လာ၏။

၁။ **အဝိဇ္ဇာပစ္စယာ** = သစ္စာလေးပါး၌ မသိမှု အသိမှားမှု အဝိဇ္ဇာအကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **သင်္ခါရာ** = ပစ္စုပ္ပန်မှု သံသရာမှုတို့ကို ပြုစုပျိုးထောင်ခြင်း (= သင်္ခါရ)တို့သည်။ **သမ္ဘဝန္တိ** = ထင်ရှားဖြစ်ပွားလာကြကုန်၏။

၂။ **သင်္ခါရပစ္စယာ** = ယင်း ပစ္စုပ္ပန်မှု သံသရာမှုတို့ကို ပြုစုပျိုးထောင်ခြင်း (= သင်္ခါရ) အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **ဝိညာဏံ** = ကမ္မဝိညာဏ်သည်၊ တစ်နည်း ဝိပါက်ဝိညာဏ်သည်။ **သမ္ဘဝတိ** = ထင်ရှားဖြစ်ပွားလာ၏။

၃။ (က) **ဝိညာဏပစ္စယာ** = ယင်း ကမ္မဝိညာဏ်အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **နာမရူပံ** = ဝိပါက်နာမ်တရား ကမ္မဇရုပ်တရားသည်။ **သမ္ဘဝတိ** = ထင်ရှားဖြစ်ပွားလာ၏။

(ခ) တစ်နည်း — **ဝိညာဏပစ္စယာ** = ဝိပါက်ဝိညာဏ်အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **နာမရူပံ** = ဝိပါက်စေတသိက်နာမ်, ဝိပါက်စိတ္တဇရုပ်သည်။ **သမ္ဘဝတိ** = ထင်ရှားဖြစ်ပွားလာ၏။

၄။ **နာမရူပပစ္စယာ** = ယင်း နာမ်ရုပ်အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **သဠာယတနံ** = အတွင်းအာယတန (၆)ပါးသည်။ **သမ္ဘဝတိ** = ထင်ရှားဖြစ်ပွားလာ၏။

၅။ **သဠာယတနပစ္စယာ** = ယင်း အတွင်းအာယတန (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **ဖဿော** = ဖဿ (၆)ပါးသည်။ သမ္ဘဝတိ = ထင်ရှားဖြစ်ပွားလာ၏။

၆။ **ဖဿပစ္စယာ** = ယင်း ဖဿ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **ဝေဒနာ** = ဝေဒနာ (၆)ပါးသည်။ **သမ္ဘဝတိ** = ထင်ရှားဖြစ်ပွားလာ၏။

၇။ **ဝေဒနာပစ္စယာ** = ယင်း ဝေဒနာ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **တဏှာ** = တဏှာ (၆)ပါးသည်။ **သမ္ဘဝတိ** = ထင်ရှားဖြစ်ပွားလာ၏။

၈။ **တဏှာပစ္စယာ** = ယင်း တဏှာ (၆)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **ဥပါဒါနံ** = စွဲလမ်းမှု ဥပါဒါန် (၄) မျိုးသည်။ **သမ္ဘဝတိ** = ထင်ရှားဖြစ်ပွားလာ၏။

၉။ **ဥပါဒါနပစ္စယာ** = ယင်း စွဲလမ်းမှု ဥပါဒါန် (၄)ပါး အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **ဘဝေါ** = ကမ္မဘဝ ဥပပတ္တိဘဝသည်။ **သမ္ဘဝတိ** = ထင်ရှား ဖြစ်ပွားလာ၏။

၁၀။ **ဘဝပစ္စယာ** = ယင်း ကမ္မဘဝ အကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **ဇာတိ** = ပဋိသန္ဓေ တည်နေရခြင်း ဇာတိတရားသည်။ **သမ္ဘဝတိ** = ထင်ရှားဖြစ်ပွားလာ၏။

၁၁။ **ဇာတိပစ္စယာ** = ယင်း ပဋိသန္ဓေ တည်နေရခြင်း ဇာတိအကြောင်းတရား ထင်ရှားရှိနေခြင်းကြောင့်။ **ဇရာမရဏံ** = အိုခြင်း (ဇရာ), သေခြင်း (မရဏ)သည်လည်းကောင်း။ **သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ** = စိုးရိမ်ရခြင်း (သောက), ငိုကြွေးမြည်တမ်းရခြင်း (ပရိဒေဝ), ကိုယ်ဆင်းရဲရခြင်း (ဒုက္ခ), စိတ်ဆင်းရဲရခြင်း (ဒေါမနဿ), ပြင်းစွာပူပန်ရခြင်း (ဥပါယာသ)တရားတို့သည်လည်းကောင်း။ **သမ္ဘဝန္တိ** = ထင်ရှားဖြစ်ပွားလာကြကုန်၏။

**ဧဝံ** = ဤသို့လျှင်။ **ကေဝလဿ** = ချမ်းသာမဖက် သက်သက်သော။ **ဧတဿ ဒုက္ခက္ခန္ဓဿ** = ဤ ဒုက္ခအတုံး ဒုက္ခအစုအပုံ၏။ **သမုဒယော** = ဖြစ်ကြောင်းသည်။ တစ်နည်း — **သမုဒယော** = ဖြစ်ခြင်းသည်။ **ဟောတိ** = ဖြစ်ပေါ်၍ လာပေ၏။

**အာတာပိနော** = တစ်ထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန် လုံ့လဝီရိယလည်း ရှိပေထသော။
**ဈာယတော** = အာနာပါနစသည်ဖုံဖုံ သမထအာရုံနှင့် အစုံအစုံသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာလက္ခဏာကို အပ္ပနာခိုက် ဈာန်မဂ်သို့ ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသန်ပေထသော။ (ဝါ) ရှုအားသန်သောကြောင့်။
**ဗြာဟ္မဏဿ** = မကောင်းမှုဟူသမျှကို အပပြုအပ်ပြီးသောကြောင့် ဝိသုဒ္ဓိဗြာဟ္မဏ အမည်ရသည့် ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။
**ယဒါ** = အကြင်အခါ၌။
**ဓမ္မာ** = ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးကုန်သော တရားတို့သည်။
**ဟဝေ** = စင်စစ်။

**ပါတုဘဝန္တိ** = ဥပါဒ်ထင်ရှား ဖြစ်ပွားကာလာကြကုန်၏။

**ယတော** = ယင်းသို့ ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးကုန်သော တရားတို့၏ ဥပါဒ်ထင်ရှား ဖြစ်ပွားကာလာခြင်းကြောင့်။

**သဟေတုဓမ္မံ** = အဝိဇ္ဇာ အစရှိသော အကြောင်းတရားနှင့်တကွ သင်္ခါရ အစရှိသော အကျိုးတရားစု ဒုက္ခထုကို။

**ပဇာနာတိ** = ဝိပဿနာပညာ မဂ်ပညာဖြင့် ပိုင်းခြားထင်ထင် ထိုးထွင်း သိမြင်လေ၏။

**အထ** = ထိုသို့ ပဋိစ္စခာတ် သမုပ္ပါဒ်ကို တပ်အပ်ထင်ထင် လင်းလင်းသိမြင်သော ထိုအခါ၌။

**အဿ** = ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။

**သဗ္ဗာ** = တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။

**ကင်္ခါ** = ပဋိစ္စသမုပ္ပါဒ်တရား၌ ယုံမှားခြင်း, ထိုပဋိစ္စသမုပ္ပါဒ်တရားကို မသိမြင်ခြင်းကြောင့် ကာလသုံးပါးဝယ် ဖြစ်ပွားသည့် ရုပ်နာမ်တရားတို့၌ ယုံမှားခြင်းတရား (၁၆)ပါးတို့သည်။

**ဝပယန္တိ = ဝိအပယန္တိ** = နေလျှံရှိန်ကျောက် ဆီးနှင်းပေါက်သို့ ကင်းပျောက် ချုပ်ငြိမ်းကြလေကုန်၏။

## (၃)

**ဣတိ** = ဤသို့လျှင်။ **ဣမသ္မိံ** = ဤအကြောင်းတရားသည်။ **အသတိ** = ထင်ရှားမရှိလတ်သော်။ **ဣဒံ** = ဤအကျိုးတရားသည်။ **န ဟောတိ** = ထင်ရှားဖြစ်ပေါ်မလာ။ **ဣမဿ** = ဤအကြောင်းတရား၏။ **နိရောဓာ** = နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းအားဖြင့် ချုပ်ငြိမ်းခြင်းဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ခြင်းကြောင့်။ **ဣဒံ** = ဤအကျိုးတရားသည်။ **နိရုဇ္ဈတိ** = နောင်တစ်ဖန် မဖြစ်သောအားဖြင့် ချုပ်ငြိမ်းခြင်း ဟူသော အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်၏။ **ယဒိဒံ – အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော** = အဝိဇ္ဇာ၏သာလျှင် အရဟတ္တမဂ်ကြောင့် အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရ၏ ချုပ်ခြင်းသည် ဖြစ်၏။ ပ ။

**ဧဝံ** = ဤသို့လျှင်။ **ကေဝလဿ** = ချမ်းသာမဖက် သက်သက်သော။ **ဧတဿ ဒုက္ခက္ခန္ဓဿ** = ဤ ဒုက္ခအတုံး ဒုက္ခအစုအပုံ၏။ **နိရောဓော** = ချုပ်ကြောင်းသည်။ တစ်နည်း — **နိရောဓော** = ချုပ်ခြင်းသည်။ **ဟောတိ** = ဖြစ်၏။

**အာတာပိနော** = တစ်ထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန်စေတတ်သည့် သမ္မပ္ပဓာန် လုံ့လဝီရိယလည်း ရှိပေထသော။
**ဈာယတော** = အာနာပါနစသည်ဖုံဖုံ သမထအာရုံနှင့် အစုံအစုံသော ရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာလက္ခဏာကို အပ္ပနာခိုက် ဈာန်မဂ်သို့ ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ပေထသော။ (ဝါ) ရှုအားသန်သောကြောင့်။
**ဗြာဟ္မဏဿ** = မကောင်းမှုဟူသမျှကို အပပြုအပ်ပြီးသောကြောင့် ဝိသုဒ္ဓိ-ဗြာဟ္မဏ အမည်ရသည့် ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။
**ယဒါ** = အကြင်အခါ၌။
**ဓမ္မာ** = ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးကုန်သော တရားတို့သည်။
**ဟဝေ** = စင်စစ်။
**ပါတုဘဝန္တိ** = ဥပါဒ်ထင်ရှား ဖြစ်ပွားကာလာကြကုန်၏။

**ယတော** = ယင်းသို့ ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးကုန်သော တရားတို့၏ ဥပါဒ်ထင်ရှား ဖြစ်ပွားကာလာခြင်းကြောင့်။
**ပစ္စယာနံ** = အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့၏။
**ခယံ** = ကုန်ခန်းရာမှန် အသင်္ခတနိဗ္ဗာန်တရားတော်မြတ်ကို။
**အဝေဒိ** = ထိုးထွင်းထင်ထင် လင်းလင်းသိမြင်တော်မူလေပြီ။
**အထ** = ထိုသို့ အကြောင်းတရားတို့၏ ကုန်ရာ (= ပစ္စယက္ခယ) အမည်ရသည့် အသင်္ခတဓာတ် နိဗ္ဗာန်ပရမတ်ကို တပ်အပ်ထင်ထင် လင်းလင်းသိမြင်သော အခါ၌။
**အဿ** = ထိုရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။
**သဗ္ဗာ** = တစ်ခုမကြွင်း ခပင်းဥဿုံ အလုံးစုံကုန်သော။

**ကဒါ** = အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်တရားတော်မြတ်ကို ထိုးထိုး ထွင်းထွင်း လင်းလင်းထင်ထင် မသိမြင်ခြင်းကြောင့် ကိုယ်တွင်း၌မှာ ဖြစ်ပေါ် လာမည့် ကင်္ခါယုံမှား တရားအစုတို့သည်။
**ဝပယန္တိ = ဝိအပယန္တိ** = နေလျှံရှိန်ကျောက် ဆီးနှင်းပေါက်သို့ ကင်းပျောက် ချုပ်ငြိမ်းကြလေကုန်၏။

## (၄)
## ဣတိ ဣမသ္မိံ သတိ။ ပ ။ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

**အာတာပိနော** = တစ်ထောင့်ငါးရာ ကိလေသာတို့ကို လွန်စွာနှိပ်ကွပ် ပူပန် စေတတ်သည့် သမ္မပ္ပဓာန် လုံ့လဝီရိယလည်း ရှိပေထသော။
**ဈာယတော** = အာနာပါနစသည်ဖုံဖုံ သမထအာရုံနှင့် အစုံအစုံသော ရုပ်နာမ် ဓမ္မ သင်္ခါရတို့၏ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာလက္ခဏာကို အပ္ပနာခိုက် ဈာန်မဂ်သို့ ဆိုက်အောင် စိုက်စိုက်စူးစူး အထူးမြဲမြံ ရှုအားသန်ပေထသော။
(ဝါ) ရှုအားသန်သောကြောင့်။
**ဗြာဟ္မဏဿ** = မကောင်းမှုဟူသမျှကို အပပြုအပ်ပြီးသောကြောင့် ဝိသုဒ္ဓိ- ဗြာဟ္မဏ အမည်ရသည့် ရဟန္တာသခင် အရှင်မြတ်၏ သန္တာန်၌။
**ယဒါ** = အကြင်အခါ၌။
**ဓမ္မာ** = ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးကုန်သော တရားတို့သည်။
**ဟဝေ** = စင်စစ်။
**ပါတုဘဝန္တိ** = ဥပါဒ်ထင်ရှား ဖြစ်ပွားကာလာကြကုန်၏။
**(တဒါ** = ထိုအခါ၌။)
**သူရိယော** = ယုဂန္ဓိုရ်တောင်စွန်းမှ ပေါ်ထွန်းထွက်ပြူ ဥဒည်မူသော ရှင်နေ- မင်းသည်။
**အန္တလိက္ခံ** = အဇ္ဈောပြင် မိုးကောင်းကင်ကို။
**ဩဘာသယံ = ဩဘာသယန္တော** = မိမိအရောင် ခြည်တစ်ထောင်ဖြင့် မိုက်မှောင်ပယ်ရှင်း ထွန်းလင်းတောက်ပလျက်။
**တိဋ္ဌတိ ဣဝ** = တည်နေသကဲ့သို့။

(**သော ဗြာဟ္မဏော** = ထိုရဟန္တာသခင် အရှင်သူမြတ်သည်။
**တေဟိ ဓမ္မေဟိ** = ထို ဗောဓိပက္ခိယ ဓမ္မအပြား သုံးဆယ့်ခုနစ်ပါးကုန်သော တရားတို့ဖြင့်။)
**မာရသေနံ** = ကာမရာဂ စသည်ဆယ်ထပ် မာရ်စစ်တပ်ကို။
**ဝိဓူပယံ = ဝိဓူပယန္တော** = မုန့်မုန့်ညက်ညက် တိုက်ဖျက်ပယ်ဖျောက်လျက်။
**တိဋ္ဌတိ** = ပညာတန်ဆောင် ဉာဏ်တော်ရောင်ဖြင့် ထွန်းပြောင် ထိန်လက် ပြိုးပြိုးပြက်လျှင် နေစက်နှုန်းတူ တည်နေတော်မူပါပေ၏။

(၅)

**ဟေတုပစ္စယော။ ပ ။ အဝိဂတပစ္စယောတိ။**

(၆)

**သက္ယာနံ** = သာကီဝင်မင်းသားတို့၏။
**နန္ဒိဝဍ္ဎနော** = နှစ်သက်ခြင်းကို တိုးပွားစေတတ်သော ဘုရားမြတ်စွာသည်။
**ဗောဓိယာ မူလေ** = ဗောဓိပင်၏အနီးဖြစ်သော။
**အပရာဇိတပလ္လင်္ကေ** = အပရာဇိတ မည်ရခေါ်တွင် မြတ်သောပလ္လင်ထက်၌။
**ဇယန္တော ယထာ** = မာရ်ငါးပါးကို အောင်မြင်တော်မူဘိသကဲ့သို့။
**ဇဝမေဝ** = ပုံစံနှိုင်းယူ ဤအတူသာလျှင်။
**တေ** = သင့်အား။
**ဇယော** = ကိလေသာတည်းဟူသော ရန်အပေါင်းကို အောင်မြင်ရာ အောင်မြင်ကြောင်း ကောင်းမှုမင်္ဂလာသည်။
**ဟောတု** = မုချမသွေ ဖြစ်ပါစေသတည်း။
**ဇယမင်္ဂလေ** = ကိလေသာတည်းဟူသော ရန်အပေါင်းကို အောင်မြင်ရာ အောင်မြင်ကြောင်း ကောင်းမှုမင်္ဂလာကြောင့်။
**တွံ** = သင်သည်။
**ဇယဿု** = ကိလေသာတည်းဟူသော ရန်အပေါင်းကို ထောင်းထောင်း ကြေညက် ပယ်ဖျက်အောင်မြင်နိုင်ပါစေသတည်း။

**သဗ္ဗဗုဒ္ဓါနံ** = ဂင်္ဂါဝါဠုသဲစုမက ပွင့်ပေါ်တော်မူကြပြီးကုန်သော ခပ်သိမ်းဉသုံ အလုံးစုံကုန်သော ဘုရားရှင်တို့၏။

**အဘိသေကေ** = ဗုဒ္ဓအဘိသေကမင်္ဂလာ သွန်းလောင်းရာလည်း ဖြစ်တော်မူထသော။

**ပုထုဝိပုက္ခလေ** = မြေအပြင်၌ သန့်ရှင်းစင်ကြယ် အလွန်တင့်တယ်တော်မူထသော။

**သီသေ** = မြေတို့၏ အထွတ်အထိပ် ဖြစ်တော်မူသော။

**အပရာဇိတပလ္လင်္ကေ** = အပရာဇိတ မည်ရခေါ်တွင် မြတ်သောပလ္လင်ထက်၌။

**အဂ္ဂပတ္တော** = မြတ်သော ဘုရားအဖြစ်သို့ ရောက်တော်မူသည်ဖြစ်၍။

**ဘဂဝါ** = မြတ်စွာဘုရားသည်။

**ပမောဒတိ** = နှစ်သက်ကြည်ဖြူ ဝမ်းမြောက်တော်မူရပေ၏။

**ဧဝမေဝ** = ပုံစံနှိုင်းယှူ ဤအတူသာလျှင်။

**တွမ္ပိ** = သင်သည်လည်း။

**အဂ္ဂပတ္တော** = မြတ်သော အလိုဆန္ဒသို့ ရောက်ရှိသည်ဖြစ်၍။

**ပမောဒဿု** = နှစ်သက်ရွှင်ပျ ဝမ်းမြောက်ရပါစေသတည်း။

(၇)

**ယသ္မိံ ဒိဝသေ** = အကြင် နေ့၌။

**တယော** = သုံးပါးကုန်သော။

**သုစရိတဓမ္မေ** = ကိုယ်ဖြင့် ကောင်းသောအကျင့်ကို ကျင့်ခြင်း ကာယသုစရိုက်တရား, နှုတ်ဖြင့် ကောင်းသောစကားကို ပြောဆိုခြင်း ဝစီသုစရိုက်တရား, စိတ်ဖြင့် ကောင်းသောအကြံကို ကြံစည်ခြင်း မနောသုစရိုက်တရားတည်း ဟူသော သုစရိုက်တရား သုံးပါးတို့ကို။

**ပရိပူရေန္တိ** = ဖြည့်ကျင့်ကြကုန်၏။

**သော ဒိဝသော** = ထို သုစရိုက်တရားတို့ကို ဖြည့်ကျင့်ရာဖြစ်သော နေ့အခါသည်။

**သုနက္ခတ္တံ** = နက္ခတ်အပေါင်း မကောင်းမရှိ အကောင်းအတိသာ ဖြစ်ပါပေ၏။

**သုမင်္ဂလံ** = မကောင်းအမင်္ဂလာ ဘယ်ခါမရှိ ကောင်းမြတ်သော မင်္ဂလာ အတိသာ ဖြစ်ပါပေ၏။

**သုပ္ပဘာတံ** = အပြစ်ကင်းရှင်း ကောင်းမြတ်သော မိုးသောက်မိုးလင်းရခြင်း ဖြစ်ပါပေ၏။

**သုဟုဋ္ဌိတံ** = သာယာသန့်ရှင်း ကောင်းမြတ်သော အိပ်ရာမှထရခြင်း ဖြစ်ပါပေ၏။

**သုခဏော** = ကြုံလာဆိုက်ရာ ခဏတိုင်းမှာ အကောင်းချည်းသာ ဖြစ်ပါပေ၏။

**သုမုဟုတ္တော** = ကြုံလာဆိုက်ရာ မုဟုတ်တိုင်းမှာ အကောင်းချည်းသာ ဖြစ်ပါပေ၏။

**တသ္မိံ ဒိဝသေ** = ထိုကဲ့သို့သော သုစရိုက်တရားတို့ကို ဖြည့်ကျင့်ရာဖြစ်သော နေ့အခါ၌။

**ဗြဟ္မစာရိသု** = မြတ်သောအကျင့်ကို ကျင့်လေ့ရှိသော ပုဂ္ဂိုလ်တို့၌။

**ယိဋ္ဌံ** = လှူအပ်ပူဇော်အပ်သော အလှူဒါနကောင်းမှုကုသိုလ်မှန်သမျှသည်။

**သုယိဋ္ဌံ** = အပြစ်ကင်း၍ သန့်ရှင်းကောင်းမြတ်သော ပူဇော်ရခြင်း ဖြစ်ပါပေ၏။

**တသ္မိံ ဒိဝသေ** = ထိုကဲ့သို့သော သုစရိုက်တရားတို့ကို ဖြည့်ကျင့်ရာဖြစ်သော နေ့အခါ၌။

**ကာယကမ္မံ** = ကိုယ်ဖြင့် ပြုသမျှ ကာယကံမှုမှန်သမျှသည်။

**ပဒက္ခိဏံ** = တိုးတက်ကြီးပွားချမ်းသာခြင်း၏အကြောင်း အကောင်းချည်းသာ ဖြစ်ပါပေ၏။

**ဝါစာကမ္မံ** = နှုတ်ဖြင့် ပြောဆိုသမျှ ဝစီကံမှုမှန်သမျှသည်။

**ပဒက္ခိဏံ** = တိုးတက်ကြီးပွားချမ်းသာခြင်း၏အကြောင်း အကောင်းချည်းသာ ဖြစ်ပါပေ၏။

**မနောကမ္မံ** = စိတ်ဖြင့် ကြံစည်သမျှ မနောကံမှုမှန်သမျှသည်။

**ပဒက္ခိဏံ** = တိုးတက်ကြီးပွားချမ်းသာခြင်း၏အကြောင်း အကောင်းချည်းသာ ဖြစ်ပါပေ၏။

**တေ** = ထို ကာယကံ ဝစီကံ မနောကံတို့ကို။

**ပဒက္ခိဏေ** = ကောင်းမြတ်သောအမှု၌။
**ပဏိဓိ** = ထားခြင်းမည်ပါပေ၏။

**ယေ ဇနာ** = အကြင် သူတို့သည်။
**ပဒက္ခိဏာနိ** = ကောင်းမြတ်ကုန်သော ကာယကံ ဝစီကံ မနောကံတို့ကို။
**ကတွာန** = ပြုကြလေကုန်သောကြောင့်။
**ပဒက္ခိဏေ** = ကောင်းမြတ်ကုန်သော။
**အတ္ထေ** = အကျိုးတို့ကို။
**လဘန္တိ** = ရရှိကြကုန်၏။
**တေ ဇနာ** = ထိုသူတို့သည်။
**အတ္ထလဒ္ဓါ** = ရအပ်ကုန်သော ကောင်းကျိုးချမ်းသာရှိကြကုန်သည်ဖြစ်၍။
**ဗုဒ္ဓသာသနေ** = ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်အတွင်း၌။
**ဝိရူဠှာ** = မင်္ဂဉာဏ်ဖိုလ်ဉာဏ်ရသည့်တိုင်အောင် တိုးတက်စည်ကား ကြီးပွား ချမ်းသာခြင်း ရှိကြကုန်သည်ဖြစ်၍။
**သုခိတာ** = ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးချမ်းသာခြင်းသို့ ရောက်ရှိကြကုန်သည် ဖြစ်၍။
**သဗ္ဗေဟိ** = မိဘက် ဖဘက် အောက်ထက်နှစ်စုံ ခပ်သိမ်းဥဿုံ အလုံးစုံ ကုန်သော။
**ဉာတိဘိ** = ဆွေမျိုးအပေါင်းတို့နှင့်။
**သဟ** = အတူတကွ။
**အရောဂါ** = အနာရောဂါတို့မှ ကင်းဝေးကြကုန်သည်။
**သုခိတာ** = ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးချမ်းသာခြင်း ရှိကြကုန်သည်။
**ဟောန္တု** = ဖြစ်ကြကုန်၏။

**ဧဝမေဝ** = ပုံစံနှိုင်းယူ ဤအတူသာလျှင်။
**တုမှေပိ** = သင်သူတော်ကောင်းတို့သည်လည်း။
**ပဒက္ခိဏာနိ** = ကောင်းမြတ်ကုန်သော ကာယကံ ဝစီကံ မနောကံတို့ကို။
**ကတွာန** = ပြုကြလေကုန်သောကြောင့်။

**ပဒက္ခိဏော** = ကောင်းမြတ်ကုန်သော။
**အတ္ထေ** = အကျိုးတို့ကို။
**လဘိတွာန** = ရရှိကြကုန်သည်ဖြစ်၍။
**အတ္ထလဒ္ဓါ** = ရအပ်ကုန်သော ကောင်းကျိုးချမ်းသာရှိကြကုန်သည်ဖြစ်၍။
**ဗုဒ္ဓသာသနေ** = ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်အတွင်း၌။
**ဝိရူဠှာ** = မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ရသည့်တိုင်အောင် တိုးတက်စည်ကား ကြီးပွားချမ်းသာခြင်း ရှိကြကုန်သည်ဖြစ်၍။
**သုခိတာ** = ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးချမ်းသာခြင်းသို့ ရောက်ရှိကြကုန်သည် ဖြစ်၍။
**သဗ္ဗေဟိ** = မိဘက် ဖဘက် အောက်ထက်နှစ်စုံ ခပ်သိမ်းဥဿုံ အလုံးစုံ ကုန်သော။
**ဉာတိဘိ** = ဆွေမျိုးအပေါင်းတို့နှင့်။
**သဟ** = အတူတကွ။
**အရောဂါ** = အနာရောဂါတို့မှ ကင်းဝေးကြကုန်သည်။
**သုခိတာ** = ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးချမ်းသာခြင်း ရှိကြကုန်သည်။
**ဟောထ** = ဖြစ်ကြပါစေကုန်သတည်း။

(၈)

**သဗ္ဗမင်္ဂလံ** = ကိုယ်စိတ်ချမ်းသာခြင်း၏ အကြောင်း ကောင်းမြတ်သော ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော မင်္ဂလာအပေါင်းသည်။
**ဘဝတု** = ဖြစ်ပါစေသတည်း။
**သဗ္ဗဒေဝတာ** = ခပ်သိမ်းကုန်သော နတ်မြတ်နတ်ကောင်း နတ်အပေါင်း တို့သည်။
**ရက္ခန္တု** = အမြဲမပြတ် စောင့်ရှောက်ကြပါစေကုန်သတည်း။
**သဗ္ဗဗုဒ္ဓါနုဘာဝေန** = ဂင်္ဂါဝါဠုသဲစုမက ပွင့်ပေါ်တော်မူကြပြီးကုန်သော ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ဘုရားရှင်တို့၏ တန်ခိုးတေဇော် အာနုဘော် ကြောင့်။

**သဗ္ဗဗုဒ္ဓါနုဘာဝေန** = ဂင်္ဂါဝါဠုသဲစုမက ပွင့်ပေါ်တော်မူကြပြီးကုန်သော ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော ဘုရားရှင်တို့၏ ဂုဏ်ကို အာရုံပြု၍ ကြည်ညို ရသော ကုသိုလ်ကံစေတနာ၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။

**သဗ္ဗဓမ္မာနုဘာဝေန** = မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ခေါ်ဆိုအပ်သော ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော တရားတော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော် ကြောင့်။

**သဗ္ဗဓမ္မာနုဘာဝေန** = မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ခေါ်ဆိုအပ်သော ခပ်သိမ်း ဥဿုံ အလုံးစုံကုန်သော တရားတော်မြတ်တို့၏ ဂုဏ်ကို အာရုံပြု၍ ကြည်ညို ရသော ကုသိုလ်ကံစေတနာ၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။

**သဗ္ဗသံဃာနုဘာဝေန** = ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော အရိယာသံဃာ တော်မြတ်တို့၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။

**သဗ္ဗသံဃာနုဘာဝေန** = ခပ်သိမ်းဥဿုံ အလုံးစုံကုန်သော အရိယာသံဃာ တော်မြတ်တို့၏ ဂုဏ်ကို အာရုံပြု၍ ကြည်ညိုရသော ကုသိုလ်ကံစေတနာ၏ တန်ခိုးတေဇော် အာနုဘော်ကြောင့်။

**တေ** = (ပရိတ်တရားကို စိတ်ထားကြည်သာ ရိုသေစွာဖြင့် နာယူလျက် ရှိကြ ကုန်သော) သင်သပ္ပုရိသအပေါင်းသူတော်ကောင်းတို့သည်။

**သဒါ** = နေ့ရောညဉ့်ပါ ဘယ်ခါမပြတ် အခါခပ်သိမ်း။

**သုခီ** = ကိုယ်စိတ်နှစ်ဖြာ ငြိမ်းအေးချမ်းသာခြင်း ရှိကြကုန်သည်။

**ဘဝန္တု** = ဖြစ်ကြပါစေကုန်သတည်း။

**သာဓု သာဓု သာဓုပါဘုရား**

# မေတ္တာပို့ ဆုတောင်း အမျှဝေ - နိဿယ

## (၁)

**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**သတ္တာ** = ခန္ဓာ (၅)ပါး၌ ငြိကပ်တွယ်တာခြင်း ရှိကြကုန်သော သတ္တဝါတို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**ပါဏာ** = ဝင်သက် ထွက်သက် ရှိကြကုန်သော သတ္တဝါတို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**ဘူတာ** = ကံ-ကိလေသာကြောင့် ထင်ရှားဖြစ်ကြကုန်သော သတ္တဝါတို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**ပုဂ္ဂလာ** = ငရဲ၌ ကျရောက်ခြင်းသဘော ရှိကြကုန်သော သတ္တဝါတို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**အတ္တဘာဝပရိယာပန္နာ** = ခန္ဓာကိုယ် အတ္တဘော၌ အကျုံးဝင်ကြကုန်သော သတ္တဝါတို့သည်။

**သဗ္ဗာ** = ခပ်သိမ်းကုန်သော။
**ဣတ္ထိယော** = အမျိုးသမီးတို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**ပုရိသာ** = အမျိုးသားတို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**အရိယာ** = အရိယာ ပုဂ္ဂိုလ်တို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**အနရိယာ** = အရိယာ မဟုတ်သော ပုဂ္ဂိုလ်တို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**ဒေဝါ** = နတ်တို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**မနုဿာ** = လူသားတို့သည်။
**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**ဝိနိပါတိကာ** = အပါယ်သား သတ္တဝါတို့သည်။

**အဝေရာ ဟောန္တု** = ဘေးရန်ကင်းကြပါစေ။
**အဗျာပဇ္ဈာ ဟောန္တု** = စိတ်ဆင်းရဲ ကင်းကြပါစေ။
**အနီဃာ ဟောန္တု** = ကိုယ်ဆင်းရဲ ကင်းကြပါစေ။
**သုခီ** = ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့်။
**အတ္တာနံ** = မိမိတို့၏ ခန္ဓာဝန်ကို။
**ပရိဟရန္တု** = ရွက်ဆောင်နိုင်ကြပါစေ။

**ဒုက္ခာ** = ဆင်းရဲဒုက္ခမှ။
**မုစ္စန္တု** = လွတ်မြောက်ကြပါစေ။
**ယထာလဒ္ဓသမ္ပတ္တိတော** = ရရှိပြီးသော စည်းစိမ်ချမ်းသာမှ။
**မာဝိဂစ္ဆန္တု** = မရွေ့လျောကြပါစေနှင့်။
**ကမ္မဿကာ** = ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။

(၂)

**ပုရတ္ထိမာယ ဒိသာယ** = အရှေ့အရပ်မျက်နှာ၌။
**ပစ္ဆိမာယ ဒိသာယ** = အနောက်အရပ်မျက်နှာ၌။
**ဥတ္တရာယ ဒိသာယ** = မြောက်အရပ်မျက်နှာ၌။
**ဒက္ခိဏာယ ဒိသာယ** = တောင်အရပ်မျက်နှာ၌။
**ပုရတ္ထိမာယ အနုဒိသာယ** = အရှေ့တောင်အရပ်မျက်နှာ၌။
**ပစ္ဆိမာယ အနုဒိသာယ** = အနောက်မြောက်အရပ်မျက်နှာ၌။
**ဥတ္တရာယ အနုဒိသာယ** = အရှေ့မြောက်အရပ်မျက်နှာ၌။
**ဒက္ခိဏာယ အနုဒိသာယ** = အနောက်တောင်အရပ်မျက်နှာ၌။
**ဟေဋ္ဌိမာယ ဒိသာယ** = အောက်အရပ်မျက်နှာ၌။
**ဥပရိမာယ ဒိသာယ** = အထက်အရပ်မျက်နှာ၌။

**သဗ္ဗေ** = ခပ်သိမ်းကုန်သော။
**သတ္တာ** = ခန္ဓာ (၅)ပါး၌ ငြိကပ်တွယ်တာခြင်း ရှိကြကုန်သော သတ္တဝါတို့သည်။
။ ပ ။
**ကမ္မဿကာ** = ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။

(၃)

**သမန္တာ** = ဤစကြဝဠာခွင်ပတ်ဝန်းကျင်မှ။
**စက္ကဝါဠေသု** = အနန္တစကြဝဠာတို့၌။
**ဥဒ္ဓံ** = အထက်အဖို့၌။
**ယာဝ ဘဝဂ္ဂါ စ** = ဘဝဂ်သို့တိုင်အောင်လည်းကောင်း။
**အဓော** = အောက်အဖို့၌။
**ယာဝ အဝီစိတော စ** = အဝီစိသို့တိုင်အောင်လည်းကောင်း။
**ပထဝီစရာ** = မြေ၌ သွားလာကျက်စားကြကုန်သော။
**(ဥဒကေစရာ** = ရေ၌ သွားလာကျက်စားကြကုန်သော။)
**(အာကာသေစရာ** = ကောင်းကင်၌ သွားလာကျက်စားကြကုန်သော။)
**ယေ သတ္တာ** = အကြင်သတ္တဝါတို့သည်။
**သန္တိ** = ရှိကြကုန်၏။
**တေ** = ထိုသတ္တဝါတို့သည်။
**အဗျာပဇ္ဇာ စ ဟောန္တု** = စိတ်ဆင်းရဲခြင်းကင်းကြသည်လည်း ဖြစ်ကြပါစေ။
**နိဝေရာ စ ဟောန္တု** = ဘေးရန်ကင်းကြသည်လည်း ဖြစ်ကြပါစေ။
**နိဒ္ဒုက္ခာ စ ဟောန္တု** = ဆင်းရဲကင်းကြသည်လည်း ဖြစ်ကြပါစေ။
**နုပဒ္ဒဝါ စ ဟောန္တု** = ဘေးဥပဒ်ကင်းကြသည်လည်း ဖြစ်ကြပါစေ။

(၄)

**မယာ** = တပည့်တော်သည်။
**ယံ ကုသလံ** = များမြောက်လှသော အကြင်ကုသိုလ်ကို။
**ပတ္တံ** = ဧကန်ဆတ်ဆတ် ရောက်အပ်ရအပ်လေပြီ။
**တဿ ကုသလဿ** = များမြောက်လှသော ထိုကုသိုလ်၏။
**အာနုဘာဝေန** = တန်ခိုးရှိန်စော် အာနုဘော်ကြောင့်။
**သဗ္ဗေ** = ကြွင်းမဲ့ဥဿုံ အလုံးစုံကုန်သော။
**ပါဏိနော** = သက်ရှိများစွာ သတ္တဝါတို့သည်။
**သဒ္ဓမ္မရာဇဿ** = တရားမင်းဖြစ်တော်မူသော မြတ်စွာဘုရား၏။

**သုခါဝဟံ** = လူ နတ် နိဗ္ဗာန် သုံးတန်သော ချမ်းသာစက်ကို လက်ရောက် ရအောင် ရွက်ဆောင်ပေတတ်ထသော။
**ဓမ္မံ** = ဟောဖော်မိန့်ညောင်း တရားကောင်းကို။
**ဉတွာ** = အမှန်အတိုင်း သိမြင်ကြ၍။

**ဝိသုဒ္ဓါယ** = ကာမသုခလ္လိက, အတ္တကိလမထာ နှစ်ဖြာသော အယုတ်တရားတို့မှ ဝေးခြားကင်းကွယ် သန့်ရှင်းစင်ကြယ်သော။
**သုခါယ** = လွယ်ကူချမ်းသာစွာသော။
**ပဋိပတ္တိယာ** = အဋ္ဌင်္ဂိက ဖြူစင်လှသား မဇ္ဈိမပဋိပတ် အကျင့်မြတ်ဖြင့်။
**အသောကံ** = စိုးရိမ်ပူဆွေးရခြင်း အလျှင်းမရှိထသော။
**အနုပါယာသံ** = ဉပါယာသ အလောင်အမြိုက်ဘေးလည်း မရှိထသော။
**ဉတ္တမံ** = မြင့်မြတ်ကဲချွန် သာလွန်စွာသော။
**နိဗ္ဗာနသုခံ** = နိဗ္ဗာန်တည်းဟူသော ချမ်းသာသို့။
**ပါပုဏန္တု** = ဆိုက်ရောက်နိုင်ကြပါစေကုန်သတည်း။

(၅)

**သဒ္ဓမ္မော** = ပရိယတ်, ပဋိပတ်, ပဋိဝေဓဟု သဒ္ဓမ္မတွင်ခေါ် သာသနာတော်သုံးရပ်သည်။
**စိရံ** = များမြောင်ရှည်ကြာ အခါကာလပတ်လုံး။
**တိဋ္ဌတု** = လျှံခြည်ဝေရွှန်း နေစက်ဝန်းသို့ တည်ထွန်းတောက်ပပါစေသတည်း။
**သဗ္ဗေပိ** = ကြွင်းမဲ့ဉသုံ အလုံးစုံလည်းဖြစ်ကုန်သော။
**သတ္တာ** = လူ နတ် ပြဟ္မာ သတ္တဝါတို့သည်။
**ဓမ္မေ** = ရှင်စောဘုရား ဟောကြားမြွက်ဖော် တရားတော်၌။
**သဂါရဝါ ဟောန္တု** = ကျောက်ထီးအတူ အလေးမူကြပါစေကုန်သတည်း။
**ဒေဝေါ** = မိုးနတ်မင်းသည်။
**ကာလေန** = ရွာချိန်သင့်ရာ ညဥ့်အခါ၌။
**သမ္မာ ပဝဿတု** = မြို့ပြည်ရွာတို့ သာယာတင့်မော စည်ပင်ပြောအောင် ရွာဖြိုးသွန်ပါစေသတည်း။

(၆)

**ပေါရာဏာ** = ရှေးအထက်ကျော် အခါသော်က တေဇော်ထွန်းသစ် ဘုန်းရောင် လှစ်ကြကုန်သော။
**သုရာဇာနော** = ဘုရားအလောင်း ရှေးမင်းကောင်းတို့သည်။
**ပဇံ** = တိုင်းသားပြည်သူ ဗိုလ်လူအပေါင်းကို။
**ဓမ္မေန** = ရာဇဓံဆယ်ပါး မင်းကျင့်တရားဖြင့်။
**ရက္ခိံသု ယထာ** = ထိန်းသိမ်းစောင့်ရှောက်ကုန်သကဲ့သို့။
**တထေဝ** = ထိုဘုရားအလောင်း ရှေးမင်းကောင်းတို့ အတူသာလျှင်။
**ရာဇာ** = သမ္မုတိနတ် တို့မင်းမြတ်သည်။
**ဣမံ ပဇံ** = ပြည်ထောင်စုသား ဤလူအများကို။
**ဓမ္မေန** = ရာဇဓံဆယ်ပါး မင်းကျင့်တရားဖြင့်။
**အတ္တနော ပဇံ ဣဝ** = ရင်မှပေါက်ဖွား မိမိ၏သားကိုကဲ့သို့။
**ရက္ခတု** = မေတ္တာ ကရုဏာ ဖြန့်ချိကာဖြင့် သဒ္ဓါဆော်နှိုး ဖြဟ္မစိုရ်မိုးကို စွေဖြိုးသွန်ကာ စောင့်ရှောက်ချီးပင့်နိုင်ပါစေသတည်း။

(၇)

**ဣမာယ ဓမ္မာနုဓမ္မပဋိပတ္တိယာ** = ဤ လောကုတ္တရာတရား ကိုးပါးအား လျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်။
**ဗုဒ္ဓံ ပူဇေမိ** = မြတ်စွာဘုရားကို ပူဇော်ပါ၏။ ပ ။
**ဓမ္မံ ပူဇေမိ** = တရားတော်မြတ်ကို ပူဇော်ပါ၏။ ပ ။
**သံဃံ ပူဇေမိ** = သံဃာတော်မြတ်ကို ပူဇော်ပါ၏။

**အဒ္ဓါ** = မချွတ်။
**ဣမာယ ပဋိပတ္တိယာ** = ဤကျင့်ဝတ်ပဋိပတ်ဖြင့်။
**ဇာတိ-ဇရာ-ဗျာဓိ-မရဏမှာ** = ပဋိသန္ဓေနေရခြင်း အိုရခြင်း နာရခြင်း သေရခြင်းမှ။
**ပရိမုစ္စိဿာမိ** = လွတ်မြောက်ရပါစေသတည်း။

(၈)

**မေ** = တပည့်တော်၏။

**ကတံ ပုညံ** = ဤနေ့ဤရက်၌ ပြုလုပ်ရသော ကောင်းမှုကုသိုလ်သည်။

**အာသဝက္ခယာ’ဝဟံ** = အာသဝေါတရားတို့၏ကုန်ရာ နိဗ္ဗာန်သို့ ဆောင်နိုင်သည်။

**ဟောတု** = ဖြစ်ပါစေသတည်း။

**မေ** = တပည့်တော်၏။

**ကတံ ပုညံ** = ဤနေ့ဤရက်၌ ပြုလုပ်ရသော ကောင်းမှုကုသိုလ်သည်။

**နိဗ္ဗာနဿ** = နိဗ္ဗာန်သို့ ရောက်ခြင်း၏။

**ပစ္စယော** = အကြောင်းအထောက်အပံ့သည်။

**ဟောတု** = ဖြစ်ပါစေသတည်း။

(၉)

**မမ** = တပည့်တော်၏။

**ပုညဘာဂံ** = ဤနေ့ဤရက်၌ ပြုလုပ်ရသော ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို။

**သဗ္ဗသတ္တာနံ** = ခပ်သိမ်းကုန်သော သတ္တဝါတို့အား။

**ဘာဇေမိ** = အမျှပေးဝေပါ၏။

**တေ သဗ္ဗေ** = ထို ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။

**မေ** = တပည့်တော်နှင့်။

**သမံ** = ထပ်တူထပ်မျှ။

**ပုညဘာဂံ** = ကောင်းမှုကုသိုလ်၏ အဖို့ဘာဂကို။

**လဘန္တု** = ရရှိကြပါစေကုန်သတည်း။ ။

သာဓု သာဓု သာဓုပါဘုရား . . .

■ **ဖားအောက်တောရဆရာတော်**

# မှတ်သားဖွယ်ရာ အက္ခရာစဉ်အညွှန်း


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အက္ခဏ (= ရပ်ပြစ်) ရှစ်ပါး | ၉၃ |
| အကိရိယဒိဋ္ဌိ | ၉၄ |
| အကြောတော်၌ လက္ခဏာတော် (၂)ပါး | ၁၄၂ |
| အင်္ဂပရိစ္စာဂ | ၁၅၈ |
| အင်္ဂုလိမာလသုတ် | ၃၀ |
| အဇိတ အမည်ရှိသောပုဏ္ဏား | ၈၉ |
| အတ္တပရိစ္စာဂ | ၁၅၈ |
| အတ္ထဒဿီ မြတ်စွာဘုရား | ၈၈ |
| အတ္ထသံဟိတ | ၁၃၁ |
| အတိဒေဝ အမည်ရှိသော ပုဏ္ဏား | ၈၉ |
| အတီတာနာဂတပစ္စုပ္ပန္နာန- ကမ္မသမာဒါနာန- ဝိပါကဉာဏ်တော် | ၁၅၁ |
| အတုလ အမည်ရှိသော နဂါးမင်း | ၉၀ |
| အဓိဋ္ဌာနပါရမီ | ၁၇၁ |
| အဓိဋ္ဌာနာ ဣဒ္ဓိ | ၂၀၅ |
| အနတ္တလက္ခဏာသုတ် | ၇၅ |
| အနတ္ထသံဟိတ | ၁၃၃ |
| အနာသဝ-စေတောဝိမုတ္တိ- ပညာဝိမုတ္တိဉာဏ်တော် | ၁၅၄ |
| အနုပ္ပါဒနိရောဓနှင့် ဥပ္ပါဒနိရောဓ | ၁၉၅ |
| အနေကဓာတုနာနာဓာတု- လောကဉာဏ်တော် | ၁၅၂ |
| အနောမဒဿီ မြတ်စွာဘုရား | ၉၀ |
| အပစာယန | ၁၇၇ |
| အဖြစ်တော် တစ်မျိုးစီ (၃) ဘဝ | ၉၀ |
| အဘယရာဇကုမာရသုတ္တန် | ၁၃၁ |
| အဘိညာဏ် (၆) ပါး | ၁၆၆ |
| အဘိဓမ္မာဝိဘင်းပါဠိတော် | ၁၅၅ |
| အရိန္ဒမ အမည်ရှိသော မင်း | ၈၉ |
| အရိယသစ္စ သန္ဓိဿိတကထာ | ၁၃၁ |
| အရေးအသား လက္ခဏာတော် (၄)ပါး | ၁၄၁ |
| အလောင်းတော်တို့၏ ဓမ္မတာ | ၉၁ |
| အဝီတိက္ကမသီလ | ၁၆၆ |
| အသညသတ်ဘုံ၌ ဖြစ်ခြင်း | ၉၃ |
| အသမ = အတုမရှိသော မြတ်စွာဘုရား | ၁၉၉ |
| အဟေတုကဒိဋ္ဌိ | ၉၄ |

**အက္ခရာစဉ်** **စာမျက်နှာ**

**[အာ]**


အာဇီဝပါရိသုဒ္ဓိသီလ ၉၂
အာဋာနာဋိယသုတ် ၂၇
အာနာပါနပဗ္ဗ ၃၈
အာယတနပဗ္ဗ ၅၀
အာရုံ (၆) ပါး ၁၈၃
အာသဝက္ခယဉာဏ် ၁၆၈


**[ဣ]**


ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော် ၁၅၂
ဣန္ဒြိယသံဝရသီလ ၉၁
ဣန္ဒြေတို့၌ လက္ခဏာတော် (၁)ပါး ၁၄၀
ဣဒ္ဓိဝိဓအဘိညာဏ် ၁၆၆
ဣဒ္ဓိ (၁၀) မျိုး ၂၀၅
ဣရိယာပထပဗ္ဗ ၄၀
အိပ်ရာ-နေရာ ကျောင်း၌ ဆင်ခြင်ပုံ ၅


**[ဥ]**


ဥတ္တရ အမည်ရှိသော ပုဏ္ဏား ၈၈
ဥပါယကောသလ္လဉာဏ် ၁၇၂
ဥပေက္ခာပါရမီ ၁၇၁
ဦးခေါင်းတော်၌ လက္ခဏာတော် (၁)ပါး ၁၄၂
ဦးထိပ်တော်၌ ဂုဏ်လက္ခဏာတော် (၁)ပါး ၁၄၄


**[က]**


ကကုသန္ဓ မြတ်စွာဘုရား ၈၉
ကဏ္ဍမ္ဗ ၂၀၃
ကထာဝတ္ထု ၁၃၁
ကမသဗ္ဗညူ ၁၆၁
ကဿပ အမည်ရှိသော ပုဏ္ဏားလုလင် ၈၉
ကဿပ မြတ်စွာဘုရား ၈၉
ကာယဗလအားတော် လက္ခဏာတော် (၁)ပါး ၁၄၀
ကာယဗလ = ကိုယ်တော်အား (၁၀) ပါး ၁၄၉
ကာယာနုပဿနာ ၃၈
ကောဏ္ဍည မြတ်စွာဘုရား ၈၈
ကောဏာဂမန (= ကောဏာဂုံ) မြတ်စွာဘုရား ၈၉
ကိုယ်တော်၌ လက္ခဏာတော် (၁၅)ပါး ၁၄၃
ကိုယ်တော်ရောင်၌ လက္ခဏာတော် (၁)ပါး ၁၄၁
ကိုယ်တော်လက္ခဏာများ ၁၃၉

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ခ ]** | |
| ခဏတော ဝယဒဿနဉာဏ် | ၁၉၈ |
| ခန္တီသံဝရ | ၁၆၅ |
| ခန္တီပါရမီ | ၁၇၀ |
| ခန္ဓပဗ္ဗ | ၄၉ |
| ခန္ဓသုတ် | ၂၀ |
| ခေမ အမည်ရှိသော မင်း | ၈၉ |
| ခံတွင်းတော်၌ ဂုဏ်လက္ခဏာ-တော် (၁)ပါး | ၁၄၄ |
| ခံတွင်းတော်၌ လက္ခဏာတော် (၁)ပါး | ၁၄၁ |
| ချက်တော်၌ လက္ခဏာတော် (၃)ပါး | ၁၃၉ |
| ခြင်္သေ့မင်း | ၉၀ |
| ခြေချောင်းတော်၌ လက္ခဏာတော် (၁)ပါး | ၁၃၈ |
| **[ ဂ ]** | |
| ဂတပစ္စာဂတဝတ် | ၉၂ |
| **[ င ]** | |
| ငရဲဘုံ၌ ဖြစ်ခြင်း | ၉၃ |
| **[ စ ]** | |
| စက္ခု (၅) တန် = ဉာဏစက္ခု | ၁၇၅ |
| စကားကြီး ခြောက်ခွန်း | ၁၃၀ |
| စိတ္တာနုပဿနာ | ၄၆ |
| စိရကာလဘာဝနာ | ၈၇ |
| စုတူပပါတဉာဏ်တော် | ၁၅၄၊ ၁၆၇ |
| စေတနာသီလ | ၁၆၄ |
| စေတသိကသီလ | ၁၆၄ |
| စက်တော်ရာ ဘုရားရှိခိုး | ၁၄၇ |
| ဈာန-ဝိမောက္ခ-သမာဓိ-သမာပတ္တီနံ သံကိလေသ-ဝေါဒါန-ဝုဋ္ဌာန | ၁၅၃ |
| စွယ်တော်၌ လက္ခဏာတော် (၁)ပါး | ၁၄၁ |
| **[ ဆ ]** | |
| ဆေးဘုဉ်းပေးရာ ရေသောက်ရာ၌ ဆင်ခြင်ပုံ | ၅ |
| ဆံတော်၌ လက္ခဏာတော် (၇)ပါး | ၁၄၄ |
| ဆိုလိုရင်းသဘောတရား | ၁၉၄ |
| ဆွမ်း၌ ဆင်ခြင်ပုံ | ၅ |
| **[ ဇ ]** | |
| ဇဋိလ အမည်ရှိသော ရှင်ရသေ့ | ၈၈ |
| ဇဋိလ အမည်ရှိသော သူဌေး | ၈၉ |
| ဇီဝိတပရိက္ခာရ | ၁၅၈ |
| ဇောတိပါလ ပုဏ္ဏား | ၈၉ |

**အက္ခရာစဉ်** **စာမျက်နှာ**


[ ဉ ]

ဉာဏသံဝရ ၁၆၅
ဉာတတ္ထစရိယ ၁၇၄
ဉာတသဗ္ဗညု ၁၆၂
ဉေယျဓမ္မ =
ဉေယျဓမ်တရား (၅)ပါး ၁၆၀
ဉာဏ်တော်အား (၁၀)ပါး ၁၅၀

[ ဌ ]

ဌာနာဌာနကောသလ္လ-
ဉာဏ်တော် ၁၅၀

[ တ ]

တတိယဂိလာနသုတ္တံ ၃၃
တိရစ္ဆာန်ဘုံ၌ ဖြစ်ခြင်း ၉၃
တိဿ မြတ်စွာဘုရား ၈၈
(၁၀၈) ကွက်
စက်လက္ခဏာတော် ၁၄၆

[ ထ ]

ထွက်လေဝင်လေ၌
လက္ခဏာတော် (၁)ပါး ၁၄၄

[ ဒ ]

ဒသဗလဉာဏ်တော်နှင့်
သဗ္ဗညုတဉာဏ်တော် ၁၅၄


**အက္ခရာစဉ်** **စာမျက်နှာ**


ဒါန ၁၇၆
ဒါနဥပပါရမီ ၁၇၃
ဒါနပရမတ္ထပါရမီ ၁၇၃
ဒါနပါရမီ ၁၆၉၊
ဒိဋ္ဌိဇုကမ္မ ၁၇၈
ဒိဗ္ဗစက္ခု ၁၇၆
ဒိဗ္ဗသောတအဘိညာဏ် ၁၆၆
ဒီပင်္ကရာ မြတ်စွာဘုရား ၈၈
ဒုက္ခသစ္စနိဒ္ဒေသော ၅၄
ဒုက္ခသစ္စာ ၁၈၉
ဒုက္ခသမုဒယသစ္စာ ၁၉၀
ဒုတိယဂိလာနသုတ် ၃၂
ဒွါကာရာ ၁၅၃

[ ဓ ]

ဓဇဂ္ဂသုတ် ၂၃
ဓနပရိစ္စာဂ ၁၅၈
ဓမ္မစက္ကပ္ပဝတ္တနသုတ် ၆၉
ဓမ္မစက္ခု ၁၇၅
ဓမ္မဒဿီ မြတ်စွာဘုရား ၉၀
ဓမ္မဒေသနာ ၁၇၈
ဓမ္မဿဝန ၁၇၈
ဓမ္မာရုံ (၆) မျိုး ၁၈၄
ဓမ္မာနုပဿနာ ၄၈
ဓာတုမနသိကာရပဗ္ဗ ၄၂

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ န ]** | |
| နဂါးဘဝ (၂) ဘဝ | ၉၀ |
| နတ္ထိကဒိဋ္ဌိ | ၉၄ |
| နဖူးပြင်တော်၌ | |
| လက္ခဏာတော် (၁)ပါး | ၁၄၃ |
| နယနပရိစ္စာဂ | ၁၅၈ |
| နဝသိဝထိကပဗ္ဗံ | ၄၃ |
| နာရဒ မြတ်စွာဘုရား | ၈၈ |
| နားတော်၌ | |
| လက္ခဏာတော် (၁)ပါး | ၁၄၂ |
| နိဒါနကထာ - မိတ်ဆက်လွှာ | ၈၅ |
| နိဗ္ဗာန် | ၁၆၁ |
| နိမိတ်တော်၌ | |
| လက္ခဏာတော် (၁)ပါး | ၁၃၉ |
| နိရန္တရဘာဝနာ | ၈၇ |
| နိရောဓသစ္စနိဒ္ဒေသော | ၅၉ |
| နိရောဓသစ္စာ | ၁၉၂ |
| နီဝရဏပဗ္ဗံ | ၄၈ |
| နူပဝဒေယျ ကဉ္စိ = | |
| မည်သူ့ကိုမျှ မစွပ်စွဲရာ | ၂၀၂ |
| နေက္ခမ္မပါရမီ | ၁၇၀ |
| နှာခေါင်းတော်၌ | |
| လက္ခဏာတော် (၁)ပါး | ၁၄၀ |
| နှစ်ကျိပ်လေးဆူသော | |
| မြတ်စွာဘုရားများ | ၈၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| နှုတ်ခမ်းတော်၌ | |
| လက္ခဏာတော် (၁)ပါး | ၁၄၁ |
| **[ ပ ]** | |
| ပစ္စန္တရာဇ်အရပ်၌ ဖြစ်ခြင်း | ၉၄ |
| ပစ္စယတော ဝယဒဿနဉာဏ် | ၁၉၈ |
| ပစ္စယသန္နိဿိတသီလ | ၉၂ |
| ပဉ္စ မဟာပရိစ္စာဂ = | |
| စွန့်ခြင်းကြီး ငါးပါး | ၁၅၆ |
| ပညာစက္ခု | ၁၇၆ |
| ပညာပါရမီ | ၁၇၀ |
| ပညာမဲ့၍ မိုက်မဲဆွံ့အသူ | |
| ဖြစ်ခြင်း | ၉၅ |
| ပညတ် | ၁၆၁ |
| ပဋိကူလမနသိကာရပဗ္ဗံ | ၄၁ |
| ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော် | ၆၅ |
| ပဌမဂိလာနသုတ် | ၃၀ |
| ပတ္တာနုမောဒန | ၁၇၈ |
| ပတ္တိဒါန | ၁၇၈ |
| ပဒုမ မြတ်စွာဘုရား | ၉၀ |
| ပဒုမုတ္တရ မြတ်စွာဘုရား | ၈၉ |
| ပဗ္ဗဇိတအဘိဏှသုတ် | ၇၉ |
| ပဗ္ဗဇိတအဘိဏှသုတ်မြန်မာပြန် | ၈၀ |
| ပဗ္ဗဇိတဘာဝ ဒုလ္လဘ | ၈၇ |
| ပဗ္ဗတ အမည်ရှိသော မင်း | ၈၉ |
| ပရစိတ္တဝိဇာနနအဘိညာဏ် | ၁၆၆ |

**အက္ခရာစဉ်** **စာမျက်နှာ**


ပရိတ်ကြီးပါဠိတော် ၁၁
ပါတိမောက္ခသံဝရ ၁၆၄
ပါတိမောက္ခသံဝရသီလ ၉၁
ပါရမီဟူသည် ၁၇၃
ပါရမီ (၁၀) ပါး, အပြား (၃၀)၁၆၉
ပါးတော်၌
လက္ခဏာတော် (၁)ပါး ၁၄၁
ပိယဒဿီ မြတ်စွာဘုရား ၈၉
ပုဆစ်ဒူးဝန်းတော်၌
လက္ခဏာတော် (၁)ပါး ၁၃၉
ပုညကိရိယဝတ္ထု (၁၀) ပါး ၁၇၆
ပုတ္တဒါရ ပရိစ္စာဂ ၁၅၈
ပုဗ္ဗဏှသုတ် ၃၅
ပုဗ္ဗေနိဝါသာနုဿတိ-
ဉာဏ်တော် ၁၅၄
ပုဗ္ဗေနိဝါသာနုဿတိ-
အဘိညာဏ် ၁၆၇
ပေါင်တော် လက်ရုံးတော်၌
လက္ခဏာတော် (၁)ပါး ၁၃၉
ပြိတ္တာဘုံ၌ ဖြစ်ခြင်း ၉၃

[ ဖ ]

ဖမျက်တော်၌
လက္ခဏာတော် (၁)ပါး ၁၃၈
ဖုဿ မြတ်စွာဘုရား ၈၈


**အက္ခရာစဉ်** **စာမျက်နှာ**


[ ဗ ]

ဗုဒ္ဓစက္ခု ၁၇၅
ဗုဒ္ဓတ္တစရိယ ၁၇၄
ဗုဒ္ဓုပ္ပါဒ ဒုလ္လဘ ၈၅
ဗုဒ္ဓုပ္ပါဒ နဝမခဏ ၉၃
ဗောဇ္ဈင်္ဂပဗ္ဗံ ၅၂
ဗောဇ္ဈင်သုတ် ၃၀
ဗြဟ္မာမင်း၏အသံကဲ့သို့
အင်္ဂါ (၈)ပါးနှင့် ပြည့်စုံတော်-
မူသော အသံတော်ရှိခြင်း ၁၄၈
ဗြဟ္မာယုသုတ္တန် ၁၄၈
ဗြဟ္မာယုသုတ် ၁၃၇

[ ဘ ]

ဘာဝနာ ၁၇၇
ဘီလူးစစ်ဘုရင် ၉၀
ဘုရားအနေကဇာတင်ပါဠိတော် ၁
ဘုရားအနေကဇာတင်ပါဠိတော်-
နိဿယ ၂၂၄
ဘုရားမပွင့်ထွန်းသောအခါ
ဖြစ်ခြင်း ၉၅

[ မ ]

မဂ္ဂသစ္စနိဒ္ဒေသော ၆၁
မဂ္ဂသစ္စာ ၁၉၉
မဂ္ဂင် (၈) ပါး ၁၈၀

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မင်္ဂလ မြတ်စွာဘုရား | ၈၈ |
| မင်္ဂလ ရှင်ရသေ့ | ၈၈ |
| မင်္ဂလသုတ် | ၁၂ |
| မနောမယာ ဣဒ္ဓိ | ၂၀၅ |
| မဟာကရုဏာတော် | ၁၇၂ |
| မဟာနမက္ကာရ ဘုရားရှိခိုး | ၇ |
| မဟာနမက္ကာရ ဘုရားရှိခိုး- အဓိပ္ပာယ်ရှင်းလင်းချက် | ၁၃၀ |
| မဟာနမက္ကာရ ဘုရားရှိခိုး- နိဿယ | ၉၈ |
| မဟာနမက္ကာရ ဘုရားရှိခိုး နိဿယနှင့် အဓိပ္ပာယ်ရှင်းလင်းချက်များ | ၈၄ |
| မဟာပဒါနသုတ် | ၁၃၇ |
| မဟာသတိပဋ္ဌာနသုတ် | ၃၈ |
| မိစ္ဆာဒိဋ္ဌိအယူရှိခြင်း | ၉၄ |
| မုနိအမျိုးမျိုး | ၁၅၉ |
| မေတ္တသုတ် | ၁၈ |
| မေတ္တာပါရမီ | ၁၇၁ |
| မေတ္တာပို့ ဆုတောင်း အမျှဝေ | ၈၂ |
| မေတ္တာပို့ ဆုတောင်း အမျှဝေ- နိဿယ | ၂၃၇ |
| မောရသုတ် | ၂၁ |
| မာရ်နတ်၏ လှည့်စားကွက်တစ်ခု | ၁၆၃ |
| မာရ် (၅) ပါး | ၁၆၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မွေးညင်းတော်၌ လက္ခဏာတော် (၆)ပါး | ၁၄၄ |
| မျက်တောင်မွေးတော်၌ လက္ခဏာတော် (၁)ပါး | ၁၄၂ |
| မျက်မှောင် = မျက်ခုံးတော်၌ လက္ခဏာတော် (၅)ပါး | ၁၄၃ |
| မျက်လုံးတော်၌ လက္ခဏာတော် (၂)ပါး | ၁၄၁ |


## [ ယ ]


| | |
|---|---|
| ယမကပါဋိဟာရိယ = ရေ မီး အစုံစုံ တန်ခိုးပြာဋိဟာ | ၂၀၃ |


## [ ရ ]


| | |
|---|---|
| ရဇ္ဇုပရိစ္စာဂ | ၁၅၈ |
| ရတနသုတ် | ၁၄ |
| ရတနသုတ်ပရိတ် တရားတော်မြတ် နိဿယ | ၂၀၈ |
| ရသေ့အဖြစ် (၅) ဘဝ | ၈၈ |
| ရဟန်းဘဝ (၉) ဘဝ | ၈၈ |
| ရေဝတ မြတ်စွာဘုရား | ၈၉ |
| ရောင်ခြည်တော် (၆)သွယ် | ၁၆၀ |
| ရောင်လျှံတော်၌ လက္ခဏာတော် (၁)ပါး | ၁၄၅ |

| **အက္ခရာစဉ်** | **စာမျက်နှာ** |
|---|---|
| **[ လ ]** | |
| လက္ခဏ | ၁၆၁ |
| လက္ခဏသုတ် | ၁၃၇ |
| လက္ခဏာတော်ငယ် (၈၀) | ၁၃၈ |
| လူအဖြစ်ဖြင့် (၅) ဘဝ | ၈၉ |
| လောကတ္ထစရိယ | ၁၇၄ |
| လောကုတ္တရာမဂ္ဂင် (၈)ပါး | ၁၈၄ |
| လက်ချောင်းခြေချောင်းတော်၌ | |
| လက္ခဏာတော် (၃)ပါး | ၁၃၈ |
| လက်သည်းခြေသည်းတော်၌ | |
| လက္ခဏာတော် (၃)ပါး | ၁၃၈ |
| လျှာတော်၌ | |
| လက္ခဏာတော် (၁)ပါး | ၁၄၂ |
| **[ ဝ ]** | |
| ဝဋ္ဋသုတ် | ၂၂ |
| ဝသဝတ္တီနတ်ပြည် | ၁၆၂ |
| ဝိကာရ | ၁၆၀ |
| ဝိကုဗ္ဗနာ ဣဒ္ဓိ | ၂၀၅ |
| ဝိဇိတာဝီ အမည်ရှိသော မင်း | ၈၈ |
| ဝိဇိတာဝီ စကြာမင်း | ၈၈ |
| ဝိပဿနာပိုင်း မဂ္ဂင် (၈) ပါး | ၁၈၂ |
| ဝိပဿီ မြတ်စွာဘုရား | ၉၀ |
| ဝိသုဒ္ဓိ-ဗြာဟ္မဏ | ၂၂၇ |
| ဝီရိယသံဝရ | ၁၆၅ |
| ဝီရိယပါရမီ | ၁၇၀ |

| **အက္ခရာစဉ်** | **စာမျက်နှာ** |
|---|---|
| ဝေဒနာနုပဿနာ | ၄၅ |
| ဝေယျာဝစ္စ | ၁၇၈ |
| ဝေဿဘူ မြတ်စွာဘုရား | ၈၉ |
| **[ သ ]** | |
| သက္က (= သိကြားမင်း) | ၉၀ |
| သက္ကစ္စဘာဝနာ | ၈၇ |
| သကိံသဗ္ဗညု | ၁၆၁ |
| သင်္ကန်း၌ ဆင်ခြင်ပုံ | ၅ |
| သင်္ခါရ | ၁၆၀ |
| သစ္စပဗ္ဗ | ၅၄ |
| သစ္စာပါရမီ | ၁၇၀ |
| သစ္စာ လေးပါး | ၁၈၉ |
| သတတသဗ္ဗညု | ၁၆၁ |
| သတ္တာနံ နာနာဓိမုတ္တိကတာ- | |
| ဉာဏ်တော် | ၁၅၂ |
| သတ္တိသဗ္ဗညု | ၁၆၁ |
| သတိသံဝရ | ၁၆၅ |
| သဗ္ဗညု (၅) မျိုး | ၁၆၁ |
| သဗ္ဗတ္ထဂါမိနိပဋိပဒါ- | |
| ဉာဏ်တော် | ၁၅၁ |
| သဗ္ဗသမ္ဘာရဘာဝနာ | ၈၇ |
| သမန္တစက္ခု | ၁၇၆ |
| သမထပိုင်း မဂ္ဂင် (၈) ပါး | ၁၈၁ |
| သမ္ပဇာနပဗ္ဗ | ၄၀ |
| သမ္မာအာဇီဝ | ၁၈၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သမ္မာကမ္မန္တ | ၁၈၆ |
| သမ္မာဒိဋ္ဌိ | ၁၈၅ |
| သမ္မာဝါစာ | ၁၈၅ |
| သမ္မာဝါယာမ | ၁၈၆ |
| သမ္မာသင်္ကပ္ပ | ၁၈၅ |
| သမ္မာသတိ | ၁၈၇ |
| သမ္မာသမာဓိ | ၁၈၇ |
| သမာဓိဝိပ္ပဖွါရာ ဣဒ္ဓိ | ၂၀၆ |
| သမုဒယသစ္စနိဒ္ဒေသော | ၅၇ |
| သိခါပ္ပတ္တဝိပဿနာ | ၉၂ |
| သိခီ မြတ်စွာဘုရား | ၈၉ |
| သိဒ္ဓတ္ထ မြတ်စွာဘုရား | ၈၈ |
| သီလ | ၁၇၆ |
| သီလ - ချပ်ဝတ်တန်ဆာ | ၁၆၄ |
| သီလပါရမီ | ၁၆၉ |
| သီဟနာဒသုတ် | ၁၅၅ |
| သုဇာတ မြတ်စွာဘုရား | ၈၈ |
| သုဇာတ ရှင်ရသေ့ | ၈၈ |
| သုတ္တန္တဘာဇနီယနည်း | ၆၅ |
| သုဒဿန အမည်ရှိသော မင်း | ၈၉ |
| သုမန မြတ်စွာဘုရား | ၉၀ |
| သုမေဓ မြတ်စွာဘုရား | ၈၈ |
| သုမေဓာ ရှင်ရသေ့ | ၈၈ |
| သုရုစိ ပုဏ္ဏား | ၈၈ |
| သုသိမ ရှင်ရသေ့ | ၈၈ |
| သောဘိတ မြတ်စွာဘုရား | ၈၉ |
| သံဝရသီလ | ၁၆၄ |
| သုံးသွယ်စရိယ | ၁၇၄ |
| သွာကာရာ | ၁၅၃ |
| သွားတော်၌ လက္ခဏာတော် (၂)ပါး | ၁၄၀ |
| သွားတော်မူခြင်း၌ လက္ခဏာတော် (၅)ပါး | ၁၃၈ |
| သွားဖုံးသားတော်၌ လက္ခဏာတော် (၁)ပါး | ၁၄၀ |
| (၃၂) ပါးသော ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီးများ | ၁၃၅ |